
ရွှေစကား
ကြယ်စင်မျိုးဝေ
ဇင်ယော်လေးရဲ့
အနန္တစကြဝဠာ

သက်တံရောင်စဉ်တွေ ပြိုကွဲသွားခဲ့တယ်
ရင်ထဲမှာ အရိပ်မဲ့
ကမ္ဘာကြီးတစ်ခုလုံး ပူလောင်ကျွမ်းမြည့်
ပျားရည်ဆမ်းတဲ့ ဓားသွားတွေလည်း
ပြုံးပြက်လက်ခါနေ . . .





## အခန်း ( ၁ )

ပြည့်သူ့ဆေးရုံကြီးထဲမှ လမ်းမပေါ်သို့ ခြေချမိလိုက်စဉ် တစ်နေရာရာဆီမှ အော်ဂင်နာရီသံ ဆယ့်နှစ်ချက် ကြားလိုက်ရ၏။ မွန်းတည့်ချိန်ပေါ့။ ပူပြင်းလှသည့် နွေနေ့လည်၏ အပူချိန်ကို သိမှတ်မဲ့စွာ ကျော်ဖြတ်ရင်း ခင်စင်ရော် ကားမှတ်တိုင်သို့ အသော့နှင်နေမိသည်။

ထိုးဆိုက်လာသည့် မှန်လုံဘတ်(စ)လိုင်းကားကြီးပေါ်သို့ သူမ ခပ်သွက်သွက်တက်ရသည်။ အချိန်တွေ ကြန့်ကြာနေလို့မဖြစ်။ လက်တစ်ဖက်မှဆွဲခြင်းကိုင်ပြီး လက်တစ်ဖက်က အမိုးတန်းကွင်းကိုကိုင်ရင်း ကားစီးရန်အသင့်အနေအထားအံဖြစ် ခြေထောက်ကိုလည်း အံဝင်ခွင်ကျ ခပ်ချချရပ်ရ၏။

ခင်စင်ရော်မှာ လေပူရှည်ကြီး မှုတ်ထုတ်မိပြီး လက်ထဲမှာ ဆုပ်ကိုင်လာသည့် ဆေးစာရွက်လေးကို ဖြန့်ကြည့်မိပြန်သည်။ သူမ မျက်ဝန်းတွေ ဝေဝါးလာကြသော်လည်း ဆေးရုံကုတင်ပေါ်မှာ ပက်လက်ကလေး ဝေဒနာခံစားနေရသည့် အစ်မဖြစ်သူ ခင်ဥသြကိုမူ ပြက်ပြက်ထင်ထင်မြင်နေဆဲ။ ဘယ်ဘဝက ဝဋ်ကြွေးတွေလည်းကွယ်။

"ဆောရီးနော်···အမ"

ဖယောင်းရုပ်တုလေးလို ကိုယ်လုံးလုလု အဝတ်လုလု ကောင်မလေးတစ်ယောက်က ခင်စင်ရော်၏ ခြေထောက်ကို နင်းမိသဖြင့် တောင်းပန်သံဖြစ်သည်။ သြော် ကိုယ်လည်း တစ်ခါကတော့ ဒီလိုပဲ လုပနူရွှခဲ့ဖူးတာပေါ့။ ယခုတော့သူမသည် လောကဓံနှင့် ရင်ဆိုင်တိုးရချေတော့ပြီ။ ရှိသမျှအဝတ်အစား အကောင်းစားလေးတွေလည်း အပေါင်အိမ်က သေတ္တာထဲမှာ အိပ်မောကျနေခဲ့ပြီ။

ချပ်တင်းတင်း ဝတ်ထားသည့် ပါတိတ်လုံချည် ခပ်နွမ်းနွမ်းနှင့် ကိုယ်ကျပ်ရုပ်နွမ်းနွမ်းက သူမ၏သောကကြောင့် ပိုလို့နွမ်းဖတ်နေပြန်သည်။ ဆေးဖိုးတစ်သောင်းကျော်မှာပဲ။ အိမ်ရောက်တော့ရော ဘယ်လိုလှည့်ပတ်ရှာဖွေရပါ့မလဲ။ ပေါင်နှံစရာဆိုလို့လည်း အပ်တိုတစ်ချောင်းတောင် မရှိတော့ပြီ။

ခင်စင်ရော် သက်ပြင်းချရပြန်၏။ ကြည့်စမ်း မမဟာသူမတို့ ညီမနှစ်ယောက်ကို ဘွဲ့တစ်ခုစီရအောင် ဘယ်လိုများ ကျောင်းထားပေးခဲ့ပါလိမ့်။ ဆံပင်လည်းညှပ်၊ ထမင်းလည်းလပေးနှင့် ကျွေးခဲ့သောမမသည်





အလွန်ပင်ပန်းဆင်းရဲခဲ့ပေလိမ့်မည်။

ခင်စင်ရော်မှာ အမဖြစ်သူ ခင်လင်းယုန်ထံ ပိုက်ဆံပြောကြည့်ဖို့ ထပ်မံစိတ်ကူးရပြန်သည်။ အင်း···သူ့ဆီ ပိုက်ဆံတောင်းရမည့်အစား ကျားပါးစပ်ထဲသာ ခေါင်းလျှိုလိုက်ချင်တာလည်းအမှန်။ ခင်လင်းယုန်သည် ညီအမသားချင်းများအပေါ်တွင် အနေအေးစက်သူ၊ သံယောဇဉ်နည်းပါးသူလည်းဖြစ်သည်။

"ဟင်း···သူ့ဆီတော့ ပြောမနေတော့ပါဘူး။ တစ်နေ့ကတင် သူ့ဆီက ငွေနှစ်သောင်းယူခဲ့ရတာပဲ။ သူ့ယောကျ်ားမျက်နှာကြီးကလည်း မခံချင်စရာ ကောင်းလိုက်တာ။ သူတော့ စီးကရက်တွေတဖွားဖွား၊ ဘီယာဗူးတကားကားနဲ့။ သူ့စရိတ်တင် တစ်နေ့တစ်ထောင်ကျော်မှာပဲ မမလင်းကလည်း အလကားပဲ။ ကိုယ့်အမကကိုယ့်ကို ဘွဲ့ရအောင် ကျောင်းထားပေးခဲ့တာတွေ ဘာတွေဘာမှ သတိမရတော့ဘူး"

မှတ်တိုင်ရောက်တော့ ဖိုသီဖတ်သီဖြင့်ပင် ခင်စင်ရော် ဆင်းလိုက်ပြီး မိမိအိပ်ခန်းလေးရှိရာ လမ်းကြားသို့ ခပ်သုတ်သုတ် ဝင်ခဲ့သည်။ ခနော်နီ ခနော်နဲ့ အိမ်ခန်းလေးကလည်း ရင်းနှီးမှုကြောင့်သာ တစ်လငါးထောင်နှင့် ငှားနေလို့ရခြင်းပါပဲ။

သည်လမ်းကလေးကတော့ မိသားစုဆန်သည်။ တိုက်တာအိမ်ခြေများမဟုတ်သည့် သာမန်အိမ်ကလေးများမို့ တောဆန်နေလေသလားမပြောတတ်။

"ဘယ့်နှယ့်လဲ စင်ရော်···မသြ သက်သာလား"

"ဒီလိုပါပဲ ဒေါ်ကျေးရယ် . . . လောလောဆည် ဆေးဖိုးတစ်သောင်းကျော်လိုတယ် . . . လာပြီး အကြံပေးပါဦး ကျွန်မတော့ မတွေးတတ်တော့ဘူး"

သူမက အိမ်ပေါ်ရောက်လာသည့် ဒေါ်ကျေးကို အားကိုးတကြီး ဖွင့်ဟတိုင်ပင်မိသည်။ လက်ဖြင့် မစောင်မနိုင်သည်ဖြစ်စေ၊ နှုတ်ဖြင့် စောင့်မမည့်သူလည်း လောကကြီးမှာ လိုအပ်တာပါပင်။

"မလင်းဆီ သွားတောင်းပါလား။ သူလည်း ဆိုင်တာပဲ။ ကိုယ့်အမဆေးရုံတက်နေရတာများတော် သူမို့တစ်ခေါက်လာမကြည့်ဘူး"

"ဒါတော့ ဒေါ်ကျေးရယ် သူ့မှာလည်း ကလေးတစ်ဖက်နဲ့ မဟုတ်လား။ ဟိုတစ်နေ့က ကျွန်မသွားတောင်းတော့လည်း နှစ်သောင်းပေးရှာပါတယ်"

"ဟဲ့ . . . မညြ ကုန်နေတာဖြင့် နှစ်သိန်းကျော်ရောပေါ့ . . . ဒီနှစ်သောင်းလေးပဲရသလား။ သူ့ယောကျ်ားက ကိုယ်ပိုင်ကားမောင်းနေတာဆို"

"ဒါပေမယ့် ဒေါ်ကျေးရယ် ယောက္ခမကားပါ။ သူတို့ပိုင်တာ မဟုတ်ပါဘူး။ အုံနာခ ပေးရတာပါပဲ"

"ဘာပဲဖြစ်ဖြစ်အေ သူ့ကိုနေစိမ့်ပါတယ်"

ခင်စင်ရော် ဘာမှပြန်ပြောမနေချင်တော့ပါ။ အိမ်ကလေးထဲမှာ ခြေမြန်၊ လက်ပစ်ထိုင်ရင်းသာ ခေါင်းတွေထူပူလာအောင် စဉ်းစားနေမိခဲ့သည်။





ရင်သားကင်ဆာတဲ့။ ဘာပဲဖြစ်ဖြစ် မမညြရဲ့နောက်ဆုံးအချိန်ထိ ငါတာဝန်ယူနိုင်ရမယ် . . . လောလောဆည် ဒီငွေဘယ်သွားချေးရပါ့မလဲ။

"ဒေါ်ကျေး ဟိုဖက်လမ်းက ဒေါ်ချစ်ချစ်တို့က အလွတ်ငွေချေးတယ်ဆို"

"အောင်မယ် မစင်ရော်ရယ် အလွတ်ဆိုပေမယ့် ခြံပေါင်၊ အိမ်ပေါင်ပေးရပါတယ်တော်၊ ရှင့်မှာဘာအပေါင်ပေးစရာ ရှိလို့လဲ"

သူမငြိမ်သက်သွားရပြန်သည်။ အိမ်ပေါ်ဝေ့ကြည့်လိုက်တော့လည်း ဘာပစ္စည်းမျှ ကောင်းကောင်းကန်းကန်း မကျန်တော့။ မိဘက အိမ်နှင့်ဘာနှင့် ထားခဲ့သော်လည်း ပညာရေးစရိတ်၊ အထွေထွေစရိတ်တို့ကြောင့်၊ ကုန်ခဲ့ချေပြီကော။

"တစ်ခုတော့ရှိတယ် ဒေါ်ကျေး အခုအဝတ်လျှော်နေတဲ့ အိမ်နှစ်အိမ်မှာ လောလောဆည် ထမင်းချက်တွေ လွတ်နေတယ်"

"အိမ်ဖော်ပေါ့ဟုတ်လား အဲဒီလောက်ကြီးတော့"

"အမယ် မရွှေစင်ရော်ရယ် အိမ်ဖော်တော့လည်း မဟုတ်ရပါဘူး ဒီလိုလေ အချိန်ပိုင်းထမင်းချက်ခေါ်မလား သွားချက်လိုက်၊ ပြန်လိုက်ပေါ့၊ တွက်ချေကိုက်တယ် . . . မကြီးစာရဲ့ ဒေါ်ကျေးက ဟင်းချက်မကောင်းလို့သာ ထမင်းစားပြီး တစ်လကိုတစ်အိမ်ငါးထောင်၊ ခြောက်ထောင်ထား။ နှစ်အိမ်လောက်ဆို ညည်းလည်း အလုပ်လည်ပါတယ်အေ"

"ဟာ ဒါကြီးတော့ မဖြစ်ပါဘူး ဒေါ်ကျေးရယ် ဘွဲ့ရအိမ်ဖော်ဆိုတာကြီးကတော့ လူကြားလို့မကောင်းပါဘူး။ ပြီးတော့ မမကပစ်ထား

လို့ မရသေးဘူးလေ မမကိုပြုစုရဦးမယ်။ အခုတောင် ထမင်းပြန်ယူတာ လိုအပ်တာလေးတွေ ပြန်ယူတာ"

"အေးလေ ဒါတော့ဒေါ်ကျေးလည်း ကိုယ်တတ်နိုင်သလောက် အကြံပေးတာပဲ···ညည်းလုပ်မယ်ဆိုရင် ငွေလေးဘာလေးကြိုပြောယူလို့ ရတာပေါ့။ အလုပ်ကတော့ ဒီလိုပဲ နောက်မှဝင်ရမှာပေါ့"

"တစ်ခြားအလုပ်တွေ စဉ်းစားစမ်းပါဦး ဒေါ်ကျေးရယ် ဒီအလုပ်ကြီးကတော့ အောက်ကျလွန်းပါတယ်"

သူမ၏စကားကြောင့် ဒေါ်ကျေးမှာ ဆေးပေါ့လိပ်ကြီး တဖွားဖွား ဖြင့်စဉ်းစားခန်းဝင်ပြန်သည်။

"ဈေးထဲက ကုန်ခြောက်ဆိုင်တစ်ဆိုင်မှာလည်း ရောင်းတဲ့ ကောင်မလေးထွက်သွားလို့တဲ့ ဒေါ်ကျေးကို လူရှာခိုင်းထားတာ နှစ်ရက် ရှိပြီ"

"အဲဒါက ဘယ်လောက်ရလဲ ဒေါ်ကျေး"

"ပေးတာကတော့ နေ့တွက်နဲ့ပဲ တစ်နေ့သုံးရာတဲ့။ မုန့်ကျွေး တယ် မနက်စာထမင်းကျွေးတယ် ဒါပေမယ့် မနက် ၆ နာရီကနေ ညဖနာရီထိနော်။ ပြီးတော့ တစ်နေ့တစ်ခါပဲ ငွေရှင်းမှာ။ ညည်းလိုတဲ့ တစ်သောင်း၊ နှစ်သောင်းကို တစ်ခါထဲမပေးဘူး။ အလုပ်ဝင်တဲ့နေ့မှ ပိုက်ဆံသုံးရာပေးမှာ"

"ဒါကတော့ နည်းလွန်းပါတယ်။ ဒေါ်ကျေးအဝတ်လျှော်တာရော ဘယ်လောက်ရလဲဟင်"





"အမယ် မမရယ် အဝတ်တော့ မလျှော်လိုက်ပါနဲ့ ညည်းရုပ် လှလှလေးနဲ့ မလိုက်ပါဘူးတော်။ ရတာတော့ရတာပေါ့။ ဒေါ်ကျေးအလုပ် ကလည်း လျှော်မယ့်သူရှိရင်ရှိသလို တစ်နေ့ထောင်ကိုးရာတော့ အနည်း လေးစီတာပဲ"

"ကြည့် သူ့အလုပ် သူများဝင်လုမှာစိုးနေလိုက်တာ ကဲပါ ဒေါ်ကျေးရယ် လောလောဆည် ငွေတစ်သောင်းကျော် နှစ်သောင်းရ အောင်သာ ပြောပေးပေတော့ စင်ယော် ချေးများမနေတော့ပါဘူး။ ဘာပဲ လုပ်ရ လုပ်ရ နောက်ဆုံးလူသေကောင်ပဲ ဆေးရ၊ ဆေးရ ဆေးမယ်ရှင်"

ခင်စင်ရော်က အားမာန်သွင်းရင်း ပြောလိုက်တော့မှ ဒေါ်ကျေး သက်ပြင်းချရသည်။

"အေးကွယ် ဒါဆိုလည်းလာ ဒေါ်ကျေးလိုက်ပြောပေးမယ်။ အဲဒီ အိမ်တွေက ဒေါ်ကျေးအလုပ်လုပ်နေကျ အိမ်တွေပါ။ အင်း ဒုက္ခ··· ဒုက္ခ ခင်စင်ရော်ရယ် ညည်းပညာနဲ့ ညည်းရုပ်ကလေးကို ငါတကယ် နမြောပါတယ်။ ဒါပေမယ့် ဘာတတ်နိုင်မလဲကွယ် အခိုက်အတံ့တော့ လုပ်ရမှာပဲပေါ့"

သူမမှာ ဒေါ်ကျေးနောက်သို့ ခပ်ကုတ်ကုတ်လေး လိုက်သွားရုံမှ တစ်ပါး အခြားလမ်းရွေးစရာလည်း မရှိတော့ပါပေ။

## အခန်း(၂)

"ဟာ ဒေါ်ကျေးပါလား· · ·လာ "ခင်"ကတောင် မနက်က ပြောနေသေးတယ်။ ဒေါ်ကျေးမလာတာနဲ့ မီးပူတိုက်ရမယ့် အဝတ်တွေ တောင်လိုပုံနေပြီတဲ့"

"ဟုတ်ကဲ့ ကျွန်မလည်း တစ်ပတ်မှတစ်ခါ လာနေကျဆိုတော့ တစ်ခြား အိမ်တွေဖက်လှည့်နေမိတာပါ"

အိမ်ရှင်က ဖော်ရွေစွာကြိုဆိုသည်မို့ ခင်စင်ရော်နှင့် ဒေါ်ကျေး မှာ အားရှိရသည်။ သူမ အိမ်ရှင်ဦးခင်ဇော်ဝင်းဆိုသူကို တိတ်တာဆိတ် အကဲခတ်မိသည်။ စည်းစိမ်ရှင်ပီပီ အသားလတ်လတ်က စိုပြည်သလို ဗိုက်ကလည်း ရွဲပါ၏။ လမ်းသွားတော့ စားဖားတစ်ကောင်လို ခပ်ကွကွ၊ ခပ်ကားကား ဖြစ်နေသေးသည်။ စတိုင်ကတော့ ခပ်ဖြောင့်ဖြောင့်ပါပဲ။





"ထိုင် ဒေါ်ကျေး။ ဒါလေးက ဘယ်သူလဲ။ ဒေါ်ကျေး တူမလား။ အို· · ·အပေါ်မှာထိုင်ပါ ဒေါ်ကျေးရဲ့ သူစိမ်းတွေကျလို့ဗျာ"

ဒေါ်ကျေးမှာ ခါတိုင်းက ဘယ်မှာထိုင်ရသည်မသိ။ ခုတော့ ဧည့်ခန်းဆိုဖာပေါ်မှာ ထိုင်ခွင့်ရခဲ့သည်။ ဧည့်ခန်းထောင့်ရှိ နံရံကပ်ဘီရို ရှေ့မှာလည်း ဆံပင်ရှည်ရှည်၊ ညှဉ်းသိုးသိုးရုပ်နှင့် ကောင်းဘွိုင်ရုပ် ပေါက် နေသော လူတစ်ယောက်ကို မြင်ရ၏။

ခင်စင်ရော်မှာ ဦးခင်ဇော်ဝင်းနှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ် တွင် ခပ်ရို့ရို့ဝင်ထိုင်ရပါ၏။ ကိုယ်က ထမင်းချက်ရအောင် အလုပ်လာ ပြောသူ၊ ငွေလာပြောသူမို့ ဆိုဖာပေါ်မှာ ထိုင်ရမှာမဝံ့မရဲ ရှိရပြန်သည်။ ဦးခင်ဇော်ဝင်းကတော့ ခင်စင်ရော်ကို ခပ်စိုက်စိုက်ကြည့်နေခဲ့သည်။ ပြည့်ဖြိုးလှပသော ကိုယ်ခန္ဓာက အဝတ်နွမ်းများအောက်မှာပေမယ့် ထင်သာမြင်သာရှိနေဆဲ။ ဖြူစင်ဝင်းပသည့် မျက်နှာလေးကလည်း မည်း နက်သည့်မျက်ခုံး၊ မျက်တောင်တို့အောက်မှာ အခြယ်အသမရှိ ဝင်းမွတ် လှပနေလေဆဲ။

"ကဲ· · ·ဆိုဗျာ· · ·ကိစ္စက"

အမေရိကန် ဇာတ်လိုက်မင်းသားစတိုင်ဖြင့် စီးကရက်ဖွာရင်း မျက်လုံးမှေးကြည့်နေလိုက်ပုံက မခန့်လေးစား၊ မဖွယ်မရာ။ အေးလေ အဝတ်လျှော်သည့် ဒေါ်ကျေးနှင့် ပါလာသည်ဆိုမှတော့ ခင်စင်ရော်သည် ရော ဘယ်လိုအတန်းအစားမျိုး ဖြစ်ခြိမ့်မှာတဲ့လဲ။ ဒေါ်ကျေးက အား တစ်ချက်ယူပြီး စကားကို အစပျိုးလိုက်သည်။

"ဒီလိုပါ သူဌေး"

"ဟာ . . . ကျွန်တော့်ကို အဲသလိုတော့ မခေါ်လိုက်ပါနဲ့ဗျာ"

"အဲ . . . ဒီလိုပါ ဦးခင်ဇော်ဝင်း သူကလေးက "ခင်စင်ရော်" တဲ့။ ဒေါ်ကျေးတို့ အိမ်နားကပါပဲ။ သူကလေးက ဘွဲ့လည်းရပြီးသားပါ။ ဟဲ့ စင်ရော် ညည်းဘွဲ့က ဘာဘွဲ့"

"အို . . . ဒေါ်ကျေးကလည်း"

ထမင်းချက်အလုပ် လာလျှောက်သည့်သူကို ဘွဲ့ရတာပါထည့် ပြောနေတော့ ခင်စင်ရော် လျှင်မြန်စွာဟန့်တား၊ ငြိမ်သက်နေမိသည်။ မလိုအပ်တာတွေ မပြောစေချင်တာ သူမ၏ဆန္ဒဖြစ်သည်။

"ဆက်ပြောပါ ဒေါ်ကျေး"ဟု ဦးခင်ဇော်ဝင်းက အမိန့်ပေး၏။

"အဲဒါ သူ့အမအကြီးဆုံးကလည်း ဆေးရုံတက်နေရတယ်။ ရောဂါကလည်း ကျွမ်းနေပြီထင်ပါတယ်ရှင် . . . ရင်သားကင်ဆာတဲ့။ ကုန်လိုက်တဲ့ငွေတွေဆိုတာလည်း"

"အဲဒါ ကျွန်တော်က ငွေချေးရမယ်ဆိုပါတော့ ဟုတ်လား"

ဒေါ်ကျေးနှင့် ဦးခင်ဇော်ဝင်း၏ စကားများကြောင့် ခင်စင်ရော် ငိုချလိုက်မိလေတော့ပြီ။ ဝမ်းနည်းမှုနှင့် ရှက်ရွံ့မှုများက သူမရင်ကို နင်းဖြတ်ကြိတ်ချေနေခဲ့၏။ ဒေါ်ကျေးမှာလည်း သူဌေးနှင့်စကားပြောရပေလို့ထင်။ စကားတွေက လိုရင်းသို့မရောက်နိုင်တော့ပေ။

"အို . . . ဒီလိုမဟုတ်ပါဘူးရှင် ဟို . . . သူဌေးကတော်ပြောထားတဲ့ ထမင်းချက်အလုပ်ကို သူကလုပ်ချင်လို့ပါတဲ့။ လောလောဆည်တော့





မဟုတ်ဘူးပေါ့လေ။ သူ့အမ ဆေးရုံက ဆင်းတဲ့အခါ"

"သြော် . . . အလုပ်ဝင်ဖို့ကြိုပြီး လာပြောတာလား ရပါတယ်"

"အဲဒါ ဖြစ်နိုင်ရင် ငွေကတော့ ခုကတည်းက ကြိုပြီးယူချင်ပါတယ်တဲ့"

ဒေါ်ကျေး၏ ထစ်ထစ်ငေါ့ငေါ့ စကားများကို နားထောင်ပြီး ခင်စင်ရော်မှာ မျက်ရည်များသာ ဖြိုင်ဖြိုင်ကျနေမိပေတော့၏။

ရှက်လိုက်တာ . . . ရှက်လိုက်တာနော် . . . ငါ့နယ် . . . ဒေါ်ကျေးရဲ့အကြံအစည်ကို ဘာလို့များ လက်ခံမိပါလိမ့်။ ခင်စင်ရော်မှာ နောင်တများဖြင့် ပူလောင်လာခဲ့သည်။

ဦးခင်ဇော်ဝင်းက ခေါင်းတညိတ်ညိတ်ဖြင့် အတန်ကြာ စဉ်းစားနေခဲ့ပြန်သည်။

"ဒါက ဒီလိုရှိတယ် ဒေါ်ကျေးရဲ့ အိမ်မှာထမင်းချက်ဖို့ ကိစ္စတို့ဘာတို့က "ခင့်"နယ်ပယ်လေ။ ခင်ပဲဆုံးဖြတ်ပါလိမ့်မယ်"

"ရှင် . . . ဒါဆို" ဒေါ်ကျေးအသံက ပျာပျာသလဲ။

"မစိုးရိမ်ပါနဲ့ ကျွန်တော်ဒီလောက် မရိုင်းတတ်ပါဘူး။ ထမင်းချက်အလုပ် မပေးနိုင်ပေမယ့် ပိုက်ဆံတော့ ကျွန်တော်တတ်နိုင်သမျှ ပေးလိုက်ပါ့မယ်။ ကျွန်တော့်မှာလည်း စာနာတတ်တဲ့ နှလုံးသားရှိပါတယ်ဗျာ"

ပြောပြောဆိုဆိုဖြင့်ပင် ဦးခင်ဇော်ဝင်းက စားပွဲပေါ်မှ သားရေအိတ်ကို လှမ်းယူစဉ် အရှက်တရားများနှင့် ခင်စင်ရော် မတ်တတ်ရပ်မိလိုက်ပါ၏။

"ဟာ...နေဦး...နေဦးလေ...ကလေးရဲ့ ဘယ်သူ စင်ရော် ဟုတ်လား...ဒီမှာ ပိုက်ဆံယူဦးလေ"

နောက်ဖက်မှာ ဘယ်လိုတွေဖြစ်ကျန်ခဲ့သလဲ ခင်စင်ရော် မသိတော့ချေ။ သူမမှာ ရှက်ရွံ့ကြေကွဲမှုကြောင့် တစ်ကိုယ်လုံး ငြိုးငြိုးလောင်နေတာသာ သိခဲ့သည်။ ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲပါတကား။ ဖိနပ်ပါးလေး တရှပ်ရှပ်ဖြင့် သိမှတ်မဲ့စွာ သူမပြေးလွှားနေမိဆဲ...

"အမေ့..." ခဲရောင်ကားလေးတစ်စင်း ခင်စင်ရော်၏ ရှေ့မှာ ရပ်သွားခဲ့သည်။

"လာ...တက်"

ပိုင်စိုးသည့်အသံကြောင့် သူမမျက်ရည်လည်ရွဲ မော့ကြည့်စဉ် ညည့်ခန်းထောင့်မှာ မြင်ခဲ့ရသည့် ဆံပင်ရှည်ရှည် ခပ်ကြမ်းကြမ်းရုပ်နှင့် လူကိုတွေ့လိုက်ရ၏။ အို သူ...ဘယ်သူလဲ...

"ဟင့်အင်း...ကျွန်မ"

"ဟာကွာ...တက်ဆိုမှ"

စိတ်မရှည်၊ လက်မရှည် အသံခပ်ကြမ်းကြမ်းကြောင့် ခင်စင်ရော် လန့်ဖျပ်သွားပြီး သူဖွင့်ပေးသော တံခါးမှတက်မိလိုက်သည်။ ကားလေးက လေးညို့မှ လွှတ်သောမြားနှယ်။ သည်လိုကျပြန်တော့ သူမ၏ စိုးရိမ်ထိတ်လန့်မှုက အဆမတန်။

"ကျွန်မကို ဘယ်ခေါ်သွားမလို့လဲဟင် ကျွန်မ"

"တိတ်တိတ်နေစမ်း"





သွားစေ့ အံကြိတ်ပြီးပြောလိုက်သံကြောင့် ခင်စင်ရော် အံ့ဩရပါ၏။ သူမကိုပြန်ပေးဆွဲနေတာလား။ အိုလေ ငါကိုက အကြောက်လွန်နေတာပါ။ စိတ်ကိုကည်ငြိမ်အောင်ထိန်းရင်း ခင်စင်ရော် သူ့ကိုတိတ်ဆိတ်စွာ အကဲခတ်မိသည်။

နေလောင်သောအသားနှင့် စူးရှထက်မြက်သော မျက်လုံးတို့က လောကဓံရှုစ်ပါးနှင့် ကျင်လည်စွာထိတွေ့ဖူးသည့်ဟန်။ ဂုတ်ထောက်ဆံပင် ခပ်လျာလု ဖွာလန်ကြဲနေပုံကလည်း ပြိုင်မြင်းတစ်ကောင်နှယ်။ ခပ်မှိန်မှိန်ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီကလည်း တကယ့်ကောင်းဘွိုင်ပါပဲ။ ခပ်ကြမ်းကြမ်း၊ ခပ်မိုက်မိုက်ရုပ်နှင့် တိုလူကြီးသည် ပင်လယ်ဓါးပြတစ်ယောက်နှင့် တူပေစွ။

"ဆင်း"

သူ့အမိန့်သံကြောင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့မှ အေးဆေးတိတ်ဆိတ်သည့် စားသောက်ဆိုင်တစ်ခုရှေ့သို့ ရောက်နေတာ သူမတွေ့လိုက်ရသည်။ စားသောက်ဆိုင်လေးက နှစ်လိုဖွယ်။ မှန်တံခါးများတပ်ဆင်ထားပြီး စားပွဲခုံသယ်လုံးခန့် ဆန့်ပေလိမ့်မည်။

"ကျွန်မကို ဘာလို့ခေါ်လာတာလဲဟင်"

သူက ဘာမျှပြန်မပြောချေ။ စားပွဲထိုးကောင်လေးသို့ စားသောက်စရာများ မှာကြားပြီးချိန်တွင် ခင်စင်ရော် မျက်ဝန်းရှေ့သို့ တိုင်ကပ်နာရီကို မော့ကြည့်မိလိုက်သည်။ နေ့လည် တစ်နာရီခွဲ။

အို...မမတစ်ယောက်ထဲ ဆေးရုံကုတင်ပေါ်မှာ ပက်လက်

ကလေးရယ်။ ညနေခြောက်နာရီအမီ ဆေးသွင်းနိုင်ဖို့ ဒီဆေးတွေဝယ်ရမယ်။

စားသောက်စရာများ ရောက်လာချိန်တွင် သူမ အင့်ခနဲ ငိုချလိုက်မိခဲ့သည်။

ပင်လယ်စားပြကြီးကတော့ ခင်စင်ရော်ကို လေးနက်စွာကြည့်နေမြဲပါပေ။ မငိုပါနဲ့ဟုလည်း သူမတားဆီးခဲ့ပါ။ ငိုချင်ရင်ငိုချလိုက်ပေါ့ကွယ်။

သို့သော် သူမစိတ်ကိုတင်းပြီး မျက်ရည်များကို ရင်ထဲသို့ပြန်မျိုချရပါ၏။ သူတစ်စိမ်းတို့ရှေ့မှာ သူမ မငိုသင့်။ ကမ္ဘာကြီးမီးလောင်နေသည်ဖြစ်စေ ခင်စင်ရော် ဆည်တံ့နိုင်တော့မှ သူကစကားကို အေးဆေးစွာစလာခဲ့သည်။

"အစားအသောက်တွေ အေးကုန်လိမ့်မယ် စားလိုက်ပါဦး"

"ဟင့်အင်း ကျွန်မ မစား"

"မညာပါနဲ့ မင်းဗိုက်ထဲက တေးဂီတသံတွေ ငါကြားနေရတယ်"

"ဒါပေမယ့် ကျွန်မစားလို့မဝင်"

သူမ၏သောကကို သူစာနာနားလည်ပုံရလေသည်။ သူ့ထံမှ တိုးညှင်းသည့် သက်ပြင်းချသံကို ခင်စင်ရော်ကြားရသည်။

"ဝင်အောင်စားပါကွယ် ပြီးရင်ကိုယ်တို့ စကားပြောရအောင် မင်းစိတ်ချမ်းသာရပါစေမယ်"

သူ့အမိန့်သံကြောင့် ခင်စင်ရော်မှာ မိမိရှေ့မှ အစားအသောက်





များကို တာဝန်တစ်ရပ်သဖွယ် ကြိုးစား စားသောက်ရလေသည်။ သူကတော့ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်သာ အချိန်ဆွဲသောက်ပြီး သူမကို အကဲခတ်နေခဲ့သည်။ မကြာမီ သူမစားသောက်ပြီးသွားသည်။

သူကစီးကရက်ဖွာရင်း ဆိုင်ပြင်သို့ငေးနေ၏။ သူ့ထံမှ စကားသံများက အဝေးမှကြားရသည့်သဖွယ်။

"ကိုယ့်နာမည် မင်းဝဏ္ဏတဲ့။ အာဠာဝကပေါ့ကွာ။ ကိုယ်ငယ်ငယ်က တော်တော်ကြမ်းဆိုပဲ"

"ကိုယ့်မှာအမတစ်ယောက်ရှိတယ်။ ကိုယ်ရဲ့အဲ့ဒီအမဟာ ငွေကြောင့် ဘဝကိုစတေးခဲ့ ကြွေလွင့်ခဲ့ရတယ်"

မင်းဝဏ္ဏ၏အသွင်က တကယ့်ကို ခံစားထိရှနေရသည့်အသွင်။ အင်းလေ အမတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတယ်ဆိုတော့လည်း...

"အဲဒါကြောင့် ကိုယ့်မျက်စိရှေ့မှာ မိန်းကလေးတွေ ငွေကြောင့် ဒုက္ခရောက်နေတာတွေ့ရင် အဆင်ပြေသွားအောင် ကူညီချင်တာ ကိုယ့်ရဲ့စိတ္တဇပဲ"

"ဒါပေမယ့် ကျွန်မက အလှူခံပုဂ္ဂိုလ် မဟုတ်ဘူးနော်"

"သိပါတယ် မင်း...ဦးခင်ဇော်ဝင်းကို ပြောခဲ့သလိုပဲ ကိုယ့်ကိုထမင်းလာချက်ပေးပေါ့"

"အခုလောလောဆည် မဟုတ်ဘူးလေ။ မမဆေးရုံကဆင်းမှ"

"ကောင်းပြီ မင်းချက်နိုင်တဲ့ အချိန်မှာလာချက်ပေး။ ဒါမှမဟုတ် ချက်ပြီးသားပဲ လာပို့ပို့ မင်းအဆင်ပြေသလိုလုပ်လေ"

"ဒါ သက်သက်ရမယ်ရှာပေးတဲ့ အလုပ်ကြီး"

"ဘာပဲဖြစ်ဖြစ် မင်းအဆင်ပြေဖို့က အဓိကပါ။ ပြောခဲ့ပါပကော မိန်းကလေးတွေ "ငွေကြောင့်ဒုက္ခမရောက်စေချင်ပါဘူးလို့လေ"

ခင်စင်ရော် ခေတ္တစဉ်းစားကြည့်မိသည်။ သူပြောတာအမှန်လား။ သူဟာဘယ်လိုလူလဲ သူဟာ ကြောင်တောင်တောင်လူတစ်ယောက်လား။ မိန်းမလိုက်စားသူလား။ သူပေးတဲ့ အကူအညီမှာ နောင်ကြိုးတွေ ဘယ်လောက်ပါမလဲ . . .

"မင်းငါ့ကို တခုံးတွေးနေပြန်ပြီထင်တယ်။ မင်းနာမည်ဘယ်သူ"

"ခင်စင်ရော် . . . ပါ"

"အေး ခင်စင်ရော် ငါကအချဉ်တော့ မဟုတ်ဘူးနော်။ အချဉ် မဟုတ်သလို လူလည်ကြီးလည်း မဟုတ်ဘူး။ ငါဟာ လူလူချင်း စာနာတတ်တဲ့သူသာဖြစ်တယ်။ အခု မင်းအစ်မအတွက် ငွေအရမ်းလိုနေတယ် မဟုတ်လားပြော ဘယ်လောက်လိုသလဲ ကိုယ်မင်းကို တစ်လနှစ်သောင်းနဲ့ ထမင်းချက်ငှားလိုက်ပြီကွာ ဘယ်နှစ်လစာယူမလဲ"

မင်းဝဏ္ဏ၏စကားကြောင့် ခင်စင်ရော် ငေးငိုင်ရပြန်သည်။ ကိုယ်ကဘွဲ့ရပညာတတ် တစ်ယောက်ပဲ။ ငွေတွေအများကြီး ကြိုယူပြီး ထမင်းချက်အကြာကြီးလည်း မလုပ်နိုင်ပါ။ ဒီအလုပ်ကို အခိုက်အတန့်သာလုပ်လိုပါသည်။

"ဟိုလေ . . . ကျွန်မ"

"အေး . . . ပြော"





"ကျွန်မ ထမင်းချက်အကြာကြီးတော့ မလုပ်ချင်ဘူး။ တခြားအလုပ်ရရင် တစ်ခြားအလုပ် လုပ်ချင်တာပေါ့နော်"

"ကောင်းပြီ မင်းအဆင်ပြေသလိုလုပ်ပါ။ လောလောဆည် ငွေချေးတယ်လို့ပဲ သဘောထားလိုက်မယ်"

မင်းဝဏ္ဏ၏စကားကြောင့် ခင်စင်ရော် အံ့သြရပြန်သည်။ ခုမှ မြင်ဖူးတဲ့လူကို ငွေချေးမတဲ့။ ဒီလူကြီးတော့ ပိုက်ဆံတွေသိပ်ပေါနေသည် ဖြစ်ရမည်။

"ကိုယ့်လိပ်စာကဒ် ပေးထားခဲ့မယ်။ မင်းအဆင်ပြေတဲ့အခါ လာပြန်ဆပ်ပေါ့ကွာ။ ငါ့ကိုကြောင်ကြီးလို့တော့ မထင်နဲ့နော်"

မည်သို့ပင်ဖြစ်စေ ခင်စင်ရော် သူ့ပိုက်ဆံယူရမှာ လိပ်ပြာမသန့်။ ချေးသည်ဆိုသော်ငြား သက်သက်ပေးနေတာပဲ မဟုတ်လား။ သူမတွေဝေနေမိသည်။

"ကျွန်မ ဦးမင်းဝဏ္ဏရဲ့ငွေကို မယူရဲဘူး။ ကျွန်မကြောက်တယ်"

"ဘာကိုကြောက်တာလဲ"

သူ့အသွင်က မျက်မှောင်တွန့်လျှက် စိတ်မရှည်၊ လက်မရှည်။

"အကြောင်းပြစရာ မရှိပေမယ့် ကျွန်မကြောက်တာ အမှန်ပဲ။ ပြီးတော့ အလကားသက်သက် ယူရမယ့်ငွေမို့ ကျွန်မ မယူရဲပါဘူး။ အချိန်တွေလည်း အတော်လင့်လှပြီ။ ကျွန်မပြန်ပါရစေတော့"

ပြောပြောဆိုဆိုဖြင့် သူမထရပ်သော် မင်းဝဏ္ဏက သူမ၏လက်ကို ဆွဲထားလေ၏။

"လွယ်တဲ့ကိစ္စကို ခက်အောင်မလုပ်ပါနဲ့ ခင်စင်ရော်။ မင်း မှတ်ထားဖို့က ဦးခင်ဇော်ဝင်းလို လူမျိုးဆီကသာ ငွေမချေးမိဖို့ပဲ။ ရော့ ငွေငါးသောင်းယူထားလိုက်။ မင်းကို ကိုယ်အလုပ်ခန့်လိုက်တယ်လို့သာ သဘောထားပြီး လိပ်ပြာသန့်သန့်နဲ့ ယူလိုက်ပါ။ မင်းဟာ ကိုယ့်ရဲ့အဝေး ရောက်ထမင်းချက်ပေါ့ကွာ။ အဲဒါ တစ်လခစာ"

"များမှာပေါ့"

"မင်းကလည်း ဘွဲ့ရထမင်းချက်လေ။ ရိုးရိုးထမင်းချက်မှ မဟုတ် ဘဲနော်။ ကဲ...သွားစို့ မင်းအိမ်ထိ ကိုယ်လိုက်ပို့မယ်"

"ဒါတော့မဖြစ်ဘူးထင်တယ်။ ကျွန်မတို့လမ်းက တောဆန်တယ်။ ကဲရဲ့တတ်တယ်။ လမ်းလည်းကျဉ်းတယ်"

"ထားလိုက်စမ်းပါကွာ။ ကိုယ်မှန်နေရင် ပြီးတာပဲ"

ထိုနေ့က ဦးမင်းဝဏ္ဏ၏ကားဖြင့် သူမအိမ်သို့ပြန်ခဲ့ရလေသည်။





## အခန်း(၃)

ဆေးရှိန်ဖြင့် အိပ်ပျော်နေသည့် မမညြကို မျက်ရည်ပြည့် မျက်ဝန်းများဖြင့် ခင်စင်ရော် ငေးကြည့်နေမိသည်။ မမညြရဲ့ဘဝ နောက်ဆုံးချိန်တွေကို ရောက်ရှိလာပြီလား။ ဇာတ်ပွဲထဲတွေမှာတော့ ရာဇဝတ်သားတစ်ယောက်ကို "တောင်စွယ်နေကွယ်"ရင်သတ်လေ့ရှိသတဲ့။ လောကဇာတ်ခုံပေါ်မှာရော လူသားတွေဟာ ရာဇဝတ်သားတွေပဲလား။ မမညြရဲ့ဘဝဟာ တောင်စွယ်နေကွယ်ချိန် ရောက်ရှိလာပြီလား။

ကင်ဆာဆေးပြင်းများနှင့် ဓာတ်ကင်ရခြင်းများကြောင့် ဆံပင် ပါးပါးလေးသာ ရှိတော့သည့်ဦးခေါင်းနှင့် ပိန်လှီလှီကိုယ်လုံးလေးက ရောဂါ ဖိစီးလွန်းသောကြောင့်ပါပဲ။ တကယ်ဆို အသက်သုံးဆယ်သာရှိသေးသည့် မမညြသည် တစ်ခါကတော့ မိန်းမချောတစ်ဦး ဖြစ်ခဲ့သည်။

မမြ အသက်နှစ်ဆယ်အရွယ်မှာ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြတော့ တက္ကသိုလ်ကျောင်းသူ ညီမနှစ်ယောက်ကိုဘွဲ့ကိုယ်စီရအောင် တာဝန်ကျေပွန်ခဲ့သည့်မမ။ အိမ်ကလေးတစ်လုံးသာမည်ကာ မထားခဲ့နိုင်ပေမယ့် ဆံပင်ညှပ်ရင်း၊ ထမင်းချိုင့်လဲပေးကျွေးရင်း ညီမများကို လူလားမြောက်စေခဲ့သူ။ အိမ်ရှေ့ရောင်းလိုက်ရတာကတော့ ယခုခေတ်ပညာရေး စရိတ်များကလည်း မြင့်မားလွန်းလှလို့ဖြစ်သည်။

ဘဝတလျှောက်လုံး ဝန်တင်ကုလားအုပ်တစ်ကောင်သဖွယ် မောပန်းနွမ်းလျခဲ့ရရှာသူ မမြခမျာ ကုသိုလ်ကံအကျိုးပေးကလည်း နံ့ချာလှပေစွ။

မမြကို ကရုဏာသက်စွာ ငေးကြည့်ရင်း၊ သူမဝမ်းနည်းကြေကွဲနေခိုက် သူမတို့ ကုတင်နားသို့ အရိပ်တစ်ခုရောက်ရှိလာသဖြင့် ခင်စင်ရော် မော့ကြည့်လိုက်မိသည်။

"ဩော်"

ဦးခင်ဇော်ဝင်းကို တွေ့လိုက်ရသဖြင့် သူမအံ့သြစွာ နေရာဖယ်ပေးလိုက်မိသည်။ တစ်ခုတည်းသော ထိုင်ခုံလေးကို ရွှေ့ပေးရင်း သူမနှုတ်ဆွံ့နေမိသည်။ သူဟာ ခင်စင်ရော်တို့ရဲ့ မိတ်ဆွေတဲ့လား။ ဦးခင်ဇော်ဝင်းက သက်ပြင်းတစ်ချက်ကို လုလုပပ မှုတ်ထုတ်ပြရင်း စားစရာများ သက်ဆောင်လာသည့် ကြွတ်ကြွတ်အိတ်ကို လူနာဘီဒိုလေးပေါ်သို့ တင်လိုက်သည်။





"ဗျူး မောလိုက်တာကွာ စင်ရော်တို့ အဆောင်ကိုမနည်း ရှာလာရတယ်။ ကိုယ်ကအဆောင်နံပါတ် မေးမထားလိုက်မိဘူးလေ။ တော်သေးတယ်။ ကိုယ့်သူငယ်ချင်း ဆရာဝန်နဲ့ တွေ့ပေလို့"

"ဟုတ်ကဲ့ရှင့် ခုလိုလာတွေ့ဖေါ်ရတာ အများကြီးကျေးဇူးတင်ပါတယ်"

"ဟာကွာ ထားစမ်းပါ။ ကျေးဇူးတင်ရမယ့်သူတွေမှ မဟုတ်ဘဲ။ ဟိုတစ်နေ့က စင်ရော်ငွေမယူသွားတာ ကိုယ်စိတ်တော်တော်ထိခိုက်တယ်။ ချက်ချင်းပဲ စင်ရော်နောက်လိုက်မလို့ပဲ။ ဒေါ်ကြေးကလည်း ဘယ်အချိန်ပြန်ထွက်သွားမှန်း မသိလိုက်ရ။ ကိုယ့်မှာအရူးမီးဝိုင်း ကျန်ခဲ့ရတယ်။ ဘယ်လို အစရှာရမှန်းကို မသိတော့ဘူး။ နောက် ဒီနေ့မှ ဒေါ်ကြေးပေါ်လာတာနဲ့ အကျိုးအကြောင်းမေးပြီး လိုက်လာခဲ့ရတာ။ ကဲပြောငွေဘယ်လောက်လိုသလဲ"

ဆေးရုံသို့ လိုက်လာခန်းအား ရောမစွန့်စားခန်းကြီးအတိုင်း ကမ္ဘာပတ်ရှာနေခဲ့ရသည့်အတိုင်း ခမ်းနား၊ ဆန်းပြားစွာ ပြောနေသူကြီးအား သူမမှာ အံ့သြခြင်းကြီးစွာဖြင့် ငေးကြည့်ရပြန်သည်။ တတ်လည်းတတ်နိုင်တဲ့ လူကြီးပါပဲနော်။

"နေပါစေရှင် ··· ရပါတယ် ကျွန်မ"

ခင်စင်ရော်မှာ စကားကိုဆုံးအောင် ပြောခွင့်မရ။

"ဟာ··· ဘယ်ကရရမှာလဲ။ ဆေးရုံတက်တယ်ဆိုတာ ငွေကလိုတာချည်းပဲ။ ကိုယ့်မိန်းမတုန်းကများ တစ်နေ့တစ်နေ့ငွေကို သွန်ကုန်

တာပဲ။ တစ်ပတ်လောက် တက်လိုက်ရလို့ပေါ့ကွာ။ ကဲရော့…ဒီလောက် တော့ယူထား"

ဦးခင်ဇော်ဝင်းက သူ့သားရေအိတ်ထဲမှ ငွေတစ်အုပ်ကို လုပ ရက်ရောစွာထုတ်ပေး၊ လက်လှမ်းတော့ ခင်စင်ရော် ငေးကြည့်ရင်တုန် နေမိသည်။

ငွေကတော့ လိုတာအမှန်ပါပဲ။ ကင်ဆာဆေးတွေမို့ ငွေက သူမတို့ ဘယ်လိုမှ လိုက်မမီအောင် ကုန်တာလည်းအမှန် ဖြစ်သည်။ ဆေးရုံက ဇီဝိတဒါနလှူနာ၊ စရိတ်မျှပေး လူနာဆိုတာကလည်း စုတ်ပြတ် သတ်နေသည့် ဆင်းရဲသားလူနာတွေသာ။ သူမတို့လည်း ဆင်းရဲတာပါပဲ။ သို့သော် ရုပ်ကစုတ်ပြတ်သတ် မနေတာတော့ ခင်စင်ရော်လည်း မတတ် နိုင်ပါ။

"ရော့ ယူလေ…ကလေးရဲ့ ကိုယ်က စေတနာနဲ့ ပေးတာပါ"

ယခုထိ ငွေပေးနေသည့်လက်က လေထဲမှာ တန်းလန်း။ ဦးခင်ဇော်ဝင်း၏ ရုပ်ကလည်း ခပ်မိန့်မိန့်ပြုံးလျှက်။ ညို့အားအပြည့်နှင့် စပါးကြီးမြွေကြီးနှယ်။

မျက်ရည်မထွက်ဘဲ သင်ငိုရှိုက်ဖူးပါသလား။ ခင်စင်ရော်မှာ ကျောလေးတစ်ချက်တုန်သွားပြီး မျက်ရည်မဲ့ငိုရှိုက်လိုက်မိသည်။ သည်ငွေ ကိုသူမ ယူလို့မဖြစ်။ ခင်စင်ရော်ခေါင်းကို ခါယမ်းလိုက်ခဲ့သည်။

"ဟာကွာ စင်ရော်ကလည်း မင်းတို့မှာ ဘယ်သူအားကိုးရှိလို့လဲ။ ကိုယ့်ကိုအားကိုးစမ်းပါ ကလေးရယ်။ ရော့ယူ…နောက်လည်း ကိုယ်





ကြည့်မယ်လေ။ ကဲ ကိုယ်သွားစရာ ရှိသေးတယ်။ ကိုယ့်ကျန်းမာရေး ထည်း ဂရုစိုက်၊ လူမမာကြည့်ရင်း လူကောင်းပါ ထပ်လဲနေဦးမယ်"

ဦးခင်ဇော်ဝင်းက မတ်တတ်ရပ်၊ နှုတ်ဆက်ရင်း သူမ၏ နှာသီး လုံးလုံးလေးကို ဆွဲညှစ်သွားခဲ့သည်။ ဦးခင်ဇော်ဝင်း ထွက်သွားသောအခါ သူမ စိတ်ရောကိုယ်ပါ သွန်ချငိုကြွေးမိခဲ့၏။

သည်ငွေအတွက် ဘာတွေပေးဆပ်ရမှာလဲ။ ဦးမင်းဝဏ္ဏပေးခဲ့ သည့် ငွေငါးသောင်းကလည်း သုံးရက်စာ ဆေးဖိုးသာသာ။ သူမတို့မှာ လိုငွေအမြဲပြနေသည်ချည်းသာ။ သူမတို့ဘယ်အထိ တောင့်ခံနေနိုင်မှာလဲ။ သူမတို့မတတ်နိုင်တော့ဘူးလား။ ခင်စင်ရော်မှာ ဦးခင်ဇော်ဝင်း ပေးသွား ခဲ့သည့် ငွေထုပ်ကို သေချာစွာလှမ်းကြည့်မိပြန်သည်။ တစ်ထောင်တန် တွေပဲ။ ဘယ်နှစ်ရွက်လဲ။ ယခုမှတော့ ရေတွက်ကြည့်ရပြန်ရုံသာ။

ငွေစက္ကူများကို ဝုန်းခနဲ ပေါက်ကွဲမည့်ချိန်ကိုက်ဗုံးများနှယ် ကြောက်ရွံ့စွာ ကိုင်တွယ်ရင်း ခင်စင်ရော်ရေတွက်ကြည့်မိသည်။ အားလုံး အရွက်ငါးဆယ်တိတိ။ ဒါဆို ငွေငါးသောင်းပေါ့။

ရောဂါဆိုးဖိစီးလွန်းအားကြီးသဖြင့် မမသြမှာ သာမာန်စိတ်တွေ ပျောက်လုလု။ သူမမှာ ညီအမနှစ်ယောက်ဆိုပေမယ့် မမသြက သိစိတ် နည်းပါးနေသဖြင့် တစ်ယောက်ထဲရှိသည့်သဖွယ် အားငယ်လွန်းရသည်။

"မမလင်း"

ခင်လင်းယုန်ဆိုသည့်အတိုင်း ငယ်ငယ်ကတည်းက ရဲရဲရင့်ရင့်၊ စူးစူးရဲရဲနှင့် ကိုယ့်အခွင့်အရေးမှန်သမျှ အရယူတတ်သူ။ သံယောဇဉ်

ကင်းပြတ်တတ်သူ။ ခင်စင်ရော်…မမလင်းကို ဩချပါသည်။ သူမှာ အသည်းနှလုံးမှ ရှိရဲ့လား။ သို့သော် မမညြ၏ နောက်ဆုံးနေ့ရက်များမှာ သူ့ကိုရှိစေချင်တာ၊ ကူညီစေချင်တာကလည်း အမှန်။ ဘာပဲဖြစ်ဖြစ် သည်ကမ္ဘာမြေပေါ်မှာ သွေးသားရင်းချာဆိုလို့ သည်ညီအမသုံးဦးပဲ ရှိသည် မဟုတ်ပါလား။

လူမမာအိပ်မောကျနေခိုက် မမလင်းရှိရာသို့ ဖုန်းဆက်ကြည့်ဖို့ ခင်စင်ရော် စိတ်ကူးမိသည်။ ဆေးရုံတွင်းမှ အများသုံးတယ်လီဖုန်းရှိရာ သို့သူမ သွားခဲ့သည်။

"ဟဲလို…မမလင်း…မမလင်းရှိပါသလား"

"မမလင်း…ဒီနေ့ မမညြ အရမ်းပင်ပန်းနေတယ်။ အခု အိပ်ဆေးထိုးပေးထားရတယ်။ ဖြစ်နိုင်ရင် ခဏလောက်ဖြစ်ဖြစ် မမလင်း လာစေချင်တယ် ငွေရေးကြေးရေးကြောင့်ချည်း မဟုတ်ပါဘူး တိုင်ပင် စရာရှိလို့ပါ"

"ဟုတ်ကဲ့ ဆက်ဆက်လာခဲ့ပါနော်"

မမလင်းက ငွေလိုသဖြင့် ဆက်သည်ထင်နေသဖြင့် ခင်စင်ရော် စိတ်ပျက်ရသေးသည်။ ကိုယ့်အမအတွက် နည်းနည်းမှစိတ်မပူဘူးလား။ စိတ်မထိခိုက်ဘူးလား မမလင်းရယ်…





မမလင်းက အိပ်မောကျနေသည့် မမညြသို့ တစ်ချက်ကြည့်ပြီး ခင်စင်ရော်ကို စကြိုသို့ခေါ်ထုတ်သွားခဲ့သည်။ ရွှေငွေလက်ဝတ်လက်စား အပြည့်ဝတ်ဆင်ထားသည့် ခင်လင်းယုန်၏အသွင်က ပြည့်ပြည့်တင်းတင်း လုလုပပ။

"ကဲ…ဆို…ဘာကိစ္စလဲ"

သည်လောက် သေရေး၊ ရှင်ရေးကိစ္စဖြင့် ကြုံနေတာတောင် ကင်းကင်းပြတ်ပြတ် မေးရက်သဖြင့် ခင်စင်ရော်မှာ မျက်ရည်ဝဲရသည်။

"မမလင်းရယ် မမညြအခြေအနေက မသက်သာဘူး ပိုပိုဆိုး လာတယ်။ ဆရာဝန်တွေလည်း ကုကြပါတယ်။ ဒါပေမယ့် သူခံစားနေရ တာ အရမ်းသနားစရာ ကောင်းတာပဲဟယ်"

သူမက ကြေကွဲစွာပြောပြတော့ ခင်လင်းယုန်က စိတ်ဓာတ်နိုင်ကျည်စွာဖြင့် ခေါင်းကိုခါရမ်းခဲ့သည်။

"ဒါ…ငါတို့မျှော်လင့်ထားပြီးသားပဲ ကင်ဆာရောဂါပါ ဆိုမှတော့ ကုလို့ရမတဲ့လား။ ပြီးတော့ မထင်မှတ်ဘဲ ရောဂါကကျွမ်းလည်းနေပြီလေ။ ဆိုစမ်းပါဦး အခုဘယ်လိုဘယ်ပုံ စခန်းသွားနေတာလဲ နင့်မှာလည်း နားကပ်ကအစ ကုန်ပြီမဟုတ်လား"

"ဒါကတော့ မမလင်းရယ် မမညြရဲ့ အသက်ကလေးတစ်ချောင်းကို ကျွန်မတို့ တတ်နိုင်သမျှ ဆွဲဆန့်ထားရမှာပဲ မဟုတ်လား။ ကျွန်မ နားကပ်မဝတ်ရတာက အကြောင်းမဟုတ်ပါဘူး"

"ဟာ…ငါက စေတနာမရှိလို့ ပြောတာမဟုတ်ဘူး။ မထူးတော့လို့ မကုချင်တော့တာ။ မမညြက နောက်ဆုံးအချိန် ရောက်နေပြီပဲ။ နင်မှတ်မိသေးလား။ ငါအခု ကိုမောင်နဲ့ရည်းစားထားတော့လေ မမညြက ငါ့ပါးကိုရိုက်ခဲ့တာ ခုထိငါမမေ့နိုင်သေးဘူး"

မမလင်း၏စကားကြောင့် ခင်စင်ရော် ထိတ်လန့်ရသည်။ ကေးဝင့်ပုလ္လာသားလို အငြိုးမကြီးပါနဲ့ မမရယ်။

"ဒါကတော့ မမညြက အုပ်ထိန်းသူပဲ မမရယ်။ စေတနာနဲ့ ရိုက်ခဲ့တာပဲ။ မမညြဟာ ဒီအသက်အရွယ်ထိ ကျွန်မတို့ကို ရှာကျွေးခဲ့တာလည်း ထည့်တွက်ပါဦး"

"ငါကတော့ မတွက်နိုင်ဘူး။ မိဘတွေထားခဲ့တဲ့ အိမ်လည်း သူအသုံးမကျလို့ ကုန်ခဲ့တာပဲ။ ကိုမောင်ကပြောတယ်။ အဲဒီအိမ်ကို





တန်ရာတန်ဖိုးနဲ့ ခုကျမှရောင်းရင် တော်တော်ရမှာတဲ့"

ခင်စင်ရော်မှာ သူနှင့်တုဖက်ပြီး စကားပြောချင်စိတ် မရှိတော့။ ဦးခင်ဇော်ဝင်း ပေးခဲ့သည့်ငွေနှင့်ပတ်သက်ပြီး လိပ်ပြာမသန့်သဖြင့် အကြံဉာဏ်တောင်းမည့်ကိစ္စလည်း ဘေးသို့ချိတ်ထားလိုက်ရတော့မည်။ ကိုယ့်ညီအမတွေပေါ်မှာ သူစိတ်ဝင်စားမည်မထင်။

"အခုလည်း ငါငွေတစ်သောင်း ယူလာခဲ့တယ်။ ကိုမောင်က မမညြဆို ကြည်တာမဟုတ်ဘူး။ သူငါ့ပါးချခဲ့တာ အမြဲသတိရနေတုန်းပဲ။ သူမသိအောင် ငါခိုးယူခဲ့ရတာ။ ရော့ ဒါနင့်ကို သနားလို့ပေးတာ။ သူ့ကို စေတနာရှိလို့ မဟုတ်ဘူး။ အကောင်းဆုံးကတော့ သူ့ကို ဆေးရုံက ဆင်းပြီး အိမ်ကိုသာ ပြန်ခေါ်သွားလိုက်တော့။ အိမ်မှာပဲ သက်တောင့်သက်သာ အသက်ထွက်ပစေ။ ဆေးရုံမှာဆိုရင် နေ့တိုင်း ဆေးဖိုးကုန်၊ ဘာကုန်နဲ့ နေစမ်းပါဦး။ အဲဒီကုန်တဲ့ပိုက်ဆံတွေ နင်ဘယ်ကရသလဲ။ စင်ရော်နော် နင့်ကိုယ်နင် လူတတ်ကြီးလုပ်ပြီး ကိုယ့်ဘဝနဲ့ငွေနဲ့လည်း လဲမပစ်နဲ့ဦး။ မမညြမရှိလည်း အားငယ်စရာမရှိပါဘူးဟာ နင်ငါနဲ့လာနေပေါ့"

သူ့စကားသံကြီးက ကျယ်သဖြင့် ခင်စင်ရော် စိုးရိမ်စွာ မမညြကိုလှည့်ကြည့်မိသည်။

"အို…"

မမညြက ကုတင်ပေါ်မှာ အားယူထထိုင်ပြီး ကြေကွဲသောမျက်ဝန်းများဖြင့် သူမတို့ဖက်သို့ လှမ်းကြည့်နေရှာခဲ့သည်။

သူမ အော်ငိုပစ်ချင်စိတ်ဖြင့် မမညြထံသို့ ပြေးသွားမိတော့ပြီ။

ဦးခင်ဇော်ဝင်းထံမှ ငွေယူထားမိသည့်အတွက် ခင်စင်ရော် နှာင်တာမရမိတော့ပါ။





## အခန်း(၄)

ဘဝဆိုတာ ဘာအဓိပ္ပာယ်တွေ ရှိသေးသလဲ။

ရှင်သန်ခြင်းရဲ့ အခြားမဲ့မှာ ဘာတွေရှိသေးသလဲ။

ဆေးရုံကြီးမှာ ပိုင်ရှင်မဲ့အသုဘအဖြစ် မမညြကိုထားခဲ့ရသည်။

ကိုယ်တိုင်တောင်. နေစရာအိမ်မဲ့ခဲ့ရသည့် ခင်စင်ရော်မှာ မမညြ၏ ခန္ဓာကိုယ်ဟောင်းကို သယ်သွားခွင့်မရှိ။ ရေခဲတိုက်မှာထားပြီး လှုပစ္စာသဂြိုဟ်ဖို့ရာလည်း သူမ မတာတ်နိုင်တော့ပြီ။

သူတစ်ပါး၏ အကြေးတို့သည်သာ စပါးကြီးမြွေလို ရစ်ပတ်ဖွဲ့နှောင်တတ်ပါက ခင်စင်ရော်၏ အကြွေးတို့သည် လည်ပင်းသို့ပင် ရောက်နေပေရော့မည်။

နာကျင်ကြေကွဲသောရင်ဖြင့် နေပူထီးတည်းမှာ သူမလျှောက်

သွားနေမိသည်။ ကားတိုးစီးဖို့လည်း သတိမရ။ ဘယ်ကိုသွားရမည်ဟုလည်း သူမသတိမရပါ။ တဒင်္ဂတော့ ခင်စင်ရော် ရူးသွပ်နေပြီထင်ပါသည်။

မမညြနှင့်အတူ သူမပါသေလိုက်လျှင်လည်း အကောင်းသား။ ခင်စင်ရော် မမလင်းထံသို့ ဖုန်းမဆက်ခဲ့။ သူနှင့်အဆက်အသွယ်လည်း မလုပ်ချင်တော့။ သူမသည် မမလင်းအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ချင်လည်းဖြစ်နေပေလိမ့်မည်။

သူမလက်ထဲမှာ ဆွဲလာမိခဲ့သည့် ဆွဲခြင်းလေးထဲသို့ သွေးရူးသွေးတန်း ငုံ့ကြည့်မိပြန်သည်။ အစတ်ပောင်းလေးနှစ်စုံ၊ သုံးစုံနှင့် ရေသန့်ဗူးခွံလေးတစ်ခု။ လက်ကျန်ငွေကရော အိုမမညြရယ် ယခုမှ ခင်စင်ရော်၏မျက်ရည်ပေါက်များ နိုင်လွန်လမ်းမကြီးပေါ်သို့ တတောက်တောက် ခုန်ဆင်းသွားကြသည်။

ရောင်းစရာရှိသမျှ ချရောင်းပြီး မမညြ၏အသက်ကို ဆွဲဆန့်ခဲ့သော်လည်း မရတော့ချေ။ သူမမှာ ဘွဲ့လက်မှတ်တစ်ခုမှတစ်ပါး ဘာမျှအဖိုးတန်တာ မရှိတော့။ ဘွဲ့ကလည်း သာမာန်ဘွဲ့လေးပဲ။ လောလောဆည် သူမအတွက် ကမ္ဘာကြီးသည် အမှောင်။

"ဟဲ့ . . . ခင်စင်ရော် ဘယ်လိုဖြစ်နေတာလဲ။ ငါနင်တို့ဆီလာကြည့်တာ။ အခုဆေးရုံက ပြန်ခဲ့တာ"

ဒေါ်ကျေး၏အသံကြောင့် သူမ၏ သွားလက်စခြေလှမ်းများ ရပ်တံ့သွားရသည်။ ခင်စင်ရော်မှာ ဒေါ်ကျေးကိုကြောင်တောင်တောင် ပြန်ကြည့်နေခဲ့သည်။ သူမအသွင်က မျက်ရည်လည်ရွှဲ။





"အခု ညည်း . . . ညည်းအမလတ်ဆီ သွားမလား"

"ဟင့်အင်း ကျွန်မသူ့ဆီ ဘယ်တော့မှ မသွားဘူး"

"ကဲ ဒါဆိုလည်းလာပါအေ ကျုပ်အိမ်ပဲလိုက်ခဲ့ပါ။ ပြီးမှစာစ်ခုခု ဝိစဉ်ရတာပေါ့။ ညည်းတို့နေတဲ့အိမ်ခန်းကို အိမ်ရှင်က သူများကိုငှားလိုက်ပြီဆိုပေမယ့် ကျုပ်အိမ်မှာတော့ နေလို့ရပါတယ်။ ကဲ . . . လာ . . . လာ"

ဒေါ်ကျေး၏ ဦးဆောင်ဖေးမမှုအောက်မှာ သိမှတ်မဲ့စွာဖြင့်ပင် ခင်စင်ရော် သူ့အိမ်သို့လိုက်ခဲ့ရသည်။ ဒေါ်ကျေး၏ အိမ်ခန်းလေးကကျဉ်းရသည့်အထဲ အိမ်သားကလည်း များလိုက်သေးသည်။ သူ့သမီးနှစ်ယောက်၏ နှစ်မိသားစုကပင် ခြောက်ယောက်။ သို့သော် ခင်စင်ရော်ကျေးဇူးတင်ရပါသည်။ မိန်းကလေးတစ်ယောက်အတွက် အထူးသဖြင့်သူ့လို အနန္တရာယ်တွေ ဝိုင်းချင်ဝိုင်းနေမည့် မိန်းမပျိုလေးတစ်ဦးအတွက် အဖော်မွန်တွေ များစွာလိုအပ်သည်ပင် မဟုတ်လား။

"အလုပ်ကတော့ ပေါပါတယ်အေ။ အခုညည်းတစ်ဝမ်းတစ်ခါးပဲ ရှိတော့တဲ့ဥစ္စာ၊ လောလောဆည် ငါနဲ့အဝတ်လိုက်လျှော်လည်း ဖြစ်တယ်။ ညည်းဘွဲ့နဲ့ဆိုင်တဲ့ ထိုက်ထိုက်တန်တန် အလုပ်လည်းရှာပေါ့"

ဒေါ်ကျေး၏အသံက အားရနှစ်လိုဖွယ်ရာ ၊ အားမာန်အပြည့်။ လောကကြီးထဲမှာ သည်လိုအားမာန်တွေ ပြည့်နေလို့သာ ဒေါ်ကျေးသည် ကန်စွန်းပင်တစ်ပင်နှယ် ရှင်သန်လန်းကော့နေခြင်း ဖြစ်လိမ့်မည်။

"အားမငယ်ပါနဲ့အေ၊ ဒီလိုပဲ မရှိအတူ၊ ရှိအတူနေကြတာပေါ့။ နောက်တော့လည်း ကိုယ်နဲ့ထိုက်တန်ရာ အလုပ်တွေ၊ အလွှာတွေဆီ

ရောက်သွားမှာပါပဲ။ ဒါထက်နေစမ်းပါဦး စင်ရော်ရယ် ညည်းအမလတ်က ပြည့်စုံတယ်မဟုတ်လား။ သူက မညြအပေါ်သာ စေတနာနည်းပါးပေမယ့် ညည်းကိုတော့ ပစ်ပစ်ခါခါရှိမယ် မထင်ပါဘူးအေ"

ဆေးပေါ့လိပ်တထောင်းထောင်းဖွာရင်း အားပါးတရ စကားပြောနေသည့် ဒေါ်ကြေးသို့ ခင်စင်ရော် မှုန်ဝေသည့်အကြည့်ဖြင့် ခေါင်းကိုဖြည်းညင်းစွာ ခါပြမိသည်။ မည်သည့်စကားကိုမျှ ဆိုချင်စိတ်မရှိတော့ပါ။ သည်တော့လည်း ဒေါ်ကြေးက သူ့တရားနှင့်သူသာ။

"အေးလေ ညီအမတွေဆိုပေမယ့် အိမ်ထောင်ကွဲသွားတယ်ဆိုရင် စိတ်ဝမ်းတွေလည်း ကွဲသွားကြတာပါပဲ။ တစ်ချို့များ စီးပွားရေး လူမှုရေး၊ သားရေး၊ သမီးရေးတွေနဲ့ ပတ်သက်လာတော့ ရန်သူကြီးတွေတောင်ဖြစ်လို့၊ ကဲ. . .ဘာမှ တွေးတောမနေနဲ့ ဒေါ်ကြေးနဲ့သာနေ"

ဒေါ်ကြေးက ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက်သောက်ကာ ခင်စင်ရော်ကိုသာ ကရုဏာသက်စွာ ငေးကြည့်နေတော့သည်။ သူ့မြေးနှစ်ယောက်ကတော့ အိမ်ရှေ့မြေပြင်လေးမှာ ကစားနေကြပါ၏။ သူ့သမီးတွေ၊ သားမက်တွေမှာလည်း ငှက်များနှယ် အစာရှာထွက်နေကြလေသည်။

ခင်စင်ရော်မှာ သူမ၏ဆွဲခြင်းလေးထဲမှ ဒိုင်ယာရီစာအုပ်ပြာလေးကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်ခဲ့သည်။ ပြီးနောက် စာမျက်နှာနောက်ဆုံးသို့ လှန်ကြည့်လိုက်ပါ၏။

"ဘာတွေလဲ စင်ရော်"





မေးလာသည့် ဒေါ်ကြေးအား ခင်စင်ရော်က စာအုပ်ကလေးကို ထိုးပြလိုက်၏။

"အလိုလေးလေး ပေးစရာအကြွေးကလည်း မနည်းပါလား။ ဦးခင်ဇော်ဝင်းပေးရန် တစ်သိန်းနှစ်သောင်း။ ဦးမင်းဝဏ္ဏပေးရန် တစ်သိန်းရှစ်သောင်း။ ဟဲ့ ဒီငွေနှစ်သိန်းကျော်ကြီး ညည်းဘယ်လိုလုပ် ဆပ်ပါ့မလဲ"

"ဘာမှမရှိတဲ့ကျွန်မကို သူတို့က ဘာဖြစ်လို့ပိုက်ဆံချေးတယ်လို့ ဒေါ်ကြေးထင်သလဲဟင်"

ခင်စင်ရော်၏ ခပ်ညည်းညည်းအမေးကို ဒေါ်ကြေးကလည်း စာနာထောက်ထားစွာ ဖြေဆိုခဲ့ပါသည်။

"ညည်းက ချောချောလှလှလေးဆိုတော့ သနားကမားလေးမို့ သနားကြလို့နေမှာပေါ့အေ။ ငါ့လိုအဖွားကြီးဆိုရင်တော့ ဘယ်ချေးကြ၊ သနားကြမလဲ"

"အဲဒီတော့ အဲဒီလိုချေးတဲ့အတွက် ချေးတာကို ယူမိတဲ့အတွက် ကျွန်မဘာတွေ ဖြစ်သွားနိုင်သလဲ"

ခင်စင်ရော်အသံက တစ်ကိုယ်တည်း ငိုညည်းနေသည့်အသွင်။ သူမ၏အမေးကို ဒေါ်ကြေးကလည်း ဖြေမနေတော့ပါ။ ဖြေစရာလည်း မလိုတော့ပါချေ။

## အခန်း(၅)

လောလောဆည် ဒေါ်ကျေး၏ အဝတ်လျှော်သည့် ကုမ္ပဏီမှာ အလုပ်ဝင်ရတော့မည်ပင်။ သမုဒ္ဒရာထက် ကျယ်ဝန်းသော ဝမ်းတစ်ထွာကို ဖြည့်ရသည်ထက် အဓိကကျသည်က သူမ၏ဘဝ ရပ်တည်ရေးပင် ဖြစ်သည်။

ခင်စင်ရော်ဆိုသည့် မိန်းမဟာ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားမဟုတ်ကြောင်း လူတွေသိစေချင်ပါသည်။ မျက်စောင်းထိုးအိမ်က ကောင်မလေးလို နှုတ်ခမ်းနီ၊ မိတ်ကပ်လိမ်းခြယ်ပြီး ဝတ်ကောင်းစားလှဝတ်ပြီး ခိုးခိုးခစ်ခစ်နှင့် ဘဝကိုမဖြတ်သန်းချင်။

အိမ်တွေမှာလိုက်ပြီး လျှော်သည်အထိတော့ သူမအဆင့်မကျချင်။ ဒါ အခိုက်အတန့်ပဲနော်။ သို့သော် သူငယ်ချင်းအချို့လို ကုမ္ပဏီမှာ





လုပ်ငန်းတွေမှာ ဝင်ဖို့ကျတော့လည်း ကွန်ပျူတာသင်တန်းတွေ၊ ဘာတွေ သူမမှာမရှိ။ လုပ်တော့လုပ်နေရမှာပါပဲ။ ရှာတော့ရှာရမှာပါပဲ။ လောလောဆည် အဝတ်လျှော်နေတာပဲ ကောင်းပါတယ်။

ဒေါ်ကျေးက အိမ်တွေမှာ အဝတ်လိုက်စု၊ လိုက်လျှော်ပြီး ခင်စင်ရော်က အိမ်ရှေ့ရေတိုင်ကီကြီးမှာ အဝတ်ထိုင်လျှော်သည်။ သူမ၏ ကုမ္ပဏီက မည်သူနှင့်မှ ဆက်ဆံစရာမလို။ ပုန်းညက်ပင်ကြီးရဲ့အရိပ်မှာ တစ်ယောက်ထဲပေါ့။

လောကရဲ့ ညစ်ထေးမှုများကို သင့်ရဲ့လက်နှစ်ဖက်နှင့် ဖြူဖွေးသန့်စင်စေပါလော့ . . .

နေရောင်ခြည်ရဲ့ ဝင်းပမှုမှာ လောကကြီး သန့်ရှင်းသာယာပါစေလော့ . . .

အင်း . . . ကြာရင်တော့ သူမလက်တွေ ပေါက်ပြဲကုန်မှာပင်။ အဝတ်ဇလုံကြီးအနားမှာ နဖူးကချွေး ခြေမကျရင်း တစ်ကိုယ်လုံးရွှဲအောင် ခင်စင်ရော် အလုပ်လုပ်နေမိခိုက် လမ်းကျဉ်းလေးထဲမှာ ရုတ်ခနဲ နေရောင်ခြည်တွေ ဝင်းပသာယာသလို သူမခံစားလိုက်ရသည်။

"သြော် . . ."

သူပဲ။ ဦးမင်းဝဏ္ဏ။ သူ ခင်စင်ရော်ကို သတိရရှာသေးသားပဲနော်။ မမြဲဆုံးပါးသွားပြီး သူမ ဒီအိမ်ကိုရောက်နေသည့် သုံးလေးရက်အတွင်းမှာ ဦးခင်ဇော်ဝင်းသာ နေ့တိုင်းလာလာနေခဲ့ပြီး သူကတော့ ပျောက်နေခဲ့သည်ပင်။ မျက်နှာမှာ စင်နေသည့်ရေစက်များနှင့် ရောထွေး

ပြီး ခင်စင်ရော်၏ မျက်ရည်စက်များ တလိမ့်လိမ့် စီးဆင်းပျံ့နှံ့ကုန်ကြသည်။ သူမရင်ထဲမှာ သောကတို့ဖြင့် ပူလောင်ကြေကွဲနေရ၏။

ဦးမင်းဝဏ္ဏက သူမအဝတ်လျှော်နေသည်ကိုကြည့်ပြီး တန့်ခနဲဖြစ်သွားခဲ့၏။ သူက ခင်စင်ရော်ဆိုသည် မိန်းကလေးကို ပန်ကာအောက်မှာ ကွန်ပျူတာရှေ့မှာများ တွေ့မည်ဟု မျှော်မှန်းခဲ့လေသည်မသိ။

"ငွေကြောင့်ဖြစ်ရတဲ့ ဒုက္ခဆင်းရဲတော့ ဟုတ်မယ်မထင်ဘူးနော်။ ဒါ ကိုယ့်ကိုယ်ကို ညှဉ်းဆဲတဲ့ဒုက္ခပဲဖြစ်ရမယ်။ ထစမ်း…မင်း အဝတ်လျှော်လို့ တစ်နေ့ ဘယ်လောက်ရမလဲ"

ပုန်းညက်ပင်အရိပ်က ကွပ်ပျစ်မှာဝင်ထိုင်ရင်း ဦးမင်းဝဏ္ဏပြောသော်လည်း သူမအဝတ်တွေ ဆက်လျှော်မြဲ။ မျက်ရည်ကျမြဲ။

"ဩော် ရေတွေကလည်း မင်းရဲ့မျက်နှာချည်းပဲ သွားစုနေကြတယ်နော်။ မင်းမျက်နှာက ရေတော်တော်ပျော်တယ် ထင်ပါရဲ့ဟုတ်လားကဲ ထစမ်းပါကွာ ကိုယ့်မှာကိစ္စတွေ ရှိသေးတယ်။ မသွားခင် မင်းပြဿနာလေးတွေ စီစဉ်ပေးခဲ့ပါရစေဦး"

သူက ပုန်းညက်ရိပ်မှ ထရပ်သည်။ ခပ်လှမ်းလှမ်းမှာ ထားခဲ့ရသည့် ကားကိုလည်း လှမ်းမျှော်ကြည့်နေ၏။

"ဦးမင်းဝဏ္ဏ သွားပါရှင်။ ကျွန်မက ဘယ်လိုလုပ်ရမှာလဲ။ ကျွန်မမှာ အလုပ်တွေ မပြီးသေးဘူး။ လောလောဆည်တော့ ဒါပဲလုပ်ရမယ်။ နောက်နေ့တွေကျ ဒီထက်ကောင်းတဲ့ အလုပ်တွေရှာမယ်လေ။ တင်နေတဲ့အကြွေးတွေ ဆပ်မယ်လေ"





"ဟုတ်ပြီ…အဲဒီ…ဒီထက်ကောင်းတဲ့ အလုပ်ပေးမလို့ပေါ့ကွ။ မင်းကကိုယ့်ရဲ့ အဝေးရောက် ထမင်းချက်လေ။ မေ့သွားပြီလား။ ကဲ…ထ…ဆောရီးကွာ ကိုယ်လည်းဒီနေ့မှ ဆေးရုံရောက်ခဲ့တယ်။ မင်းရဲ့ဘဝလေး ပရမ်းပတာ မဖြစ်သေးပါဘူးနော်"

ဦးမင်းဝဏ္ဏ၏ စကားကြောင့် သူမဆို့လှိုက်ကြေကွဲသွားရသည်။ ခံစားမှုက ရင်နှင့်မဆန့်တော့။ သို့သော် ခင်စင်ရော်မှာ ငိုစရာနေရာမရှိ။ ငပ်စုတတ်သည့် မျက်လုံးများ၏ ရှေ့မှောက်မှာ သူမ မကျဆုံးချင်။

"ကဲ ဒါတွေထားခဲ့ဦး လာ ကိုယ်နဲ့ခဏလိုက်ခဲ့ ရေစိုအဝတ်တွေသွားလဲလိုက်ဦး"

ခင်စင်ရော် ဦးခင်ဇော်ဝင်းကို ကွက်ခနဲ မြင်ယောင်သွားမိသည်။ သူလည်း အပြင်လိုက်ဖို့ ခဏခဏခေါ်သည်ပင်။ သို့သော် ဦးခင်ဇော်ဝင်းသည် အသားစားကျားကြီးဖြစ်ကြောင်း သူမနားလည်သဖြင့် ဘယ်တော့မှမလိုက်ခဲ့။ ဦးမင်းဝဏ္ဏကိုတော့ သူမရင်ထဲမှ ယုံကြည်နားလည်နေခဲ့တာ သူမအမှားလည်း ဖြစ်ချင်ဖြစ်မည်။

"ခဏနော်"

ရေစိုကိုယ်လုံးဖြင့် ရှက်ရွံ့စွာအိမ်ပေါ်သို့ တက်ရသည်။ သူမတို့အိမ်ပေါ်မှာလည်း အဝတ်တွေက ပြည့်ကျပ်လျှက်။ ဒေါ်ကျေး၏ သမီးအငယ်က အဝတ်များမီးပူတိုက်ရင်း ခင်စင်ရော်ကို မော့ကြည့်သည်။ အသံတိတ်မေးခွန်းနှင့်…

"မစန်း…အဲဒါလည်း ကျွန်မရဲ့ကျေးဇူးရှင် တစ်ယောက်ပဲ။

လမ်းထိပ်လောက်တော့ လိုက်သွားလိုက်ဦးမယ်နော်။ အဲလုပ်ကလေး ဘာလေးလည်း ရလိုရငြား"

"အေး···အေး"

နှစ်စုံ၊ သုံးစုံသာရှိတော့သည့် အဝတ်များမှာလည်း အကောင်း မကျန်တော့။ ဦးမင်းဝဏ္ဏ၏ တောက်ပမှုနှင့် ယှဉ်တွဲသွားရမှာ အားနာစရာ။ အိုလေ သူနဲ့ငါက ဘာဆိုင်တာမှတ်လို့။ တကယ်ဆို ငါကသူ့ရဲ့ ထမင်းချက်ပါ။ အဝတ်ဆိုတာ လှပမှုအတွက်ချည်းမဟုတ်၊ လုံခြုံမှုအတွက်လည်းဖြစ်၏။ အရောင်တွေ လွင့်ပြယ်လုလု စပန့်ဂါဝန်လေးကိုသာ ခင်စင်ရော် ဝတ်ဆင်လိုက်သည်။ ဂါဝန်အဟောင်း ပွပွဖားဖားလေးက လောကကြီးက နှိပ်စက်ထားခြင်းခံရသည့် စုင်ဒရဲလားနှင့် တူစေလိမ့်မည်။

"လာ···"

အကျီအဟောင်းလေးနှင့် စိုးရွံ့စွာမော့ကြည့်လာသည့် သူမကို ဦးမင်းဝဏ္ဏက လက်ကမ်းကြိုဆိုသည်။ သို့သော် သူမကသူ့လက်ကို လွှဲဖယ်တိမ်းရှောင်လိုက်ပါသည်။

"ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးနော်"

"မင်းသာ တော့်"

သူက သူ့အရပ်မားမားကြီးဖြင့် ရှေ့မှသွားတော့ ခင်စင်ရော် ကုပ်ကုပ်ကလေး လိုက်ရသည်။ ရင်ထဲမှာတော့ သူ့အကြွေးတွေကို စာရင်းပေါင်းလျှက်။ ဒီတစ်သက်တော့ အကြွေးဆပ်ရတာနဲ့ လူဖြစ်မှာ မဟုတ်တော့ဘူး။ အကြွေးတွေ သိန်းပေါင်းများစွာ တင်နေသည့်သူဌေးများထက် သူမက ပိုပြီးရင်ပူဟပ်မိသည်။ ဆင်လည်းဆင်အထွာ၊ ကြွက်လည်း ကြွက်အထွာပေါ့လေ။





ရှင်းသန့်သော ကျက်သရေဖြင့် ဦးမင်းဝဏ္ဏက သူ၏ခဲရောင် ပြောင်ပြောင်လက်လက် ကားကြီးကိုဖွင့်ပေးသောအခါ ခင်စင်ရော် အနေရကျပ်နေမိသည်။

"ကျွန်မကို ဘယ်ထိခေါ်သွားမလို့လဲဟင်"

"ဟိုး နတ်ပြည်ခြောက်ထပ်ရဲ့ အပေါ်ဆုံးထပ်ထိ···ကဲ··· တက်မှာသာ တက်စမ်းပါကွာ၊ ဒါထက် မင်းမိဘတွေက မင်းကို ဘိုးတော်ဘုရားခေတ်က မွေးခဲ့တာမဟုတ်ပါဘူးနော်"

သူကရှုတည်တည်ဖြင့်ပြောတော့ ခင်စင်ရော်မျက်ရည်ဝဲမိသည်။ သူမက ဦးခင်ဇော်ဝင်း တစ်ယောက်နှင့်ပင် လောကကြီးကို အဆိုးမြင်တတ်ပေပြီ။ သူမတုံ့ဆိုင်းတွန့်ဆုတ်နေမိတော့ ဦးမင်းဝဏ္ဏက သူမကို ကားထဲသို့ တွန်းထည့်ပစ်လိုက်သည်။ သူလည်း ခပ်ကြမ်းကြမ်းဝင်ထိုင်ပြီး ကားကိုတရကြမ်း မောင်းထွက်ပစ်လိုက်သည်။

"ငါဟာ မင်းစဉ်းစားချင့်ချိန်နေရမယ့် လူစားမျိုးမဟုတ်ဘူး။ မင်းအပြုအမူတွေက ငါ့ရဲ့ကိုယ်ကျင့်တရားကို လုံးဝစော်ကားနေတာပဲ"

တစ်ယောက်ထဲ စိတ်တိုနေသည့် လူကြီးမင်းအား ငေးကြည့်နေရုံမှအပ သူမ မတတ်နိုင်တော့ချေ။

"မင်းအစ်မဆုံးတာ ကိုယ့်ဆီဘာလို့ အကြောင်းမကြားသလဲ"

"ကျွန်မမှ ဦးမင်းဝဍ္ဍာ ဘယ်မှာနေထယ်မသိတာ"

"မင်းကို လိပ်စာကတ်ဒ် ပေးထားဖူးတယ်လေ"

"အဲဒါ ပျောက်သွားပြီ"

"သြော် တော်တော်မှ အလေးထားတယ်ပေါ့ ဟုတ်လား။ ငါက ငါ့လိပ်စာကတ်ဒ်ကို ပဲလျော်ဝေသလို လျှက်ဆားဝေသလို လူတကာကို အလကားလျှောက်ဝေတတ်တာ မဟုတ်ဘူးကွ။ မင်းမြဲမြဲမှတ်ထား။ ငါ့လိပ်စာကတ်ဒ်ရထားတဲ့သူဟာ ချက်လက်မှတ် ရထားတဲ့သူလိုပဲ ငါ့ရဲ့ငွေရေးကြေးရေးတွေကို ခွဲဝေသုံးစွဲခွင့်ရှိတယ်"

ဘယ်လိုလူကြီးပါလိမ့်။ ဘာတွေပြောနေမှန်းလည်း သူမ မစဉ်းစားတတ်။ ခပ်ငေးငေးပဲ စူးစမ်းလေ့လာကြည့်၊ ကြည့်မိသည်။

"ဘာလဲ မင်းကငါ့ကို အရူးထင်လို့လား ကဲ···ဆင်း"

သူက ကားရပ်လိုက်ပြန်သဖြင့် ခင်စင်ရော် ပတ်ဝန်းကျင်ကို အလေးဂရုပြုကာ ကြည့်ရသည်။ စတိုးဆိုင်တစ်ဆိုင်။

"ဘာလုပ်မလို့လဲ"

"မင်းကိုအဝတ်လေးဘာလေး ဝယ်ပေးဦးမယ်လေ။ မင်းမှာရှိတဲ့အရောင်အဆင်းလေးတွေကို ပြန်တင်ပေးမလို့"

"ဟာ···မဟုတ်တာ ကျွန်မမှာ အကြွေးတွေလည်ပင်းခိုက်နေပြီ···ဟို"

"ထားစမ်းပါကွာ···အဲဒီအကြွေးတွေအားလုံးကိုယ်ရှင်းမယ်"

"မဟုတ်ဘူး ဦးမင်းဝဍ္ဍာ သူစိမ်းတစ်ယောက်က ကျွန်မအကြွေးတွေကို ကျွန်မဒုက္ခတွေကို ဝင်ပြီးကူတယ်၊ ဆပ်တယ်ဆိုတာ ကျွန်မ ဘယ်လိုမှ နားမလည်ဘူး"





စတိုးဆိုင်ထဲမှာ အဝတ်ရွေးပေးနေသည့် သူနောက်သို့ ဘုကောက်ကောက်လိုက်ရင်း ခင်စင်ရော် ရန်တွေ့နေတော့ သူကစိတ်မရှည်စွာ မျက်ခုံးတွန့်ပြီး ပြန်ကြည့်သည်။

အို သူ့စတိုင်က လုလိုက်တာ။ တကယ့်ကို လတ်ဆတ်လန်းဆန်းလျှက်။ ကမ္ဘာပေါ်မှာ အချောဆုံးအခန့်ဆုံးရုပ်နှင့်၊ ကမ္ဘာပေါ်မှာ သဘောအကောင်းဆုံးရုပ်ကြီးနှင့်။

"ဘာနားမလည်စရာ ရှိသလဲကွ။ ဒီငွေလေးလောက်နဲ့ မင်းက ကမ္ဘာပျက်မတတ် ဖြစ်နေရပေမယ့် ကိုယ့်အတွက်တော့ ဒီငွေလောက်ဟာအပန်းမကြီးဘူး။ ဦးဖိုးကျားရဲ့ ဘုရားဖူးခြင်းထဲကလိုပေါ့ကွာ။ တကယ်လိုအပ်တဲ့ဆီမှာ အသုံးပြုရတာကမှ တကယ့်အလှူဒါနပါ။ ကဲ ကလေးမ ဘာမှအားနာမနေနဲ့···လာ···ဒီအဝတ်တွေထဲက နှစ်ထည်ရွေး နှစ်ထည်ပဲနော်။ နှစ်ထည်ပဲဝယ်ပေးမှာ"

သူကပေါ့ပါးစွာ ပြောသော်လည်း ခင်စင်ရော် ဘဝင်မကျမိ။

"ဒါဆို ကမ္ဘာကြီးထဲမှာ ကျွန်မလို ဒုက္ခသည်တွေ အများကြီးထဲမှာ ဘာဖြစ်လို့ ကျွန်မကိုပဲ ကူညီရသလဲ"

"ဟ···ဒါကတော့ ကိုယ်နဲ့ လက်လုပ်မီးရာကို ကူရတာပဲ။ မင်းနဲ့ကိုယ်ရဲ့ ထူးခြားတဲ့ဆက်နွယ်မှုတွေကို တစ်နေ့ကျ ကိုယ်ပြောပြမယ်လေ။ ကိုယ်လည်း မင်းကိုတိုက်တိုက်ဆိုင်ဆိုင် ဦးခင်ဇော်ဝင်းအိမ်မှာ

တွေ့လိုက်ရတယ်။ မင်းဒုက္ခတွေကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရတယ်။ ယုံပါမိန်းကလေး။ ကိုယ်ဟာ အခုရွှေမင်းသားတစ်ယောက်လို လုပလင်း ထက်ကောင်း လင်းလက်နေပေမယ့် ကိုယ်ဟာတစ်ချိန်က စားစရာမရှိအောင် စုတ်ပြတ်သတ်ခဲ့ဖူးပါတယ်"

"ပုံပြင်ပါပဲ"

"မင်းမယုံတာတော့ ကိုယ်မတတ်နိုင်ဘူးလေ။ ကိုယ်ဟာ ဒုက္ခတွင်းထဲက တက်လာခဲ့သူမို့ လူတွေရဲ့ဒုက္ခကို စာနာနားလည်နိုင်ပါတယ်။ ဒုက္ခရဲ့ ခါးသည်းရက်စက်မှုကို ကိုယ်ခံစားဖူးပါတယ်။ ပြီးတော့ မင်းတစ်ယောက်ထဲမှ မဟုတ်ဘူးနော် နောက်ထပ်ဒုက္ခရောက်နေတဲ့ ကယ်သင့်ကူသင့်တယ်လို့ ထင်ရတဲ့ကောင်မလေးတစ်ယောက်ယောက်ကို တွေ့ရင်လည်း ကိုယ်ကူညီဦးမှာပါပဲ။ အဲဒီအခါကျရင်သာ မင်းအူမတိုနဲ့"

သူ့စကားက ဘာလိုလိုမို့ ခင်စင်ရော် ရွေးလက်စအဝတ်ကို ဆောင့်ခနဲပစ်ချပြီး တစ်ဖက်သို့ထွက်သွား၏။ သူ့ထံမှ ရယ်သံသဲ့သဲ့ ကြားလိုက်ရသယောင်။ ဦးမင်းဝဏ္ဏက သူမ၏နောက်သို့ လိုက်လာခဲ့ပြန်သည်။

"အလုပ်တစ်ခုကို ပြတ်အောင်လုပ်နော်။ မင်းကို ကိုယ်အဝတ်ရွေးခိုင်းထားတယ် မဟုတ်လား။ ဆွဲလားလွဲလား လုပ်ရင်လည်း သူများတွေက ဒီစုံတွဲကကဲလိုက်တာလို့ မှတ်ချက်ချဦးမယ်"

ဦးမင်းဝဏ္ဏ မည်သို့ပင် ပြောစေကာမူ ခင်စင်ရော် စိတ်မချမ်းသာ။ သည်အဖြစ်က သူမရင်ထဲမှာ တံကျင်လျှိုခံနေရသည့်နယ်။





ခင်စင်ရော်မှာ အင်္ကျီရွေးချင်စိတ်မရှိဘဲ သူမခံစားနေရသည်ကိုသာ ပြောမိ ခဲ့သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့နော်။ လူကြီးမင်းရဲ့ ပိုက်ဆံတွေကို ကျွန်မ ဘယ်လိုဆပ်နိုင်မလဲ။ ဒါပဲစဉ်းစားနေမိတယ်။ ကျွန်မစိတ်မချမ်းသာဘူး။ လိပ်ပြာမသန့်ဘူး"

"ဟာကွာ . . . ခင်စင်ရော်ရယ် . . . မင်းကလည်း နက်နက်နဲနဲ တွေတွေးနေပြန်ပါပြီ။ ကဲကဲ . . . မင်းကိုငါ အလှူဒါနလုပ်နေတယ်လို့ပဲ သဘောထား . . . တစ်ခုတော့ရှိတယ်ပေါ့ကွာ။ ဗြောကြီး၊ စည်ကြီးရိုက်ပြီး ထမင်းရည်ချောင်းစီးလှူတာ၊ သိန်းတစ်ရာ၊ နှစ်ရာဖိုးထိလှူတာကတော့ ငါနာမည်ကျော်တာပေါ့။ အခုလို လိုအပ်တဲ့သူတစ်ဦးဦးကို ဒါနပြုတာကတော့ လူမသိ၊ သူမသိအလှူပေါ့။ နာမည်လည်း မကြီးဘူးပေါ့ကွာ။ ဒါပေမယ့် ငါကလူတစ်မျိုးလေ။ ခုလို လိုအပ်တဲ့သူကို ပုဂ္ဂလိကဒါနပြုတာမျိုးပဲ ဝါသနာပါတယ်"

"အဲဒီစိတ်ဓာတ်မျိုးက ရှားတော့ရှားလိမ့်မယ်"

"သူများထက်ထူးတာပေါ့ကွာ။ ဒါပေမယ့် ရှားတော့မရှားပါဘူး။ နိုင်ငံခြားတွေမှာဆိုရင် ဘာသာရေးအသင်းအဖွဲ့တွေဖွဲ့ပြီး ပိုက်ဆံမတတ်နိုင်လို့ ဆေးမကုနိုင်တဲ့ လူမမာတွေ၊ ပိုင်ရှင်မဲ့လူနာတွေကို ပြုစုစောင့်ရှောက်ပေးကမ်းကြတယ်။ ကဲ . . . ဒါဘာထူးဆန်းသလဲ။ ငါ့မှာသာ ပိုက်ဆံတွေ ကျိကျိတက်ချမ်းသာနေရင် မင်းလိုငွေကြောင့် ဒုက္ခရောက်ရမယ့် ကောင်မလေးမျိုးတွေကို လိုက်ပြီးကူညီမယ်။ တစ်ခုတော့ရှိတယ်

နော်။ ငါကယ်တင်မယ့် ကောင်မလေးမျိုးက မင်းလိုတကယ်ပဲ ရိုးသား ဖြူစင်၊ ကြင်နာတတ်တဲ့ လူသားဆန်တဲ့ ကောင်မလေးမျိုး။ စပယ်တစ်ပွင့် လို၊ ပုဝါဖြူလေးလို ဖြူစင်ကြယ်တဲ့ ကောင်မလေးမျိုး။ ပြောခဲ့ပါပကော ငါဟာအချဥ်မဟုတ်ပါဘူးလို့"

သူ့စကားတွေက အဘိဓမ္မာဆန်သလား။ ဒဿနဆန်လေ သလား။ သူမလိုက်လို့ မမီတတ်ပေမယ့် နေသာထိုင်သာရှိလာတာတော့ အမှန်ဖြစ်သည်။

"ရွေးလေကွာ ဒီဂါဝန်လေးတွေက လုံလုံခြုံခြုံရှိတယ်။ မင်း အရွယ်နဲ့လည်း လိုက်တယ်"

ဦးမင်းဝဏ္ဏသည် ကိုယ်လုံးပေါ်အင်္ကျီ၊ စကတ်တွေစာလျှင် ဂါဝန် လေးတွေကို ပိုနှစ်သက်ပုံရပေ၏။ ဝတ်လိုက်လျှင် ခြေသလုံးထိပင် ရောက် နိုင်သည့် ဂါဝန်လေးများမှာလည်း လုံလုံခြုံခြုံ ထူထူအိအိ ရှိပေသည်။

"ကျွန်မ မငယ်တော့ဘူး . . . ဂါဝန်ဝယ်မပေးပါနဲ့"

"မငယ်ဘူး ငယ်တယ်ဆိုတာ မင်းဆုံးဖြတ်ရမှာ မဟုတ်ဘူး။ ကဲ အချိန်တွေကုန်လှပြီ ကိုယ်ရွေးပေးတာပဲယူ ရော့ ဒီအပြာကွက်လေးနဲ့ အဝါပြောက်ကလေး နှစ်ထည်ယူလိုက်"

သူပင်ဆုံးဖြတ်ပြီး ဖြတ်ပေးလိုက်တော့ အရောင်းစာရေးမလေး များက ပြုံးစေ့စေ့ဖြင့် ထုပ်ပိုးပေးလိုက်ကြသည်။ ဦးမင်းဝဏ္ဏက ဘီးတွေ၊ မုန့်တွေ၊ ရေမွှေးတွေပါ လျှောက်ဝယ်နေတော့ ခင်စင်ရော် ငေးကြည့် နေရပြန်သည်။ အထုပ်အပိုးတွေကတော့ များသထက်များလာပေပြီ။





သို့သော် သူမ မတားဆီးမိ။ ဒါ သူ့ဖို့ဝယ်သလား၊ ကိုယ့်ဖို့ဝယ်သလား ဆိုတာလည်း မသိဘူးလေ။

သူက ခင်စင်ရော်အနားသို့ ကပ်လာပြန်သည်။

"ဟေ့ မင်း ဘာမိတ်ကပ်သုံးနေကျလဲ"

သူ့မေးခွန်းကြောင့် ခင်စင်ရော် ကိုယ့်မျက်နှာကိုယ် အလန့် တကြား စမ်းသပ်အုပ်ကိုင် ထားမိလေသည်။ သဘာဝအတိုင်း ပြောင် ရှင်းဝင်းမွတ်နေသည့်မျက်နှာသည် နှီးနှစ်နင့်ပန်းသွေး အချိုးကျရောစပ် ထားသည့်နှယ် . . .

"ဟင့်အင်း . . . ကျွန်မ"

"ရပြီ . . . ကိုယ်ကြည့်လုပ်လိုက်မယ်"

ဦးမင်းဝဏ္ဏ ရွေးချယ်ဝယ်ခြမ်းနေသမျှ ခင်စင်ရော်မှာ ငေးကြည့် နေရရုံသာ။ အတူတကွ ဝယ်ခြမ်းနေကြသည်မျိုး မဟုတ်ဘဲ သူဝယ်နေ သမျှ သူမက ငေးကြည့်နေရသည်မျိုးသာ။ ကြာတော့ သူ့မှာအထုပ်အပိုး တို့က လှုမြင်လို့ပင် မကောင်းတော့ချေ။

"ကျွန်မကိုပေးလေ"

"အေးလေ မင်းကိုပေးဖို့ချည်းပါပဲ"

"မဟုတ်ဘူးရှင့် ရှင့်အထုပ်တွေ ကူသယ်ပေးမလို့ပြောတာ"

"သြော် ဒီလိုလား နေနေရတယ်။ ကိုယ်ကားထဲ သွားထားလိုက် ဦးမယ်"

"တော်ရောပေါ့ရှင်။ ရှင့်မှာ ပိုက်ဆံတွေ သိပ်ပေါနေရင်လည်း

လူ့ဒါန်းစရာနေရာတွေ ပြည့်လို့ပါ"

"ဘာလဲ မင်းက ဝမ်းမသာဘူးလား"

"ဝမ်းသာဖို့နေနေသာသာ ရှင့်ပစ္စည်းတွေကို ဘယ်လိုသုံးစွဲရမှန်းတောင် ကျွန်မသိပ်ပါ့မလားဘဲ"

ခင်စင်ရော်၏ ဖြူစင်ပွင့်လင်းသော အပြောကြောင့် ဦးမင်းဝဏ္ဏမှာ နှစ်ခြိုက်စွာပြုံးရသည်။

"ကဲပါ ကျွန်မတောင်းပန်ပါတယ်နော်။ ကျွန်မဖို့ ဝယ်နေတယ် ဆိုရင်လည်း တော်ပါတော့ ကျွန်မနေရတဲ့ ဒေါ်ကျေးအိမ်က ကျဉ်းကျဉ်းလေးရယ် ဒါတွေဘယ်သွားထားမလဲ။ သူ့မြေးလေးတွေကလည်း ဆော့ကဆော့ပါဘိသနဲ့"

သူမတောင်းပန်းလွန်းမက တောင်းပန်မှ ဦးမင်းဝဏ္ဏက ကားပေါ်ပြန်တက်ခဲ့သည်။ ကားကဆက်ထွက်ပြန်လေ၏။ မည်သို့ပင်ဖြစ်စေ ခင်စင်ရော်သူ့ကို မကြောက်မိတော့တာ ဘာကြောင့်မသိ။ သူသွားရာအရပ်ကိုသာ သူမကြည်ဖြူစွာ လိုက်ပါနေမိတော့သည်။

"ကဲ・・・ဆင်းဦး မနက်စာ စားကြရအောင်"

သည်တစ်ခါ ဦးမင်းဝဏ္ဏ ရပ်လိုက်သည်က သန့်ရှင်းသပ်ရပ်သည့် မြန်မာထမင်းဆိုင်တစ်ဆိုင်။ ခင်စင်ရော်မှာ ဦးမင်းဝဏ္ဏကို စိတ်ထဲမှာချီးကျူးမိပါ၏။ သူဟာ ဥစ္စာပစ္စည်းချမ်းသာသူ ဖြစ်နိုင်ပေမယ့် ငွေကို အပိုမဖြုန်း။ နာမည်ကြီးဆိုင်များမှာ ဟိုတယ်တွေမှာ စားသောက်လျှင် ငွေအရမ်းကုန်မည် မဟုတ်ပါလား။ ဦးမင်းဝဏ္ဏသည် သပ်ရပ်ကောင်းမွန်





သည့် သာမာန်ဆိုင်ကလေးများကိုသာ ရွေးချယ်တတ်ပေသည်။

သူမတို့နှစ်ယောက် နံနက်စာစားသောက်ကြစဉ် ဦးမင်းဝဏ္ဏက သူ့အစီအစဉ်များကို ပြောပြခဲ့၏။

"မင်း အခု အဝတ်လျှော်တဲ့ အဒေါ်ကြီးနဲ့ အတူနေတာ ကိုယ်မကြိုက်ဘူး။ မင်းအဝတ်လျှော်နေတာလည်း ကိုယ်မကြည့်ချင်ဘူး"

"ဒေါ်ကျေးက စိတ်ကောင်းရှိပါတယ်။ သူက ကျွန်မကို သမီးတစ်ယောက်လို သဘောထားတာပါ"

"ဒေါ်ကျေးရဲ့ သဘောထားကို ကိုယ်မဝေဖန်လိုပါဘူး။ ဒါပေမယ့် ကိုယ်သဘောမကျဘူး။ သူ့အိမ်မှာ ငယ်ရွယ်တဲ့သားမက်နှစ်ယောက်ရှိတယ်။ အဲဒါ မင်းအတွက် အန္တရာယ်ပဲ။ နောက်ပြီး အိမ်ကျဉ်းကျဉ်းလေးမှာ စုပြုံပြီးအိပ်ကြရမှာ မင်းနဲ့ဘယ်လိုမှ သဟဇာတ မရှိဘူး။ ပြီးတော့ မင်းဘဝလုံခြုံရေးအတွက် ဘယ်လိုမှ မသင့်တော်တဲ့အတွက် မင်းမနေရဘူး"

ဦးမင်းဝဏ္ဏ ထောက်ပြနေသမျှ အားလုံးမှန်ကန်နေသဖြင့် ခင်စင်ရော် ငြိမ်သက်စွာ နားထောင်နေရသည်။ သူဟာ တကယ့်ဂုရုကြီးပါပဲ။

"မင်း အဆောင်တစ်ခုခုမှာနေပေါ့။ သင့်တော်မယ့် အလုပ်တစ်ခုခုရှာပါ။ အလုပ်မရခင် နေဖို့၊ စားဖို့အားလုံးကို ကိုယ်တာဝန်ယူပါတယ်။ အလုပ်ရပြီးသွားရင်တော့ မင်းလည်း ကိုယ့်အားကိုယ်ကိုးနိုင်ရောပေါ့"

"ဒါနဲ့ ကျွန်မ ဦးမင်းဝဏ္ဏရဲ့ အိမ်မှာထမင်းမချက်ရဘူးလား"

သူမ၏မေးခွန်းကြောင့် သူကစီးကရက်မီးခိုးများကို ငေးကြည့်ရင်း အတန်ကြာ တိတ်ဆိတ်နေခဲ့သည်။

"ကိုယ်က အဲ့တည်တကျနေတဲ့သူ မဟုတ်ပါဘူး မိန်းကလေး ရယ်...ပြီး မင်းကိုလည်း ကိုယ်ထမင်းမချက်ခိုင်းရက်ပါဘူး"

"ဒါပေမယ့် ကျွန်မကတော့ ဦးမင်းဝဏ္ဏကို ထမင်းချက်ပေးချင်မိပါတယ်"

"ကျေးဇူးတင်ပါတယ် မိန်းကလေး ကဲ အချိန်ရှိတုန်း အဆောင်တွေဘာတွေရှာကြရအောင် ဒီညနေပဲ အိမ်ပြောင်းပေးခဲ့မယ်။ မင်းဟို အိမ်မှာ ဘာပစ္စည်းတွေ ယူစရာရှိသေးလဲ"

"ပစ္စည်းကတော့ ထူးထူးထွေထွေ ယူစရာမရှိပါဘူး။ ဒါပေမယ့် ဒေါ်ကြေးကို နှုတ်ဆက်ရဦးမှာပေါ့"

ထမင်းဆိုင်မှ ထွက်ခဲ့ပြီး မိန်းကလေးအဆောင်တစ်ခုခုမှာနေဖို့ ခင်စင်ရော်တို့ အချိန်မီ ရှာဖွေကြရခဲ့ပြန်သည်။





## အခန်း(၆)

"ခင်စင်ရော်...ညော့်သည်"

အဆောင်ပိုင်ရှင် အန်တီကြီး၏အသံကြောင့် သူမ ထိတ်ခနဲ ရင်ခုန်သွားခဲ့သည်။ တစ်နေ့...တစ်နေ့ သင့်တော်သည့်အလုပ် ရှာနေရသည်နှင့် အချိန်ကုန်နေသည့် ခင်စင်ရော်မှာ ဦးမင်းဝဏ္ဏကိုတော့ သွားရင်းလာရင်း ရှာဖွေမိခဲ့သည်။ အဆောင်သို့ရောက်သည့် လေးရက် အတွင်းမှာ ဒါသူမထံပထမဦးဆုံး ဦးမင်းဝဏ္ဏလာခြင်းဖြစ်သည်။

ခင်စင်ရော် အလွန်ဝမ်းသာမိခြင်းမှာ သူ့ကိုဘယ်လို ဆက်သွယ် ရမှန်းမသိလို့လည်း ဖြစ်သည်။ တစ်ခါက လိပ်စာကဒ် ဖျောက်ဖူးထား သဖြင့် ဦးမင်းဝဏ္ဏထံမှ သူမလိပ်စာလည်း ထပ်မတောင်းရဲကော့ပါ။ ဖုန်းလည်း မဆက်ရတော့ဘူးပေါ့။ အင်တာနက်ခေတ်ကြီးထဲမှာ ရောက်

နေရပြီး ဘိုးတော်ဘုရားခေတ်ကနေ့ယ် တစ်ယောက်နှင့်တစ်ယောက် မမြင်တွေ့ကြရ၊ မဆက်သွယ်ကြရတာ အဆိုးဆုံးပါပဲ။

သူဝယ်ပေးခဲ့သည့် ဂါဝန်အဝါပြောက် အိအိဖားဖားလေးကို လဲလှယ်ဝတ်ဆင်ပြီး တင်ပါးထိရှည်သည့် ဆံနွယ်စင်းစင်းလေးများကို ခင်စင်ရော် ဖြန့်ချလိုက်သည်။ အကြောင်းပြချက် မရှိပေမယ့် ဦးမင်းဝဏ္ဏ၏ရှေ့မှာ သူမအဆင်ပြေပြေလေး ဖြစ်နေချင်မိသည်။ ဒါပါပဲ နှုတ်ခမ်းနီတွေ၊ မိတ်ကပ်တွေတော့ ထပ်တင်မနေမိတော့။ သည်လောက်အထိ သူမ မရဲပါ။

ရှက်ရွံ့သည့် ခြေလှမ်းများဖြင့် အဆောင်ညှော့ခန်းထဲသို့ ခင်စင်ရော်ဝင်ခဲ့မိစဉ် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူမဟပ်ထိုးလဲလုဖြစ်သွားခဲ့ရသည်။

"ဦးခင်ဇော်ဝင်း"

သူ့ကို ဘယ်သူများ လမ်းညွှန်လိုက်ပါလိမ့်။ ကမ္ဘာကြီးကလည်း ကျဉ်းကျဉ်းလေးပါလား။ အေးလေ သူ့အကြွေးတွေလည်း ငါမဆပ်ရသေးဘူးမဟုတ်လား...အတွေးများဖြင့် ပူလောင်နေသည့် ရင်ဘတ်ကိုဖိရင်း ခင်စင်ရော်မှာ ဦးခင်ဇော်ဝင်း၏ ရှေ့မှောက်သို့ ဝင်ထိုင်လိုက်သည်။

"စင်ရော် သိပ်လှနေပါလား ကလေးရယ်"

အာလုတ်သံကြီးဖြင့် မြှောက်ပင့်လိုက်သည့် ဦးခင်ဇော်ဝင်း၏ စကားကြောင့် ခင်စင်ရော်မှာ ဆံပင်ဖြန့်ချခဲ့မိတာ နောင်တအလွန်ရသွားသည်။ ပိုးသားမျှင်တွေနှယ် တလက်လက်တောက်ပနေသည့် ဆံပင်များ





ကိုလည်း စိတ်ထဲမှတစ်ပင်ချင်း ဆွဲနှုတ်နေမိ၏။

"ကဲ...ပြော အခု ဘယ်သူ့အထောက်အပံ့နဲ့ နေနေတာလဲ ခင်လင်းယုန်လား"

သူ့မေးခွန်းက အဖွင့်အပိတ်တွေနှင့်။ ခင်စင်ရော်မှာ ဘယ်လိုဖြေရမှန်းမသိတော့။ ဆံပင်များကို သိမှတ်မဲ့စွာ စုကိုင်လိမ်ညှစ်ရင်း ဦးခင်ဇော်ဝင်းကိုသာ မျက်လုံးအကြောင်သားဖြင့် ငေးကြည့်နေမိသည်။ သူမအသွင်က ကျားရှေ့မှောက်ရက်လဲရမှာ စိုးသဖြင့်စိုးရွံ့နေသည့် သမင်မအသွင်။

ဦးခင်ဇော်ဝင်းက ရုပ်ရှင်မင်းသားတစ်ယောက်နှယ် တဟားဟား ရယ်သွမ်းသွေးခဲ့သည်။

"သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပဲ။ ကဲ အခုမနက်စာမင်းကို ကိုယ်ကျွေးမယ်...စားပြီးပြီလို့ မငြင်းနဲ့နော်...ခုမှ နံနက်ဆယ်နာရီပဲ ရှိသေးတယ်။ ကဲ...သွားအဝတ်လဲစရာ မလိုတော့ဘူးနော်။ အခုပဲ သိပ်လှနေပြီ။ ကလေးကို နံနက်စာကျွေးမယ် နောက် "ဂမုန်းပွင့်"ကြီး တစ်ခုလုံးကုန်အောင် ဝယ်ပေးမယ်"

တမင်လေ့ကျင့်ထားပုံရသည့် အိုဗာအက်ရှင်ဖြင့် ခပ်လှလှလေးသူကပြောတော့ ခင်စင်ရော် ချွေးပြန်ရသည်။ ခက်တော့တာပဲ။ သူ့အကြွေးတွေလည်း ငါမဆပ်ရသေးဘူး။ သူ့ကားနောက်သာ လိုက်သွားမိရင် ငါတော့သွားမှာပဲ။ ဦးမင်းဝဏ္ဏကလည်း ဘယ်လိုဆက်သွယ်ရမှန်းမသိ။ လိပ်စာကဒ် တစ်ခါပျောက်ဖူးတာနဲ့ ဒီလောက်အကြာကြီး ဒဏ်မခတ်ပါနဲ့

လူကြီးမင်းရယ်။ သို့သော် သူ့ကိုတွေ့လျှင်လည်း အကြွေးဆပ်ဖို့ငွေ သူမ တောင်းရဲမည်မထင်။

စဉ်းစားချိန် အတန်ကြာသွားခဲ့သောအခါ စိတ်မရှည်တော့သည့်ပုံဖြင့် ဦးခင်ဇော်ဝင်းက ပိုင်စိုးပိုင်နင်း ထရပ်တော့သည်။

"လာ...သွားစို့"

"ဟို...ကျွန်မ ဝမ်း...ဝမ်းလျှောနေလို့ နောက်မှလိုက်ပါရစေနော်...အား...ပြောရင်းဆိုရင်း ဗိုက်နာလာပြန်ပြီ"

သလ္လာန်လုပ်၊ သရုပ်တူရင်း ခင်စင်ရော် အနီးဆုံးအိမ်သာဆီသို့ သုတ်ခြေတင်တော့သည်။

အပြင်မှာ ဦးခင်ဇော်ဝင်း ဘယ်လိုနေမလဲ။ ဘယ်အထိ စောင့်နေမလဲ။ သူမ မသိချင်ပါ။ ခင်စင်ရော် စိတ်ကူးမိတာက သူမအိမ်သာထဲမှာပဲ တစ်နေ့လုံး နေလိုက်တော့မည်ဟူ၍ဖြစ်သည်။





"ခင်စင်ရော်...ညေ့သည်"

ညနေအတော်လေးစောင်းတော့ အဆောင်သူတစ်ယောက်က လှမ်းအော်ပြန်သည်။ သည်တစ်ခါတော့ ခင်စင်ရော် ပါးသွားပြီဖြစ်သည်။ မနက်တုန်းကလို နွားငတ်ရေကျ အရမ်းထွက်မသွားတော့ပါ။ အဆောင့်ညေ့ခန်းဆီသို့ မြင်ရလောက်သည့် အဝေးကမြင်မှ လှမ်းကြည့်စုံစမ်းဖို့ အရင်စိတ်ကူးရသည်။

"သူ..."

ဦးမင်းဝဏ္ဏကို မြင်လိုက်ရမှ ဝမ်းသာအားရဖြင့် သူမ ထွက်သွားမိသည်။ သက်ပြင်းရှည်ကြီးကိုလည်း သူ့အနားမှာ မှုတ်ထုတ်မိခဲ့သည်။

"ဟူး..."

သူက အခြေအနေတွေကို မသိနားမလည်သဖြင့် မျက်မှောင်ကျုံ့သွားခဲ့၏။

"ဘာဖြစ်တာလဲ ကိုယ်လာလို့ မောသွားတာလား"

"မဟုတ်ပါဘူး ကျွန်မဒုက္ခနဲ့ ကျွန်မပါရှင်"

ခင်စင်ရော်၏စကားကြောင့် ဦးမင်းဝဏ္ဏ ပိုပြီးမျက်မှောင်ကုပ်သွားရသည်။

"ဘာလဲကွ မင်းဒုက္ခတွေက မကုန်သေးဘူးလား။ ဘာလဲ မင်းမှာ တစ်ခြားသူတွေကို ဆပ်ရမယ့်အကြွေးတွေ ရှိသေးသလား"

ဦးမင်းဝဏ္ဏ၏ မေးခွန်းအပေါ် ချော်လဲရောထိုင် လိုက်ရမှာပေမယ့် သူမမဝံ့ရဲ။ သူ အထင်လွဲမှားမှာလည်း အရမ်းစိုးမိသည်။ ခင်စင်ရော် ငြိမ်သက်စွာထိုင်ရင်းသာ၊ သူ့ကိုငေးကြည့်နေမိသည်။

"ဟော့··ပြောလေ အကြွေးတွေ ဘယ်လောက်ကျန်သေးသလဲ"

ဦးမင်းဝဏ္ဏ၏ ခပ်ငေါက်ငေါက် အပြောကြောင့် အလိုလိုဝမ်းနည်း ရှက်ရွံ့နေမိသည့် ခင်စင်ရော်မှာ မျက်ရည်များဝဲတက် ပြည့်လျှံလာရလေတော့၏။

"ဒါပဲ တစ်ဆိတ်ရှိုက်ဖို့ပဲ အလကားကောင်မလေး"

သြော် သူကတောင် အလကားကောင်မလေးလို့ ထင်သွားခဲ့ပြီလား။ သူ့ငွေတွေ ကုန်လို့မဆုံးအောင် သုံးပေးနေရတဲ့အတွက် အလကားကောင်မလေး ဖြစ်သွားခဲ့ရပြီတဲ့လား။

လောကကြီးထဲမှာ သနားပါများရင်လည်း အထင်သေးသွား





တတ်ကြသတဲ့။ ဦးမင်းဝဏ္ဏ သူမကို အထင်သေးသွားပြီဟူသောအသိက ခင်စင်ရော်၏ နှလုံးသားကို အဆမတန် နာကျင်ခံစားစေခဲ့သည်။ သူမ ပိုမိုငိုရှိုက်မိတော့ချေပြီ။

"ဟာကွာ···တိတ်စမ်းပါ။ ကိုယ်စိတ်ညစ်လာပြီသိလား။ ကိုယ်လာတာ မင်းမပျော်ဘူးလား ဒါဆိုကိုယ်ပြန်တော့မယ်"

တစ်ဖက်သားရဲ့ နှလုံးသားကို ထွင်းဖေါက်မမြင်တတ်ဘူးလား လူကြီးမင်းရယ်···သို့သော် ပြန်ဖို့ပြင်သည့် ဦးမင်းဝဏ္ဏကို ခင်စင်ရော် မတားဆီးခဲ့ပါ။

နှလုံးသားချင်း ဝေးနေမှတော့ အရာအားလုံးကို ကျွန်မ လက်မြှောက်အရှုံးပေးလိုက်ပါတယ်။

ညှော်ခန်းထဲမှာထိုင်ရင်း သူ့ကားထွက်သွားသံကို ခင်စင်ရော် နားဆင်နေမိသည်။

ဦးမင်းဝဏ္ဏ၏ ကားသံက သူမ၏နှလုံးသားများအပေါ် ဖြတ်မောင်းကြိတ်ညှစ်သွားသည်ဟု သူမခံစားနေရသည်။

## အခန်း(၇)

ရွှေဆိုင်ညှော်ကြိုကောင်မလေး . . .

မည်သို့ပင်ဖြစ်စေ အဝတ်လျှော်ရတဲ့ ခါးသည်ထက်တော့ တော်ဦးမှာပါပဲ။

မည်သို့ပင်ဖြစ်စေ စားသောက်ဆိုင်စားပွဲထိုးတွေထက်တော့ တော်ဦးမှာပင်။ ရွှေဆိုင်မှာညှော်ကြိုရတော့ သိပ်ပြီးစိတ်ညစ်စရာ တွေ့မည်မထင်။ အမူးသမားတွေ၊ တေလေဂျပိုးတွေ သိပ်ပြီးတွေ့မည်မထင်။ တွေ့ချင်းတွေ့လျှင် စီးပွားဂျပိုးတွေ၊ လူလည်ပန်ကာကြီးတွေပဲ တွေ့လိမ့်မည်ထင်သည်။ ကိစ္စမရှိ။ ဖယောင်းရုပ်တစ်ခုလို လုပနေမည့် ရွှေဆိုင်ညှော်ကြိုကောင်မလေးအနားမှာတော့ မည်သူမျှ ရုပ်ပျက်ခံပြီး ရှုတ်နေမှာမဟုတ်။ ခင်စင်ရော်သည်လိုပဲ အားတင်းဖြေသိမ့်ရသည်။





ခေတ်စနစ်၏ အလိုအရ သင်တန်းတွေဘာတွေ လျှောက်တတ်ဖို့ရာလည်း သူမ မတတ်နိုင်ခဲ့ပါ။ သူမမှာ ထောက်ပံ့မည့်သူမရှိ။ ဦးမင်းဝဏ္ဏက ထောက်ပံ့မည်ဆိုသော်လည်း သူတစ်ပါး၏ အထောက်အပံ့ကို ခင်စင်ရော် နှစ်ရှည်လများမလိုချင်။ လူဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရမှာပင်။ အကောင်းဆုံးအလုပ်ဆိုတာကရော ဘယ်လိုအလုပ်လဲ။ ရလာအလုပ်ကိုပဲ အကောင်းဆုံး လုပ်သွားရမှာပေါ့။

"နောက်တစ်ကြိမ် တို့ဆိုင်ကြော်ငြာရိုက်ရင် , ခင်စင်ရော်နဲ့ ရိုက်ရမယ်ဟော့ မင်းသမီးဖိုးလည်း မကုန်တော့ဘူး။ အဝတ်အစားဖိုး၊ မိတ်ကပ်ဖိုးလောက်ပဲကုန်မယ်"

ဆိုင်ရှင်အန်တီကြီး၏ ရင်းနှီးသောအပြောက ဆိုင်ပေါက်ဝမှာ ထိုင်နေသည့် သူမအားနွေးထွေးစေလိုခြင်းသာ ဖြစ်မည်။ အန်တီကြီးနှင့် တကွ အရောင်းစာရေးမလေးများ အားလုံးသို့ သူမပြုံးပြဖြစ်သည်။ နေ့လည်ချိန်ကြီးမို့ ဆိုင်ထဲမှာဝယ်သူ မရှိသေး။

"ဟာ . . . ဒါဆို ခင်စင်ရော်တော့ ကော်တာပဲ။ ကံကောင်းရင် ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေနဲ့ ရင်းနှီးပြီး မင်းသမီးတောင် ဖြစ်ချင်ဖြစ်သွားလိမ့်ဦးမယ်။ မင်းသမီးဖြစ်ရင် တို့ကိုမမေ့နဲ့နော်"

"အနည်းဆုံးတော့ ဒွေးနဲ့တွဲရမယ်ဟာ အန်တီကြော်ငြာရိုက်ရင် ဒွေးနဲ့ရိုက်မှာမဟုတ်လား ဟိဟိ ကျုပ်သာဆိုရင် မင်းသားရဲ့အသရေကို မြင်ရတာနဲ့တင် ရင်ခုန်မူးမေ့သွားမှာပဲ"

"ဒါတော့ လွန်တာပေါ့ရှင် မြင်ရုံနဲ့မူးမေ့သွားရင် ဘယ်လိုလုပ်ပါ့

မလဲ…ဘယ်တွဲရပါတော့မလဲ ကျွန်မသာဆိုရင် တွဲရိုက်ပြီး အိမ်ရောက်မှ တစိမ့်စိမ့်ရင်ခုန်မှုးမေ့မယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောနေကြဆဲ ဆိုင်ရှေ့သို့ ခဲရောင်ကားလေး ထိုးဆိုက်လာခဲ့သည်။

"အဲတော့"

"ဟာ ဒွေးက နေ့မကူးဘဲ ရောက်ချလာပါလားဟေ့"

တာဝန်အရ ခင်စင်ရော် တံခါးဖွင့်ပေးရ၊ ကြိုဆိုရမည်သာ သို့သော် သူမတွန့်ဆုတ်နေမိ၏။ သည်တော့လည်း ဦးမင်းဝဏ္ဏက သူ့ဘာသာ တံခါးဖွင့်ဆင်းလာခဲ့တာပါပင်။ သူရွှေဝယ်ရအောင် လာသလား။ အို…ဒါဖြင့် သူ့မှာအိမ်သူသက်ထား ဇနီးမယား ရှိမှာပေါ့ ဟုတ်သည်။ သည်အချက်ကို သူမေ့နေမိသည်။

"ကြွပါရှင်…လူကြီးမင်း ဘာအလိုရှိပါသလဲ"

ဆိုင်တွင်းဖက်ကို လမ်းညွှန်၊ ကိုင်းညွှတ်ပြီး ကြက်တူရွေးတစ်ကောင်နှယ် သူမကြိုဆိုရသည်။ သူမလာတာ လေးငါးရက်ရှိပြီမို့ ခင်စင်ရော် အလုပ်ဝင်နေတာ သူသိမည်မထင်။ ဒါကြုံကြိုက်ခြင်းဖြစ်မည်။

သူကမြင့်မားသောအရပ်၊ ရှင်းသန့်သော အသရေဖြင့် ဝင်းပစွာ ဆိုင်ထဲသို့ဝင်သွားခဲ့သည်။ သူကလူခွစာမို့ ခင်စင်ရော်ကို မျက်လုံးတစ်ချက်ကြည့်လာရုံမှအပ အသိအမှတ်မပြုခဲ့ချေ။ အေးလေ သူ့ပိုက်ဆံတွေ ငါ့အတွက် သုံးရတာလည်း မနည်းမနောပါပဲ။ သူ နမျောချင်နမျောနေမှာပေါ့။ မခေါ်ချင်ရင်လည်း နေပေါ့ကွယ်။ သူမက နေမင်းကြီးလို ရှင်းသန့်





သည့်သူ့ကို နေကြာပန်းကလေးလိုပဲ ငေးမျှော်တမ်းတ ကျန်ခဲ့ပါမည်။

သည်ကနေ့မှ ရွှေဝယ်သူတွေကလည်း ကျဲပါးနေလိုက်တာ။ တစ်ဆိုင်လုံးရှိ မျက်လုံးများအားလုံး ဦးမင်းဝဏ္ဏထံ ကျက်စားနေခွင့် ရခဲ့ကြသည်။

ခင်စင်ရော် ရင်ထဲမှာဝမ်းနည်း ကြေကွဲနေမိသည်။ မိခင်၏ မေ့လျော့ထားခြင်းခံရသည့် သားငယ်နှယ်။ အဲဒါထက်လည်း ပိုပါလိမ့်မည်။ ငါတို့ကွေဟာ သူ့တစိမ်းတွေပဲ။ ဒုက္ခသည်တစ်ယောက်လို ဆင်းရဲနွမ်းပါးလာလုပ်တဲ့ငါ့ကို သူကသိကြားမင်းကြီးလို၊ နတ်ဒေဝတာတစ်ပါးလို ကူညီပေးမပေးခဲ့တယ်။ သူကတော့ ဖန်တီးရှင်နတ်ဒေဝတာကြီးပဲ။ ငါ့ကို မေ့ချင်မေ့ထားလို့ရပါတယ်။ သူမက မမေ့လျော့နိုင်တာတော့ ခင်စင်ရော် မှတ်နိုင်။ တကယ်လည်းသူမ သတိရနေသင့်တာပေါ့။ တစ်ချိန်ချိန်မှာ သူ့ကျေးဇူးတွေကို ဆပ်ခွင့်ရအောင် သူမရင်ထဲမှာ အမြဲကြိုးစားနေရမည်။

ညော့်ကြိုဝတ်စုံ အဝါရောင် ပျော့ပျော့လေးက ခြေဖမိုးပေါ်ထိ ဖုံးပုံကျနေသည်ကို ကမ္ဘာ့ဗျာန်းတစ်ခုနှယ် သူမစူးစိုက်ကြည့်နေမိသည်က ကြည့်မိကြည့်ရာဖြစ်သည့် ညှပ်ဖိနပ်အဖြူလေးကလည်း အသစ်စက်စက် ပဲ၊ သူဝယ်ပေးခဲ့တာပေါ့။ အေးလေ ငါ့တစ်ကိုယ်လုံးမှာ ငါ့သံသရာမှာ သူ့ကိုအမှတ်တရချည်းပါပဲ၊ သူ့ကိုကျတော့ သူမဘာမျှပြန်မပေးနိုင်ခဲ့။

"ဒီမှာ ဒီအလုပ်လုပ်ပြီး နားမှာနားကပ်တောင် မရှိတာတော့ ရှုမြင်လို့မကောင်းဘူးသိလား"

"ဟုတ်ကဲ့"

ဆိုင်ထဲမှ ပြန်ထွက်လာသည့် ဦးမင်းဝဏ္ဏက ခပ်တည်တည် ပြောနေတော့ ဝေဖန်ချက်တစ်ခုကို လက်ခံသည့်အသွင်မျိုး ခင်စင်ရော် ဦးညွှတ်လက်ခံမိသည်။ သူစိတ်ဆိုးသွားလေသလားမသိ။ ကားထဲသို့ ဆောင့်ခနဲဝင်ပြီး ဂျိုင်းခနဲပိတ်ခါ တရှိန်ထိုးထွက်ခွာသွားခဲ့သည်။ ရင်ထဲမှာ ဆွေးနွဲ့မောလျှသွားသော်လည်း ကျောက်ဆစ်ရုပ်နှယ် သူမဆက်လက် ထိုင်နေရသည်သာ။

ဆိုင်ထဲမှာ ရယ်မောတွတ်ထိုးသံလေးများ ဖြိုးဖြိုးဖြောက်ဖြောက် ကြားရပြီးနောက် ဆိုင်ရှင်အန်တီကြီး၏ လှမ်းခေါ်သံကို ခင်စင်ရော် ကြားလိုက်ရလေသည်။

"ခင်စင်ရော်ရေ ဒီကိုလာပါဦး အမလေးဟဲ့ ကောင်မလေးတွေ ဝိုင်းပြီးငန်းကြောထူနေလိုက်ကြတာ ပြီးမှခင်စင်ရော် ပစ္စည်းမှန်းသိပြီး တော်တော်ဆွေးသွားကြတယ်"

"စင်ရော်က ဆရာကြီးပါလားဟေ့ ကြည့်စမ်း ယူတို့တော်တော် ပိရိတာပဲ"

သူတို့ဘာတွေ ပြောနေကြပါလိမ့်ဟု စဉ်းစားရင်း ခင်စင်ရော် မှာအန်တီကြီးဆီ သွားရသည်။ အရောင်းစာရေးမလေးများ၏ အသွင်က လည်း သူမကို အထင်တကြီးရှိနေကြပြန်သည်။ အန်တီကြီးက သူ့ရှေ့မှ ဗူးလေးတစ်ခုကို ကောက်ယူလိုက်သေး၏။

"ရော့ဒီမှာ ချစ်သက်လက်ဆောင်ပေးသွားတာ"

"ရှင် . . . သူက"





"အင်းလေ ချားက ဒိုင်ယာနာကို လက်ဆောင်ပေးသွားတာ"

ဦးမင်းဝဏ္ဏ၏အသွင်က တော်ဝင်မင်းသားတစ်ပါးနှယ် ခန့်ညား ကျက်သရေရှိနေနိုင်တာ မှန်သော်လည်း ခင်စင်ရော် တွန့်သွားရသလို ဆိုင်ထဲမှအရောင်းစာရေးမလေးများလည်း စီစီညံသွားခဲ့၏။

"ဟာ အန်တီ စင်ရော့်ကို ဒိုင်ယာနဲ့တော့ အနှိုင်းထပ်တာ မပြုပါနဲ့။ ဒိုင်ယာနာလို ကမ္ဘာကျော်ပြီးရင်း ကျော်နေပါဦးမယ်"

"မကျော်ရင်နေပါစေဟယ် မချိမဆန့် ကားတိုက်ခံရပြီးတော့ မသေပါရစေနဲ့"

"ဟဲ့ ငါကအရွယ်ညီတာ လိုက်ဖက်တာကိုသာ တွေးပြီးပြောမိ တာပါ။ နင်တို့လို တဆုံးမတွေးမိပါဘူး"

အန်တီကြီးက သူ့လက်ထဲမှ ဗူးပြာလေးကို သူမကိုလှမ်းပေးခဲ့ သည်။ ခင်စင်ရော် ခေတ္တတွေဝေသွားမိ၏။ သူပေးတာကို ယူမည်လား။ မယူရဘူးလား။ သို့သော် ပတ်ဝန်းကျင်အသစ်၏ သူမအပေါ်သဘောထား အမြင်ကိုလည်း အဆိုးဖက်သို့ ဦးမတည်စေချင်။ သူမယူလိုက်ရပါ၏။ သူဘာတွေဘယ်လိုပြောပြီး ထားပစ်ခဲ့ပါလိမ့်။

"တစ်ခါတည်းပန်လိုက်လေ စင်ရော်ရဲ့ အဲဒါနားကပ်ကလေး။ မင်းရဲ့လူ ဘယ်လောက်စိတ်ကူးကောင်းသလဲဆိုတာ မြင်ရတာပေါ့"

အားလုံးက ဝိုင်းချွဲပွဲတောင်းနေကြပြန်သဖြင့် ဗူးလေးကို ခင်စင် ရော်ဖွင့်ကြည့်ရပြန်သည်။ ရင်ထဲမှာတော့ ချွေးပြန်နေလေပြီ။ အရာ အားလုံး ဒုက္ခချည်းပါပဲ။ သည်လောကကြီးဟာ ဒုက္ခဘုံကြီးလား။ ညနေ

စောင်းရင် ဦးခင်ဇော်ဝင်းကလည်း သူမဆီလာလိမ့်ဦးမည်။ အဆောင်သူအားလုံး၏ မျက်လုံးများကတော့ ခင်စင်ရော်ကို လောင်ပြောင်သရော်နေကြဟန်။

အင်း သည်ဆိုင်က လူတွေကရော သူမကိုဘယ်တော့ လှောင်ပြောင်ရိပ်ဖြင့် ကြည့်လာကြမလဲ။ ကမ္ဘာကြီးကလည်း ကျဉ်းလိုက်တာ သူမကတော့ မည်သူ့ကိုမျှ သူမအလုပ်လုပ်တဲ့နေရာသို့ လိုက်မလာစေချင်ခဲ့ပါ။

ဗူးထဲမှ အပြာရောင်နားကပ်ကလေး ထွက်ပေါ်လာခဲ့သည်။ လက်ရာဆန်းသလား။ ရွှေရည်ကောင်းသလား။ ကျောက်ကပဲ ဝင့်နေသလားဆိုတာတွေ ခင်စင်ရော် ဘာမျှမစဉ်းစားမိ။ ကိုယ့်နာကိုယ်သာသိဆိုသလို လောကကိုကြောက်ရွံ့ရင်း သူမ၏တုန်လှုပ်မှုကို ထိန်းသိမ်းထားရလေ၏။

"အန်တီ တစ်ခါတည်း ဝတ်ပေးမယ်နော်"

ခင်စင်ရော် ဘာများတတ်နိုင်ဦးမည်တဲ့နည်း။ ဘာမှမသိရှာသည့် လူတစ်စု၏ အထင်ကြီးကိုးစားမှုကို ခံယူရရင်း သူမလည်စင်းပေးနေရပြန်သည်။

ရှင်တို့ ကျွန်မဘဝကို အရင်းတိုင်သိသွားတဲ့အခါ စာနာနားလည်မှုပြုံးနဲ့ အားပေးနိုင်ကြပါစေလို့ ကျွန်မဆုတောင်းမိပါတယ်။

အပြာရောင် နားကပ်လုလုလေးက ခင်စင်ရော်၏ လုပဖြူနုသော နားရွက်ကလေးမှာ လင်းလက်တောက်ပသွားလေ၏။





ခင်စင်ရော်အတွက် ပြေးလမ်းမတွေ့ ကျဉ်းကျပ်ပိတ်ဆို့ကုန်ခဲ့ပြီလား။ လူတစ်ယောက်ကို အစွမ်းကုန်ပုံပြီး အားကိုးဖို့ဆိုတာကလည်း အဲဒီလူနှင့် ရင်းနှီးကျွမ်းဝင်မှုက ထဲထဲဝင်ဝင် ရှိရပေလိမ့်မည်။

ယခုတော့ သူမက လူနှစ်ယောက်ကြီးများနှင့်တောင် ပါဝင်ပတ်သက်နေရပါလေ၏။ သူမ၏ လုပ်ဆောင်မှုတွေ မှားယွင်းခဲ့ပြီလား။ ဘယ်လိုမှ ပြင်ဆင်နိုင်ခွင့်မရှိသည့် သူမဘဝ၏ ပြဋ္ဌာန်းချက်မှာ လူနှစ်ယောက်နှင့် ထဲထဲဝင်ဝင် ပတ်သက်နေရချေခဲ့ပြီ။

လက်ဆောင်ပဏ္ဏာတွေကို တစိုးတစိမှ လက်မခံချင်သော်လည်း အရပ်တစ်ရပ်နှယ် သူမလည်စင်းပေးဆပ်နေရချေပြီကော။ ခင်စင်ရော် အော်ဟစ်ငိုပစ်ချင်မိခဲ့သည်။

"နေ့လည်က မိန်းမကိုလိုက်ပို့ရင်း စင်ရော့်အတွက် သတိရလို့ ဝယ်လာတာ ကိုယ်က အပြာရောင်ဖေးဘာရိတ်ပဲ ကိုယ့်မိန်းမကတော့က အနီရောင်မှအနီရောင်။ ကိုယ်တို့နှစ်ယောက်ကလည်း မဖြစ်သာလို့သာ တွဲနေရတယ်…တကယ့်အရှေ့နဲ့အနောက်ပဲ ကြာလေစိတ်ကုန်လာလေ ကွာ…ကဲ…လာစမ်းပါဦး ကလေးရဲ့ ဒီနားကပ်လေး ဝတ်ကြည့်ရ အောင်"

ဦးခင်ဇော်ဝင်း၏ လက်ထဲမှာ အပြာရောင်နားကပ်လေးတစ်ရန် သူမကလည်း ဦးမင်းဝဏ္ဏ ပေးသည့်နားကပ်ကို လိပ်ပြာမသန့်စွာ ချွတ် ထား။ သိမ်းထားမိပြန်သဖြင့် ဒုက္ခတွေအလုံးအရင်းနှင့် ရောက်နေရပေ၏။

သူ့အသွင်က ချစ်သူချင်း ချစ်လက်ဆောင်ပေးနေသည့်နှယ် ရွှန်းလက်တောက်ပနေပါ၏။ သို့မဟုတ် ရွှန်းလက်တောက်ပချင်ယောင် ဆောင်နေပါ၏။ ဘုရားရေ ဒီလူကြီးကို ဘယ်လိုတွေပြောပြီး ဘယ်လို နှင်ထုတ်ရလျှင်ကောင်းမလဲ။ သို့သော် သူ့အကြွေး နှစ်သိန်းမျှရှိနေရတာ သူမမေ့ထားလို့မဖြစ်။

"နေပါစေ ဦးခင်ဇော်ဝင်း ကျွန်မ မယူပါရစေနဲ့ ဒီလိုလေ ကျွန်မ မလိုချင်ပါဘူး ဦးခင်ဇော်ဝင်း ကြည့်ထားရတာတွေလည်း များလှ ပါပြီ။ ကျွန်မပြန်ဆပ်ဖို့ကြိုးစား"

"ဟာကွာ…ဘာတွေပြောနေမှန်းလည်း မသိဘူး။ သိပ်တုံးတဲ့ တုံးမလေးပဲ။ ကိုယ့်ကို လူတစ်ယောက်က ဘယ်လောက်ထိ ချစ်လို့ ချစ်နေမှန်းမှမသိ မင်းဆီအကြွေးလာလာ တောင်းနေတာမဟုတ်ဘူး





ကလေးရဲ့ အဲဒီကိစ္စကြီး လွှင့်ပစ်လိုက်စမ်းပါ။ လောလောဆည် ဒါကို ထက်ခံ ဒါပဲ။ ကိုယ်စိတ်ချမ်းသာအောင် လုပ်စမ်းပါကလေးရယ်။ အိမ်က မိန်းမနဲ့ စိတ်ဆိုး၊ စိတ်ညစ်ရလို့ သူ့ဆီလာပါတယ်။ ရင်ဝကိုဆီးပြီး မကာန်ချင်စမ်းနဲ့ကွာ ရော့ယူသွား အခန်းထဲမှာသွားဝတ်။ မင်းဘယ်လောက် ထိလင်းလက် တောက်ပသွားမလဲ ကိုယ်ကြည့်မယ်"

ဘုရားရေ သူ့စကားလုံး အသုံးအနှုန်းများက သမုဒ္ဒရာထက်မှ လှိုင်းကြမ်းတွေသဖွယ်။ သူမကို တိုက်စားနင်းဖျက်၊ ချေမွပစ်တော့မည် ဆင်သည်။ ခင်စင်ရော် လုပ်ပစ်ချင်မိသည်က သူ့ကိုပက်ပက်စက်စက် ပြော၊ သူအတင်းပေးနေသည့် နားကပ်ပြာကို ဟိုးစကြာဝဠာအပြင်ဖက်ထိ လွှင့်ပစ်၊ ဒါမှမဟုတ် သူမကိုယ်တိုင် အော်ဟစ်ပေါက်ကွဲ ပြိုင်မြင်းတစ် ကောင်လို ကဆုန်စိုင်းပြေးလိုက်ဖို့ပါပဲ။

သို့သော် သူမတုန်လှုပ်စွာ မျက်ရည်ဝဲနေသည့်သာ ခင်စင်ရော် မှာ ဦးခင်ဇော်ဝင်း၏ ရှေ့မှောက်မှာ ငုတ်တုတ် အသက်ပျောက်ချင် နေမိ၏။

"မဟုတ်ဘူး ဦးခင်ဇော်ဝင်း ကျွန်မ"

"ကဲ…ကလေး ကိုယ့်ကို ဆင်ခြေတွေပေးနေတာ များလှပြီ။ ကိုယ်သိပ်စိတ်မရှည်တော့ဘူး။ ဘာလဲ ကိုယ်…ကိုယ်တိုင်ဝတ်ပေးမှ ခင်းလက်ခံမှာလား"

ဒီရေတွေလိုမြင့်တက် ကြမ်းတမ်းလာသည့် ဦးခင်ဇော်ဝင်း အပြုအမူတွေအောက်မှာ အဆောင်ညနေခင်းကလေး အကျည်းတန်နေရ

ပါ၏။ ယခုမှရေချိုးပြီး၊ သနပ်ခါးလိမ်းပြီးထားသည့် ဖြူစင်နုဆတ်သည့် ခင်စင်ရော်၏နံဘေးသို့ ဦးခင်ဇော်ဝင်း စွေ့ခနဲကပ်ထိုင်ချစဉ်ပဲ အဆောင်မျက်နှာစာရှေ့သို့ ခဲရောင်ကားလေး ဆိုက်ရောက်လာခဲ့ပြီး ကားတံခါးက ခပ်ကြမ်းကြမ်း ပွင့်လာခဲ့သည်။ ခင်စင်ရော် လန့်ဖျပ်ကာ မတ်တတ်ရပ်မိတော့ ဦးခင်ဇော်ဝင်းက သူမ၏လက်ကို ဆွဲကိုင်ထားခဲ့သည်။ အဆောင်တွင်းမှ အဆောင်သူများမှာလည်း ပွဲကြီးပွဲကောင်း တွေ့ရတော့မည်နှယ် စိတ်ဝင်စားနေကြပါ၏။ အဆောင်ထဲမှာ လက်ဖွေ့ပွဲများကြည့်ကြရတော့မလားဟု သူတို့ထင်နေကြပေမည်။

သို့သော် ကိုယ့်ကိုယ်ကို "အာဠာဝက"ဟု ကြေညာထားသည့် ဦးမင်းဝဏ္ဏသည် မယုံနိုင်စရာ တိမ်ငွမ်းမျှင်လေးလို သူ့နနယ်ပျော့ပျောင်းနေပါ၏။

"ဪ ခင်စင်ရော် ညှိသည်ရောက်နေသလား ထိုင်လေ ပြန်ထိုင် ကိုယ့်ကိုလည်း မိတ်ဆက်ပေးပါဦး သူငယ်ချင်းရဲ့"

ဦးခင်ဇော်ဝင်းမှာ ပြိုင်ဖက်တွေ့လိုက်ရသည့် ဝံပုလွေနှယ်၊ ခြင်္သေ့နှယ်၊ အကြောအချင်များ တောင့်တင်းခိုင်မာသွားရသည်။ ဦးမင်းဝဏ္ဏက ရယ်ရယ်ပြုံးပြုံးဖြင့် သူမတို့၏ ရှေ့ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ခင်စင်ရော်သည် ဦးခင်ဇော်ဝင်း ဆွဲကိုင်ထားသည့် ကိုယ့်လက်ကို ဆောင့်ရုန်းယူလိုက်သော်လည်း သူကမလွှတ်ချေ။ တစ်သက်လုံးက ဒီလိုပဲ ဆွဲကိုင်လာသည့်နှယ်။ သူမ၏မျက်နှာတွေ နီရဲတောက်ပလာတာ အရှက်တရားများအပြင် ဒေါသတွေပါ ပေါင်းစုလာလို့ဖြစ်သည်။





"ကဲ···ကဲ ခင်စင်ရော် ပြန်ထိုင်ပါ။ ကိုယ်လာတာ မင်းကို နှုတ်ဆက်မလို့ ကိုယ်မနက်ဖြန် ဖေဖေခိုင်းလို့ ခရီးတစ်ခုထွက်စရာ ရှိတယ်"

ဦးမင်းဝဏ္ဏ၏စကားကြောင့် သူမမျက်နှာပျက်သွားရသည်။ ရွှေတောင်ကြီးတော့ပြိုပြီ။ မီးတောင်အောက်မှာပဲ သူမနစ်မွန်းရတော့မည်လား။ ဦးခင်ဇော်ဝင်း လွှတ်ပေးလိုက်သဖြင့် သူမထိုင်ခုံတစ်ခုမှာ ကမြွေရရ ထိုင်ခွင့်ရခဲ့သည်။ ဦးမင်းဝဏ္ဏ၏ သိရခက်လောက်အောင် နူးညံ့ပျော့ပျောင်းနေသည့် မျက်ဝန်းများကို သူမစိုးရွံ့စွာ မော့ကြည့်တောင်းပန်နေမိသည်။ ကျွန်မရဲ့ဒုက္ခတွေက ရင်မြင်တဲ့အတိုင်းပါပဲ ကျွန်မကို နားလည်ခွင့်လွှတ်ပါဟု တစာစာတောင်းဆိုနေသည့် အကြည့်ဖြစ်သည်။

"သူက···"

ဦးမင်းဝဏ္ဏက ပြုံးပြုံးလေးမေးခဲ့သည်။ ရန်သူကို၊ ပြိုင်ဖက်ကို အလဲထိုးတော့မည့် ကြိုးဝိုင်းထဲမှ အကြည့်ဖြင့် ဦးခင်ဇော်ဝင်းက ခင်စင်ရော်၏အရင်အေးစက်စွာ ဖြေခဲ့သည်။

"ကိုယ်က ခင်စင်ရော်ရဲ့ အုပ်ထိန်းသူ ခင်စင်ရော်ရဲ့ပိုင်ရှင်"

"အို···မဟုတ်တာ"

ခင်စင်ရော်၏ နာကျင်ငိုညည်းသည့်အသံကို ဦးမင်းဝဏ္ဏက ဟက်ဟက်ပက်ပက်ရယ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ဦးခင်ဇော်ဝင်း၏ မျက်နှာကြီးကတော့ နီရဲဖောင်းဖုလျှက်။

"ခင်ဗျားတော်တော် ရယ်စရာပြောတတ်တယ်။ အုပ်ထိန်းသူ

ဆိုတာ ဖခင်ဗျ။ ခင်စင်ရော်မှာ မိဘတွေလည်း သေဆုံးခဲ့တာကြာပါပြီ။ ကဲပြော···စင်ရော် သူ့အကြွေးတွေ ညည်းမှာ ဘယ်လောက်တင်နေသလဲ"

ဗေဒင်သမား ဟူးရားကြီးသဖွယ် ဒက်ခနဲပြောချလိုက်တော့ ခင်စင်ရော်၏ မျက်နှာမှာ တိမ်ရိပ်လွှတ်သည့် လမင်းနှယ် ဝင်းစက်လင်းဖြာသွားခဲ့၏။

"နှစ်သိန်း မပြည့်တပြည့်ပဲ။ ဟိုလေ···မမညြဆေးရုံတက်တုန်းက ဒီကမိတ်ဆွေကြီးက"

"ဟုတ်ပြီလေ ကျေးဇူးတင်ရမှာပေါ့။ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ဆိုတာဒီလိုပါပဲ အရေးကြုံတဲ့အခါ ကူညီတတ်ကြပါတယ်။ ဒီကမိတ်ဆွေ ဘယ်သူ"

"ဦးခင်ဇော်ဝင်းပါ"

ခင်စင်ရော် အားသွက်နေမိသည်။

"အဲ···ဦးခင်ဇော်ဝင်း ကျွန်တော်က "မင်းဝဏ္ဏ"ပါ။ ကျွန်တော်တို့ဟာ ခင်စင်ရော်ရဲ့ မိတ်ဆွေတွေမို့ ကျွန်တော်တို့ အချင်းချင်းလဲ မိတ်ဆွေတွေပေါ့ဗျာ။ ကျွန်တော်ကတော့ ခင်စင်ရော်ရဲ့ ဟိုးသံသရာကတည်းက တော်စပ်လာခဲ့တဲ့ ရင်ဘတ်မိတ်ဆွေခင်ဗျ ဦးခင်ဇော်ဝင်းရဲ့ငွေကို ကျွန်တော်ဆပ်ပေးပါရစေ"

ဦးမင်းဝဏ္ဏ၏ ကမ်းလှမ်းချက်ကို ဦးခင်ဇော်ဝင်းက ခေါင်းညင်သာစွာ ခါရမ်းပြခြင်းဖြင့် ငြင်းပယ်သည်။ ငါ့ကိုလာ ကျောလို့ဘယ်ရမလဲဟုများ သူတွေးနေသလားမသိ။





"နေပါစေငါ့ညီ···ကိုယ့်အတွက် ဒီငွေလောက်ဟာ မပြောပလောက်ပါဘူး။ ကိုယ်ကစင်ရော်အတွက်ဆို အသက်တောင်ပေးချင်နေတာပါ။ သူ့အမှုတော်ကို ဦးခွေးဆံမြည့် ထမ်းချင်နေတာလေ"

သူဟက်ဟက်ပက်ပက်များ ရယ်ချလိုက်ဦးမလားဟု ရက်မှုသူစွာဖြင့် ခင်စင်ရော်မှာ ဦးမင်းဝဏ္ဏကို ခိုးကြည့်မိသည်။ သည်တစ်ခါတော့ သူမရယ်ချေ။ စီးကရက်တစ်လိပ်ကိုသာ နှုတ်ခမ်းမှာညှပ်လျက် မှိုင်ညိုနေသည်။ အတန်ကြာစကားမပြောဖြစ်ကြချေ။

"ခင်ဗျားမိန်းမကြားရင်တော့ ဒီစကားလုံးအတွက် ထုချေလွှာတောင်းမှာပဲ။ ခင်ဗျား ရှေ့နေတွားပြီး ရှင်းရလိမ့်မယ်။ ဒါထက် ခင်ဗျား သမီးအကြီးရော ဘယ်တော့မီးဖွားမလဲဗျ။ မိဘကာအအုပ်အထိန်းကောင်းတော့လည်း လင်ကောင်း၊ သားကောင်းတွေ့ရပြီး"

ဦးမင်းဝဏ္ဏ၏စကားကြောင့် ဦးခင်ဇော်ဝင်း စိတ်ဆိုးသွားခဲ့လေပြီ။ စိတ်အရှည်ခြင်းပြိုင်လို့ မရတော့ပြီထင်။ သူ့ကိုသားနဲ့၊ မယားနဲ့၊ မြေးနဲ့လူကြီးက ကိုယ့်သမီးအရွယ်လေးကို မကောင်းစိတ်မွေးရပ့ါမလားဟု သွယ်ဝိုက်သတိပေးနေသည် မဟုတ်ပါလား။ ဦးခင်ဇော်ဝင်း စိတ်ကို ပြန်ထိန်းလိုက်သည်။

"ကိုယ့်ညီကို ကိုယ်ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေမိတာ ခုမှသတိရတယ် ကိုယ့်အစ်ကိုက အကျဉ်းဦးစီးဌာနကလေ။ ပြီးခဲ့တဲ့ သဆန်းတစ်ရက်နေ့က ကိုယ့်အစ်ကိုဆီ ကိစ္စတစ်ခုနဲ့သွားတော့ ညီကို တွေ့ခဲ့ရတာပဲ။ အသွင်သဏ္ဌာန်ချင်း ခြားနားသွားလို့ မမှတ်မိတာ ခွင့်လွှတ်

နော်။ လူသတ်မှုဆိုပေမယ့် အရှယ်ကောင်းမှာ ပြန်လွတ်တော့ တော်သေးတာပေါ့။ ဘယ်နှစ်နှစ် ကျတာလဲကိုယ့်ညီ"

ကြားလိုက်ရသည့် သတင်းကြောင့် ခင်စင်ရော်မှာ လိပ်ပြာလွင့်မတတ် ခံစားလိုက်ရပြီး သူ့ကိုလည်း အလန့်တကြား ကြည့်မိ၏။ လူသတ်မှုတဲ့။ ဒါဆို ထောင်အကြာကြီး ကျခဲ့မှာပေါ့။ မဟုတ်ဘူးလို့ ငြင်းလိုက်ပါ ဦးမင်းဝဏ္ဏာရယ်။ ရှင့်ကိုကျွန်မချစ်တယ်။ လူသတ်သမားကြီးကိုတော့ ကျွန်မ မချစ်မိရပါစေနဲ့ . . .

စီးကရက်ဖွာနေသည့် သူ့နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်သွားခဲ့ကြသည်။ ဦးခင်ဇော်ဝင်းမှာ အောင်နိုင်သူအပြုံးနှင့် ခပ်မိန့်မိန့်ပြုံးလျှက်။ သူကြီးဝိုင်းထောင့်မှာ အလဲထိုးနိုင်ခဲ့ပြီလေ။

"ငါးနှစ်။ အမှုကရှုတ်ထွေးနေတာကြောင့် ငါးနှစ်ပဲကျခဲ့တယ်။ လျှော့ရက်ပေါ့ရက်နဲ့ဆိုတော့ လေးနှစ်သာသာပါပဲ"

အို . . . ခင်စင်ရော်၏ခေါင်းထဲမှာ မိုက်ခနဲခံစားလိုက်ရပြီး ကမ္ဘာကြီးလည်း ချားရဟတ်လိုလည်သွားသည်ဟု ထင်မှတ်သွားခဲ့သည်။ သူ . . . သူဟာ လူသတ်သမားကြီးပေါ့။ သူဝန်ခံခဲ့သည်။

"အေးကွာ ကိုယ်စိတ်မကောင်းဘူး။ အချိန်ဆိုတာ တန်ဖိုးရှိတာပဲ ညီရဲ့။ ငါညီတို့လို အညွန့်တလူလူနဲ့အရွယ်မှာ ငါးနှစ်ကြီးပိတ်လှောင်နေခဲ့ရတာ အရမ်းနစ်နာတာပဲနော်။ တော်သေးတယ်ညီက အကြံအဖန်ကောင်းတော့ ကလေကချေ ဖြစ်မသွားဘဲ ခုလိုကားနဲ့ဘာနဲ့ စီးရသေးတာပေါ့"





အချက်ရသဖြင့် ဦးခင်ဇော်ဝင်းမှာ လိုမ့်ပြီးနှိပ်ကွပ်နေတော့လေသည်။ လူတစ်ဖက်သား၏ အားနည်းချက်အပေါ် ဖိနှိပ်နင်းချေနေသည့် ဦးခင်ဇော်ဝင်းအား ခင်စင်ရော် အလွန်မုန်းသွားခဲ့သည်။ အလကား အနှစ်မရှိသည့်လူကြီး။

ယခုတော့ သူမတို့၏စကားဝိုင်းမှာ ဦးခင်ဇော်ဝင်း၏ ကျက်သရေမရှိသည့် အသံကြီးကပဲ တစ်ချက်၊ တစ်ချက်ပျံ့လွင့်လျှက် ဦးမင်းဝဏ္ဏာ အလဲထိုးခံနေရပြန်တော့ ခင်စင်ရော် နာကျင်ကြေကွဲနေမိပြန်သည်။ သူဟာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ သူမခွင့်လွှတ်ချင်မိလာခဲ့သည်။

စကားတွေပြောပါဦး လူကြီးမင်းရယ် ရှင့်ကိုစိတ်ပျက်သွားပြီလို့ မထင်လိုက်ပါနဲ့နော် မနက်ဖြန်ခါ ထွက်ခွာမယ့်ခရီးအတွက် နှုတ်ဆက်စကားတွေဆိုပါဦး။

ရှင်မရှိတော့တဲ့အခါ လရိပ်ရဲ့ညဉ့်ဦးလေပြည်မှာ . . . မှာခြွေစကားတွေနဲ့ ကျွန်မလွမ်းမြည့်နေရမှာ ရှင်ကတော့သိမယ် မထင်ပါဘူး။

"ကဲ . . . စကားပြောကြဦးကွာ ကိုယ်လည်း အိမ်ပြန်လိုက်ဦးမယ်။ ဟုတ်တယ် . . . သမီးက မီးဖွားခါနီးနေပြီ စင်ရော် ကိုယ်ပြန်လိုက်ဦးမယ်။ နောက်နေ့မှ လာခဲ့ပါဦးမယ်"

အနိုင်ရသည့် စစ်သူကြီးတစ်ဦးပမာ ဦးခင်ဇော်ဝင်း ထွက်ခွာသွားပြီးမှ သူထားခဲ့သည့် နားကပ်ဗူးလေးကို ခင်စင်ရော်တို့ မြင်ခဲ့သည်။ ရေခဲရုပ်တုတစ်ခုနှယ် ငြိမ်သက်တိတ်ဆိတ်နေသည့် ဦးမင်းဝဏ္ဏာက သူ့ထွက်ပေါက်ကို ထိုဗူးလေးနှင့် ခင်စင်ရော်အပေါ်သို့ ပုံချပစ်လိုက်သည်။

"ဒါနားကပ်ဖူးလား . . . မင်းဟာ ဦးခေါင်းတစ်လုံးထဲနဲ့ ရေအိုးနှစ်လုံးရွက်ချင်တဲ့မိန်းမပဲ နားရွက်တစ်စုံထဲ နားကပ်ဘယ်နှစ်ရန် ဝတ်ချင်ဖို့လဲပြောလေ"

တကယ်က သူထွက်ပေါက်ရှာနေခြင်းပဲ ဖြစ်ပါလိမ့်မည်။ ခင်စင်ရော် နားလည်စွာဖြင့် ခေါင်းငုံ့ခံနေလိုက်ပါ၏။ ရှင့်ရင်တွေချောင်ပြီး အခြေအနေကောင်းသွားမယ်ဆို ကျွန်မကို ပြောချင်သလောက် ပြောချပစ်လိုက်ပေါ့ကွယ်။

"မင်းဟာ ငါဘယ်လောက်ပဲ ကူကူ . . ကယ်ကယ် ရှုံ့အိုင်လူးနေရမှပျော်မယ့် ကျွဲတစ်ကောင်လိုပဲ . . . ကဲ . . . အခု . . ညစာစားပြီးပြီလား"

သူမက ရိုးသားစွာ ခေါင်းခါပြလိုက်မိသည်။ ကျွဲနှစ်ကောင်ခတ်သည့်ကြားမှာ မြေစာပင်ဖြစ်နေရတာ ယခုထိမဟုတ်ပါလား။ ယခုညနေစောင်းပေပြီ။ မိုးချုပ်တော့မည်။ တောကြီးမျက်မည်းထဲမှာဆို မိုးချုပ်တော့မည်။ ယခုမြို့ပြမှာမို့သာ နေ့မှန်း၊ ညမှန်းမသိရတာဖြစ်သည်။

"မင်းကို ကိုယ်ညစာကျွေးမယ် ထ . . . သွားစို့ ဒီလိုလေ ကိုယ့်အကြောင်းတွေလည်း ပြောပြချင်တယ်။ သူများပြောမှ တစ်စွန်းတစ်စသိရတာက မင်းရင်ကိုပင်ပန်းစေလိမ့်မယ်။ ကိုယ့်အကြောင်းကိုယ်ပြောတာပဲ ကောင်းပါတယ်။ ကဲ . . . ထ . . . သွားစို့။ မင်းငါ့ကို ယုံတယ်မို့လား စင်ရော်"

သူ့ကိုမှမယုံလျှင် ခင်စင်ရော်ဟာ ကမ္ဘာကြီးထဲမှာ ဘယ်လိုအသက်ရှင်ရပ်ါမလဲ . . .





ရှင်နှင်းရက်လျှင်တော့ နှင်းပေါ့ကွယ် . . .

သူ့ကမ်းလှမ်းချက်ကို ခေါင်းညိတ်ပြပြီး ခင်စင်ရော် သူ့ကားပေါ်လိုက်ပါသွားခဲ့သည်။

# အပိုင်း(၂)

## အခန်း(၈)

မိန်းမတစ်ယောက်အတွက် အလှသည် ဓနဥစ္စာဖြစ်သည် ဆိုသော်လည်း ထိုမိန်းမသည် အကာအကွယ်မဲ့၊ ဥစ္စာဓနမဲ့သူဖြစ်ပါက ထိုအလှသည် သူမအတွက်ရန်သူပင်ဖြစ်သည်။

“ခင်မြတ်”သည် မိသားစု၏သူ့ရဲကောင်းပေါ့။ တောင်သူလယ်သမားမျိုးရိုးထဲမှ မောင်လေး “မင်းဝဏ္ဏ”တစ်ယောက် တစ်တက္ကသိုလ်ကျောင်းတော်သားကြီး ဖြစ်လာရသည့်အခါ သူမတို့ဘယ်လိုမှ လိုက်လို့မမီနိုင်သည့် ပညာရေးစရိတ်အတွက်၊ အမိအဖအတွက် မြေစာပင်တစ်ပင်ဖြစ်ခဲ့ရသူလေးဖြစ်သည်။

ကြည့်စမ်း မင်းဝဏ္ဏဆိုတာ အညွှန့်စားကောင်ပါပဲ။ ရိုးသားချွတ်ခြုံကျသည့် မျက်လုံးတွေက လောကအပေါ် အချိန်မီမသိ၊ မမြင်





ဘတ်ခဲ့။ သူ့နှလုံးသားတွေ နုံချာရိုးအလှပါသဘိ။ ကိုယ့်ကိုမိဘတွေ ဘယ်လိုကျောင်းထားနေရသလဲ။ ကိုယ့်အတွက် အမဖြစ်သူ ဘယ်လို ရုန်းကန်နေရသလဲ။ သူတစ်ချက်ကလေး မတွေးမိခဲ့။ အပူအပင်မဲ့သည့် တက္ကသိုလ်ကျောင်းသားဘဝကို လွယ်ကူရိုးအေးစွာပဲ ဖြတ်သန်းခဲ့မိသည်။

အမဖြစ်သူ၏ အရောင်းအဝယ်လုပ်ငန်းဟာ ဘာတွေကိုရောင်းနေသလဲ။ ဘယ်လောက်ထိမြတ်သလဲ။ ဘယ်လိုရင်ဆိုင်ရသလဲဆိုတာတွေ မင်းဝဏ္ဏ၏ခေါင်းထဲသို့ တစ်ခါဘူးမျှ မေးခွန်းအဖြစ် ဝင်မလာခဲ့ကြ။

နုံ့လိုက်တာ၊ အလိုက်တာ တာဝန်မဲ့လိုက်တဲ့ ငါ့နယ်ဟဲ့ ယခုအခါမှ သူတဖွဖွယူကြုံးမရ ဖြစ်ခဲ့ရသည်။

ငွေနောက်လိုက်ရင်း လိုက်ရင်း အမဖြစ်သူ ပျောက်ဆုံးသွားတော့မှ မင်းဝဏ္ဏ၏ နှလုံးသွေးတွေ အေးခဲနေရာမှ ဖျန်းခနဲဆူပွက်နိုးကြားလာခဲ့ရသည်။ ယခုတော့ သူ ဟုန်းခနဲလူလားမြောက်ခဲ့၊ ကြီးပြင်းခဲ့ပါပြီ။ လောကဓံဆိုတာကို လောကကြီးကို တစ်ထိုင်တည်း ကြေညက်သဘောပေါက်သွားခဲ့ချေပြီကော။ သို့သော် သူ့အသိတရားတွေက မမ၏ဘဝကို အချိန်မီ၊ အခါမီ ဆယ်တင်နိုင်ပါဦးမည်လော။

မမခင်မြတ် ကျင်လည်ခဲ့ဖူးရာ ဒေသများဆီသို့ မင်းဝဏ္ဏ ရှာပုံတော်ဖွင့်ခဲ့သည်။ ခြေသလုံးအိမ်တိုင်၊ ကြံ့ရာကြံဘမ်းလုပ်ရင်း ပျောက်ဆုံးသွားသည့်အမကို ရှာရပါသည်။ သူ့ရင်ထဲမှာ ယူကြုံးမရ။

စပယ်ပွင့်တစ်ပွင့်လို ဖြူစင်ခဲ့သည့် မမခင်မြတ်တစ်ယောက် ကမ္ဘာလောက၏ နွံအိုင်ထဲမှာ ညစ်ထေးမွန်းနစ်ခဲ့သည်ဖြစ်စေ မိသားစု၏

မေတ္တာရေဖြင့် ဆေးကြောလိုက်ပါသည်။

ပျောက်သောသူ ရှာရင်တွေ့ဆိုသော်လည်း အဝေးကမ္ဘာသို့ လွင့်ခွာထွက်ပြေးသွားရှာသည့် ငှက်ကလေးကိုတော့ဖြင့် မှန်တိုင်းထဲမှာ အစရှာ၍မရတော့။

ဘယ်ကမ္ဘာထိအောင်များ ထွက်ပြေးပုန်းရှောင်သွားခဲ့ပြီလဲ မမခင်မြတ်ရယ်။ မမရဲ့ဒဏ်ရာအနာတရတွေမှာ စွန်းကွက်ဖိတ်လျှံကျနေမယ့် သွေးစက်ကလေးများနှင့်ဖြစ်စေ ကျွန်တော့်ကို ခြေရာပြခဲ့ပါဦး။

ရင်ထဲမှ တောင်းပန်တိုးလျှိုးနေမိသော်လည်း အမဖြစ်သူကို မင်းဝဏ္ဏ ရှာဖွေလို့မတွေ့ နိုင်ပါတော့ချေ။





ပြည်နယ်မြို့လေးတစ်မြို့၏ အထမ်းသမားအဖြစ် လုပ်ရှားရုန်းကန်ရင်း မင်းဝဏ္ဏသောင်တင်နေမိသည်မှာ မမခင်မြတ်၏ သတင်းအစအနကလေးများရလို့ဖြစ်သည်။

တောင်သူလယ်သမားသားပီပီ အကြမ်းပတမ်းခံနိုင်ခြင်းကြောင့် သည်အလုပ်ကို သူလုပ်နိုင်ခဲ့ပါ၏။ သို့သော် သတင်းရခဲ့ဖူးသည့် မမခင်မြတ်က တကယ်တမ်းကျ ရှာလို့မတွေ့နိုင်ခဲ့။ အိမ်ကထွက်လာတာလည်း လနှင့်ချီနေပြီမို့ မင်းဝဏ္ဏ အိမ်ပြန်ရပေဦးမည်။ သားနှင့်သမီး၏ မျက်နှာကိုမမြင်မတွေ့ရသဖြင့် ကြေကွဲနွမ်းရိနေမည့် မိနှင့်ဖကို ပြန်လည်နှစ်သိမ့်ရပါဦးမည်။

သည်တစ်ခေါက် အထမ်းလိုက်ပြီးလျှင်တော့ အိမ်ပြန်ဦးမည်

ဟူသောအတွေးဖြင့်သူ အိုက်ခမ်းတို့အိမ်သို့ ပြန်လာခဲ့သည်။ သူ့တည်းအိမ်၊ သူနှင့်ထမ်းဖော်ထမ်းဖက် သူငယ်ချင်းအိုက်ခမ်း၏အိမ်က မြို့စွန်မှာရှိသဖြင့် တောင်ပေါ်လမ်းတွေတလျှောက် မင်းဝဋ္ဋာ လမ်းလျှောက်ပြန်ရသည်။ သူ့ခြေသလုံးကြွက်သားတွေက ဒီလောက်တော့အပျော့ပေါ့။ တောထဲတောင်ထဲမှာပင် လမ်းတွေဖောက်ခဲ့၊ လျှောက်ခဲ့သည်မို့ မိုင်ပေါင်းများစွာ ခရီးလမ်းတွေကို သူလျှောက်နိုင်၊ ဖေါက်နိုင်နေပါဦးမည်။

နှင်းငွေ့တွေပင် ခပ်ပါးပါးကျလာနေပေပြီ။ နေဝင်စောသည့် မြို့ရွာလေးပါပဲ။ ကိုယ်ခန္ဓာကို ခတ်မတ်မတ်ထားရင်း မင်းဝဋ္ဋာခပ်သွက်သွက်လျှောက်နေမိခိုက် ခပ်လှမ်းလှမ်းလမ်းဘေးမှာ ကားတစ်စီးဘေးချရပ်ထားတာ တွေ့မြင်လိုက်ရ၏။ ကားဘာဖြစ်လို့ပါလိမ့်။ သူဘာများကူညီရပါ့မလဲဟူသောအတွေးဖြင့် ကားဆီသို့ကပ်သွားမိ၏။ ဟင် ကားထဲမှာလည်း လူတစ်ယောက်မှ မရှိပါလား။ ကားပေါ်ကြည့်လိုက်၊ ကားအောက်ကြည့်လိုက်ဖြင့် သူအံ့ဩရှာဖွေနေမိဆဲ ခပ်လှမ်းလှမ်းတောစပ်မှ ပြေးလွှားနေကြသည့် လူတစ်စုကို တွေ့လိုက်ရပေတော့၏။

ဟ . . . ဘာတွေဖြစ်နေကြတာလဲ။ တစ်ခုခုတော့တစ်ခုခုပဲ။ ရှေ့မှမြင်ကွင်းကို မင်းဝဋ္ဋာ အသေအချာ စူးစိုက်ကြည့်လေမှ အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်က သေပြေးရှင်ပြေး ပြေးနေပြီး နောက်မှ လူသုံးယောက်က တောခွေးများနှယ် ဝိုင်းလိုက်နေကြကြောင်း တွေ့မြင်လိုက်ရသည်။

မည်သို့ပင်ဖြစ်စေ ပွဲကမမျှတသည်မို့ ဒါးခုတ်ရာထဲသို့ သူလက်





ဝင်လျှိုရချေတော့မည်။ ဟိုသုံးယောက်၏ပုံစံကလည်း သတ်နေကျပုတ်နေကျအသွင်။ ပင်လယ်ဓားပြရုပ်တွေနှင့်မို့ မင်းဝဋ္ဋာမှာ သူတို့နှင့်ရင်ဆိုင်ဖို့ ဘေးဘေးဘီဘီသို့ လက်နက်အဖြစ် အသုံးပြုရန် ခပ်မြန်မြန်လေး ရှာဖွေကြည့်ရသည်။ ထို့နောက် အသင့်တွေ့ရသည့် ကားဂေါက်တံကိုဆွဲယူပြီး သူလည်းထိုလူစုအထဲသို့ ပြေးဝင်လိုက်၏။

"ဟေ့ . . . ရပ်လိုက်ကြ"

ငယ်ငယ်တုန်းက စစ်တိုက်တမ်းကစားသလိုမျိုး ကျယ်လောင်စွာအော်ဟစ်လိုက်သည်က ရှေ့မှလူကြီးကို ဝိုင်းဝန်းသတ်ပုတ်နေကြရာမှ လွှတ်လိုက်ရန်ဖြစ်သည်။ သူတို့အားလုံး၏ အာရုံက အထိတ်တလန့်ဖြစ်သွားခြင်းနှင့် မင်းဝဋ္ဋာထံသို့ လှည့်ကြည့်ကြခြင်းဖြစ်သည်။

သိန်းငှက်တစ်ကောင်၏ ရဲရင့်မှုမျိုးနှင့် တိုက်ပွဲထဲသို့ သူ လေဟုန်စီးပြီး ဝင်သွားခဲ့စဉ် ဝံပုလွေသုံးကောင်က မင်းဝဋ္ဋာကို အစိမ်းလိုက်ဝါးစားချင်သည့် အကြည့်မျိုးတွေဖြင့် စူးစူးဝါးဝါးကြည့်လာ၏။

"ဘာလာရှုပ်တာလဲ"

"ဘာလာကြောင်တာလဲ ကိုယ့်လူ"

"ကိုယ့်လမ်းကိုယ်သွားတာ မဟုတ်ဘူး။ ဒါရုပ်ရှင်ရိုက်နေတာများ မှတ်နေသလား"

စူးစူးဝါးဝါး အသံများဖြင့် တုန့်ပြန်ပြီး သတ်ပွဲကို သူတို့ခေတ္တခပ်ထားကြသည်။ သားကောင်ဖြစ်သည့် လူကြီးကတော့ မင်းဝဋ္ဋာကို သိကြားမင်းကြီး ဆင်းလာသည့်သဖွယ် အားကိုးစိုးရွံ့စွာ ကြည့်နေပြန်ပါ၏။

"မင်းနဲ့မဆိုင်ဘူး ဝင်မရှုပ်နဲ့"

"သူမြင်သွားလို့ တို့အလုပ်က ဖြစ်ပါဦးမလား"

"ချက်ခွာ • • •သူ့ပါဆော်ပစ်"

ခဏချင်းပင် သတ်ပွဲထဲသို့သူပါ တိုးဝင်ပါချေတော့၏။ သုံးယောက်နှင့် တစ်ယောက်ပါပဲ။ စောစောက သားကောင်ဖြစ်နေသည့်လူကြီးခမျာ၊ သူ့ကိုကူညီဖို့ နေနေသာသာ သူ့ဘာသာပင် အမောဆိုက်လုလုဖြစ်နေ၏။

ဝံပုလွေသုံးကောင်က ဓားမြှောင်များပါ ထုတ်လိုက်ချေတော့ မင်းဝဏ္ဏာ မျက်လုံးပြူးသွားရ၏။ သည့်နောက်ကားဂေါက်တံကိုပဲ အသုံးပြုရင်း တဖွတ်ထိုး၊ တဇောက်ကန်း ဝင်ရောက်တိုက်ခိုက်ရပါချေတော့သည်။

အကွက်တွေ၊ ဘာတွေနှင့် လုလုပပလည်း သတ်ပုတ်မနေအားယခုသတ်နေကြရတာသည် နိုင်လူကြီးတွေ၊ ဘာတွေနှင့် တရားမျှတသည့် ယှဉ်ပြိုင်ပွဲမဟုတ်။ သူဦးသူဆော်၊ ကိုယ်ဦးကိုယ်ဆော်ရမည့်ပွဲသူညှဲ့သူသေ၊ ကိုယ်ညှဲ့ကိုယ်သေရမည့်ပွဲသာဖြစ်သည်။

လျှင်မြန်ဖြတ်လတ်မှုနှင့် ကိုယ်ခံပညာ၊ ပါးနပ်မှုတို့ကို အသုံးချရင်း ကျွဲရိုင်းတစ်ကောင်နှယ် ကြမ်းရိုင်းပစ်လိုက်တော့ ကားဂေါက်တံစာမိပြီး ဝံပုလွေအုပ်စုဖက်မှ နှစ်ယောက်မှောက်ပြီး၊ မင်းဝဏ္ဏာမှာလည်းလက်မောင်းကွဲသွားခဲ့သည်။

မြေပြင်ပေါ်ကျနေသည့် ဓားသုံးလက်ကို လျှင်မြန်စွာ ကောက်





ယူပြီး သူ့ဂျာကင်အိတ်ထဲသို့ စုပြုံသိမ်းဆည်းရသည်။ မလဲဘဲကျန်နေသည့် တစ်ယောက်မှာလည်း ဘီလူးသရဲစီးသည့်နှယ် အသားလွတ်ဝင်ရောက်တိုက်ခိုက်နေသည့် မင်းဝဏ္ဏာအား လန့်သွားပုံရပေ၏။ သူဆက်လက် စိန်ခေါ်ပစ်လိုက်သည်။

"မကျေနပ်သေးရင်ပြော ငါ့နာမည်မင်းဝဏ္ဏာတဲ့ မှတ်ထား ငါကမင်းတို့လို အုပ်စုရှိမှ မိုလ်ကျတတ်တဲ့ကောင်တွေကို ဆုံးမရမှစားဝင်အိပ်ပျော်တဲ့သူ။ ငါကဓားပစ်လည်း ဖြောင့်တယ်နော် သတိလေးလည်းထား"

မင်းဝဏ္ဏာ၏ လျှင်မြန်ဖျတ်လတ်မှုနှင့် ထွားကျိုင်းသန်မာမှုကိုကြည့်ပြီး ဝံပုလွေသုံးကောင် မကျေမနပ်နှင့်ပင် ကားဆီသို့ တွဲတိတွဲပိုး ထွက်ခွာသွားကြ၏။ မင်းဝဏ္ဏာ သူတို့၏ရုပ်ရည်များကို မှတ်သားထားရသည်။ ရန်သူတော်တွေ ဖြစ်သွားခဲ့ပြီ မဟုတ်ပါလား။

ခေါင်းဆောင်နှင့်တူသူက အသားမည်းမည်း၊ ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး ကျန်နှစ်ယောက်က ပုပုဝဝ၊ အသားဖြူဖြူ၊ ဂင်တိုတိုတွေ။ ဆံပင်ကောက်တာနှင့် ဖြောင့်တာပဲကွဲလိမ့်မည်။

"ကျေးဇူးတင်လိုက်တာ တူမောင်ရယ် တူမောင်သာ ဝင်မပါခင်ဦးလေးတော့ သေမှာပါပဲ"

"ဘာဖြစ်တာလဲ ဦးလေး ဓားပြတိုက်ကြတာလား"

"ဆိုပါတော့ကွယ် ကဲ • • •တို့ဒီနေရာက မြန်မြန်ပြေးကြစို့။ ဟော်ကြာ သူတို့ပြန်လာချင်လာကြလိမ့်မယ်။ တူမောင့်ဒဏ်ရာလည်း

ဆေးခန်းမှာ သွားကုမှဖြစ်မယ်"

သွေးများယိုစီးနေသော သူ့လက်မောင်းကို လူကြီးကတုန်ယင်သောလက်ဖြင့် ဖွဖွကိုင်ကြည့်သည်။ သူ့ကိုယ်စား မားစာဝင်ခံနေရရှာသည်ဟူ၍ မင်းဝဏ္ဏကို သနားနေပုံလည်းရ၏။

"သွားကြစို့ . . . တူမောင်"

သူနာခံစွာဖြင့်ပင် လူကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။ မင်းဝဏ္ဏ၏ လောလောဆည်ဘဝကိုကလည်း ရွက်ကျပင်နယ် ရော်ရွက်ဝါနယ် လောကကြီးထဲသို့ တိုးဝင်လို့လွယ်ကူနေသည် မဟုတ်ပါလား။





"အန်ကယ်က အရောင်းအဝယ်သမားပါ။ စောစောကအဖွဲ့က အစကတော့ အန်ကယ်နဲ့အလုပ်လုပ်နေကျလူတွေပဲ။ ခုမှသစ္စာဖေါက်ပြီး အန်ကယ့်ကို ရန်ရှာကြတာ"

ဆေးစည်းထားသော ဘယ်ဖက်လက်မောင်းက နာကျင်ကိုက်ခဲလှသဖြင့် မင်းဝဏ္ဏမှာ မျက်နှာကြီးရှုံ့မဲ့နေရပါလေ၏။ ဦးအောင်ထက်၏ စကားများအပေါ် မည်သို့မျှ စိတ်မဝင်စားနိုင်သေး။

အတွင်းအပြင် ချုပ်လိုက်ရတာ ဘယ်မှာနည်းလို့လဲ။ သူ့မှာ ကြက်သားတွေ ထူတင်းနေလို့သာ အရိုးသို့မထိခြင်းဖြစ်လောက်သည်။ ဒဏ်ရာအရှိန်ကြောင့် သူ့မှာဖျားချင်ချင်။ ဦးအောင်ထက်မှာလည်း မင်းဝဏ္ဏကို ကရုဏာသက်လွန်းမက သက်ရပါလေ၏။ တူနှယ်၊ သားနှယ် အပြုစုခံရင်း ဦးအောင်ထက်၏ ရှေ့မှောက်မှာ ကျားကန်နေရပေမယ့်

မင်းဝဏ္ဏ အနားယူချင်လှပါပြီ။

"တူမောင်နဲ့သာမတွေ့ရရင် အန်ကယ်တော့ မတွေးဝံ့စရာပါပဲ ကွယ်။ ဒီလောကမှာ ဒီလိုပါပဲ။ တော်ပြီ အန်ကယ်လည်း ဒီတစ်ခေါက် နောက်ဆုံးပဲ။ လောဘဆိုတာ ဇက်မသတ်နိုင်ရင် အသက်ပါရန်ရှာတတ် ကြောင်း အန်ကယ်ကောင်းကောင်း သဘောပေါက်ပါပြီ"

"ကောင်းပါတယ် အန်ကယ်၊ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားပါ အား···ကျွတ်···ကျွတ်···ကျွတ်"

"သိပ်ပြီးနာသလား လူကလေးရယ်"

နာတော့နာတာပေါ့လေ။ သို့သော် မင်းဝဏ္ဏ ခေါင်းခါပြလိုက်ပါ သည်။ ဦးအောင်ထက်၏ ပုံစံကလည်း ဖြစ်နိုင်လျှင် သည်ဒဏ်ရာကို သူပဲလွှဲပြောင်း ယူလိုက်ချင်သည့်အသွင်။ "လူကလေး"တဲ့။ ဦးအောင်ထက် ၏ လှိုက်လှိုက်လှဲလှဲ အခေါ်အဝေါ်မှာ မင်းဝဏ္ဏ ညွတ်နူးပျော်ဝင်သွား လေ၏။

"လူကလေး ဘယ်တော့အထမ်းပြန်တက်မလို့လဲ။ အလုပ်ရှင် ဆီမှာ ငွေကြိုယူထားတာ ရှိသလား"

မင်းဝဏ္ဏ ခေါင်းခါပြရသည်။ တစ်ကိုယ်ရေ တစ်ကာယသမား ပီပီ ငွေရေးကြေးရေးကိုတော့ သူကရှင်းရှင်းပြတ်ပြတ် လုပ်လေ့ရှိပါ၏။

"ကြိုယူထားတာ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်နောက်တစ် ခေါက်လောက် လိုက်ဦးမယ်။ စရိတ်လည်းရအောင်၊ အိမ်အပြန်လက် ဆောင်လေး၊ ဘာလေးလည်း ဝယ်ရအောင်ပေါ့။ ရှေ့လလောက်မှာ ကျွန်တော် ပြည်မပြန်မယ် အန်ကယ်"





မင်းဝဏ္ဏ မဟာန်နိုင်တော့။ ယဉ်ကျေးမှုတွေ၊ ဘာတွေကို ဘေး ချိတ်ပြီး ဦးအောင်ထက်၏ ရှေ့မှောက်မှာပင် သူအိပ်ယာပေါ်သို့ လဲလျောင်း လိုက်သည်။

"ကန်တော့ အန်ကယ် ကျွန်တော်"

"ရတယ် လူကလေး···လူကလေး အနားယူလိုက် ဒါပေမယ့် အိပ်မပျော်ခင် အန်ကယ်ပြောတာလေးတွေတော့ နားထောင်ပေးပါဦးနော်"

"ဟုတ်ကဲ့ ဒီလောက်တော့ ဖြစ်ပါတယ်"

ဦးအောင်ထက်က သူ့ကုတင်ခြေရင်းမှာ ထိုင်နေရာမှ သူ့ခါးနား လောက်ဆီသို့ နေရာရွှေ့လေ၏။

"လူကလေး အန်ကယ်နဲ့ပဲ နှစ်ရက်၊ သုံးရက်လောက် အတူ နေပေးပြီး ပြည်မကိုလည်း အတူပြန်ကြမယ်။ အန်ကယ့်အိမ်ထိ လိုက်ခဲ့ ပါကွယ်။ အန်ကယ်···လူကလေးကို ကျေးဇူးတင်လွန်းလို့၊ ကျေးဇူး ဆပ်ချင်လွန်းလို့ပါ။ တူမောင်သာမကယ်ရင် လူစိတ်မရှိခဲ့ရင်"

ဦးအောင်ထက်၏ လှိုက်လှဲတုန်ယင်နေသော စကားသံကြောင့် မင်းဝဏ္ဏ၏ အိပ်ချင်စိတ်များ ပြေပျောက်လုလု။

"ဟာ···အန်ကယ်။ ဒါတော့ အန်ကယ်မှားနေပြီ။ အဲဒီကျေးဇူး တင်စကားကြီးတော့ အဲဒီတင်ရပ်ဗျာ။ ကျွန်တော်က ဘာရယ်မဟုတ် ဘူးလေ။ အမြင်မတော်လွန်းလို့ ဝင်ပါလိုက်တာ တစ်ခုပါပဲ။ မတရားတာ မြင်ရင် မနေနိုင်ဘူးခင်ဗျ။ ကိစ္စမရှိပါဘူး အန်ကယ်ရယ်။ အခုလည်း ကျွန်တော် အိုက်ခမ်းတို့ဆီ ပြန်မလို့ပါ။ အန်ကယ်အတင်းဆွဲထားတာ ရယ်၊ မိုးကလည်း ချုပ်သွားတာရယ်ကြောင့်ပါ။ ထားလိုက်စမ်းပါဗျာ၊

ဒိလောက်ကြီး နက်နက်နဲနဲ မတွေးပါနဲ့"

မင်းဝဏ္ဏာက လက်တကာကာနှင့် ပျာပျာသလဲ ငြင်းတော့ ဦးအောင်ထက်မှာ ခေါင်းတညိတ်ညိတ်။

"ဘာပဲဖြစ်ဖြစ် လူကလေးမှာ ဓားဒဏ်ရာကြီးနဲ့မို့ အထမ်းတော့ မလိုက်ပါနဲ့။ အန်ကယ်နဲ့ပဲ လောလောဆည် အတူနေပေးပါ။ နောက် သုံး၊ လေးရက်လောက်ကျရင် အန်ကယ်တို့အတူတူ ပြည်မပြန်ဆင်းကြ မယ်။ အန်ကယ့်ကို ကူညီလက်စနဲ့ ဆက်လက်စောင့်ရှောက်ပါဦးကွယ်"

သူ့ကိုရွှန်းရွှန်းစားစားကြည့်ရင်း၊ အားကိုးနေလေသည့် ဥပမိရုပ် သန့်သန့်နှင့် ဦးအောင်ထက်ကို မင်းဝဏ္ဏာ ခင်တွယ်မိပါသည်။ သို့သော် သူ့မှာလက်မောင်းတစ်ဖက်က ဒဏ်ရာရနေပြီဖြစ်၍။ ဦးအောင်ထက် အားကိုးလောက်စရာ သူ့မှာအရည်အချင်းမရှိဟု ခံစားမိသည်။

"အန်ကယ် ကျွန်တော့်ကို အားကိုတာတော့ လွဲနေပြီထင်တယ်။ ကျွန်တော်က သူရဲကောင်းတစ်ယောက် မဟုတ်ပါဘူး။ ဒီကြားထဲ အခုဆို ဘယ်ဖက်လက်မောင်းမှာ ဒဏ်ရာရနေလိုက်သေးတယ်။ သတိနဲ့နေပေါ့ အန်ကယ်ရယ် ကျွန်တော်မနက်ကျရင် အိုက်ခမ်းအိမ်ပဲ ပြန်ပါရစေ"

မင်းဝဏ္ဏာ၏စကားကြောင့် ဦးအောင်ထက်၏ မျက်နှာသိသိ သာသာညှိုးလျှသွားခဲ့သည်။

"သူရဲကောင်းမဟုတ်ပေမယ့် လူကလေးရဲ့စိတ်ဓာတ်နဲ့ လူကလေး ရဲ့ရိုးဖြောင့်မှုက အန်ကယ့်အတွက် အဖိုးတန် ရတနာတစ်ပါး ပါပဲ။ ကဲ...ကဲ လူကလေးနားတော့။ အန်ကယ်ဇာတော့ ခုအချိန်က စပြီး လူကလေးရဲ့ ပစ္စုပ္ပန်ကို သိမ်းပိုက်ထားလိုက်ပြီ"





ဘယ်လိုမှ တားမရရင်လည်း သဘောပါပဲ ဦးအောင်ထက် ခင်ဗျား။

အိစက်ညက်ညောသော မွေ့ယာပေါ်မှာ သက်တောင့်သက်သာ ယဲလျောင်းရင်း မင်းဝဏ္ဏာ အိပ်စက်ပစ်လိုက်တော့ ဦးအောင်ထက် ညင်သာစွာ ထွက်ခွာသွားခဲ့သည်။

အိပ်မပျော်မီ သူ၏အာရုံများစွာထဲမှာ မမခင်မြတ်ကို မြင် ယောင်မိပြန်တော့ မင်းဝဏ္ဏာ၏ နှလုံးသားများ ကြေကွဲနင့်ကျင်သွားမိပါ၏။

ကြည့်စမ်း သူ့ပညာရေးအတွက်၊ မိဘတွေ၏ စားဝတ်နေရေး အတွက် မမခင်မြတ် အရောင်းအဝယ် လုပ်ခဲ့ရပါလား။ သူတို့အိမ်၏ ငွေးပွားရေးတွေ ခိုင်မာတောင့်တင်းလာခဲ့ရသော်လည်း အဲဒီစီးပွားရေးတွေ သည် မမခင်မြတ်၏ ချွေး၊ သွေး၊ မျက်ရည်၊ နှလုံးသားတို့နှင့် လဲလှယ် ပေးဆက်ခဲ့ရကြောင်း မင်းဝဏ္ဏာ မသိရှိခဲ့။

ယခုတော့ မမခင်မြတ်တစ်ယောက် လှိုင်းကြမ်းသည့် ပင်လယ် ပြင်ထက်မှာ ပျံသန်းရင်း နစ်မွန်းခဲ့လေပြီလား။ ငှက်ခတ်သမားတို့၏ သက်နှင့်ပင် စုံးစုံးမြုပ်ခဲ့ပြီလား။

ရင်ထဲမှာ အဆမတန် နာကျင်ကြေကွဲရသည်ကြောင့် ရင်ဘတ် ကို တင်းတင်းဖိရင်း မင်းဝဏ္ဏာ အိပ်ပျော်ဖို့ပဲ ကြိုးစားလိုက်ရသည်။

အိုက်ခမ်းအိမ်မှာ ယူစရာရှိတာလေးတွေ ယူငင်ပြီး မင်းဝဏ္ဏမှာ ဦးအောင်ထက်၏နောက်သို့ နှစ်ရက်လုံးလုံး လိုက်နေခဲ့ရသည်။ ဦးအောင်ထက်ဘာတွေ၊ ဘယ်လိုလုပ်နေသည်ဆိုတာ သူစိတ်မဝင်စား။ မြင်လည်း မမြင်ရ။ အပြင်ဧည့်ခန်းမှာ စားစရာများ တစ်ခုပြီးတစ်ခုထိုင်စားရင်းသူက ဦးအောင်ထက်၏ သက်တော်စောင့်သဖွယ် ဖြစ်နေခဲ့သည်။

သည်နေ့တော့ ကိစ္စတွေပြီးပြတ်ပြီထင်ပါသည်။ ဦးအောင်ထက်၏အသွင်ကလည်း ယခုမှ သက်ပြင်းချနိုင်သည့်နှယ်။

သူတို့နှစ်ယောက် တည်းခိုခန်းသို့ ကားဖြင့်ပြန်လာခဲ့တော့ ညနေစောင်းပေပြီ။





"အန်ကယ်တို့ မနက်ကို ပြန်လို့ရပြီ လူကလေးရေ· ·ကိစ္စတွေအားလုံး အဆင်ပြေသွားပြီ။ ဒီတစ်ခေါက် နောက်ဆုံးပဲ။ တော်ပါပြီကွာ။ အန်ကယ်လည်း လောဘ၊ ဒေါသ၊ မောဟတွေ လျှော့တော့မယ်။ အေးအေးဆေးဆေးပဲ လုပ်ကိုင်စားတော့မယ် လူကလေးရေ လူဟာသေဘေးနဲ့ရင်ဆိုင်တွေ့လို့မှ တရားမကျရင် ဘယ်တော့မှ တရားကျမှာမဟုတ်တော့ဘူး။ ဒါထက် လူကလေးကရော ပြည်မရောက်ရင် ဘာအလုပ်လုပ်စားမှာလဲ။ ဘွဲ့ရပြီးပြီဆိုတော့လည်း ကိုယ့်ပညာနဲ့ပတ်သက်တာလေး လုပ်ချင်မလား"

ဦးအောင်ထက်က မင်းဝဏ္ဏ၏ ကိုယ်ရေးကိုယ်တာများကို စိတ်ဝင်စားစွာ မေးမြန်းနေပေမယ့် သူကတော့ မထုံတက်တေး။ လမ်းဘေးဝဲယာမှ ထင်းရှူးပင်ကလေးများ၊ စိန်ပန်းပြာလေးများကိုကြည့်ရင်း၊ ငေးရင်းပြာမှိုင်းမှိုင်းတောင်ကုန်းများအကြားမှာ မမခင်မြတ်ကို ရှာဖွေချင်နေမိသည်။ အိမ်ကလေးများမှာလည်း မီးခိုးခေါင်းတိုင်များနှင့်မို့ မီးခိုးလေးတွေထွက်နေပုံကိုက လွမ်းမောခွတ်ပျံ့ဖွယ်။

"အန့်ကယ်မှာ လုပ်ငန်းတွေရှိတယ်။ လူကလေးကို ခွဲပေးပါ့မယ်။ အန်ကယ့်ဆီမှာပဲ လိုက်နေပါ။ လူကလေးရဲ့ မိဘတွေကိုလည်း အတူနေဖို့ခေါ်ပါ။ အန်ကယ်တို့ အတူနေကြမယ်ကွာ။ တကယ်ပြောတာပါ။ အန်ကယ် လူကလေးအပေါ် "

ဦးအောင်ထက်၏ လှိုက်လှဲညွတ်နူးသည့် အသံကြောင့် မင်းဝဏ္ဏတုန်လှုပ်တွန့်ဆုတ်သွားရသည်။

"ဟာ . . . အန်ကယ် . . . အန်ကယ်နဲ့ ကျွန်တော်က စာဒင် တွေ့ဆုံကြတဲ့သူတွေပါ။ ပြီးတော့လည်း ဘာမှမပြောပလောက်ပါဘူးဗျာ။ ဒီလောက်ကလေးနဲ့ ကျွန်တော့်အပေါ် ဒီလောက်မလေးနက်ပါနဲ့။ ထား လိုက်စမ်းပါ အန်ကယ်ရာ . . .

ဒီကပြန်ရောက်ရင် ကျွန်တော်ရွာပြန်မယ်။ လယ်ထွန်မယ်။ လယ်သမားကြီးလုပ်ပြီး အဖေနဲ့အမေကို ပြုစုလုပ်ကျွေးမယ်။ မမခင်မြတ် အတွက်ပါ ပိုပြီးမိန့်ဖကို ပုခုံးနှစ်ဖက်မှာတင်ပြီး တမွန်တံမြတ် ပြုစုမယ်။ သန့်ရှင်းတဲ့ချွေးစက်တွေနဲ့ လောကအပေါ် အကျိုးပြုမယ်ဗျာ။ အန်ကယ် လည်း ကျွန်တော့်ဆီကို အချိန်မရွေး လာလည်နိုင်ပါတယ်"

မင်းဝဏ္ဏ၏ လေးလေးနက်နက်အပြောကို ဦးအောင်ထက် ကျေနပ်နှစ်သိမ့်မိပါ၏။ သည်လူကလေးကို သူတကယ်ပဲ ချစ်မြတ်နိုး မိခဲ့ပေပြီ။

သည်စဉ် ဂျစ်ကားတစ်စီး သူတို့ကားရှေ့သို့ ဖျတ်ခနဲပိတ်လိုက်ပြီး လူနှစ်ယောက် ခုန်ဆင်းလာခဲ့၏။ ပတ်ဝန်းကျင်တစ်ခုလုံး ကားဘရိတ် ဆွဲသံများဖြင့် ဆူညံသွားစဉ် . . .

"မလှုပ်နဲ့နော် . . . အသက်မသေချင်ရင် ငြိမ်ငြိမ်နေ"

သူတို့၏ သွားကြားထဲမှထွက်သည့် လေသံများက သူတို့ထောက် ထားသည့် ဓားဦးချွန်ထက်ပိုပြီး အေးစက်သည်။ တစ်ယောက်ချင်း ထောက် လာသည့် ဓားများကလည်း နံကြားထဲသို့စူးလျှက် ခပ်ဖိဖိဖြစ်သည်။ လူသူကင်းရှင်းလှသည့် မြို့စွန်လမ်းမှာ မင်းဝဏ္ဏတို့ ဘာမျှမတတ်နိုင်ခဲ့။





သူတစ်ယောက်ထဲသာဆိုလျှင် ပြန်လည်တိုက်ခိုက် ကိုယ်လွတ်ရုန်းပစ် လိုက်နိုင်ပေမယ့် ယခုဦးအောင်ထက်နှင့်အတူ ဖြစ်နေသည်။ သူ စိတ် မသက်မသာဖြစ်စွာ ဦးအောင်ထက်ကို ကြည့်မိသည်။ ရန်သူက လက်ဦး သွားခဲ့ပေပြီကော။

ကိုယ်လွတ်ရုန်းပြီး သူ့ကိုကြမ္မာဆိုးထဲ ဝကွက်ထားခဲ့မှာ အနည်း ငယ်မှ ပူပန်စိုးရိမ်ဟန်မရှိ။ သူ့ကိုယုံကြည်စိတ်ချသည့် အကြည့်ဖြင့်သာ အားကိုးအားထား ကြည့်နေခဲ့သည်။ မီးစင်ကြည့်ကရတော့မှာပါပဲ။ သူတို့ နှစ်ယောက် ဂျစ်ကားပေါ်သို့ ပြောင်းတက်လိုက်ကြရသည်။

ဇာတ်လမ်းက ဇာတ်လမ်းအသစ် မဟုတ်ချေ။ ကားမောင်း သူကိုမြင်လိုက်ရမှ ဟိုတစ်နေ့က ပိန်ပိန်ရှည်ရှည်လူ ဖြစ်နေကြောင်း တွေ့ရသည်။ မင်းဝဏ္ဏမှာ ဦးအောင်ထက်၏လက်ကိုဖျစ်၍ အားပေးရသည်။

အမှောင်ထုစိုးမိုးလာသည့်အခါ လမ်းတလျှောက် နှင်းငွေ့သိုင်းခြုံ လာပြန်၏။ သည်တစ်ခါတော့ နှင်းများကို မင်းဝဏ္ဏကြောက်ရွံ့လာသည်။ ကားကလည်း မရပ်သေး။ လမ်းကြမ်းကြမ်းတွေမှာ ဖြတ်သန်းမောင်းနှင်ဆဲ။ ငါတို့ကို ဘယ်ထိခေါ်သွားမလို့ပါလိမ့်။ ကြောက်တော့မကြောက်လှပါလေ။ မင်းဝဏ္ဏဆိုတာ မမခင်မြတ်အတွက် စွန့်စားရှာဖွေရန် ထွက်လာကတည်း က မတရားမှုတို့ကိုပါ တိုက်ခိုက်ရှန်းထွက်ရန် မျှော်လင့်ချက်ထားပြီး ဖြစ်သည်။

တက္ကသိုလ် သက်တမ်းတလျှောက် ကစားခဲ့သည့် ဂျူဒို၊ ကရာတေးနှင့် သိုင်းပညာတို့က သူ့အသွေးအသားထဲမှာ စီးမျောပူနွေးဆဲ

လည်းဖြစ်သည်။

အတန်ကြာမှ မြို့စွန်ခြံကြီးတစ်ခုထဲသို့ ကားကထိုးဝင်ရပ်တံ့ခဲ့သည်။ မင်းဝဏ္ဏသည် ဦးအောင်ထက်ကို တစ်ချက်ကြည့်ပြီး အသင့်အနေအထား ပြင်ဆင်နိုးကြားနေလိုက်သည်။ လူတွေဘယ်လောက်တောင်များမလဲ။ စိတ်ထဲမှ ရေတွက်မှန်းဆကြည့်လိုက်၏။

ကားပေါ်မှာ လူသုံးယောက်။ ခြံဝမှာစောင့်နေသူက တစ်ယောက်။ အိမ်ထဲမှာလည်း လူဘယ်နှစ်ယောက် ရှိလေမလဲမသိ။ လည်စင်းခံနေရမှာထက် လှုပ်ရှားတိုက်ခိုက်ရတာက ပိုပြီးမြင့်မြတ်တယ်။ သတိတော့ ထားရပေမည်။

"ဝင်...အိမ်ထဲကိုဝင်...ကောင်းကောင်းသွား"

ပိန်ပိန်ရှည်ရှည်နှင့်လူ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရပြီး အိမ်ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ကြရသည်။ အခန်းထဲမှာ မီးတွေထိန်ထိန်လင်းနေပါ၏။ မီးစက်မောင်းသံလည်း ကြားနေကြရသည်။

ဧည့်ခန်းထဲမှာ လူတစ်ယောက် ထပ်တွေ့ကြရသည်။ ဒါ..ဆရာကြီးဖြစ်မှာပဲ။ သို့သော် ဥပမိရုပ်ခန့်သန့်ချောမော မနေပါချေ။ အနွေးထည်အထပ်ထပ် ဝတ်ထားခြင်းကြောင့် ကိုယ်ခန္ဓာက ပွယောင်းနေပြီး မျက်လုံးကတော့ သေးငယ်စူးရှလျက်။ သိန်းငှက်မျက်လုံးမျိုး။ တောင်ပေါ်သားတွေလို အသားဖြူပြီး မျက်နှာကနီစပ်စပ်။

"ထိုင်ပါဦးအောင်ထက်။ ခင်ဗျားကို အခုလို ဒုက္ခပေးရတာ စိတ်မကောင်းပါဘူး။ ခင်ဗျားရရှိထားတဲ့ ပစ္စည်းလေး တဆိတ်"





သူတို့ဝင်ထိုင်လိုက်ကြသည်။

"ပစ္စည်းက လက်ထဲမရောက်သေးဘူး ဦးနီ ညှိနှိုင်းပြီးစီးရုံပဲရှိသေး...အား..."

သူ့နောက်မှာ ရပ်နေသည့်လူ၏ ဓားဦးဖိသွင်းမှုကြောင့် ဦးအောင်ထက်လွှတ်ခနဲ အော်မိသည်။ အင်္ကျီများကို ထွင်းဖေါက်လျက် သွေးများစိမ့်စိုလာခဲ့သည်။

"ခင်ဗျားတို့ အေးအေးဆေးဆေး ပြောကြဗျာ...ခြေပါလက်ပါမလုပ်ကြပါနဲ့"

ဘာတွေပြောနေမှန်း ရေရေရာရာ မသိသော်လည်း ကိုယ့်လူဦးတွားနေရတာကြောင့် မင်းဝဏ္ဏ ဒေါသထွက်လာခဲ့၏။ မင်းမဲ့ဝါဒီတွေပဲ။ ဓားပြတွေထက် ဆိုးသူတွေဖြစ်သည်။

"ဟော့ကောင်တွေ နေကြဦးလေ...ဦးအောင်ထက်...စကားကိုအမှန်အတိုင်းပြောပါ။ ကျုပ်တို့က လူသတ်ဖို့ ဝန်မလေးဘူးနော်"

"အား...ကျွတ်...ကျွတ်"

ဓားဦးက ပြောင်လက်မြည့်ရှနေသည့် နှစ်ဖက်သွားပေါက်ဓားများဖြစ်သဖြင့် အသားထဲသို့ မည်မျှနစ်ဝင်သွားသည်မသိ။ ဦးအောင်ထက် နာကျင်ရှုံ့မဲ့နေရပေပြီ။

"ဟော့လူ သိပ်မူယာမာယာတွေ များမနေနဲ့"

အားလုံး၏အာရုံများ ဦးအောင်ထက်ထံ ခေတ္တရောက်ရှိနေသဖြင့် မင်းဝဏ္ဏ မမျှော်လင့်ဘဲ ခပ်သွက်သွက်လှုပ်ရှားပစ်လိုက်သည်။

သူ့နောက်ကလူကို ဆတ်ခနဲလှည့်ပြီး ကိုင်ပေါက်ပစ်လိုက်သည်က ရှေ့မှဦးနီဆိုသူထံသို့ ဖြစ်သည်။ လျှပ်တပြက် ဝရန်းသုန်းကားဖြစ်နေစဉ် ဦးအောင်ထက် လုစ်ခနဲ ရန်းထွက်ပြေးသွားတာလည်း မြင်လိုက်ရ၏။ သူမှာ နောက်ဆံတင်းစရာ မလိုတော့။ လွတ်လပ်ရဲတင်းစွာ တိုက်ခိုက်နိုင်တော့မည်။

အိမ်ထဲမှာ လူနှစ်ယောက်ပဲ ရှိနေပါ၏။ နှစ်ယောက်က ဝရန်းသုန်းကားဖြစ်တုန်း။ အများနှင့်တစ်ယောက်ပေမို့ ရေရှည်ဆွဲနေလျှင် အကျိုးမရှိနိုင်သဖြင့် မင်းဝဏ္ဏ သွက်လက်စွာ တိုက်ခိုက်လိုက်သည်။

နွားသိုးကြိုးပြတ်၊ ကမူးရှူးထိုးဖြစ်နေသည့် မင်းဝဏ္ဏသည် လေနတ်သားနှယ်။ သူတို့လက်ထဲမှ ဓားတွေလွင့်ကျစေရေး အဓိကထားတိုက်ပြီးလျှင် မင်းဝဏ္ဏအိမ်ပေါ်မှ ဆင်းပြေးခဲ့ပါလေတော့၏။ စောစောက လဲနေသည့် နှစ်ယောက်နှင့်ပေါင်းလျှင် လေးယောက်ဖြစ်တော့မည့်ပွဲကြီးကို သူအမိုက်ခံပြီး တိုက်ခိုက်မနေတော့။ အဓိက က···ပြဿနာမှ ရှောင်ထွက်နိုင်ရေးသာဖြစ်သည်။

ခပ်နိမ့်နိမ့်ခြံစည်းရိုးမှ ခုန်ကျော်ပြီး မင်းဝဏ္ဏ ပြေးလွှားနေစဉ် အမှောင်ရိပ်ကလည်း သူ့ကိုအကူအညီ ပေးနေပါလေ၏။ မည်သို့ပင်ဖြစ်စေ သူ့နောက်မှ လူတစ်ယောက် ထပ်ချပ်နီးပါး ပြေးလိုက်လာနေတာလည်း မင်းဝဏ္ဏသိရှိနေ၏။ နောက်က လူမှာသေနတ်ပါသလား၊ ဓားပါသလား။ ကျောတော့ ယားနေတာအမှန်။ သည်စဉ် နောက်မှ လှမ်းအပိန့်ပေးသံ ကြားလိုက်ရ၏။





"ဟော့···ရပ်လိုက်···မရပ်ရင် ငါပစ်ထည့်လိုက်မှာနော်"

မင်းဝဏ္ဏ ရပ်ပြီးလှည့်ကြည့်လိုက်သည်။ တကယ်ပါပဲ။ ထိုလူမှာ သေနတ်တစ်လက်နှင့်။ ခဏချင်းပင် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်သွားရ၏။ ထိုသူက မင်းဝဏ္ဏကို ငြိုးသူရန်ဖက်ကြီးနှယ် တတွတ်တွတ်ကြိမ်းမောင်းလေတော့သည်။

"ဟော့ကောင် နင့်ယောကျ်ားမ အခု ဘယ်ရောက်သွားပြီလဲ။ င်ဝင်ရှုတ်လို့ တို့အလုပ်တွေ ကမောက်ကမ မဖြစ်ကုန်ရတာ။ ပြော င်တို့ဘယ်မှာတည်းသလဲ။ ဦးအောင်ထက်ကို ပြန်ရှာမတွေ့လို့ကတော့ င်ကိုအရှင်မထားဘူး···လှည့်···ဟိုဖက်လှည့်···နင့်ကိုဓားစာခံ ပ်ပြီး ဦးအောင်ထက်ကို ပြန်ရှာရမယ်"

ပိန်ပိန်ရှည်ရှည်လူကြီး၏ ဒေါသတွေက သူ့အပေါ်ပုံကျနေခဲ့ ည်။ သူမှာ ထိုလူကြီးခိုင်းသည့်အတိုင်း လောလောဆည်နာခံရမည် ာ။ အဘယ်ကြောင့်ဆို လူတိုင်း၊ လူတိုင်း ကိုယ့်အသက်တော့ နှမြော ကြသည်ပင်။

လူနေကျဲပါးလှသည့် တောင်ပေါ်လမ်းတွေမှာ မင်းဝဏ္ဏအတွက် ူမည့်သူလည်းမမြင်။ သူ့ဦးနှောက်တွေ ပူထူနေအောင် စဉ်းစားရပြန်၏။ ဆီရောက်သို့၊ သူတို့လူစုတွေ တဖန်ပေါင်းစည်းမိလျှင်တော့ မင်းဝဏ္ဏ ည်သို့မျှ တတ်နိုင်တော့မည်မဟုတ်ပါ။

သူ့နောက်မှ ကိုလန်ဘားက သူ့အနားသို့ အရမ်းမကပ်။ သူ၏ သိုးကြိုးပြတ်တိုက်ကွက်တွေကို ထို လူ မေ့သေး။ ခပ်လှမ်းလှမ်းမှသာ

သေနတ်ဖြင့် ချိန်ရွယ်အမိန့်ပေးနေခဲ့သည်။

သည်စဉ် ရေမှုခြုံပျက်ကြီးတစ်ခု တွေ့လိုက်ရသဖြင့် မင်းဝဏ္ဏ စွန့်စားကြည့်ဖို့ ဆုံးဖြတ်လိုက်၏။ ခလုတ်တိုက်သလိုမျိုး ဆတ်ခနဲ လိမ့်ဝင်ပြီး သစ်ပင်တွေကြားသို့ သူလျှောက်ပြေးလေတော့သည်။

"ဒိုင်း...ဒိုင်း"

သေနတ်သံနှစ်ချက်ဆင့် ကြားလိုက်ရသော်လည်း သူ့ကိုမထိသေး။ သေနတ်သံကလည်း ကားဘီးပေါက်သလောက်သာ။ မင်းဝဏ္ဏမှာ ပြေးရင်းလွှားရင်းပင် အသင့်တွေ့ရသည့် အိမ်ကလေးထဲသို့ စွတ်ခနဲဝင်လိုက်၏။

"ဟာ"

မှန်မီးအိမ် မလင်းတလင်းမှာ ကိုယ်ဝန်သည် အမျိုးသမီး တစ်ယောက်ထိုင်နေတာ တွေ့လိုက်ရသဖြင့် မင်းဝဏ္ဏ အိမ်ပြင်သို့ပြန်ထွက်ဖို့ပြင်ရသည်။ တစ်ခုခုဖြစ်နေလျှင် ကိုယ်ဝန်သည်မှာ ကြားထဲက ဒုက္ခရောက်ပေလိမ့်မည်။

တဒင်္ဂအတွင်း သူလျှင်မြန်စွာ ပြန်လှည့်လိုက်၏။

"ကိုမောင်...ပြန်လာပြီလား...ဟင်...မောင်လေး"

ကြားဖူးနေကျ ကရုဏာသံစဉ်လှိုင်းကြောင့် မင်းဝဏ္ဏအတွက် ကမ္ဘာမြေကြီး သွက်သွက်ခါသွားခဲ့သည်။

"မမ..."

သူ့အသံက သူ့ရင်ခေါင်းထဲမှ မယုံနိုင်စရာ အသံကြီးဖြင့်





ှ်အက်ထွက်ကျသွားခဲ့သည်။ သူသေဘေးကို တဒင်္ဂမေ့လျော့သွားခဲ့၏။ မခင်မြတ်အတွက် သည်ခရီးလမ်းကို သူထွက်ခဲ့တာမဟုတ်လား။ မမခင်မြတ်ကို တွေ့လိုဇောဖြင့် သူ့အသက်ကိုစွန့်ပြီး ရှာဖွေနေခဲ့တာမဟုတ်လား။

"မမ...မမခင်မြတ်"

အက်ကွဲသော သံစဉ်စိမ်းဖန့်ဖန့်ဖြင့် နေရာမှာတင် မင်းဝဏ္ဏ ကျောက်ရုပ်ဖြစ်နေခဲ့သည်။ မောင်နှမနှစ်ယောက်၏ တွေ့ဆုံခန်းက ရင်နာဖွယ်ရာ အကောင်းဆုံး ဇာတ်ဝင်ခန်းဖြစ်ခဲ့ပြီ။

မမခင်မြတ်သည်လည်း နေရာမှာကျောက်ရုပ် ဖြစ်ခဲ့ပြီ။ မျက်နှာန်းမလှတော့သည့် သူမ၏အခြေအနေတွေကို မောင်လေးမြင်တွေ့သွားခဲ့ပြီကော။ ဖြစ်နိုင်လျှင် မြေကိုခွဲပြီး အဝီစိသို့သာ ခင်မြတ်ရောက်သွားချင်မိပါတော့၏။

"ဟားဟားဟားဟား...တကယ့်လွမ်းခန်းပါလားဟေ့"

နောက်မှလန်ဘား၏ အသံနှင့်အတူ သူ့လည်ဂုတ်မှာ အေးစက်က် အတွေ့အထိကို ရလိုက်၏။ သေနတ်ပြောင်းဝနှင့် တေ့ထားပြန်ပြီပေါ့။

လောကကြီးအပေါ် နာကျည်းစိတ်ကုန်သွားသည့် မင်းဝဏ္ဏက ဒေါ်ရာရသည့် သားကောင်တစ်ကောင်၏ အသံမျိုးဖြင့် ပြန်လည်ဟစ်အော်လိုက်သည်။

"ဟေ့လူ...ကျုပ်လိုက်မယ်။ ခင်ဗျားလုပ်ချင်သလိုလုပ်။ ဒီ

အခန်းထဲမှာသာ ရုတ်ရုတ်သဲသဲ မဖြစ်ပါစေနဲ့ မမ နေဦးခဏကြာရင် ကျွန်တော်ပြန်လာမယ်။ စောင့်နေနော် မမ ဘယ်ကိုမှထပ်ပြီး မပြေးနဲ့တော့။ မပုန်းနဲ့တော့။ အဖေနဲ့အမေဟာ မမခင်မြတ်ကို မတွေ့ရတဲ့အတွက် ရင်ကွဲနာကျနေကြပါပြီ"

ခင်မြတ်၏ သွေ့လောင်တင်းတောင့်နေသော စိတ်များကို နလုံးသွေးများက တိုက်စားဆွဲလှုပ်လိုက်သဖြင့် သူမ၏မျက်ဝန်းတစ်ခုလုံး ရေခဲမြစ်သဖွယ် အရည်ပျော်စီးဆင်း သွားခဲ့ကြသည်။ သို့သော် ခင်မြတ်၏မျက်ဝန်းများမှာ ပြူးကျယ်ထိတ်လန့်လျှက် . . .

"မောင်လေး"

"ရတယ် မမ . . . ခဏနော် . . . ကျွန်တော်လိုက်သွားဦးမယ်"

"အေး . . . အေး . . . အသက်ရှင်လျှက်တော့ ပြန်လာရမယ် မထင်နဲ့။ ဝိညာဉ်တစ္ဆေအဖြစ်သာ ပြန်လာရမယ်မှန်"

လန်ဘား၏ မထီမဲ့မြင် စကားသံအဆုံးမှာ အခြေအနေတွေက ဖျတ်ခနဲ ပြောင်းလဲသွား၏။

"မမ . . ."

မမခင်မြတ်က လန်ဘား၏လက်ထဲမှ သေနတ်ကိုဆတ်ခနဲ ပြေးလုလိုက်ခြင်းကြောင့် သူ့မျက်လုံးတွေ ပြာနမ်းသွားခဲ့သည်။

ဘဝကို မခင်တွယ်တော့ဘူးလား မမရယ် . . .

"ဟိတ်လူ . . . ခင်ဗျား"

လန်ဘားက မမခင်မြတ်ကို ပိတ်ကန်ဆောင့်တွန်းလိုက်သော်





လည်း သေနတ်က မမခင်မြတ်လက်သို့ ပါသွားခဲ့သည်။ အခန်းထောင့်မှာပုံကျ လဲခွေသွားသည့် မမခင်မြတ်ကိုကြည့်ပြီး မင်းဝဏ္ဏ၏ နလုံးသွေးတွေ တဖွက်ဖွက် ဆူတက်သွားရ၏။ အာခေါင်ထဲမှ ထွက်သည့်အသံဖြင့် သူအော်ဟစ်လိုက်သည်။

"ခွေးကြီး . . . လူမဆန်တဲ့သူ"

သည့်နောက်တော့ သူ့မျက်လုံးတွေ ပြာနမ်းသွားပြီး ထိုလူနှင့် သွေးရူးသွေးတန်း လုံးထွေးသတ်ပုတ် နေလိုက်သည်မှာ တကယ့်ငြိုးသူ ရန်ဖက်ကြီးတွေသဖွယ် . . .

ဖျက်ခနဲ လူချင်းအကွာမှာတော့ တစ်ဖက်လူက ဓားကိုဆတ်ခနဲ ဆုတ်ပြီး ခလုတ်ဖွင့်ထည့်လိုက်သည်။ မှန်မီးအိမ်၏အရောင်မှာ ဓားသွားက တလက်လက်ဝင်းပလျှက်။ သူ့မှာတော့ ဘာလက်နက်မှမရှိ။

လက်ရည်တူရသည့်ကြားထဲ ဓားနှင့်ဆိုတော့ လန်ဘားပို၍ အားတက်သွားပုံရလေ၏။ ဓားအားကိုးဖြင့် မင်းဝဏ္ဏထံက ကမူးရှူးထိုး ဝင်တိုက်ခိုက်တော့သည်။ ခံစစ်ကိုသုံးရင်း သူ့အလူးအလဲ ရှောင်တိမ်းနေရစဉ် ရန်သူ့လက်မှဓားက တစ်နေရာသို့ လွင့်ခနဲ ပြေးထွက်သွား၏။ ထိုစဉ် သေနတ်သံ တစ်ချက်လည်း ကြားလိုက်ရသည်။

"မမခင်မြတ်"

မသိစိတ်၏ နှိုးဆော်မှုအရ မင်းဝဏ္ဏ မမခင်မြတ်ကို လှည့်ကြည့်ပြေးသွား၏။ မမခင်မြတ်၏ရင်အုံမှာ ဓားကတဆုံး နစ်ဝင်နေခဲ့သည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများနှင့် မမခင်မြတ်အသွင်က ဖရိုဖရဲ။

သူ့လက်ထဲမှ သေနတ်မှာလည်း လက်တစ်ကမ်းမှာ လွတ်ကျလျက်။

"မမ . . . မမခင်မြတ်"

သူ တဖွဖွအော်ခေါ်နေသော်လည်း မမခင်မြတ် မသိနိုင်တော့။ နှုတ်ခမ်းထောင့်မှ သွေးစတို့ ပွက်ခနဲ အန်ကျရင်း မမခင်မြတ်တစ်ယောက် ပျော့ခွေညွှတ်ကျသွားခဲ့၏။

ရင်ထဲမှ ဗလောင်ဆူရင်း မီးဟုန်းဟုန်းတောက်လောင်နေသော ရင်ဖြင့် မမခင်မြတ်ကို သူကြုံးပွေ့ထားမိသည်။ မမရင်ဘတ်မှ ဓားကို ဆွဲနှုတ်ပြီး ရန်သူ့နောက်သို့ လိုက်ဖို့ပြင်စဉ် သေနတ်သံများကြောင့် လူအများရောက်ရှိလာခဲ့ကြသည်။ နားရွက်သို့ သေနတ်ရှပ်မှန်သွားခဲ့သည့် ရန်သူက မရှိပါချေတော့။





ဘယ်လောက်များ ဆိုးဝါးလိုက်တဲ့ ကံတရားတွေလဲ။

အစ်မအရင်းကို မောင်အရင်းက သတ်သတဲ့။ အများ၏ မျက်မြင်သက်သေများအရ သူထောင်ငါးနှစ် ကျခံခဲ့ရသည်။ ကမ္ဘာကျေ သော်လည်း ဥဒါန်းမကျေရသူက မမကိုဓားဖြင့် ပစ်ပေါက်ခဲ့သည့် ကိုလန်ဘားပဲဖြစ်သည်။ နားရွက်တစ်ဖက် စုတ်ပြတ်သတ်သွားသည့် လန်ဘား၏ ရုပ်သွင်သည် မင်းဝဏ္ဏ၏ အသည်းပြင်မှာ ကမ္ပည်းအက္ခရာ တင်ပြီးဖြစ်သည်။

လူတစ်ယောက်ကို သိပ်မုန်းလျှင်လည်း အသည်းစွဲတတ်သည် မဟုတ်ပါလား။

သူတို့၏ မိသားစုအသိုက်အမြုံကို ဖျက်ဆီးခဲ့သူ၊ သူ့ဘဝ၏

အညွန့်တလူလူကို ချိုးဖဲ့ခဲ့သူ၊ စွဲချက်တွေကတော့ အများအပြား။

မင်းဝဏ္ဏာ ထောင်မှလွတ်တော့ ရွာသို့ပြန်လာခဲ့သည်။ နှစ်ပေါင်းများစွာ လွမ်းဆွတ်ကြေကွဲနေရရှာမည့် မိနှင့်ဖကို အတိုးချပြီး ပြုစုလုပ်ကျွေးမည်။ အလွမ်းတွေပြေစေမည်ဟူသော စိတ်ကူးများနှင့်ဖြစ်သည်။

သို့သော် အရာအားလုံးသည် ပြီးဆုံးနှင့်ပြီဖြစ်ကြောင်း ရွာကိုရောက်သည်နှင့် မင်းဝဏ္ဏာ သိရှိရခဲ့သည်။

ဇာတိရပ်ရွာ၏ တောသုသာန်လေးမှာ အမေ့မှတ်တိုင်ကို ခေါင်းထိုးငိုကြွေးရှုံ့မှုတစ်ပါး မင်းဝဏ္ဏာ ဘာမှမတတ်နိုင်တော့ပြီလား။

သူ့အတွက် လွတ်မြောက်နိုးနှင့် ကြားထဲက အမှုပွဲစား၊ ဒလံရှုများထံရှိသမျှ ပစ္စည်းတွေ ထုခွဲရောင်းချထိုးအပ်ရင်း စီးပွားရေးချွတ်ခြုံချဆင်းရဲမွဲတေသွားခဲ့သည့် မိနှင့်ဖ။ နောက်ဆုံးမှာ သားဖြစ်သူထောင်ကျသမီးက အသေဆိုးနှင့်သေ။ ပါရမီမရှိတော့လည်း အမေခံနိုင်ရည်မရှိအမိ၏မြေပုံမို့မို့လေးမှာ ပါးအပ်ပြီးမင်းဝဏ္ဏာ မချိတင်ကဲ နာကျင်ကြေကွဲရသည်။ ဘယ်လိုမှ ဖြေဆည်လို့လည်း မရနိုင်တော့။

ဖခင်ကလည်း မွေးရပ်မြေကိုစွန့်ခွာပြီး သက်နှင်းဝတ်လျှက်ထွက်ခွာသွားခဲ့ပေပြီ။ ဘယ်ဝယ်၊ ဘယ်စခန်းဆီ မြန်းကြွခြေရာဖျောက်သွားရှာပြီမသိသည့် ဖခင်ကြီးကို မျှော်ပုန်းတမ်းတရင်း ယောကျ်ားတန်မဲ့မင်းဝဏ္ဏာ၏ စိတ်နှလုံးမှာ မီးဟုန်းဟုန်းလောင်မြိုက်သည့်နှယ် ခံစားခဲ့ရသည်။ သောကပရိဒေဝ၏ ပူလောင်ခါးသည်းမှုဒဏ်ဆိုတာ အင်မတန်ဆိုးဝါးလှချေတကား။





ရွာဦးကျောင်းဆရာတော်ဘုရား၏ အဆုံးအမမှာ တရားနှင့်ဖြေကြည့်လည်း သူ့အပေါ်မှာမှ အသနား၊ အညှာတာမရှိသည့် ကံကြမ္မာ၏ ရမ်းကားမှုကို မင်းဝဏ္ဏာ နာကျည်းမိသည်။

သည်အဖြစ်အပျက်တွေ၏ တရားခံသည် ဘယ်သူလဲ၊, သည်သောကပရိဒေဝတို့၏ တရားခံသည် ဘယ်သူလဲ။ သူ့မျက်ဝန်းထဲမှာ နားရွက်တစ်ဖက် စုတ်ပြတ်ထွက်သွားသည့် ကိုလန်ဘား၏ မျက်နှာကြီး ကခါးသည်းစွာ ပေါ်လာပြန်ချေ၏။

မိခင်၏မြေပုံမှ မြေစိုင်ခဲတို့ကို လက်နှင့်ဆုပ်ပြီး မင်းဝဏ္ဏာ တိုင်တည်နာကျည်းမိတော့ပြီ။

"ဒီ တရားခံကို သားကိုယ်တိုင် ဒဏ်မခတ်ရသေးသမျှ သားတာဝန်ဘယ်တော့မှ မကျေဘူးလို့ မှတ်ယူပါရစေ အမေ・・・သားတို့ရဲ့သာယာလှပတဲ့ မိသားစုလေးကို ချေဖျက်ခဲ့တဲ့ အဲဒီတရားခံကို မြေလှန်ပြီးသားရှာမယ်・・・သားကလဲ့စားချေမယ် အမေ"

မိခင်၏ မှတ်တိုင်နားမှာ သည်ကနေ့ နောက်ဆုံးနေခြင်းပါပဲ။ မနက်ဖြန်မှစတင်ပြီး တရားခံကို သူရှာဖွေတော့မည်။ ထို့အတူ ဖခင်ကြီးကိုလည်း မင်းဝဏ္ဏာရှာဖွေမည်။ ဖခင်ကြီး၏အနားမှာ ရေပူရေချမ်း ကမ်းလှမ်းပြီး သူနေမည်။

သည်စဉ် တောသုသာန်လေးဆီသို့ ဖုန်တထောင်းထောင်းထအောင် လှည်းတစ်စီး မောင်းနှင်လာခဲ့သည်။ ဘာလုပ်ရအောင်လာတဲ့လှည်းလဲ။ သည်အချိန်ကြီးမှာ မောင်းနှင်လာသည့်လှည်းသည် အသုဘ

ချသည့် လှည်းတော့မဖြစ်နိုင်။

ညနေဆည်းဆာ အိုအိုထဲမှာ ညောင်မှတ်ဆိတ်ပင်ကြီးများအောက်မှ မင်းဝဏ္ဏာ ငေးမျှော်ကြည့်မိပြန်သည်။ အကျည်းတန်လှသည့် လောကကြီးထဲမှာ ဒီဖုန်းတထောင်းထောင်းထ လှည်းကလေးသည် သူ့ကံကြမ္မာကို တဖန်လင်းလက် တောက်ပစေမည်ဖြစ်ကြောင်း မင်းဝဏ္ဏာ ကြိုတင်မသိရှိခဲ့ပါ။

လှည်းပေါ်မှ အသက်ခြောက်ဆယ်ကျော် လူကြီးတစ်ယောက် ဆင်းလာပြီး သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့သည်။ ထိုလူကြီး၏နောက်မှာလည်း ရည်ရည်မွန်မွန် ဥပမိရုပ်နှင့် လူရွယ်တစ်ယောက် လိုက်ပါလာလေ၏။ လှည်းကတော့ ဘကြီးသာကျော်လှည်းပဲ။

"သား…လူကလေး"

မင်းဝဏ္ဏာ မျက်မှောင်ကုတ်လျက် ကြည့်လိုက်သည်။ သူ ဘယ်သူလဲ…

ထိုလူကြီးက ချက်ချင်းပင် တုန်တုန်ရီရီဖြင့် မင်းဝဏ္ဏာ၏ အနားသို့ရောက်ရှိလာခဲ့၏။ ထို့နောက် သူ့ပုခုံးကို ဆွဲထူပွေ့ဖက်ပြီး မျက်ရည်စတွေနှင့် သူ့ပုခုံးပေါ်ပါးအပ်လာသောအခါ ထိုလူကြီးကို သူအမှတ်ရသွားပါချေတော့၏။

ဦးအောင်ထက်…ငါးနှစ်တာအတွင်း အတော်ပင် အိုစာသွားခဲ့ပါပကော။

"အန်ကယ်…အန်ကယ် ဘာမှမဖြစ်ဘူးနော်။ ကျွန်တော်





ဝမ်းသာပါတယ်။ ကျွန်တော်လည်း ကျွန်တော့်ပြဿနာတွေနဲ့မို့ ဆိုက်ပြီး အန်ကယ့်ကို ပြည်မအထိ မစောင့်ရှောက်နိုင်ခဲ့ဘူး။ သတိကတော့ တစ်ခါ တစ်ခါရနေတာပါပဲ"

"ဩော်…လူကလေးရယ်"

မင်းဝဏ္ဏာ၏ ပုခုံးကိုကျစ်ကျစ်ဖက်ရင်း ဦးအောင်ထက် ခံစားနေရသည်။ သူထင်ထားသည်က သူ့ကိုမြင်လျှင် ကိုယ်လွတ်ရုန်းပြေးရပ်မလား။ ဒုက္ခ၊ သုက္ခတွေထဲမှာ ထိုးချထားခဲ့ရပ်မလားရယ်လို့ လူကလေး ရန်တွေ့လေမလားဟူ၍ဖြစ်သည်။

ယခုတော့ လောကကြီးအပေါ် အကောင်းမြင်၊ ဖြူစင်သန့်ရှင်းသည့် အတွေးဖြင့် သူကပဲ မိမိကိုအားနာ၊ စိတ်မကောင်း ဖြစ်နေရရှာသေးသည်။ မျှော်မှန်းဘားတာထက် ပိုပြီးမင်းဝဏ္ဏာအပေါ်မှာ ဦးအောင်ထက် စေတနာရှိသွားခဲ့ရသည်။

"ကဲ…လာပါ…ထပါ…လူကလေးရယ်။ မင်းမိဘတွေ မရှိတော့ပေမယ့် အန်ကယ့်ကိုပဲ အဖေလိုသဘောထား။ အန်ကယ် လူကလေးကို မွေးစားမယ်။ ဒါအဖေ့ရဲ့သား။ လူကလေးရဲ့ အစ်ကိုပေါ့။ သား…ဒါ…အဖေခဏခဏ တဖွဖွပြောခဲ့တဲ့ လူကလေးပဲ။ ကဲ ဘယ်လောက်ဖြူစင် သန့်ရှင်းလိုက်တဲ့ကလေးလဲ။ မင်းရော ချစ်သွားပြီ မဟုတ်လား"

"ဟာ အန်ကယ်…အဲ…ကျွန်တော်"

မင်းဝဏ္ဏာမှာ ထစ်ထစ်အအနှင့် ကြောင်အမ်းနေရဆဲ အတူပါ

လာသည့် လူရွယ်ကလည်း သူ့ကိုညင်သာစွာ ဖေးမလက်ကမ်းခဲ့သည်။

"လာ…ညီ…အစ်ကိုတို့သားအဖ၊ ညီအကိုတွေ အတူနေကြဖို့ ခုချိန်ကစပြီး ညီဘာမှ အားမငယ်နဲ့တော့နော် ညီမှာဖအေစား၊ အကိုစား ရပြီလို့သာမှတ်လိုက်"

သူတို့သားအဖ၏ ညင်သာဖေးမမှုကြားထဲမှာ လိုက်ပါလာခဲ့ရပေမယ့် ဝေဘာသုသာန်လေးနှင့် အမေ့မြေပုံကိုတော့ မင်းဝဏ္ဏာလည်ပြန်လှည့်ကြည့်နေလျှက်။ သူ…ဘကြီးသာကျော်လှည်းပေါ်မှာ အတူလိုက်ပါလာခဲ့ရသည်။

ရွာကလေးက ပျောက်ကွယ်တော့မည့် ဆည်းဆာနီနီအောက်မှာ မင်းဝဏ္ဏာ၏ အသည်းနှလုံးကို ကိုင်လှုပ်ဆွဲညှစ်နေပြန်သည်။ သူ့ဘဝမှာ မိနှင့်ဖမရှိတော့။ မမခင်မြတ်မရှိတော့။ သေကွဲ၊ ရှင်ကွဲတွေဖြင့် ဘဝကြမ်းတွေထဲမှာ သူ့ကိုထားရစ်ခဲ့ကြပေပြီ။ အံကိုတင်းတင်းကြိတ်ထားသည့်ကြားမှ သူ့မျက်ရည်တွေ တသွင်သွင် စီးကျနေခဲ့သည်။ ဦးအောင်ထက်တို့သားအဖမှာ သူ့လက်များကို ကိုင်ညှစ်အားပေး နေကြရုံမှအပ သူ့ကို စကားမဆိုခဲ့ကြ။ လူကလေး စိတ်ရှိလက်ရှိ လွမ်းပါစေလေ…

ဦးအောင်ထက်က သူ့အလွမ်းများကို ဖေးမနားလည်ပေးခဲ့သည်။

"လူကလေးရယ် အဲဒီတုန်းက အဖေထင်ခဲ့တာက အဖေရှိရင် မင်းငဲ့နေရတာနဲ့ တိုက်ရ၊ ခိုက်ရတာ မတွင်မကျယ် ဖြစ်နေမယ်ဆိုပြီး အရင်ပြေးနှင်ခဲ့တာပါ။ လူကလေးကိုလည်း သူတို့လက်ထဲက ဖေါက်ထွက်လာခဲ့နိုင်မယ်လို့ အဖေထင်ခဲ့ပါတယ်။ အဖေကတော့ ကံအား





ျော်စွာ လွတ်မြောက်ခဲ့တယ်လေ။

နောက်တစ်နေ့မှာတော့ လူဆိုးနဲ့လုံးထွေးသတ်ပုတ်ရင်း ကိုယ်ဝန်ဆောင်မိန်းမတစ်ဦးကိုသတ်မှုနဲ့ လူကလေး အဖမ်းခံနေရတာ အဖေကြားခဲ့ရပါတယ်။ ဒါပေမယ့် အဖေကလည်း မဖြူစင်ခဲ့တဲ့သူဆိုတော့ လူကလေးရှိရာကို မလာရဲဘူး။ မီးခိုးကြွက်လျှောက်တွေ ဖြစ်ကုန်မှာစိုးလို့ ပြည်မကိုပဲ ပြန်ပြေးခဲ့မိပါတယ်။

အဖေ့စိတ်ထဲမှာတော့ လူကလေးကို သားအရင်းနှယ် ကြင်နာသနားခဲ့ရတာပါပဲ။ လူကလေးထောင်က ထွက်လာတဲ့အချိန်မှာ ခေါ်ယူမွေးစားမယ်လို့ ဆုံးဖြတ်ထားခဲ့တယ်။ လူကလေးသတင်းကို အမြဲနားစွင့်နေပြီး အခုလွတ်ပြီဆိုတော့ လူကလေးရဲ့ရွာကို လာခေါ်ခဲ့တာပါ။ သားကြီးကလည်း လူကလေးကို မွေးစားမှာ သဘောတူပါတယ်"

ဦးအောင်ထက်၏ စကားရှည်ကြီးကို နားထောင်နေရသည်မှာ အိမ်မက်မက်နေရသည့်သဖွယ်။ ဦးအောင်ထက်၏ သားကြီးကလည်း ဝင်ပြောခဲ့ပါသည်။

"ညီသာပကယ်ခဲ့ရင် အခုလောက်ဆို အဖေအရိုးဆွေးနေပြီ။ ကိုယ့်အဖေရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ခဲ့တာနဲ့တင် ညီကို အိမ်ဦးခန်းမှာ ထားဖို့ကောင်းနေပြီ။ အခု ညီ့ကိုမြင်လိုက်ရတော့ အကို့စိတ်ထဲမှာ အဖေ့ဒဏ်ဝင်ခံရရှာတဲ့ တစ်ကောင်ကြွက်ကလေးကို ပိုပိုပြီးကြင်နာသနားမိပါတယ်။ အဖေ…ညီ့ကိုချစ်သလို၊ အကိုကလည်း ချစ်ပါတယ်။ အဖေ…ညီ့ကို မွေးစားမှာ အကိုသဘောတူပါတယ်"

"အဖေသေတော့လည်း ညီအကိုနှစ်ယောက် သင့်သင့်မြတ်မြတ်နဲ့ ဆက်နေကြပေါ့ကွာ။ အမွေကတော့ မသေခင်ကတည်းက ညီညီမျှမျှခွဲပေးခဲ့ပါ့မယ်"

ဦးအောင်ထက်က ရယ်ရယ်မောမောပြောခဲ့သည်။

"ဟာ...အဖေကလည်း သေစကားတွေ မပြောပါနဲ့ဦးဗျာ။ မဖြစ်ပါဘူး...အဖေအသက်ရှည်အောင် မိန်းမငယ်ငယ်လေး တစ်ယောက်လောက် ရှာပြီးပေးစားဦးမှပါ"

"အမလေး သားကြီးရယ် ငါ့ဖာသာ တရားနဲ့နေပါရစေကွာ အေးအေးပဲ သေပါရစေ"

လှည်းပေါ်မှာ ရယ်သံလေးများ စိုလွင်နေခဲ့စဉ် လှည်းကရွာထဲသို့ဝင်လာခဲ့သည်။

မင်းဝဏ္ဏ ရွာဦးကျောင်းဆရာတော်ကို ကန်တော့ရဦးမည်။ ဆွေနီးမျိုးစပ်များကိုလည်း နှုတ်ဆက်ရပေဦးမည်။





## အခန်း(၉)

သန့်ရှင်းသည့် စားသောက်ဆိုင်လေး၏ မှန်ချပ်များမှ လရိပ်ကို ထိုးဖောက်မြင်နေရသည်။ မင်းဝဏ္ဏ၏အသံတို့က အိပ်မက်တိုင်းပြည်ထဲမှ အသံနယ်။ သူ့အသံတွေက စကြဝဠာ အနံ့ပျံ့လွင့်နေလေသလား။

အို သူ့ဘဝဟာ ကြမ်းတမ်းဆိုးရွားလှပါလားနော်။ ခင်စင်ရော် ခံစားနိုင်တော့။ ကျိတ်ပြီးငိုရှိုက်နေရတာ မောပန်းလွန်းလှပါပြီ။ မျက်ရည်တို့ကလည်း သုတ်မနိုင်၊ ဆီးမနိုင်။

"မင်း ကိုယ်ပြောတာတွေကို ယုံရဲ့လား စင်ရော် ကိုယ်ဟာ ဘယ်တုန်းကမှ မုသားမပြောတတ်ခဲ့ဘူး။ အသက်နဲ့ရင်းပြီးတောင် ရှာဖွေခင်မြတ်နိုးခဲ့ရတဲ့ မမခင်မြတ်ကိုသတ်မှုနဲ့ ကိုယ်ထောင်ငါးနှစ်ကျခဲ့ရတယ်။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်တဲ့ လောကကြီးလဲ

ဟင်···မင်းငိုနေသလား"

သူ့စကားအဆုံးမှာ မင်းဝဏ္ဏ···ခင်စင်ရော်ကို ငုံ့ကြည့်သည်။ သူမအဖြစ်က မျက်ရည်လည်ရွဲ။ ခင်စင်ရော် စကားမပြန်နိုင်။ ခေါင်းကို သာညင်သာစွာခါရမ်းပြမိသည်။ ကျွန်မဘာဖြစ်သွားသလဲဆိုတာ ရှင် တကယ်ပဲ မသိခဲ့ဘူးလားကွယ်။

"ကဲ···မင်းငိုအောင် ပြုလုပ်မိတဲ့အတွက် ခွင့်လွှတ်ကွာ။ ကဲ တို့တွေ ထမင်းစားကြရအောင်"

မင်းဝဏ္ဏက သက်ပြင်းတစ်ချက်ချပြီး ပေါ့ပါးစွာပြောနေသော်လည်း သူမ မပေါ့ပါးနိုင်ခဲ့ပါ။ ရင်ထဲမှာ အရမ်းခံစားနေရပေပြီ။

"ကျွန်မစားလို့ရမှာ မဟုတ်ပါဘူးရှင်။ ကျွန်မကိုအဆောင်ပဲ ပြန်ပို့ပေးပါတော့နော်။ ကိုးနာရီခွဲနေပြီ။ ဆယ်နာရီဆို အဆောင်ပိတ်တယ်"

"နည်းနည်းဖြစ်ဖြစ် စားပါဦးကွယ်။ ကိုယ့်ကို ဂုဏ်ပြုတဲ့အနေနဲ့ လူသတ်သမား ထောင်ထွက်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့"

သူ့စကားကြောင့် အစကတည်းက မနည်းထိန်းချုပ်နေရသည့် ခင်စင်ရော်မှာ ဝမ်းပန်းတနည်း ရှိုက်ငိုခဲ့မိသည်။ မကြားရက်လို့ပါ လူကြီးမင်းရယ်···

"ကဲ···မင်းကတော့ ငိုပြီးရင်း ငိုရင်းပဲ။ ကောင်းတယ် မိန်းမဖြစ်ရတာကောင်းတယ်။ ဝမ်းနည်းစရာရှိရင် ငိုမယ်။ ပျော်စရာရှိရင်လည်း ငိုမယ်။ သူတို့ရင်ထဲမှာ ဘာမှမကျန်ရစ်ခဲ့တော့ဘူးပေါ့။ ငါလည်း





မတစ်ယောက်သာဖြစ်ခဲ့ရင် ငါ့ရင်ထဲမှာ ခံစားနေရတဲ့က ကောင်းကင်ကြီးလောက် သောကအစိုင်အခဲတွေကို မျက်ရည်အဖြစ် အရည်ဖျော်ချ င်မှာပဲ"

လူတစ်ဖက်သားကို ချိုးချိုးဖွဲ့ဖွဲ့၊ နိမ်နိမ်ချချ ပြောနေပေမယ့် ည်း သူ့ကို ခင်စင်ရော် နှုတ်တုံ့မပြန်ရက်ပါ။ ရှင်စိတ်ချမ်းသာမယ် ရင် ရှင့်အတ္တတွေ လျော့ပါးသွားမယ်ဆိုရင် ပြောချင်သလောက် ပြောချ က်ပါ။ ကျွန်မရင်စည်းပြီး ခံပါ့မယ်နော်။

ခင်စင်ရော်မှာ စားသောက်ဆိုင်ထဲမှ နာရီကြီးကိုသာ ထိတ်လန့် ကြီး ကြည့်နေရပြန်သည်။ ကိုးနာရီလေးဆယ်···

"ဦးမင်းဝဏ္ဏ ကျေးဇူးပြုပြီး ကျွန်မကို အဆောင်ပြန်ပို့ပေးပါ တော့နော်။ ဆယ်နာရီထိုးတော့မယ် ကျွန်မ"

"ဟာကွာ မိနစ်နှစ်ဆယ်ကြီးတောင် လိုသေးတာပဲ။ နေစမ်းပါဦး င်းတစ်ခါမှ ဆယ်နာရီထိအောင် အပြင်မှာ မလည်ဖူးဘူးလား။ မင်းတို့ အဆောင်က ကောင်မလေးတွေကရော တစ်ခါမှဆယ်နာရီကျော်အောင် နေဖူးဘူးလား။ ပုဂ္ဂလိက အဆောင်ပဲကွ ခုမှသိပ်ပြီးကြောက်ပြမနေပါနဲ့"

သူ့စကားတွေက နိုင်ထက်စီးနင်းနိုင်လှသည်။ သို့သော် ဒဏ်ရာ တွေနှင့် စုတ်ပြဲကြေမွနေသည့် လင်းယုန်ကြီးကို သူမခွင့်လွှတ်ရပါသည်။ ျ်မရဲ့နားလည်မှုတွေကို အလွဲသုံးစားတော့ လုပ်မပစ်နဲ့ပေါ့ လူကြီးမင်း ယ်···

"ကြိုပြောသွားရင်တော့ တစ်မျိုးပေါ့။ ကျွန်မတို့အဆောင် စည်းကမ်းရှိတာ ရှင်သဘောမကျဘူးလား"

"ကျပါတယ်…ဒါပေမယ့် မင်းတို့ဟာ ကလေးပေါက်စနေ တွေမှ မဟုတ်ဘဲကွ။ ကိစ္စ၊ ဝိစ္စတွေရှိတဲ့အခါ ခရီးထွက်ရ၊ အပြင် ညအိပ်ရမှာပဲ မဟုတ်လား"

"ခရီးထွက်တဲ့အခါ ကိစ္စရှိတဲ့အခါတော့ ပြောသွားရတာ

"အခုလည်း ခရီးထွက်နေကယ်လို့ သဘောထားလိုက်ပေ

"ဦးမင်းဝဏ္ဏ"

သူမ၏ အထိတ်တလန့်အသံက နှလုံးသားထဲမှ လွင့်ပျံထိုး လာလေသလား။ သူရော ဦးခင်ဇော်ဝင်းတို့လို ယောကျ်ားမျိုးပဲလ သူမက သူ့ကိုနတ်ဒေဝတာ တစ်ပါးနှယ် ထူးခြားလင်းလက်စေလိုသည်

"ဆောရီးကွာ…ကိုယ့်ကိုသဘောပေါက် မလွဲပါနဲ့။ ကို ရင်ထဲမှာ သောကတွေ အုံဖွဲ့နေကြတယ်။ ကြာရင် ကိုယ်ဒုက္ခရော တော့မယ်။ မိုးအလင်းဖွင့်တဲ့ ဒီဆိုင်ကလေးထဲမှာ စားစရာတွေတစ် တစ်ခုမှာယူစားရင်း မင်းအနားမှာ ကိုယ်မိုးလင်းသွားချင်တယ်။ မင်းနဲ့အ အရုဏ်ဦးကို မော်ဖူးချင်တယ်…

စိတ်ချပါကွာ။ စိတ်မပူပါနဲ့ ငါ မင်းကိုလက်ဖျားနဲ့တောင် ပါဘူး။ မင်းအလိုမတူဘူးဆိုရင် မင်းရဲ့ဆံနွယ်တစ်မျှင်ကိုတောင်မှ ခိုးနမ်းမရှိုက်ပါဘူး ခင်စင်ဇော်"

လူဆိုး လူကြမ်းကြီး၏ စကားများကို သူမအံ့သြရင်ခုန်မိပေ





သူမခွင့်မပေးနိုင်ပါ။ သူနှင့်အတူ မိုးအလင်းထိုင်နေဖို့ ခင်စင်ဇော် လိပ်ပြာ မသန့်။ အပျိုစင်တစ်ယောက်၏ ဒြပ်စင်ပမာ ကိုယ်ကျင့်သိက္ခာကိုလည်း နည်းနည်းမှ အလျှော့ပါးမခံနိုင်။ မျက်စိကိုမှိတ်ရင်း ခေါင်းကိုတွင်တွင် ခါမိသည်။

"ကျွန်မကိုခွင့်လွှတ်ပါ လူကြီးမင်း ကျွန်မကို ပြန်ပို့ပေးပါတော့"

"ဒါ…မင်းရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲလား"

ခင်စင်ဇော်မှာ မျက်ရည်ပါးပါး စီးကျလျှက်မှ ခေါင်းကိုခိုင်မာစွာ ညိတ်ပြခဲ့သည်။

"ကောင်းပြီ…ဒါဆိုရင် ကိုယ်လိုက်ပို့ပေးမယ်။ တစ်ချိန်ချိန် မှာတော့ ကိုယ့်တောင်းဆိုချက်ကို မင်းလိုက်လျောနိုင်အောင် ကြိုးစား ရလိမ့်မယ်"

သူမ သူ့ကိုငေးကြည့်နေရုံမှတစ်ပါး အဖြေမပေးနိုင်သေး။ ရင်ထဲ မှာ သူ့အပေါ် ပျော်ဝင်ညွတ်နူးနေမိသော်လည်း အပျိုစင်တစ်ယောက် အနေဖြင့် အခုရဲမကိုးသင့်။

မည်သို့ပင်ဖြစ်စေ ဆယ်နာရီတိတိမှာ အဆောင်တံခါးဝ အရောက် သူပို့ပေးခဲ့သည်ပင်။

မနက်ဖြန် ခရီးထွက်မည်ဆိုသော်လည်း ဘယ်ကိုသွားမည်၊ ဘယ်နှစ်ရက်ကြာမည်ရယ်လို့ မင်းဝဏ္ဏက ပြောပြမသွားခဲ့သလို ခင်စင် ဇော်ကလည်း မမေးမိခဲ့ပါချေ။

# အခန်း ( ၁၀ )

ရွှေဆိုင်မှပြန်လာခဲ့တော့ ညနေငါးနာရီရှိပေပြီ။ ဦးခင်ဇော်ဝင်းရော၊ မင်းဝဏ္ဏပါ သုံးရက်လုံးလုံး ပေါ်မလာခဲ့သည်မို့ ခင်စင်ရော် စိတ်ချမ်းသာနေ၏။ ကောင်းတယ် ဘဝမှာကိုယ့်ဝမ်းစာ ကိုယ်ရှာစားပြီး ဖြူဖြူစင်စင်လေး နေပါရစေ။ သူများမိန်းကလေးတွေလို တိုက်တွေ ကားတွေလည်း သူမ မမက်မောလိုပါ။ လိုက်လို့မဆုံးနိုင်သည့် နောက်ဆုံးပေါ်အဝတ်လှလှများ နောက်သို့လည်း ခင်စင်ရော် ငန်းငန်းတက်မလိုက်လို

လောကကြီးမှာ ကိုယ်တတ်နိုင်တာထက် ပိုလိုချင်ရင် ကိုယ်ကလည်း တစ်ခုခုပြန်ပေးရတော့မှာပေါ့။

ခင်စင်ရော်၏ ခေါင်းထဲမှာ ဘဝကိုသန့်ရှင်းစွာ ဖြတ်ကျော်ဖို့နည်းအကြွေးတွေဆပ်ဖို့သာ ထာဝစဉ် တွေးနေမိသည်။





ဆိုင်ယူနီဖောင်းဖြစ်သည့် ငုဝါရောင်ဆင်က ခင်စင်ရော်၏ အသွင်ကို ပိုမိုလင်းလက်စေ၏။ သူမမှာ နားကပ်နှစ်ရန်လက်ထဲ ရှိသော်လည်း ဘာကိုမျှ ခင်စင်ရော်မဝတ်ခဲ့။ အခွင့်သာသည့်အချိန်မှာ နောက်တစ်ခါတွေ့လျှင်ဖြစ်ဖြစ် သူတို့နားကပ်တွေကို ပြန်ပေးရမည်။

ကားမှတ်တိုင်သို့ရောက်အောင် ခင်စင်ရော် ခပ်သွက်သွက်လျှောက်နေဆဲ သူမ၏အနီးသို့ ကားတစ်စီးလျင်မြန်စွာ ထိုးဆိုက်လာ၏။ နီးကပ်လွန်းသဖြင့် ခင်စင်ရော် မျက်မှောင်ကုပ်နေမိဆဲ လျင်မြန်လွန်းသည့် လှုပ်ရှားမှုများကြောင့် သူမကားပေါ်သို့ ရုန်းရင်းဆန်ခတ် ပါသွားလေသည်။

"အို..."

သူမစကားပြောခွင့်မရ။ တစ်ယောက်က ကားထဲဆွဲသွင်းပြီး ပါးစပ်ကိုပိတ်ထားသောကြောင့် ဖြစ်သည်။ ဒါ...ဓားပြတိုက်နေကြတာလား။ လျင်မြန်ပိရိလွန်းသဖြင့် အံ့အားသင့်နေဆဲ ခင်စင်ရော်၏ မျက်နှာပေါ်သို့ အဝတ်တစ်ခု အုပ်ကျလာကာ သူမသတိမေ့သွားခဲ့ရလေသည်။

ခင်စင်ရော် သတိရလာတော့ သူမသည် အခန်းတစ်ခုထဲသို့ ရောက်နေ၏။ အိစက်သည့် အိပ်ယာပေါ်မှ လန့်ခုန်ထထိုင်ပြီး ခင်စင်ရော် မိမိကိုယ်ကို စစ်ဆေးကြည့်ရသည်။ ဘာမှအပြောင်းအလဲ မရှိသေး။

အခန်းတစ်နေရာမှ ရယ်သံခပ်အုပ်အုပ် ကြားလိုက်ရသဖြင့် ခင်စင်ရော် အသံကြားရာသို့ ချာခနဲလှည့်ကြည့်သောအခါ ဦးခင်ဇော်ဝင်း ဖြစ်နေလေ၏။

"ဒီလောက်လည်း မကြောက်ပါနဲ့ စင်ရော်. . .ကိုယ်မင်းကို နိုင်ထက်စီးနင်း မလုပ်ချင်ပါဘူး။ ကဗျာဆန်တယ်ပဲပြောပြော ကိုယ်က မင်းခန္ဓာကိုယ်သက်သက်ထက် မင်းရဲ့အသည်းနှလုံးကို ပိုပြီးအလိုရှိတာပါ"

အသံကောင်းဟစ်နေသည့် ဦးခင်ဇော်ဝင်းကို ခင်စင်ရော်





ဘီးအောက်ဂလီ ဆန်သွားခဲ့သည်။

"အပိုတွေ ပြောမနေပါနဲ့ရှင်။ ကျွန်မကို ရှင်သုံ့ပန်းတစ်ယောက် နိုင်ထက်စီးနင်း ဖမ်းဆီးလာခဲ့ပြီပဲ။ ရှင်ဟာ ဝံပုလွေလို မြွေတစ် ာင်လို ကောက်ကျစ်တဲ့လူ။ ရှင့်ပါးစပ်ကများ အသည်းနှလုံးတွေ၊ တွေ ပြောနေရသေးတယ် မတန်မရာတွေ"

ခင်စင်ရော်က မုန်းတီးစက်ဆုပ်သော မျက်ဝန်းများဖြင့် လက် က်တောက်နေသောအခါ ဦးခင်ဇော်ဝင်းက ခပ်ပြုံးပြုံးပဲ ကြည့်နေခဲ့ ည်။ သူကလည်း စီးကရက်ကို ကြာမြင့်စွာ ခပ်မှိုင်းမှိုင်းသောက်နေမြဲ။

"မင်းကလည်း လူကသာမလှုပ်တတ် ဒီလိုစကားမျိုးတွေတော့ ပြောတတ်သားပဲ။ ဘာပဲဖြစ်ဖြစ် မင်းတစ်ယောက်ထဲ လောကအလည် ရန်းကန်နေရတာ ကိုယ်မကြည့်ရက်ဘူး။ မင်းကိုယ့်ကို လက်ခံပါ"

ဒါ. . .ဘာစကားလဲ။ ဘာကိုပြောတာလဲ။ လက်ရှိမယားကို ပြီး သူ့ကိုလက်တပ်မယ်လို့ ဆိုလိုတာလား။ ဒါမှမဟုတ် ခင်စင်ရော် ားဖူးနားဝရှိသလို နံပါတ်တစ်ခုခု ချိတ်ပေးမလို့လား။ နှစ်၊ သုံး၊ လေး၊ တစ်ခုခုပေါ့။

"ကျွန်မကို ခွင့်လွှတ်ပါ ဦးခင်ဇော်ဝင်း။ ကျွန်မ ရိုးရိုးအေးအေး ဝကို ရင်ဆိုင်ဖြတ်သန်းချင်ပါတယ်။ ရှင့်အကြွေးတွေကို ဒီတစ်ပါတ် တွင်း ကျွန်မပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်"

ခင်စင်ရော်၏စကားကြောင့် ဦးခင်ဇော်ဝင်း တဟဲဟဲရယ်မော သည်။

"မင်းတော်တော် လူလည်ကျတဲ့ ကောင်မလေးပဲ။ ကိုယ်က မင်းကို အရင်စတွေ့တာပါကွ။ နောက်ပေါ်တဲ့ ရွှေကြာပင်ဆီ မင်းအလေး သာသွားခဲ့ပြီလား။ အဲဒီကောင်ဟာ ထောင်ထွက်လူသတ်သမားကြီးဆို တာလည်း သတိရဦးနော်။ လူသတ် ဓားပြတိုက်ပြီးမှ ချမ်းသာနေတဲ့ ငွေတွေပါ။ ဘာပဲဖြစ်ဖြစ် မင်းကိုယ့်ကို ရွေးချယ်သင့်တယ်။ ကိုယ် မင်းကိုတကယ်ချစ်တာပါ စင်ရော် ကိုယ့်အသည်းနှလုံးတွေ မအိုသေး ပါဘူး"

ခင်စင်ရော်မှာ အခန်းထဲမှ လွတ်လမ်းကိုသာ စဉ်းစားနေမိ သည်။ အခန်းထဲမှာ တပ်ဆင်ထားသည့် နာရီအရ ယခုညရှစ်နာရီခွဲ ရှိပေပြီ။ ဒါဘယ်နေရာလဲ။ မိန်းကလေးတစ်ယောက်အတွက် သည်အချိန် သည် အချိန်ကောင်းမဟုတ်တော့။ ပြင်ပမှာလည်း အန္တရာယ်ရှိလိမ့်မည်။ သို့သော် လောလောဆည် သည်အန္တရာယ်က ပိုဆိုး၏။

စားချင်လို့ ဖမ်းထားသည့် သမင်မငယ်ကို အဘယ်ကျား ငစဉ်းလဲက လွှတ်ပေးမှာတဲ့နည်း။ ခင်စိင်ရော် ဦးမင်းဝဏ္ဏကို သတိရမိ သည်။ သူမဒုက္ခရောက်နေရတာကို အဘယ်သူတစ်ဦးမှလည်း သတိထား မိကြမည်မထင်။

"ကဲ ပြောကွာ ကိုယ်မင်းကို အကြမ်းဖက်လို့ ရတယ်နော်။ ကိုယ်က တကယ့်ချစ်ခြင်းမေတ္တာကို လိုချင်လို့စိတ်ရှည်၊ လက်ရှည် အချိန် ပေးနေတာ"

သူ့ကိုယ်သူ မင်းသားခေါင်းဆောင်းပေးနေပေမယ် ဦးခင်ဇော်ဝင်း





စိတ်ရှည်ဟန်မတူတော့။ သစ်သားနှင့် ဖွဲ့စည်းထားသည့် အခန်းထဲမှ လည်း ခင်စင်ရော် ဘယ်လိုမှ လွတ်လမ်းမမြင်။ အခန်းတံခါးဂျက်ဆီ လည်း သူမပြေးသွားလို့မရ။

"ရှင့်ကို ကျွန်မ မချစ်ပါဘူး။ အိမ်ထောင်ရှင် ယောကျ်ားတစ် ယောက်ကို ဘယ်လိုလုပ် ထပ်ချစ်လို့ရမှာလဲ ကျွန်မ မသိဘူး"

"ဟ . . . မင်းတော်တော်တုံးတဲ့ မိန်းမပဲ ဒီခေတ်ကြီးထဲမှာ ဒီလိုချစ်နေကြတာတွေအပုံ"

"အဲဒီအထဲ ကျွန်မ မပါဘူး။ စားဝတ်နေရေးအတွက် ကိုယ်ခန္ဓာ ကိုရောင်းစားရတဲ့အထိ ကျွန်မ မမိုက်မဲဘူး"

ကျားပြုံး . . . ဘီလူးရယ် . . . ဦးခင်ဇော်ဝင်း ထပ်မံရယ်ပြန် ချေသည်။

"မင်းတော်တော် အပြောကောင်းပါလား။ ဒါဖြင့်ငါ့ဆီက ယူထား တဲ့ငွေနှစ်သိန်းကျော်ကရော"

"ရှင့်ကိုကျွန်မ တစ်ပတ်အတွင်း ပြန်ပေးမယ်လို့ ပြောခဲ့သားပဲ။ မရတော့မှ 'ရှင်ကျွန်မကို သိမ်းပိုက်"

ဦးမင်းဝဏ္ဏအားကိုးဖြင့် ခင်စင်ရော် ခပ်ကျယ်ကျယ်လေး အော် ပြောလိုက်သည်။ ဟုတ်တယ် သူတစ်ပတ်အတွင်းတော့ ပြန်လာမှာပဲ။

"ဘယ်ရမလဲကွ ဒါ မင်းလူလည်ကျတာ။ နွားဘဝရောက်နေ တာတောင် ကိုယ့်ကိုစားမယ့်ကျား ရွေးနေရသေးတယ်။ မလိုချင်ဘူး။ အဲဒီထောင်ထွက်ဆီက ယူပေးမယ့်ငွေကိုလည်း ငါလက်မခံနိုင်ဘူး"

"ဒါတော့ ရှင်သက်သက်ကပ်တာပဲ။ သက်သက်ယုတ်မာတာပဲ"

စကားစစ်ထိုးပွဲက ပြတ်သွား၏။ ဦးခင်ဇော်ဝင်း စိတ်ရှည်ဟန်မတူတော့။ သားကောင်ကို ခုန်အုပ်တော့မည့် ကျားတစ်ကောင်နှယ် ခင်စင်ရော်ထံ ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့၏။ သူမအသံများ ပြာအက်လာတော့သည်။

"ရှင်···မယုတ်မာနဲ့နော်။ သူများသားပျို သမီးပျိုကို မဖျက်ဆီးနဲ့"

ဦးခင်ဇော်ဝင်းမှာ မည်သို့မျှ မတုံ့ပြန်တော့ပါ။ ခင်စင်ရော်ကိုသာ ဘယ်ချောက်ခါ ညာလှမ်းနေတော့၏။ အခန်းကလေး ကျဉ်းကျဉ်းထဲမှာ သူမကရော ဘယ်လောက်ကြာအောင် ပြေးနေနိုင်မှာတဲ့လဲ။

"ခွေးကြီး···လွှတ်···လွှတ်···ကျွန်မအော်လိုက်မယ်"

ဦးခင်ဇော်ဝင်း ဖမ်းချုပ်ထားသည့်အခါ ခင်စင်ရော် သူ့လက်ဖျံကိုဖမ်းကိုက်ပစ်လိုက်သည်။ သူမမှာ လက်နက်ဆို၍ သွားတွေပဲရှိသည်။

"အား···ခွေးမ"

ဦးခင်ဇော်ဝင်း လူစိတ်ပျောက်လေပြီ။ ခင်စင်ရော်ကို မညှာမတာ တွန်းပစ်လိုက်မှုကြောင့် သူမအခန်းထောင့်သို့ ပစ်ကျသွားရ၏။ သူ့လက်ဖျံမှာ သွေးများယိုစီးကျနေသည်ကို ခပ်စူးစူးကြည့်ရင်း သူမကိုလည်း ဒေါသထွက်လာဟန်ရှိသည်။ သူ့အသက်ရှူသံကြီးက တရှူးရှူးနှင့်သူ့ရင်ဘတ်ကြီးတစ်ခုလုံး နိမ့်ချည်၊ မြင့်ချည်။ ဒေါသနှင့်တဏှာရာဂပေါင်းစပ်သွားချေပြီ ထင်ပါသည်။





"ငါ့ကို အာခံတဲ့မိန်းမ"

အံကြိတ်သံကြီးအဆုံးမှာ ခင်စင်ရော် သူ့လက်ထဲသို့ ကြွက်ာစ်ကောင်နှယ် ပါသွားခဲ့သည်။ သို့သော် အသက်ရှိနေသရွေ့ သူမ ေန်းကန်တိုက်ခိုက်နေဦးမှာပါပင်။ စားနေကျ ကြောင်းပါးကြီး၏ ပွဲသိမ်းာိက်ပွဲကလည်း ကျင်လည် ထက်မြက်လှပေသည်။ သူမကျဆုံးလုလု။

သည်စဉ် ဝုန်းခနဲအသံကြီးနှင့်အတူ သူမတို့အခန်းတံခါးကြီး ပြုတ်ထွက်သွားခဲ့၏။

"ဦးမင်းဝဏ္ဏ"

အဝတ်များ စုတ်ပြတ်သတ်နေသည့် ကိုယ်ခန္ဓာကို တွေ့သည့်ဆောင်ဖြင့် ရစ်ပတ်ဖုံးလွှမ်းလိုက်ရင်း ခင်စင်ရော် ချုံးပွဲချငိုကျွေးမိ၏။ ည့်သော် သူ့တိုက်ပွဲက မပြီးဆုံးသေး။

ပြေးဝင်လာသည့် လူနှစ်ယောက်နှင့် ဦးခင်ဇော်ဝင်းက သူ့ကိုသ်သရာအဆက်ဆက်က ငြိုးသူရန်ဖက်ကြီးနှယ် ဝိုင်းဝန်းထိုးကြိတ်သတ်ပတ်ကြသည်။

ဦးမင်းဝဏ္ဏ၏ မျက်နှာကလည်း နီရဲထန်တင်းနေပြီး တကယ့်အဌာဝကနှယ်။ စကားတစ်ခွန်းမျှ မပြောဘဲ လှည့်ပတ်တိုက်ခိုက်နေပုံကရောမသူရဲကောင်းကြီးနှယ်။ ခင်စင်ရော် ဘာမျှမတတ်နိုင်ခဲ့။ အခန်းဆောင့်မှသာ စိုးရိမ်ထိတ်လန့်စွာ ကြည့်နေရလေ၏။

"အို···"

သူတို့ဖက်မှ လက်ခနဲ မြောက်လာသည့်လက်ကြောင့် ဓားထုတ်

လိုက်မှန်း ခင်စင်ရော် သိလိုက်သည်။ မြေခွေးတွေ။ တကယ့်တောလေ ဂျပိုးတွေပါလား။ ကြေးစားလူမိုက်တွေဖြစ်မည်။

"လူကြီးမင်း သတိထား"

လေးယောက်ထွေးခနဲ ဖြစ်သွားကြပြန်သည်။ မကြာမီ သူပြန်ထလာနိုင်ခဲ့သည်။ သို့သော် ဦးခင်ဇော်ဝင်းကတော့ ကုန်းကုန်းကြီးနှင့် ငြီးငြူနေလျှက်။

"ဟင့်...သွေး...သွေးတွေ"

စောစောက တိုက်ခိုက်နေသည့် လူနှစ်ယောက်လန့်ပြီး ထွက်ပြေးချေတော့သည်။ သူမတို့ကြောင်အန်းနေဆဲ တဆုံးနစ်ဝင်နေသည့် ဓားရိုးကိုဆုပ်ကိုင်ရင်း ဦးခင်ဇော်ဝင်း လဲကျသွားလေ၏။

"ဟာ...လူကြီးမင်း သူ...သူသေသွားပြီလား"

"မှင်းမြင်တဲ့အတိုင်းပဲ"

ဦးမင်းဝဏ္ဏ သူမဖက်သို့လှည့်ကြည့်ပြီး ဒေါသတကြီး အော်ဟစ်ခဲ့၏။

"လွှင့်ပစ်စမ်း အဲဒီဓားကြီး ရပ်ကိုက ကျက်သရေမရှိဘူး"

သူ့စကားအတိုင်း လိုက်နာဖို့ တော်တော်ခဲယဉ်းသည်။ ခင်စင်ရော်၏ အင်္ကျီငုဝါရောင်လေး ပြုကွဲထွက်နေသည်သလို လုံချည်စကတ်လေးလည်း တဆုံးကွဲနေခဲ့ပြီမို့။

သူကသူ့ဂျာကင်ကြီးကို ခင်စင်ရော်ထံ ပစ်ပေါက်လိုက်ပြီး ဦးခင်ဇော်ဝင်း၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။





"သွားပြီ လူမိုက်တစ်ယောက်တော့ ဇာတ်သိမ်းသွားပြီ"

ပြောပြီးလျှင် ဂျာကင်အင်္ကျီခြုံလွှမ်းထားသည့် ခင်စင်ရော်ကို ဆောင့်ဆွဲခေါ်သွားခဲ့သည်။

"တက်..."

ခြံရှေ့မှာရပ်ထားသည့် သူ့ခဲရောင်ကားထဲ သူမတွန်းထည့်ခံလိုက်ရပြန်သည်။ ဦးမင်းဝဏ္ဏ အလွန်စိတ်ဆိုးနေပုံရ၏။ စကားမပြောဘဲကားကိုသာ အမြန်နှုန်းနှင့် မောင်းနှင်နေ၏။ လူနေကြဲပါးသော နေရာဒေသတစ်ခုပါပင်။ ဒါမင်္ဂလာဒုံလား၊ အင်းစိန်လား၊ သူမမေးဝံ့၊ စကားတစ်ခွန်းမျှလည်း မပြောဝံ့ချေ။ မင်းဝဏ္ဏ၏ အသွင်ကလည်း ဒဏ်ရာရခြင်္သေ့တစ်ကောင်နှယ်။ သူနာကျင်ကြေကွဲနေလေသလား။ သူမ မတွေးတတ်တော့ပါ။

"ဆင်း"

လုံးချင်းနှစ်ထပ်တိုက်ကလေး တစ်လုံးရှေ့မှာ ကားရပ်သွားခဲ့ပြန်သည်။ ခင်စင်ရော်မှာ အိပ်မက်မက်နေသူပမာ အရာရာသည် ဝိုးတဝါး။ မလင်းတလင်း လမ်းမီးရောင်အောက်မှာ အမှောင်ညသည် ရေဲတစ်ခုနှယ်။ အရှက်တရားများဖြင့် တစ်ကိုယ်လုံး အဆိပ်မွှန်သလို မွှန်နေသည့် မိန်းမပျို၏ဘဝသည် သေပစ်ဖို့သာ ကောင်းတော့သည်။

"ဆင်းလေ...ဘာလဲ...ငါ့အိမ်ထဲဝင်ရမှာကျ ကြောက်သလား"

သူ့စကားကြောင့် သူမတုန်ယင်စွာ ဆင်းရပြန်သည်။ သူမ၏

ခံစားချက်များကိုတော့ သူစာနာတတ်မည်မထင်။

သူ့ရှေ့မှောက်မှပင် သူဖွင့်ပေးသည့်တိုက်ထဲသို့ ခင်စင်ရော် ဝင်ရသည်။ တိုက်ထဲမှာ မီးတွေဖွင့်လျှက်သား။

"ထိုင်"

သူ့အမိန့်အတိုင်း ဆိုဖာအပြာလေးတစ်ခုမှာ ခင်စင်ရော် ရှိန် ဝင်ထိုင်ရ၏။ သူ့ဧည့်ခန်းကလည်း လူတစ်ယောက်မှမရှိဘဲ ခြောက်သွေ့ တိတ်ဆိတ်လျှက်။ သူမအနီး ဆိုဖာတစ်ခုပေါ်မှာ ထိုင်ချရင်း စီးကရက် မီးညှိစဉ် မင်းဝဏ္ဏ၏ လက်များတုန်ယင်နေကြသည်။ ခင်စင်ရော်မှာ ကြေကွဲရှက်ရွံ့စွာ ငေးကြည့်နေရုံမှတစ်ပါး အခြားမတတ်နိုင်ခဲ့။ အခန်း ထဲမှာ သူ့စီးကရက်မီးခိုးငွေ့များသာ မင်းမူကြီးစိုးနေလေ၏။

"ကဲ ပြောစမ်းပါဦး အခုကျ ညဆယ်နာရီထိုးမှာ မင်းမကြောက် တော့ဘူးလား။ ဦးခင်ဇော်ဝင်းရဲ့ အခန်းထဲမှာ ဆယ်နာရီထိုးသွားမှာ မင်းမစိုးရိမ်ဘူးလား"

သူ့စကားကြောင့် ငိုချင်ရက်လက်တို ဖြစ်နေသည့် ခင်စင်ရော် မှာ မျက်နှာမှောက်ပြီး ငိုချမိသည်။ သို့သော် သူကငိုခွင့်မပေး။ ခင်စင် ရော်၏ မျက်နှာကို လှမ်းဖျစ်မော့ထားစေခဲ့သည်။

"ဒီလို လုံးချမပစ်နဲ့လေ။ မင်းဘယ်လောက် အရှက်မဲ့သလဲ ဆိုတာ ငါကြည့်ပါရစေဦး မင်းဟာအလကားမိန်းမပဲ။ လမ်းပေါ်က မိန်းမပဲ။ ပြဿနာအားလုံးကို ငါရှင်းပေးနေရက်နဲ့ ပြဿနာထပ်ရှာချင်တဲ့မိန်းမ။ ဒီလိုလူမျိုးနဲ့ ပတ်သက်ရင် ဒီလိုဖြစ်မယ်ဆိုတာ မင်းမသိဘူးလား။ ကျား





ပါးစပ်ထဲ ခေါင်းထိုးဝင်ပြီးမှ "ကျွန်မကိုကယ်ပါ" လို့အော်နေတာမင်းပဲ"

သူ့မျက်ဝန်းကို မမိုတ်မသုန်ကြည့်ရင်း မျက်လုံးတွေ ပြာနှမ်း လာရပြီး တစ်ကိုယ်လုံးတုန်ရီမောဟိုက်ကာ နှလုံးသားတစ်ခုလုံး အပြင် သို့ခုန်ထွက်လာသည်ဟု သူမခံစားလိုက်ရ၏။ အသက်ဓာတ်၏ ခက်ခဲ ပင်ပန်းမှုဝန်ကို မနိုင်မနင်းထမ်းဆောင်ရင်း သူမလဲကျပျော့ခွေသွားတော့ သည်။

"စင်ရော် . . . စင်ရော် . . . စင်ရော်"

သူမ၏နားထဲမှာ အကြင်နာသံစဉ်များက လှိုင်းကြမ်းတို့နှယ် တဝုန်းဝုန်း။

အို . . . သူမအသက်ရှင်နေရတာ ဘာလုပ်ဖို့လဲ။

ဟင့်အင်း ဂုဏ်သိက္ခာမရှိတဲ့ ဘဝမှာတော့ သူမဘယ်လိုမှ ရှင်သန်မနေရပါစေနဲ့တော့။

"စင်ရော် အချစ် မသေလိုက်ပါနဲ့ဦးကွယ်။ ကိုယ်ခေါ်နေတာ ကြားရဲ့လားဟင်"

အို . . . အဲဒါ အိပ်မက်လား အိပ်မက်ထဲမှာ သူမကြားနေရတာလား။ ခင်စင်ရော် သည်လောကကြီးထဲမှာ မည်သူ့ကိုမှ မယုံကြည်ချင်တော့ပါ။





အသွေးအရောင်လှသည့် ပန်းကလေး၏ပွင့်ဖတ်၊ ပွင့်ချပ်တို့ကို ပ်ဝါးနင်းချေ လိုကြသူတွေချည်းပါပဲ . . .

အင့်ခနဲငိုရှိုက်ရင်း သူမနိုးထသွားခဲ့သည်။ သူပြောခဲ့သည့် စကားတွေ၊ သူပြောရက်သည့် စကားတွေ . . .

"မင်းဟာ အလကားမိန်းမပဲ။ မင်းဟာလမ်းပေါ်က မိန်းမပဲ"

သူလွှမ်းခြုံပေးထားသည့် အင်္ကျီအောက်မှာ သူမ၏အဝတ်အစားများ ဖရိုဖရဲဖြစ်နေသလို ခင်စင်ရော်၏ စိတ်ဓာတ်များလည်း ဖရဲပြန့်ကြဲ သူ့ကိုသူမ အရမ်းကြောက်ရွံ့သွားမိသည်။

သူဟာ မစာနာတတ်တဲ့ လူတစ်ယောက်ပဲ။

မိန်းကလေးတစ်ယောက်ရဲ့ လုံခြုံမှုမရှိတဲ့ဘဝကို သူစာနာလည်နိုင်စွမ်းမရှိဘူး။

"စင်ရော်"

သူမ၏ရှေ့က ကြမ်းပြင်မှာဒူးထောက်ရင်း သူမကို စိုးရိမ်စွာကြည့်နေသည့် မင်းဝဏ္ဏ၏ မျက်ဝန်းများသည် အစွမ်းကုန်နူးညံ့ ပွင့်လန်းသော်လည်း ခင်စင်ရော် သူ့ကိုကြောက်ရွံ့တုန်လှုပ်ဆဲ။

"ဟင့်အင်း ကျွန်မရှင့်ကိုကြောက်တယ်။ ကျွန်မကိုမနှိပ်စက်ပါနဲ့တော့။ ကျေးဇူးပြုပြီး ကျွန်မကိုအဆောင်ပြန်ပို့ပေးပါနော်"

ခံစားချက်တွေနှင့် အရည်ပျော်နေသည့် မင်းဝဏ္ဏက သူမအနီးကပ်ထိုင်ပြီး သူမကိုပွေ့ချီယူလိုက်သည်။

"တကယ်က ကိုယ်မင်းကို သိပ်ချစ်မိပါတယ်။ မင်းရဲ့ဘဝအတွက် အားမလို၊ အားမရဖြစ်မိတယ်။ မင်းဟာငွေကို ကိုးကွယ်တတ်တဲ့

မိန်းမတစ်ယောက်လို့ ထင်ရတဲ့အတွက် ကိုယ့်ရင်တွေမီးလို ပူရပါတယ် ပြောစမ်းပါအချစ်ရယ် မင်းဟာစင်းလုံးချော ကောင်မလေးတစ်ယော မဟုတ်လားဟင်။ မင်းဟာဖြူစင်မြင့်မြတ်တဲ့ ကောင်မလေး မဟု လားဟင်"

သူဒီလိုမေးနေသမျှ သည်လိုသံသယတွေ ရှိနေသမျှ ခင်ထ ရော် ကြေကွဲညှိုးချုံနေရပါဦးမည်။ ခေါင်းကိုညင်သာစွာရမ်းခါရင်း ခင်ထ ရော် သူ့အပေါ်မှ လျှောဆင်းလိုက်၏။

"ရှင်ထင်ချင်သလို ထင်နိုင်ပါတယ် ဦးမင်းဝဏ္ဏ ကျွန်မဘဝ အကာအကွယ်မဲ့တဲ့ ပန်းတစ်ပွင့်ဘဝမို့ ဒွေးရောယှက်တင် ရှင်ထင်ချ သလိုထင်နိုင်ပါတယ်။ ကျွန်မကို အဆောင်ပြန်ပို့ပါတော့"

"သန်းခေါင်ယံမှာ မင်းတို့အဆောင်က ဖွင့်ထားသေးလို့လာ မီးအလင်းဖွင့်တဲ့ တစ်ခါကစားသောက်ဆိုင်လေးမှာ တို့နှစ်ယောက်သ ထိုင်ကြမယ်လေ။ ကိုယ့်ကိုအရွဲ့တိုက်ပြီး ဖြေမနေစမ်းပါနဲ့ အချစ်ရယ် မင်းဟာတကယ်ပဲ စင်းလုံးချောလေးမဟုတ်လား"

သူဆွဲကိုင်ထားသည့်လက်ကို ပြန်ရုန်းယူရင်း သူမအခန်းအပြ ထွက်ဖို့ ဟန်ပြင်၏။

"အပြင်လောကမှာ နှင်းတွေနဲ့ အပြင်လောကမှာ ရက်စ အေးခဲမှုတွေက အရိုးထိချေမှုန်းရအောင် စောင့်နေတယ်လေ။ ဒီအချိ ကျမှ အဆောင်ပြန်လို့ရော ဘာလုပ်မလဲကွယ်"

မင်းဝဏ္ဏက နောက်မှလိုက်လာရင်း ခင်စင်ရော်ကို ဆီးတ ထားပြန်သည်။ သူမအရာရာကို ထိတ်လန့်နေမိပါ၏။ ဓားဒဏ်ရာ





သေဆုံးနေသည့် ဦးခင်ဇော်ဝင်းကိုလည်း ,မြင်ယောင်နေမိသည်။ အမှု ဘတ်လျှင်တော့ဒုက္ခပဲ။

"နော် ဒီည ဒီမှာပဲနေပါတော့ မနက်ကျမှ ကိုယ်ပြန်ပို့ပေးမယ်။ ဒီလိုလေ မင်းက ကိုယ့်အခန်းမှာအိပ်၊ ကိုယ်ကဧည့်သည်တွေလာရင် အိပ်တဲ့အခန်းမှာအိပ်မယ်။ ဒါမှမဟုတ် ဒီဧည့်ခန်းထဲမှာပဲ မင်းကို ကိုယ် တစ်ညလုံးထိုင်ကြည့်နေမယ်"

သူမတစ်ညလုံး ပျောက်ဆုံးနေမှုအတွက် အဆောင်မှလူများက ဘယ်လိုထင်လေမလဲ။ အဆောင်ပိုင်ရှင် အန်တီကြီးကရော ဘယ်လို ထင်မလဲ။ သို့သော် ဒီအချိန်ကြီးကျမှတော့ သူမမှာရွေးချယ်စရာ နည်း လမ်းမရှိတော့ပါ။

"ဒါဆိုလည်း ကျွန်မအနှောင့်အယှက်ပါရစေတော့ရှင်။ ကျွန်မအရမ်း ဘုန်လှုပ်ချောက်ချားနေရတယ်။ ရှင်ပြောတဲ့ဧည့်သည်တွေ အိပ်တဲ့အခန်း မှာပဲ ကျွန်မကို နေခွင့်ပြုပါတော့"

ဦးမင်းဝဏ္ဏက ဖြေလျော့ပြုံးဖြင့် သူမကိုပြောသည်။

"ကိုယ်နဲ့မင်းကို လူတွေကတော့ တစ်မျိုးထင်မှာပဲ"

"ရှိပါစေတော့ ဦးမင်းဝဏ္ဏ။ ကိုယ့်လိပ်ပြာသန့်ဖို့ပဲ ကျွန်မ ကြိုးစားပါရစေတော့"

သူပေးသည့် အခန်းကျဉ်းလေးထဲမှာ လူးရင်းလိမ့်ရင်း နိုးတစ် ဘက်၊ အိပ်တစ်ဝက်ဖြင့် သူမ မိုးလင်းခဲ့ရသည်။

## အခန်း (၁၁)

တရားခံခြံလေးထဲမှ သူ့ကိုကြည့်ရင်း ခင်စင်ရော်၏ နလုံးသားများ ဆွဲညှစ်ဖျစ်ချေခံနေရသလို ခံစားနေရသည်။

သူဟာခင်စင်ရော်ရဲ့ ကမ္ဘာ ခင်စင်ရော်ရဲ့ စကြဝဠာ။ လူနေတိတ်ဆိတ်သောရပ်ကွက်မှာ ဖြစ်ပွားခဲ့ပေမယ့် ဦးခင်ဇော်ဝင်း သေဆုံးသည့်အမှုက မင်းဝဏ္ဏကိုပတ်ခဲ့သည်။ ထိုနေ့က ခင်စင်ရော်၏ အဆောင်ကိုရောက်လာပြီး သူမကိုမေးမြန်းခဲ့တာ ဦးခင်ဇော်ဝင်းထံ လိုက်သွားတာ ကွင်းဆက်တွေတစ်ခုပြီးတစ်ခု ဆက်ရာပြီး ဦးခင်ဇော်ဝင်းကို တွေ့ရအောင်သွားသည်ဆိုတာကို သက်သေခံသူတွေက အများအပြား။ ခဲရောင်ကားကြီးနှင့် ဦးမင်းဝဏ္ဏကို လူတွေမှတ်မိနေသည်ပဲ။

ခင်စင်ရော်က သူမကို ကားပေါ်ဆွဲတင်သူတွေ၏ ရုပ်နှင့် အခင်း





ဖြစ်ပွားရာတစ်ခုလုံးကို သေချာစွာပြောပြနိုင်သည်ကြောင့် အမှုက အနည်းငယ်သက်သာရာရပေမည်။

သို့သော် မျက်မြင်သက်သေက နှစ်ယောက်တစ်ယောက်။ သူတို့သုံးကနှစ်ယောက်ဖြစ်နေပြီး တရားခံဖက်က သူမတစ်ယောက်သာ ရှိသည်။ ဦးမင်းဝဏ္ဏက အကောင်းဆုံးရှေ့နေကို ငှားရမ်းထားသလို၊ တရားလိုဘက်မှလည်း အကောင်းဆုံးဝတ်လုံကို ငှားရမ်းထားခဲ့သည်။

"အလကား ပိုင်းလုံးမ...ဟိုလူ့ဆီငွေချူလိုက်၊ ဒီလူ့ဆီငွေချူလိုက်နဲ့ နောက်ဆုံးကိုယ့်ဇာတ်လမ်းကိုယ်မနိုင်တော့ ဓားထိုးမှုဖြစ်ခဲ့ရတာ။ ဒီကောင်မကို တစ်သက်မကျေဘူး"

သူမနှင့်မလှမ်းမကမ်းမှာ ထိုင်နေသည့် ဦးခင်ဇော်ဝင်း၏ မိသားစုထံမှ ခပ်ကျယ်ကျယ်အသံများ ပျံ့လွင့်လာခြင်းဖြစ်သည်။ သူတို့လင်၊ သူတို့ဖအေကျတော့ သူတော်ကောင်းကြီး။ ညွှတ်ကွင်းမိရသည့် ဥဒေါင်းကြီးအဖြစ် တင်စားပြောဆိုပြီး ခင်စင်ရော်ကိုတော့ "လမ်းပေါ်ကမိန်းမ" ဖြစ်အောင် ပြောရက်ကြသည်။ အတ္တတွေ တလွှားလွှား၊ မာနတွေ တလွှားလွှားနှင့်အုပ်စု။ ရွှေ ငွေ၊ ရတနာတွေ ညွှတ်နေအောင် ဝတ်ဆင်ထားသည့် ပကာသနအုပ်စုအနားမှာ သူမဣန္ဒြေမပျက်အောင် တည်တင်းနေရပါ၏။

ပြောကြဦးစေတော့ မပြေးသော်ကန်ရာရှိခဲ့ပေပြီကိုး။

"မျက်နှာကိုပြောင်တယ်။ ယောကျ်ားနှစ်ယောက် လုလည်းချင်စရာ။ ဒီလိုမိန်းမပျိုးအတွက် အဆင်းဟာအဆိပ်ပဲ"

ပြောကြပါစေ။ ဦးခင်ဇော်ဝင်းထံမှ ယူသုံးငွေများကို သွားဆပ်

သည့်နေ့က သည့်ထက်မက ပြောခဲ့သည်ကို ကြားခဲ့ရပြီးနောက် ခင်စင်ရော် ခံနိုင်ရည်ရှိသွားသည်။ ခံနိုင်ရည်မရှိလို့ လွှင့်ထွက်သွားရ၊ ပရမ်းပတာဖြစ်သွားရလျှင်လည်း မိမိပင်နစ်နာပေလိမ့်မည်။

အကြောင်းသိသူ အဖော်သူငယ်ချင်းနှစ်ယောက်နှင့် ငွေသွားဆပ်ခဲ့စဉ်ကလည်း ခင်စင်ရော်မှာ နှလုံးသွေးတွေ ပျက်လုလု။ ဦးခင်ဇော်ဝင်းထံမှ ယူသုံးမိသည့် ငွေတို့ကိုရက်စွဲအတိအကျနှင့် စုစုပေါင်းပြီးဆပ်ခဲ့သော်လည်း သူ့သမီးများက ဆဲဆို၊ သိက္ခာချလိုက်သည်မှာ ရစရာမရှိတော့။

"နင်ယူတဲ့ငွေတွေက ဒါပဲလား။ လေးငါးဆယ်သိန်းလောက်ကို နှစ်သိန်းထဲ ဆပ်လို့ပြီးရောလား"

"အဖေကသေပြီဆိုတော့ ဒါပဲဆပ်တာနေမှာပေါ့။ အလကားပိုင်းလုံးမ"

သည်လောက်နင်းဖျစ်ပြောနေတော့ ခင်စင်ရော်၏ သူငယ်ချင်းများကလည်း ကြက်ခေါင်းဆိတ်မခံခဲ့။

"ဟဲ့ နင်တို့ဖအေ သေနေပြီနော်။ စင်ရော်က စိတ်ရှင်းလို့ လာဆပ်တာ။ မဆပ်လည်း နင်တို့ဘာမှမသိတဲ့ကိစ္စ။ လူတစ်ဖက်သားကို ကိုယ်ချင်းစာဦး"

ငွေထုပ်နှင့်ပစ်ပေါက်ပြီး သူမတို့ချာခနဲလှည့်ထွက်ခဲ့ကြတော့ နောက်ဖက်မှ မကြားဝံ့မနာသာ စကားတို့က လိုက်ပါလာခဲ့ကြသေးသည်။

ဦးခင်ဇော်ဝင်း သေဆုံးမှုနှင့် ပတ်သက်ပြီး မင်းဝဏ္ဏအပါအဝင် သုံးယောက်စလုံး အဖမ်းခံရသည်။





တကယ်ကျ ကိုယ့်အတတ်နှင့် ကိုယ်စူး၊ သူတို့လက်နက်နှင့် သူတို့သေဆုံးခဲ့ခြင်းသာဖြစ်သည်။ သို့သော် တရားဥပဒေဆိုင်ရာအရ ပြစ်ဒဏ်ကျခံရဦးမည်ထင်သည်။ ဓားမှာပိုင်ရှင်၏ နာမည်ထိုးထားခြင်းကြောင့် အမှုတော့ပေါ်လိမ့်မည် ထင်ပါ၏။

အမှုသွားအမှုလာအရ တရားခံသက်သေအဖြစ် သူမတာဝန်တွေပြီးဆုံးသွားသောနေ့မှာ ဦးမင်းဝဏ္ဏ၏ ရှေ့နေကြီးက သူမနေထိုင်ရန် သူ့အိမ်သို့ ပို့ပေးခဲ့သည်။ တရားဝင်နေထိုင်ခွင့် ရခဲ့သည့်အပြင် လုပ်ငန်းတစ်ခုခု ထူထောင်ရန် (သို့မဟုတ်) သုံးစွဲနေထိုင်ရန်အတွက် ငွေသိန်းနှစ်ဆယ်လည်း ထုတ်ပေးခဲ့သည်။

ခင်စင်ရော် အံ့ဩထိတ်လန့်၊ မယုံမကြည်ဖြစ်နေစဉ် ရှေ့နေကြီးကစာတစ်စောင် ထုတ်ပေးခဲ့ပြန်သည်။

ခင်စင်ရှော် . . .

ငါကတော့ ထောင်ကျမှာ သေချာတယ်။ နှစ်နည်းတာနဲ့ များတာပဲကွာလိမ့်မယ်။

ဓားရဲ့လက်ကိုင်မှာ လက်ဗွေရာတွေ ရှုတ်ထွေးနေပေမယ့် ငါ့လက်ဗွေရာက အထင်းဆုံးပဲ။ အများနဲ့တစ်ယောက် ကာကွယ်မှု ဘာညာဆိုပေမယ့် ဒွေးရောယှက်တင် အမှုမှာငါလည်း, အနည်းနဲ့အများတော့ ပြစ်ဒဏ်ခံရဦးမှာပါပဲ။

ခင်စင်ရော် ငါထောင်ကျနေစဉ်အတွင်း မင်းကိုစိတ်ပြတ်သတ်မသွားစေချင်ဘူး။ ဒါ ငါ့ရဲ့အဖြစ်ချင်ဆုံးဆန္ဒပဲ။ လေးငါးနှစ်လောက်ကြာချင်ကြာမယ့် ခရီးအတွက် ငါနောက်ဆံမတင်းချင်ဘူး။ ငါ့အိမ်မှာ

မင်းနေပါ။ လုပ်ငန်းတစ်ခုခု လုပ်ချင်ရင်လုပ်ပါ။ ဒါမှမဟုတ် ထိုင်စားနေ။

မင်းအတွက် အငှဖော်အဖြစ်၊ ဘော်ဒီဂတ်အဖြစ် ကောင်မလေး တစ်ယောက်လာလိမ့်မယ်။ ညီ့ရီက မင်းအပေါ် ညီအမလို ကောင်းပါ လိမ့်မယ်။

ကိုယ်နှုတ်ဆက်ခဲ့ပါတယ် စင်ရော်···

မင်းဝဏ္ဏ

P.S

မင်းကိစ္စပြီးပြီ။ ငါကိုလာမတွေနဲ့တော့။ ခုချိန်ကစပြီး မင်းဘဝ ကိုပဲ ဖြူစင်သန့်ရှင်းစွာ တည်ဆောက်ပါ။ ကျေးဇူးပြုပြီး ငါကိုလာမတွေ့ ပါနဲ့။

လူကြမ်းကြီး၏ ဖြူစင်သောနှလုံးသားကို ထင်းခနဲတွေ့လိုက်ရပြီ မို့ ခင်စင်ရော်ရင်ထဲမှာ ကြေကွဲလှပ်ဟာ၊ ညှိုးချုံးသွားခဲ့သည်။ နောင်တ တွေက ရင်မှာအထပ်လိုက်။ ငါသာ ဦးခင်ဇော်ဝင်းနဲ့ မဆက်ဆံမိခဲ့ကရင် သူဒီလို ဒုက္ခမရောက်ဘူး။ အေးလေ ဦးခင်ဇော်ဝင်းသိသွားလို့လည်း သူနဲ့စတင် တွေ့ခဲ့ရတာပါ။

စာလေးကို သူမသေချာငုံ့ကြည့်မိပြန်သည်။ မျက်ရည်တွေနှင့် ဝေဝါးနေသဖြင့် စာလုံးလေးတွေက မမြင်တမြင်ဖြစ်နေ၏။

"သူက ကျွန်မကို ဘာလို့လာမတွေ့နိုင်းတာလဲ။ အခု သူ ပြစ်ဒဏ်ခံရတာ ကျွန်မကြောင့်ပါ။ တကယ်က ဦးခင်ဇော်ဝင်း သေဆုံး မှုအတွက် အပြစ်ပေးမယ်ဆိုရင် ကျွန်မသာခံထိုက်တာပေါ့။ ကျွန်မကိုပဲ သေဒဏ်ပေးသင့်တာပေါ့။ ဦးစန်းအောင် ကျွန်မသူ့ကို အမြဲလာတွေ့





ါရစေ တွေ့ချင်တယ်။ သူဘာပြစ်ဒဏ်ပဲ ခံရခံရ အဲဒါ ကျွန်မကြောင့်"

ရှိုက်ညည်းသံ ပလုံးပထွေးနှင့် ခင်စင်ရော်ပြောသော ရှေ့နေကြီး ကခေါင်းကို ညင်သာစွာ ခါရမ်းနေခဲ့သည်။ သူကဘာတွေ ဘယ်လို မှာလိုက်လို့လဲ။

"မဖြစ်ဘူး ခင်စင်ရော်။ သူကမင်းကို မလာခဲ့ပါစေနဲ့တဲ့။ သေသေချာချာ အထပ်ထပ်မှာလိုက်တယ်။ ပြစ်ဒဏ်ခံရမယ့် လူတစ် ယောက်ရဲ့ ဆန္ဒကို မင်းလိုက်လျောလိုက်ပါ"

"သူ ကျွန်မကို သိပ်မုန်းသွားပြီလားဟင် သူ"

မျက်ရည်လည်ရွဲနှင့် ခင်စင်ရော်၏ စိုးရိမ်တကြီး မေးခွန်းကို ဦးစိန်းအောင်က ပြုံးရုံပဲပြုံးပြနေ၏။ သူ့အပြုံးက မွန်ရည်သောအပြုံး၊ နှစ်သိမ့်သောအပြုံး။

"ဒါတော့ မင်းတို့ချင်း ပိုသိမှာပေါ့ကွယ် ဘာပဲဖြစ်ဖြစ် သူ့ စကားကို ကလေးမနားထောင်လိုက်ပါ။ ထောင်ဝင်စာတွေ ဘာတွေလည်း လာမတွေ့ပါနဲ့တဲ့။ သူ့အတွက်အားလုံး အန်ကယ်စီစဉ်ပေးနေပါတယ်"

ဦးမင်းဝဏ္ဏ၏ စာလေးကို ရင်မှာအပ်ရင်း ဆိုဖာအပြာလေး တွေနှင့် ညှိခန်းပြာပြာလေးထဲမှာ ခင်စင်ရော်၏ နှလုံးသားများ ပူလောင် နွမ်းခြောက်လျှက်ရှိတော့သည်။

## အခန်း(၁၂)

သက်တံ့ရောင်စဉ်တွေ ပြိုကွဲသွားခဲ့တယ်...
ရင်ထဲမှာ အရိပ်မဲ့...

ဘဝဆိုတာ သေကွဲ၊ ရှင်ကွဲတွေနဲ့ပဲ လုံးထွေးရစ်ပတ်ထားတာလား လောကကြီးရယ်။ ချစ်သူတွေနဲ့ သေကွဲ၊ ရှင်ကွဲ ကွဲရခြင်းဆုလာဘ်တွေသာ ရဖို့ရှိတယ်ဆိုရင် အသက်ရှင်သန်ရတာ ဘာအဓိပ္ပာယ်ရှိဦးမလဲ။

သူ့အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်တဲ့။ ဟိုနှစ်ယောက်လည်း အပြစ်ဒဏ်အတူတူ ကျခံရမည်။

သူ့အိပ်ခန်းပြာပြာလေးမှ ပြာလွင်သည့်မိုးကောင်းကင်သို့ ခင်စင်ရော် ငေးမောနေမိသည်။ တိမ်ရိပ်ထဲမှာ သူလရိပ်မှာလည်း သူကြည့်





လေရာရာ အရပ်မျက်နှာထဲမှာ သူ့ပဲစိုးမိုး အရိပ်ထင်နေခဲ့ပြီ။

အမြင်ကြမ်းရိုင်းသော်လည်း နလုံးသားလှသည့် သူ့ကို ယခုနေအခါမှာ ခင်စင်ရော် အသက်မက ချစ်မြတ်နိုးနေမိပြီဖြစ်သည်။

ချစ်သူရယ် ရှင်ဘယ်လောက်ပဲဆိုးဆိုး ကျွန်မရှင့်ကို တစ်သက်လုံး ပြုစုယုယ၊ ရေပူရေချမ်း ကမ်းလှမ်းပါရစေနော်...

ပထမတစ်ခါ ထောင်ငါးနှစ်ကျခဲ့တုန်းကလည်း သူမကျူးလွန်ခဲ့သည့် "လူသတ်မှု" ကြောင့်ဖြစ်သည်။ သူပြောခဲ့ဖူးပါသည်။

"အမှန်တရားတစ်ခုအတွက် ဘဝမှာလည်စင်းပေးဆပ်ရတာမျိုးတွေ တစ်နေ့ကျမင်းတွေ့ကြုံလာရမှာပါ။ ဒါပေမယ့် မင်းဘဝမှာ အဲဒီလိုဘယ်တော့မှ မခံစားရအောင် ကိုယ်အတတ်နိုင်ဆုံး မင်းရှေ့ကကာကွယ်ပေးသွားမယ်"

သူ့စကားများကို ကြားယောင်ရင်း သူ့ရုပ်သွင်ကို မြင်ယောင်ရင်း ခင်စင်ရော် လွင့်မျောနေမိစဉ် သူမ၏ အခန်းထဲသို့အရိပ်တစ်ခု ဝင်ရောက်လာခဲ့သည်။ ညိုရီသန်မာထွားကျိုင်းသော ကိုယ်ခန္ဓာနှင့် ရိုးစင်းဖြောင့်မတ်သည့် ကောင်မလေးသည် တစ်ခါက သူကျေးဇူးပြုခဲ့ဖူးသူပဲ ဖြစ်သည်။

"မမ...ညဥ့်နက်လှပြီလေ။ မမအခန်းထဲက မီးလင်းနေလို့ ညိုရီလာကြည့်တာ။ အကို့ကိုလွမ်းတော့ လွမ်းပေါ့မမရယ်။ ကျန်းမာရေးထိခိုက်အောင်တော့ မနေပါနဲ့ အကိုပြန်လာရင် မမကိုလှလှလေး သူမြင်ချင်ရှာမှာပေါ့။ ညိုရီကို အသေအချာမှာသွားတယ် မမကို အစွမ်းကုန်

ကာကွယ်စောင့်ရှောက်ဖို့ ပြုစုဖို့"

"ဩော် . . . သူက ဒီလိုပဲမှာသွားခဲ့သလား ဒါပေမယ့်ကွယ် သူပြန်လာတဲ့အခါ မမကလည်း တစ်ခြားကိုလွင့်ထွက် သွားရမှာပါ"

"ဟင် မမတို့နှစ်ယောက်က ဟိုအရင်းနှီးဆုံး ချစ်သူတွေ မဟုတ်ဘူးလား"

အရင်းနှီးဆုံးချစ်သူ သိပ်လှတဲ့စကားလုံးပဲ။ ညိုရီစကားတွေကို ရင်ထဲမှသံယောင်လိုက်ရင်း ခင်စင်ရော် ပြန်စဉ်းစားပုံဖော်ကြည့်နေမိသည်။ သူက သူမကိုဘာကတိကဝတ်မှ မပေးခဲ့။ ထို့အတူ တောင်းလည်း မတောင်းခဲ့။ သူမတို့နှစ်ယောက်ဟာ ဘာလဲ။ နိုင်မာပွင့်လင်းသည့် ချစ်သူတွေမဟုတ်ကြတာတော့ သေချာသည်။

"ဘာမှမဟုတ်ပါဘူး ညိုရီရယ်။ သူက ကိုယ့်ကို သနားလို့ ကယ်ဆယ်ထားတဲ့ သဘောလောက်ပါ"

"ဟာ မဟုတ်သေးပါးဘူး မမရယ်။ အကိုနဲ့မမရဲ့ ပတ်သက်မှုဟာ ကြီးကိုကြီးမားရမယ်။ မမအပေါ်ထားတဲ့ အကို့ရဲ့ သံယောဇဉ်၊ မေတ္တာ၊ စေတနာတွေဟာ သာမာန်မှမဟုတ်တာ။ ညိုရီသိပါတယ်။ အကိုပြန်လာရင် မမကိုလက်ထပ်ခွင့် တောင်းမှာပဲ အဲဒါ လုံးဝသေချာတယ်"

အားတက်သရော ပြောနေသည့် ညိုရီ၏ ထောင်ထောင်မောင်းမောင်း ကိုယ်ကာယကိုကြည့်ရင်း ခင်စင်ရော် စိတ်အနည်းငယ် ချမ်းသာသွားခဲ့သည်။

"ကဲ အိပ်စို့မမရာ မနက်ကျတော့လည်း ကရာတေးကလပ်ကို





အတူသွားရဦးမယ်။ ညိုရီတော့ အဲဒီသင်တန်းကြီး မြန်မြန်ပြီးစေချင်လှပြီ။ မမဖွင့်မယ်စားသောက်ဆိုင်ကိုပဲ စိတ်ဝင်စားတယ်။ ညိုရီတော့လေ ဘာသူမို့လို့ ပြောချင်ပြော အလုပ်မရှိဘဲ ထိုင်စားနေရတာ တစ်စက်မှ ပျော်ဘူး။ တကယ် . . . တကယ် . . . သိလား အကိုပြန်လာရင်လည်း ျွန်မတို့ အလုပ်နဲ့အကိုင်နဲ့ ဟန်ကျနေတာသာမြင်ရင် သူဝမ်းသာနေမှာ နော်"

ညိုရီ့စကားများကို ခေါင်းညိတ်ရင်း ခင်စင်ရော် သူ့အိပ်ယာ လေးထဲသို့ ဝင်ရသည်။ ညစဉ်ညတိုင်း ညိုရီသည်သူမကို ကလေး တစ်ယောက်နယ် ဂရုစိုက်တတ်ပေ၏။

သူ့ကိုယ်နံ့များ စွန်းထင်းသည့် အိပ်ယာမှာအိပ်ရင်း ထောင်ထဲ ာပင်ပန်းဆင်းရဲနေရှာမည့် မင်းဝဏ္ဏအတွက် သူမရင်ထဲ နင့်ကျင်ပူပန် နေမိခဲ့လေသည်။

# အခန်း(၁၃)

"ပန်းခြံသော့"

ခြေတစ်လှမ်း ကုဋေတစ်သန်း လုပ်နေလို့မရသည့်ခေတ်မှာ မိန်းမသားတစ်ယောက် တတ်သင့်တတ်အပ်သည့် ပညာထဲတွင် ဂျူဒို၊ ကရာတေးတို့လည်း ပါဝင်ရပေမည်။ အဘယ်ကြောင့်ဆို ခင်စင်ရော်တို့ တိုက်မှာယောကျ်ားသား အားကိုးအားထားမရှိလို့ဖြစ်သည်။

အောက်ထပ်မှာ စားသောက်ဆိုင်ဖွင့်ပြီး၊ အပေါ်ထပ်မှာ မိန်းကလေးဆောင် ဖွင့်ထားခြင်းအားဖြင့် သူမတို့မှာ နေ့စဉ်၊ လစဉ် ဝင်ငွေရသည့်အပြင် အဖော်သဟဲများလည်း ကောင်းစွာရရှိစေလေသည်။

စားပွဲဆယ်လုံးဆန့် စားသောက်ဆိုင်လေးက နေရာအကွက် အကွင်းကျခြင်း၊ လက်ရာကောင်းခြင်း၊ ဆက်ဆံရေးပြေပြစ်ခြင်းတို့အပြင်





ဆိုင်ရှင်ခင်စင်ရော်၏ အလှသဘာဝကြောင့်လည်း စီးပွားရေးအရ အောင်မြင်ခဲ့ပါ၏။

အခက်အခဲဆိုတာတော့ နေရာတိုင်းမှာ ရှိပေမည်။ သို့သော် ထိုအခက်အခဲများစွာကို ခင်စင်ရော်နှင့် ညိုရီတို့လက်တွဲဖြေရှင်းနိုင်ခဲ့ပါ၏။

ညိုရီ သူကလည်းမခေ။ အသားညိုညို ထောင်ထောင် မောင်းမောင်းနှင့် တည်ကြည်စူးရှသော ထက်ထက်မြက်မြက်အသွင်က တော်ရုံတန်ရုံ ယောကျ်ားလေးများ လန့်ချင်စဖွယ်။ ပြီး ညိုရီက သာမန်ညိုရီမဟုတ် ခါးပတ်နက်ညိုရီ။ ဓားပေါက်ကျွမ်းသည့် ညိုရီ။

လူအနည်းကျဲပါးသည့် ဘိုင်နေ့လည်ခင်းမှာ ငွေသိမ်းကောင်တာတွင်ထိုင်ရင်း ခင်စင်ရော် ပြီးခဲ့သည့် ကိစ္စတစ်ခုကို သတိရနေမိသည်။

ရန်မီး ရန်ငုတ်တို့ကတော့ တငွေ့ငွေ့လောင်နေဆဲ ဖြစ်မည်။ နေရာဒေသအသစ်မှာ ဂုဏ်ရှာန်တစ်ထောင်စောင့်ကြပ်သည့် ပင်မြင့်စံအဖြစ် ခင်စင်ရော်ကောင်းစားနေသည်ကို မကြည့်ရက်ကြ။ မရှုစိမ့်ကြ။

လူနေအနည်းငယ် တိတ်ဆိတ်သွားသည့် ညဆယ်နာရီလောက်မှာကိုယ်ပိုင်ကားနှင့်လာပြီး ခင်စင်ရော်တို့ အဆောင်ရှေ့မှာ လူတစ်စုမူးယစ်ရမ်းကားခဲ့ကြသည်။

ပထမတော့ သီချင်းတွေဘာတွေ အော်ဆို၊ ပေးလားဝါးလား လုပ်နေကြပြီး မကြာမီ သူမကိုဖော်ပြီးအော်ဟစ် စော်ကားကြလေတော့၏။

"ဟေ့ ခင်စင်ရော် ဘာခုမှ ဘယ်ယောကျ်ားရဲ့ စည်းစိမ်တွေနဲ့

တောက်ပပြီး သန့်ရှင်းချင်ယောင် ဆောင်နေရတာလဲ။ ငါ့အဖေရဲ့ ငွေကြေးတွေနဲ့ လူဖြစ်နေတဲ့ကောင်မ။ နင်ဘာယ်လို အတန်းအစားက လာတယ်ဆိုတာ ငါတို့သိတယ်ဟေ့"

တိတ်ဆိတ်မှုကိုဖြိုခွင်း၊ အသရေဖျက်နေကြသံက အံ့သြထိတ်လန့်စဖွယ်။ တော်တော် မစ္ဆရိယစိတ် ကြီးမားကြသူတွေပါလား။ ကောက်ရိုးနွယ်တစ်ပင်လို၊ ဗေဒါပန်းလို ခင်စင်ရော်ဦးခေါင်း ထောင်မတ်နေတာ သူတို့မရှုစိမ့်ကြ။

"မမ ဖယ် ကျွန်မခဲနဲ့ထုမယ်။ ခဲနဲ့ပစ်လည်းရတယ်"

"ခဲနဲ့တော့ မပစ်ပါနဲ့ ညီရှိရယ်။ တော်ကြာလူသတ်မှုဖြစ်နေပါဦးမယ်"

စော်ကားသူများက ဆက်လက်ကြိမ်းမောင်းနေကြစဉ် အဆောင်သူများမှာလည်း ချောင်းမြောင်းကြည့်ရှုနေရ၏။ ခင်စင်ရော် ဦးကျိုးမခံနိုင်ပါ။

အနီးဆုံးရဲစခန်းသို့ ချက်ချင်းဖုန်းဆက်လိုက်ပြီး ညီရှိကိုလည်း ဆွဲထားရပါ၏။ သူ့အလွန်မှ ကိုယ့်အလွန်မဖြစ်စေချင်။

မကြာမီ ရဲကားတစ်စီး ဝေါခနဲထိုးဆိုက်လာပြီး ဆူပူသောင်းကျန်းနေသူများကို လက်ပူးလက်ကျပ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။





အမှုအတွက် ရဲစခန်းမှာ ဦးခင်ဇော်ဝင်းမိသားစုနှင့် မျက်နှာချင်းဆိုင်ရပြန်သည်။ သည်တစ်ခါတော့ ခင်စင်ရော်က တရားလို၊ သူတို့မိသားစုက တရားခံ။ ဆူပူရမ်းကားသူ ခေါင်းဆောင်က ဦးခင်ဇော်ဝင်းသေဆုံးစဉ်က နိုင်ငံခြားသို့ရောက်နေသည့် သားအငယ်။

အမှုကျေအေးရန်အတွက် တောင်းပန်ရမည်ပေမယ့် တရားခံဖက်မှုရုပ်တွေက တစ်စက်မှအပိုးမကျိုး။ မထိမရှိ ဆောင့်ကြွားကြွားနှင့်။ ဝိန်နှားကပ်တစ်ခါခါနှင့် ဦးခင်ဇော်ဝင်းကတော်က သူမကို စီးစီးပိုးပိုးပြောချေ၏။

"ညည်းအေ ဖအေကိုသတ်ပြီးမှတော့ သားကိုထောက်ထားသ္မာတာသင့်ပါတယ်။ သားကိုပါ ထောင်ထဲပို့ဦးမယ်ဆိုရင်တော့ ညည်း

လောက်ကျေးဇူးမသိတတ်တဲ့သူ ကမ္ဘာမှာရှိမယ် မဟုတ်တော့ဘူး။ ညည်း အခုကြီးပွားနေတာ ငါ့ယောက်ျားရဲ့ ငွေတွေနဲ့မဟုတ်လား”

မအေလုပ်သူ၏စကားက သူမကိုအကြီးအကျယ် အရှက်ရစေသည်။ သူ့ယောက်ျားက ကုဋေလေးဆယ်လောက် ပေးထားခဲ့သည်နယ့် ပြောနေပုံက စော်ကားလွန်းလှပါသည်။ အတ္တကြီးမားသူများသည် ကြောက်လန့်စရာ ကောင်းပေစွ။

သို့သော် ခံစားချက်များကို ခင်စင်ရော်ထိန်းချုပ် လိုက်ပါသည်။ သူ့တစ်ပါး စော်ကားတိုင်းသာ ခံစားကြေကွဲ ရှက်ရွံ့နေရပါလျှင် လောကကြီးသည် နေပျော်ဖွယ်ကောင်းတော့မည် မဟုတ်။

လေတိုက်တိုင်း သစ်ရွက်မကြွေနိုင်။ ရဲရဲဝံ့ဝံ့ ခေါင်းမော့ရင်း စခန်းမှူးကြီးကိုသာ အရေးဆိုရပါချေ၏။

“စခန်းမှူးကြီးရှင် သူ့သားနဲ့ အပေါင်းပါလေးယောက်ဟာ ကျွန်မအဆောင်ရှေ့မှာ အော်ဟစ်ဆဲဆို၊ ဂုဏ်သတင်းမဲ့စေခဲ့တာ စခန်းမှူးကြီး မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ ဒီပြစ်မှုအတွက် ထိုက်သင့်သလို ဆောင်ရွက်ပေးစေချင်ပါတယ်”

ဟော အခုမအေကလည်း စခန်းမှူးကြီးတို့ ရှေ့တင်ကျွန်မကို စော်ကားပုတ်ခတ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မ မကျေနပ်ပါဘူး။ ထိရောက်စွာ အရေးယူပေးပါ။

ဒီမှာအန်တီ။ စိတ်ကိုရှင်းရှင်းထားပြီး ငါ့လင်၊ ငါ့သားဆိုတဲ့ စိတ်တွေနည်းနည်းလောက် လျှော့ကြည့်လိုက်ပါ။ သူ့တို့လုပ်တာ မှန်ရဲ့





ဘား။ ဒီမိန်းကလေးသာ ငါ့သမီးဆိုရင်ဆိုတဲ့ ကိုယ်ချင်းစာတွေးလေး တစ်ခါလောက် တွေးကြည့်စမ်းပါ။

ရှင့်မှာမောဟတွေ၊ ဒေါသတွေ၊ အငြိုးအတေး၊ အာဃာတတွေ လွှမ်းနေသမျှတော့ ရှင့်မျက်လုံးတွေ ဘယ်တော့မှ အမှန်မြင်မှာ ဟုတ်ဘူး”

စခန်းမှူးကြီးကို နှုတ်ဆက်ပြီး ဦးမင်းဝဏ္ဏထားခဲ့သည့် ခဲရောင် ကားလေးနှင့် ခင်စင်ရော် မောင်းနှင်ထွက်ခွာလာခဲ့သောအခါ ဦးခင်ဇော် င်း၏ မိသားစုတစ်ဖွဲ့လုံး ဆွေ့ဆွေ့ခုန်၊ ဆတ်ဆတ်တုန်၍ ကျန်ခဲ့၏။

တစ်ခါရှုံးပြီးသားဘဝမှာ နောက်ထပ်အရှုံးဆိုတာ ဘယ်သော အခါမှ မရှိစေရ။

တဆိတ်တော့ လွန်ပြီထင်သည်။ လက်ဖက်ရည်ဆိုင်၊ အအေး ဆိုင်၊ စားသောက်ဆိုင်ဆိုပေမယ့် အဖျော်ယမကာလည်း ရောင်းကြတာပဲ မဟုတ်လား။ ဘီယာသောက်ပြီး အစွမ်းကုန်မူးပြ၊ ထိကပါး၊ ရိကပါး လုပ်နေကြသည့်လူတွေသည် တစ်ခါက ခင်စင်ရော်၏ဘဝကို သိထား ကြသူများဖြစ်သည်။ စုစုပေါင်းလေးယောက်။

ညကိုးနာရီ ပတ်ဝန်းကျင်မှာ ဆိုင်အမြဲတမ်း ပိတ်ခဲ့ပေမယ့် မြို့မြဲ့ရဲ့ထုံးစံ ကိုးနာရီဆိုတာ ဘာရှိသေးလို့လဲ။ ရှိလက်စစားသုံးသူများ၏ လက်စကိုတော့ပြတ်အောင် စောင့်ဆိုင်းနေရစမြဲ။





ယခု ဆယ်နာရီ ထိုးတော့မည်။ ဆိုင်ကပိတ်လို့မရသေး။ အကောင့်သားများ၏ မုံစံကလည်း ဆေးမင်ကြောင်ရုပ်တွေနှင့် ကြမ်း တမ်းရိုင်းမျှသည့် ရုပ်များနှင့်ဖြစ်သည်။ မာရ်နတ်၏ ဘက်တော်သား တွေသဖွယ်။

ဆိုင်ထဲမှာ ခင်စင်ရော်၊ ညီရှိနှင့် လက်ဖက်ရည်ဖျော်သည့် ကောင်လေးသာရှိ၏။ စားပွဲထိုးမလေး သုံးယောက်က ကိုးနာရီမှာ ပြန်သွား ခဲ့ကြပေပြီ။

"မိန်းမဖြစ်ရတာ ကောင်းတယ်ကွ ရုပ်ကလေးသာချောမယ် ဆိုရင် ဘယ်လောက်ပဲ ညီစော်နံခဲ့နံခဲ့ တစ်ချိန်မှာ သရဖူဆောင်းနိုင် တာပဲ"

"ဘာသရဖူလဲ ညီစော်နံတဲ့ သရဖူအတုကြီးလား"

"ဟား...ဟား...ဟား"

သံချပ်ထိုးသည့်နှယ် စကားလုံးတွေ တိုင်ပင်ဖေါက်ရင်း သူတို့ ရယ်မော၊ စော်ကားနေတော့ ခင်စင်ရော်၏ သွေးတွေဖျင်းခနဲ ပူနွေး ဆူပွက်သွား၏။ သို့သော် ကိုယ့်စိတ်ကိုယ်ဖြေရသည်။ ဒေါသဆိုတာ သူ့ကို အကျိုးမပေး။ တစ်ခါက သူမခဝါသည် လုပ်ခဲ့ရဖူးတယ်။ ငွေရေး ကြေးရေးအတွက် ညီစော်နံခဲ့၊ ပြဿနာတွေ ဖြစ်ခဲ့ရဖူးတယ်။ မှန်တာ ပြောတာပဲ" ပြောပါစေ။

စားပွဲထိုးကောင်လေးက တောင်းပန်ပြန်သည်။

"အကိုတို့ ပြန်ကြပါတော့ဗျာ ကျွန်တော်တောင်းပန်ပါတယ်။

ဆယ်နာရီလည်း ကျော်ပါပြီ။ ကျွန်တော်တို့ ဆိုင်ပိတ်ချင်ပြီ"

သူ့စတိုင်ကဒါပဲ။ ဘယ်သူတွေ ဘယ်လောက်ဆိုးဆိုး ရှိနိုး ချော့ဖို့ပဲသိသည်။ သူ့ဗလဝဝကြီးကိုမှ အားမနာ။

ခင်စင်ရော်က ကောင်တာမှ မေးနစ်ဖက်ထောက်ပြီး ခပ်တည်တည်ကြည့်နေသလို ညိုရီက သူမအနားမှာ လက်ပိုက်ပြီး ခပ်တောင့်တောင့် ခပ်စူးစူးရပ်ကြည့်နေခဲ့သည်။

"အောင်မာ ဘာလဲ မင်းကငါတို့ကို နှင်တာလား။ ဟေ့ ဒီမှာ ငါတို့ကမွေးကတည်းက ရွှေဇွန်းကိုက်မွေးလာတဲ့ လူ့အထက်တန်းစား လူမှုလိုင်တွေကွ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တယ်၊ ဘာဖြစ်သေးလဲ။ သူများတွေလို ဘဝပျက်ပြီးမှ ပြန်ပြီးမျက်နှာဖုံးစွပ်ထားတဲ့ နွားမရှုံ့ပိတ် မဟုတ်ဘူး။ တကယ့်အစစ်အမှန် လူကြီးလူကောင်း သားသမီးတွေ"

"ချွမ်း...ဂလွမ်း"

အကောင်တစ်ကောင်က စားပွဲပေါ်မှ ဖန်ခွက်များကို စတင်ပေါက်ခွဲပစ်လိုက်သည်။

ညိုရီဆတ်ခနဲ ဖြစ်သွားသလို သူမ၏သွေးတို့လည်း ဆူပွက်သွားခဲ့သည်။ ကောင်တာမှ ခင်စင်ရော် ထလာခဲ့၏။ ထို့အတူ ညိုရီကလည်း သူမနှင့်ဖဝါးခြေထပ်လိုက်ပါလျှက်။ စတိုင်ဘောင်းဘီ အထူစား မီးခိုးရောင်ကိုယ်စီနှင့် တီရှပ်အဖြူလက်ရှည်က ဆိုင်ယူနီဖောင်းနယ်။ သတ်ဖို့၊ ပုတ်ဖို့တော့ အလွန်ကောင်းပေမည်။

"ဘယ်လိုလဲ။ ရှင်တို့လွန်ပြီ။ ကျွန်မတို့ဒီထက်ပိုပြီး သည်းမခံ





တော့ဘူး။ နယ်မြေရဲစခန်းကို ဖုန်းဆက်လိုက်ရင် ရှင်တို့နာတော့ မယ်။ ကဲ ပြန်ကြ။ ဖန်ခွက်ဖိုးတွေလည်း လျော်ခဲ့"

"အဟား...ဟား...ဟား"

ခင်စင်ရော်၏ ရှေ့မှတစ်ယောက်က တမင်ပြောင်လှောင်ရယ် မောနေသည်မှာ သရဲတစ်ကောင်နယ်။ ကျက်သရေကိုမရှိ။

"ဖန်ခွက်ဖိုးများ လျော်ပေးရဦးမတဲ့ ကဲ သူငယ်ချင်းတို့ရေ"

ထိုသူက အချက်ပေးလိုက်ရုံရှိသေးသည်။ ခင်စင်ရော်နှင့် ညိုရီ အနီးရှိ ခွေးခြေနှစ်လုံးကို ဆတ်ခနဲကောက်မပြီး ဆက်တိုက်ရိုက်ထည့် လိုက်သည်မှာ တက်ညီလက်ညီ။ အသံတွေက အုန်းသီးခွဲသည်နှယ်။ ခပ်ခနဲ၊ ခွပ်ခနဲ။

"မိန်းမတွေဆိုပြီး လာမစော်ကားနဲ့ မရဘူး။ နင်တို့ထက် သတ္တိ လို့ လောကအလည်မှာ လူတစ်လုံး၊ သူတစ်လုံးနဲ့ရပ်နေတာ"

"ဒါတောင် ပညာကုန်သုံးတာ မဟုတ်သေးဘူး။ ငါတို့ခါးပတ် က်တွေ ဘီဒိုထဲမှာ သိမ်းထားတုန်းပဲ"

သည်စဉ် လဲကျသွားသည့် ကုန်းကုန်းကွကွတွေထဲမှ အကြော မာသည့် သကောင့်သားတစ်ယောက်က ဆတ်ခနဲကြုံးထပြီး အနီးရှိ ခင်စင်ရော်ကို ဓားနှင့်တွက်ထိုးထိုးလိုက်သည်။

"မမ..."

"ရတယ်"

ညိုရီအထိတ်တလန့်သံကို လက်ကာပြပြီး ခင်စင်ရော် ထိုလူ့

ဓားချက်ကို ကပ်ရှောင်၏။ ထိုလူ၏ ဓားကိုင်လက်ကိုတော့ သူမလိမ်ချိုးပစ်လိုက်ပြီ။ ‘ယခုနေအခါမှာ ဘုရားဒကာစိတ်မွေးနေလို့ မရတော့။

“အား···အား···အ”

“ကိုယ့်အလှည့်ကျ နာတတ်လိုက်တာနော်။ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ကဲ လက်အကျိုးလေးကိုမြင်တိုင်း ခင်စင်ရော်ကို သတိရနေပေါ့ဟုတ်လား။ တစ်ခုတော့ရှိတယ်နော်။ ခင်စင်ရော်ဟာ အရင်လို နူးညံ့တဲ့ပန်းကလေးမဟုတ်ဘူး။ အဆိပ်အပြည့်နဲ့ပန်း။ နောက်မကျေနပ်ရင် ကြိုက်သလို လာရှင်းနိုင်တယ်။ ကဲ သွားတော့”

လက်တစ်ဖက်တန်းလန်းနှင့် ထိုလူနာကျင်ငြီးတွားနေစဉ် ကျန်သုံးယောက်က မယုံနိုင်စရာ၊ အံ့ဖွယ်သုတတစ်ခုကို ဖတ်နေရသည့်ပမာ ပြူးကြောင်ထိတ်လန့်လျက်။

“ထလေ သွားကြ ကျက်သရေမရှိတဲ့ ရုပ်တွေ”

ခင်စင်ရော် အော်ထုတ်လိုက်တော့ လေးယောက်သား ကုန်းကုန်းကွကွဖြင့် ဆိုင်ထဲမှ ထွက်ကြဖို့ဦးစုသည်။ ချိုစောင်းမှ အကွဲအပြဲတွေကလည်း သွေးတို့စီးကျလျက်။

“နေဦး တို့ဖန်ခွက်ဖိုးနဲ့ ဘီယာဖိုး၊ အစားအသောက်ဖိုးတွေ ရှင်းခဲ့ဦး”

သန်မာထွားကျိုင်းသည့် ညိုရီက သူ့အနီးမှ လူပလန်လေး၏ ကုတ်ကိုဆွဲထားပြီး စာရင်းရှင်းစေသည်။

“ပိုက်···ပိုက်ဆံမပါဘူး”





“သြော် ပိုက်ဆံမပါဘဲလည်း ဝင်စားသေးတယ်။ ပြဿနာလည်း ရှာသေးတယ်။ ဝင်စားချင်တိုင်း စားရအောင် ဒါနင်တို့ပထွေးဆိုင် မှတ်နေသလား။ ချွတ် နင်တို့နှစ်ယောက်ရဲ့ ဂျာကင်တွေချွတ်ပစ်ခဲ့။ ဘီယာဖိုးသာရှင်းမှ ပြန်ပေးနိုင်မယ်”

လေးယောက်ထဲမှ နှစ်ယောက်၏ အကောင်းစားဂျာကင်ကြီးများကို ညိုရီချွတ်ယူထားလိုက်သည်။

ခပ်သုတ်သုတ် ထွက်သွားကြသည့် ထိုလေးယောက်ကိုကြည့်ရင်း သူမတို့တံခါးတွေ ပိတ်လိုက်ကြသည်။

ကဲ···ဘယ်လိုအန္တရာယ်တွေ လာဦးမလဲ။

အဆင်သင့်ပြင်ဆင် ထားလိုက်ပါမည်။

# အပိုင်း(၈)

## အခန်း(၁၄)

ပြာလွင်သည့် မိုးကောင်းကင်ထဲသို့ တောင်ပံတဖျတ်ဖျတ် ရိုက်ခါရင်း ထိုးတက်ပျံသန်းသွားသည့် ငှက်ကလေးကိုကြည့်ရင်း မင်းဝဏ္ဏ ခြေတွေ၊ လက်တွေကို အညောင်းဆန့်လိုက်သည်။

အား…လွတ်ပြီ…ကျွတ်ပြီဟေ့…

နောင်ဘယ်တော့မှ ဒီဘဝမျိုးသို့ အရောက်မခံတော့ဟု မင်းဝဏ္ဏ ဆုံးဖြတ်မိသည်။ မည်သို့ပင်ဖြစ်စေ ရှုပ်ရှုပ်ထွေးထွေး နေမိ၊ ထိုင်မိ၊ ပတ်သက်မိသည်ကြောင့် သူထောင်နှစ်ခါ ဆက်တိုက်နီးပါး ကျခဲ့ရသည် မဟုတ်ပါလား။

အချိန်ဟာ တန်ဖိုးအရှိဆုံး အရင်းအနှီးပင်။ သူမှာဖြစ်ဒဏ် နှစ်ခုပေါင်း ခုနစ်နှစ်ခွဲခန့် အချိန်တွေကုန်ဆုံးခဲ့ရပါလား။





ထောင်ကြီးကို လည်ပြန်စောင်းငဲ့ကြည့်ရင်း သူပုခုံးတွန့်နေမိစဉ် ခဲရောင်ကားလေး မင်းဝဏ္ဏအနီးသို့ လျှောခနဲဆိုက်ရောက်လာခဲ့၏။

အလို…သူထောင်က ဒီကနေ့လွတ်မည်ဆိုတာ အဖေ ဦးအောင်ထက်)ကိုရော၊ မည်သူ့ဆီကိုရောမှ အကြောင်းမကြားခဲ့ပါဘဲနှင့်။

ပြင်ပမှ လတ်ဆတ်စိမ်းမြသည့် လွတ်လပ်သောလေကို အငမ်းမရ ရှူရှိုက်နေရင်းမှပင် ကားထဲသို့ သူမျက်မှောင်တွန့်ကွေး ကြည့်လိုက်သည်။

ခင်စင်ရော်…

ကြည်စင်ဝင်းပသည့် အသွေးအမွေးဖြင့် တသွေးတမွေး လှချင်တိုင်းလှနေသည့် သူမကို မင်းဝဏ္ဏ မျက်ခုံးအတန်ကြာပင့်ပြီး ကြည့်နေမိ၏။ သို့သော် သူ့ရင်ထဲမှာ မကျေနပ်စိတ်များကလည်း ရှန်းကြွတွန်းကန်လာခဲ့သည်။

သူ…ခင်စင်ရော်ကို ကောင်းစွာမသိသေးဟု မင်းဝဏ္ဏထင်သည်။ သူမဟာဘာလဲ။ စပယ်ပွင့်လား။ စပယ်ပွင့်ယောင်ဆောင်နေတဲ့ လက်ခုပ်ပွင့်လား။ အဖြစ်အပျက်တွေ လျင်မြန်ခဲ့သည်မို့ ခင်စင်ရော်ကို သူသေချာစွာ မသိရှိခဲ့ရသေး။

လူတစ်ယောက်၏ နှလုံးသားဖြူစင်,မစင်၊ အနစ်နာခံတတ်၊ မခံတတ်ဆိုတာ အရေးကြုံမှ သိလာရမည့်ကိစ္စတွေပဲ။ သူနှင့်ပတ်သက်သမျှ ခင်စင်ရော်သည် အသာစီးကနေ ဆက်ဆံနေရသည်ချည်း ဖြစ်သည်။

ယခုမှ ထောင်ကထွက်လာရသည်မို့ မင်းဝဏ္ဏ၏ အသွင်သဏ္ဌာန်က ရင့်ထော်ကြမ်းရှနေရသည်။ ဆံပင်တို့ကလည်း ဖရိုဖရဲ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကလည်း ငုတ်စိစိ၊ အဝတ်အစားကအစ ထောင်ထဲသို့ ဝင်တုန်းကတည်းကပါသွားခဲ့သည့် အဝတ်အစား။ ဂျင်းဘောင်းဘီနှင့် ရှပ်အကွက်။ သူ့ပုံသဏ္ဌာန် ထန်တင်းကြမ်းရှနေခဲ့သည်မှာ လောကအပေါ် မကျေနပ်နေလို့လည်း ဖြစ်ကောင်းဖြစ်မည်။ ကြည့်စမ်း မတရားလိုက်တဲ့ ကံကြမ္မာနယ်။ သူလည်း မကျူးလွန်ပါဘဲနှင့် ပြစ်ဒဏ်နှစ်ခါတောင် ကျခံခဲ့ရသတဲ့။ သို့သော် ဒီလိုပြောလို့ မည်သူက ယုံကြည်မှာတဲ့လဲ။

"ဦးမင်းဝဏ္ဏ"

နှုတ်ခမ်းလှုပ်ရုံ သူမ၏အသံက ကြေကွဲဆွတ်ပျံ့မှုအပြည့်။ သူမ ကားတံခါးဖွင့်ပြီး မြေပြင်သို့ဆင်းသက် ကြိုဆိုခန်းကို မင်းဝဏ္ဏ မျက်မှောင်တွန့်ကွေးကြည့်နေမိပြန်သည်။ မင်းသမီးက ခြေဆုံးခေါင်းဆုံး လှနေတော့တာပါပဲလား။ သူ့ကိုဖမ်းစားရအောင်များ တမင်ပြင်ဆင်လာခဲ့ရော့ မသိပေ။

ကတ္တီပါဖိနပ်ပန်းရောင်နှင့် ခြေဖမိုးလေးတွေ ဝင်းပနေခဲ့သလို ပန်းနုရောင်ဝတ်စုံအိအိကလည်း ချင်းတောင်ပန်းသီးတစ်လုံးနှယ် နှင်းဆီပန်းတစ်ပွင့်နှယ် ကြွရွ၊ မွှေးအိလျှက်။

မျက်ရည်ပြည့်လျှမ်းသည့် မျက်ဝန်းဖြင့် သူ့ကိုငေးကြည့်နေလိုက်သည်မှာလည်း တမေ့တမော။ မင်းဝဏ္ဏ စိတ်မရှည်နိုင်တော့။

"ဆို...ဘာကိစ္စလဲ"





ရင်ထဲမှာ အလွမ်းတစ်ဝက်၊ သံသယတစ်ဝက်နှင့်မို့ သူ့အသံက မာဆတ်ဆောင့်ရောင့် နေခဲ့သည်။ သူမဟာမာယာသည်လား။ ကဝေမလား။ ခံစားနေရသည့် စည်းစိမ်တို့ကို မက်မောပြီး သူ့ကိုအမိဖမ်းလေမည့် မုဆိုးတစ်ဦးလား။ ခပ်ရိုင်းရိုင်းတွေးမိသည်ကို ရင်ထဲနင့်ရပေမယ့် သူ မတွေးဘဲလည်း မနေနိုင်ချေ။

"လူကြီးမင်းကို လာကြိုတာပါ"

"ငါဒီနေ့လွတ်မှာ မင်းဘယ်လိုလုပ်သိသလဲ။ ဘာလဲ မင်းက မှော်ဆရာမကြီးလား"

"လူကြီးမင်းက မတွေ့ချင်ဘူးဆိုလို့ ကျွန်မ မလာခဲ့ပေမယ့် လူကြီးမင်းရဲ့သတင်းကို ကျွန်မအမြဲ နားစွင့်နေပါတယ်"

"ဒါဖြင့် ငါ့ကအခု ဘာလုပ်ရမှာလဲ"

ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ကောင်းကင်သို့မော့ကြည့်နေလိုက်ပုံက မထီတရီ။ သူ့ရဲ့ ယဉ်ကျေးနူးညံ့မှုတို့ကို ထောင်က ဖျက်ဆီးဝါးမြိုလိုက်ပြီလား။ ဦးမင်းဝဏ္ဏသည် ဒဏ်ရာရကျားတစ်ကောင်နှယ် ကြမ်းရိုင်း ရန်လိုလှပေသည်။

ထောင်ထဲသို့မဝင်မီ အခြေအနေကို ခင်စင်ရော် ပြန်တွေးကြည့်မိသည်။ သူဟာ သူမအပေါ်မှာ အတော်ညွှတ်နူးခဲ့တာ မဟုတ်လား။

"ဦးမင်းဝဏ္ဏကို ကျွန်မလာကြိုတာပါလို့ ပြောခဲ့ပါပြီ။ လူကြီးမင်းရဲ့အိမ်ကို လူကြီးမင်းပြန်လာရမယ်လေ။ ဒါပဲမဟုတ်လား"

သူမ၏အသံကို တိုးညှင်းရိုက်ခတ်နေပုံက နှလုံးသားကမ်းပါး

ပရမ်းပတာ ပြိုလဲနေသည်ကို အလွယ်တကူ သိရှိစေပါ၏။ သို့သော် လောကကြီးအပေါ် မကျေနပ်တိုင်း မင်းဝဏ္ဏသည် သူမအပေါ် ပေါက်ကွဲပုံချနေလိုက်ချင်၏။

"ဘာလဲ မင်းကငါ့ကို အမိန့်ပေးနေတာလား။ မပြန်ဘူးကွာ ငါ့အိမ်ငါပြန်မလာတော့ ဘာဖြစ်သလဲ။ မင်းရှိနေတဲ့ အဲဒီအိမ်ကို ငါ လိုက်ကိုမလိုက်ဘူး။ မင်းအတွက် ငါ့ရဲ့အဖိုးတန်အချိန်တွေကို ထောင်ထဲမှာ စွန့်လွှတ်စတေးခဲ့ရတယ်။ အခု ငါလွတ်လပ်ပြီ။ လွတ်လပ်တဲ့လူသားတစ်ယောက် ပြန်ဖြစ်သွားပြီ။ မင်းနဲ့ငါ ဘာမှမတော်ဘူး။ ငါ့ကိုဆရာကြီးလာမလုပ်ပါနဲ့။ ငါ့ဘာသာငါ သွားချင်ရာကိုသွားမယ်။ နေချင်သလိုနေမယ်"

သူ့ထံမှ စိမ်းပြတ်သည့် စကားများကို ကြားလိုက်ရသဖြင့် ခင်စင်ရော် တစ်ကိုယ်လုံး မိုးကြိုးပစ်ချခံလိုက်ရသလို တောင့်တင်းလောင်ကျွမ်းသွားရ၏။

"လူကြီးမင်း"

သူမ၏အသံတို့ အက်ကွဲပြတ်တောက် လန့်ဖျန့်လျှက်။ သူက သူ့အိမ်ပေါ်မှ ဆင်းမပေးမှာစိုးလို့ ရန်စကားတွေ ပြောလေသလား။ မဟုတ်သေးပါဘူး။ ဦးမင်းဝဏ္ဏ၏ အကြင်နာ၊ စေတနာတို့ကို သူမသိရှိပြီးမို့ သူ့ကို ခင်စင်ရော် အပြစ်မယူရက်နိုင်။ ဥပေက္ခာစိတ် မထားနိုင်ပါ။

ကျွန်မ ပြန်တော့ပြန်မှာပေါ့နော်။ မြေသားပေါ်က လာတဲ့ ကျွန်မဟာ မြေသားပေါ်ကိုပဲ ပြန်သွားမှာပါ။ ဒါပေမယ့် လူကြီးမင်းရဲ့





ကျေးဇူးတရားတို့အပေါ် အနည်းငယ်ဖြစ်ဖြစ် ပြန်လည်တုံ့ပြန်ပါရစေဦးနော်။

အရက်မူးသမားတစ်ယောက်လို မမူးဘဲရမ်းကားနေသည့် ဦးမင်းဝဏ္ဏအား "ပန်းခြသေ့"စားသောက်ဆိုင်ပိုင်ရှင် ခင်စင်ရော်က သည်းခံပါသည်။

"ငါ့မှာ ခြေနဲ့လက်နဲ့။ မင်းမောင်းတဲ့ကားမှာ ငါမစီးဘူး။ ငါ့ဘာသာ သွားချင်ရာသွားမယ်"

"ဟုတ်ပြီလေ ဦးမင်းဝဏ္ဏ သွားချင်ရာကို သွားရမှာပါ။ ကားကိုလည်း ကျွန်မ မမောင်းရဘူးဆိုရင် လူကြီးမင်းပဲမောင်းပါ။ ဒါ လူကြီးမင်းရဲ့ကားပါ။ ကျွန်မရှိနေလို့ ဦးမင်းဝဏ္ဏ အိမ်မပြန်ဘူးတော့ မလုပ်ပါနဲ့နော်။ ကျွန်မရှိတာ မကြိုက်ဘူးဆိုရင် အခုပဲ ကျွန်မကျန်ခဲ့မှာပေါ့။ ဘာပါ ဦးမင်းဝဏ္ဏ ကိုယ့်ကားကိုယ်မောင်းပြီး ကိုယ့်အိမ်ကိုယ်ပြန်ပါ။ အိမ်မှာအားလုံး အဆင်ပြေအောင် ကျွန်မစီစဉ်ပေးထားပါတယ်။ ကျွန်မကိုခွင့်လွှတ်ပါ"

"မင်းကဘာလုပ်မလို့လဲ"

ဘုဂလန့်စကားတွေ ပြောနေသည့် လူကြမ်းကြီးကို ခင်စင်ရော် ခပ်ပြုံး ပြုံးပြမိသည်။ မျက်ရည်ဝဲနေတာတွေ သူမမြင်ရအောင် သူမ မျက်လွှာချထားမိသည်။ သူမ၏ ကော့ပျံသော မျက်တောင်များက သူမ၏ မျက်ရည်ရိပ်များကို မမြင်ရလေအောင် ဖုံးကွယ်ထားနိုင်ပါလိမ့်မည်။

"ကျွန်မကျန်ခဲ့မယ်လေ။ လူကြီးမင်း မလိုလားဘူးမဟုတ်လား"

"ဒီလမ်းပေါ်မှာ ဟုတ်လား"

"အင်းပေါ့ ကျွန်မက လမ်းပေါ်က မိန်းမပဲဟာ"

သူမ၏ မချိတင်ကဲစကားကြောင့် မင်းဝဏ္ဏတွန့်ခနဲ တုန်လှုပ်သွားရသည်။ ငါ့အတွေးတွေ မှားနေသလား။ တကယ်တော့ သူ… ခင်စင်ရော်ကို ခွဲနိုင်သည်လည်းမဟုတ်ပါချေ။ သက်သက် ဂျီကျနေခြင်းသာဖြစ်သည်။

"စိတ်ဓာတ်ကိုက သိပ်အောက်တန်းကျတာပဲ တောက်"

မင်းဝဏ္ဏမှာ ရင်ထဲကအတွေးနှင့် ဆန့်ကျင်လျှက် ခင်စင်ရော်ကို ဆောင့်ကြီး၊ အောင့်ကြီး နိုင်စားနေလေ၏။ သူမကလည်း ခြေသုတ်ပုံဆိုး၊ မြွေစွယ်ကျိုးမျှ သူပြုသမျှ နလွှနေချေတော့သည်။

နှစ်ယောက်သား တက်ပြီးသည်နှင့် ကားလေးက လျင်မြန်စွာ ထွက်ခွာလာခဲ့သည်။ သို့သော် ချက်ချင်းပင် ကားကိုလမ်းဘေးထိုးရပ်ပြီး ဦးမင်းဝဏ္ဏ အမိန့်ပေးလိုက်ပြန်သည်။

"ငါ့စိတ်တွေ ရှုတ်ထွေးနေတယ်။ ငါအရမ်းပင်ပန်းနေတယ် ခင်စင်ရော်။ ကားကို မင်းပဲမောင်းပါ။ ငါ့ကိုအေးချမ်းတိတ်ဆိတ် အနားယူဖို့ကောင်းတဲ့ နေရာကလေးတစ်ခုကို ပို့ပေးပါလားကွာ။ သင်္ချိုင်းကုန်းကိုပဲဖြစ်ဖြစ်"

ပြောပြီး သူက မောင်းသူနေရာမှ ရွှေ့ပေးသည်။ သူ့ကို တိုးရွှေ့ပြီး ခင်စင်ရော် နေရာချင်းလဲရသည်။ ထိုင်ခုံဆိုဖာပေါ် ခေါင်းမှေးမှီပြီး မင်းဝဏ္ဏတကယ်ပဲ ခြေကုန်လက်ပန်းကျနေတော့ ခင်စင်ရော်ရင်ထဲ နင့်အောင်ခံစားနေရပြန်သည်။





အမြင်ဆိုးပေမယ့် နှလုံးသားချိုသည့် ဒူးရင်းသီးကြီးပါပင်။

ကားလေးကို ခင်စင်ရော် မောင်းထွက်လိုက်ပါ၏။ သူပြောသည့် အေးချမ်းတိတ်ဆိတ်သည့် ဘုံဗိမ္မာန်လေးသို့ ခင်စင်ရော် ခေါ်ဆောင်သွားလိုက်ပါမည်။

# အခန်း ( ၁၅ )

တမေ့တမော စီးနေရသည့် ခပ်ငြိမ့်ငြိမ့်အရသာက ခင်စင်ရော်၏ ကိုယ်သင်းရနံ့တို့ဖြင့် ထုံယစ်နေသည့် ကားကလေးထဲမှာမို့ဖြစ်သည်။ ခေါင်းထဲမှာ ငြီးစီစီဖြင့်တကယ့်ကို မရှင်းမလင်း ဖြစ်နေခဲ့ရသည်မို့ ဆိုဖာနောက်မှီမှာ ခေါင်းမှီရင်း မင်းဝဏ္ဏလိုက်ပါနေခဲ့သည်။

သီချင်းထဲကလို တိမ်လွှာတွေပေါ် တငြိမ့်ငြိမ့်ခိုစီးရင်း မူးယစ်ရီဝေသည့် အရသာကို မင်းဝဏ္ဏခံစားနေရသည့်နှယ်။ ကောင်မလေးရယ်။ မင်းဟာရှန်ဒီနီပါပဲ။ သူ့မှာမျက်လုံးမှိတ်လိုက်လာနေသဖြင့် ဘယ်အရပ်၊ ဘယ်ဌာနသို့ ရောက်လို့ရောက်နေမှန်လည်း မသိပါ။ ကိစ္စမရှိ သူကလေးနှင့်ဆိုလျှင်လည်း သင်္ချိုင်းပဲရောက်ရောက်၊ ငရဲပြည်သို့ပဲ ရောက်ရောက်လေ။ မင်းဝဏ္ဏမှာ သူမကိုသာ ကိုယ့်ဘဝအပ်နှံထားချင်မိခဲ့သည်။





"ဟာ…ဒါဘယ်နေရာကြီးလဲ။ ငါ့ကို ပြန်ပေးဆွဲလာတာလား။ ဒါမှမဟုတ် ခိုးလာတာလား"

ကားလေး ငြိမ့်ခနဲ ထိုးရပ်သွားသဖြင့် မင်းဝဏ္ဏမျက်လုံးဖွင့်ကြည့်မိတော့ လူနေကျဲပါးသည့် နေရာလေးတစ်ခုကို တွေ့လိုက်ရသည်။ သြော် ရန်ကုန်မြို့ကြီးနှင့် တော်တော်ဝေးခဲ့ပြီဖြစ်သည်။

သို့သော် ခင်စင်ရော်က သူ့ကိုဘာမှပြန်မပြောချေ။ ကားကိုသာ ခြံဝင်းလေးထဲသို့ ကပ်ကပ်သတ်သတ် ဝင်ရပ်ခဲ့သည်။ သူမကားပေါ်မှ ဆင်းတော့သူလည်း ဆင်းရသည်ပင်။ သိပ်ပြီးမကျယ်ဝန်းလှသည့် မြေပေါ်မှာ ပန်းရိုင်းခင်းလေးများက မွှေးပျံ့လှပလျှက်။ နှင်းဆီကလည်း မြန်မာနှင်းဆီဟုခေါ်သည့် နှင်းဆီအပွင့်သေးသေး အခိုင်ကလေးတွေ။ ဆောင်းဦးရာသီမို့ ပန်းရနံ့များနှင့် လေညှင်းက ရောထွေးသင်းပျံ့နေပြန်သည်။

ရေရသဖြင့် စပယ်များကလည်းပွင့်လျှက်။ နွှေစပယ်၊ ဆောင်းစပယ်ဆိုတာ မိုးစပယ်ထက် အဆမတန် မွှေးပျံ့ကြိုင်လှောင်သည် မဟုတ်ပါလား။ ခြံထောင့်မှခရေပင်ပျို၊ စကားဝါပင်ပျိုလေးများကလည်း အပွင့်ကလေးများ ခပ်ပါးပါးနှင့် ရနံ့ကူဖြည့်နေပြန်သည်။ အိမ်ရှေ့မှာလည်း ဆိုင်းဘုတ်ကလေးနှင့်။

"ရိုးမြေကျစ်အိမ်"

ယခုမှစာဖတ်တတ်စ ကလေးငယ်လို စာတန်းကို အသံထွက်ဖတ်ပြီး မင်းဝဏ္ဏ ငြိမ်သက်နေမိသည်။ ဘာတွေလဲ သူမဘာတွေ လျှောက်လုပ်နေတာလဲ။

သစ်သားလေးပင်အိမ်လေးက အရုပ်အိမ်လေးနှင့်တူပြီး အိမ်ရှေ့မှပန်းခင်းလေးကတော့ ပန်းချီကားချပ်ကလေးနှင့် တူသည်။ ကျန် အမျိုးအမည်မသိ ပန်းကလေးတွေမှာလည်း ဖြစ်ထွန်းလွယ်သည့် ပန်းရိုင်းလေးတွေသာဖြစ်သည်။

"ဒါ ဘယ်သူ့အိမ်လဲ။ ဒီမှာ ငါနေရမှာလား။ အိမ်လေးကတော့ ချစ်စရာပဲ။ နာမည်ကိုပိုကြိုက်တယ် ဘာတဲ့ ရိုးမြေကျစံအိမ်···ရိုးမြေကျစံအိမ် သိပ်ကောင်းတဲ့နာမည်ပဲ"

ခင်စင်ရော်က အသင့်ဖွင့်ထားသည့် အိမ်ကလေးထဲသို့ ဝင်သဖြင့် သူလည်းလိုက်ဝင်ရသည်။ မီးဖိုခန်းဖက်ဆီမှ ချက်ပြုတ်၊ ကြော်လှော်သည့် အနံ့များထွက်လာသဖြင့် အိမ်ထဲမှာလူရှိကြောင်း သိရ၏။ တကယ့်ပဟေဠိပါပင်။

"ဒါ ဘယ်သူ့အိမ်လဲ။ ပန်းခင်းလေးရယ်၊ ခုံတန်းရယ်၊ ကြည့်စမ်း ဒီနေ့ည လပြည့်ညပဲ။ လမင်းကိုမော်ကြည့်လို့ရမယ်။ ဖြစ်နိုင်ရင် ငါဝယ်လိုက်ချင်တယ်ကွာ။ ပန်းပင်လေးတွေစုံတာလည်း သဘောကျတယ်။ အိမ်လေးကချစ်စရာကောင်းတာလည်း သဘောကျတယ်။ ငါကလူတွေနဲ့ ဝေးဝေးနေချင်တာ။ ငါ့အိမ်က ဆူညံတဲ့နေရာမှာပဲ"

ကြိမ်ဆက်တီ အသစ်ကလေးများ ချထားသည့် ဧည့်ခန်းထဲမှာ ဦးခေါင်းတစ်ပတ်လည် ငေးမောရင်း မင်းဝဏ္ဏ နစ်မြှုပ်နေမိစဉ် မီးဖိုခန်းထဲသို့ ခေတ္တဝင်သွားသည့် ခင်စင်ရော် ပြန်ထွက်လာခဲ့သည်။

သူမလက်ထဲမှာ စားစရာများ ထည့်ထားသည့် စတီးလင်ဗန်း





ဘစ်ခုပါလာခဲ့သည်။ သူမယခုထိ စကားမပြောသေး။

"ဘာတွေလဲ မင်းကတော့ ဒီအိမ်ရှင်နဲ့ တော်တော်ရင်းနှီးတယ် ,ဆင်တယ်နော်။ ကိုယ့်အိမ်ကျနေတာပဲ။ အထဲဝင် အပြင်ထွက်နဲ့"

စတီးလင်ဗန်းကို သူ့ရှေ့ချပြီး သူမက အငွေ့တထောင်းထောင်း ဆနေသည့် လက်ဖက်ရည်ချိုတစ်ခွက်ကို မင်းဝဏ္ဏထံ ကမ်းသည်။

"သုံးဆောင်ပါဦးရှင်။ လက်ဖက်ရည်ချိုနဲ့ ဆန္ဒွင်းမကင်း၊ ပြီးရင် ခရမိုးချိုးမယ်။ ကိုယ်ခန္ဓာသန့်ရှင်းရေး လုပ်မယ်။ နောက်နေ့လည်စာ ာားကြတာပေါ့နော်"

"ဟာ···အားနာစရာကြီးကွာ။ ဒီအိမ်ရှင်က မင်းနဲ့တော်တော် ာင်းနှီးလို့လား။ ခေါ်ပါဦး···ငါနဲ့လည်းမိတ်ဆက်ပေးပါဦး"

"ဘာဖြစ်လို့ အားနာစကားတွေ ပြောနေတာလဲရှင်။ ဦးမင်းဝဏ္ဏ ရဲ့မောပန်းနွမ်းနယ်နေတဲ့စိတ်တွေ တဒင်္ဂငြိမ်းချမ်းပါစေတော့ရယ်လို့ ာအေးဆေးတဲ့နေရာကို ခေါ်လာခဲ့တာပါ။ ကျွန်မကို မယုံဘူးလား။ ဟင် ဘာလဲ ကျွန်မအိမ်ထောင်ကျနေပြီလို့ လူကြီးမင်းထင်လို့လား"

သူတစ်ခါမှ မတွေးထင်ခဲ့သည့် မေးခွန်းကို ခင်စင်ရော်က ာပြောလိုက်သဖြင့် မင်းဝဏ္ဏ၏ ရင်ပြင်တစ်ခုလုံး ပူလောင်သွားရသည်မှာ ီးလောင်ဟပ်သည့်နှယ်။ သူဆတ်ခနဲ ထရပ်မိခဲ့ပြီ။ မီးဖိုထဲမှာ ချက်ပြုတ် ာကြော်လှော်နေတာ ဘယ်သူလဲ။ သည်အိမ်ဟာ ခင်စင်ရော်တို့ ဇနီး ာမောင်နှံရဲ့နေအိမ်လား။

ဟင် ဒါဖြင့် သူခင်စင်ရော်ကို ဆုံးရှုံးရပြီလား။ အတွေးဖြင့်ပင်

ပူလောင်ဗျာဆိုက်သွားရပြီး မင်းဝဏ္ဏာမှာ တော်၏မတော်၏ မစဉ်းစားနိုင်ဘဲ မီးဖိုခန်းသို့ ကမူးရှူးထိုး သွားမိခဲ့သည်။

"ညိုရီ"

တော်ပါသေး၏။ ချက်ပြုတ်ကြော်လှော်နေသူက တစ်ခါက သူကျေးဇူးပြုခဲ့ဖူးသည့် ကောင်မလေး ညိုရီသာ ဖြစ်ပါသည်။

"အကို...ဘာဖြစ်လာတာလဲ"

"နင့်နယ် ငါလာတာတောင် ကြိုဖော်မရဘူး"

"ညိုရီက ချက်ပြုတ်ပြင်ဆင်ပြီးမှ တွေ့မလို့ပါ"

"အေး...ပြီးရော"

ယခုမှရင်ထဲမှ အလုံးကြီးကျသွားပြီး မင်းဝဏ္ဏာသက်ပြင်း ချနိုင်ခဲ့သည်။ ဘာအားနာစရာရှိတော့မလဲ။ ကေနွှ ခင်စင်ရော်နှင့် ညိုရီ ငှားထားသည့်အိမ်ကလေး ဖြစ်ရမည်။ မင်းဝဏ္ဏာ ညေ့ခန်းသို့ ပြန်ရောက်လာခဲ့၏။ ပြီးနောက် ခင်စင်ရော်ကျွေးသည့် လက်ဖက်ရည်ချိုနှင့် မုန့်ကို အားရပါးရစားပစ်လိုက်သည်။ တကယ့်နတ်သုဒ္ဓါပါပဲ။

"ပြီးရင် ရေချိုးမယ်နော်။ အခုဆယ့်တစ်နာရီခွဲ"

"နေပါဦးကွာ ငါသိပ်မောပန်းလွန်းလို့ပါ။ ငါ့ဘဝမှာ ခရီးကြမ်းတွေ ဆင်နွှဲခဲ့ရပေါင်း များလှပါပြီ"

သူ့ကိုကလေးလေးတစ်ယောက်နယ် ချုပ်ချယ်ပြုစုချင်နေသည့် ခင်စင်ရော်ကို မင်းဝဏ္ဏာ တောင်းပန်ခယ[illegible]ငြီးတွားပြမိတော့ သူမ အရည်ပျော်ကျသွားသည်။





"ဒါဆို လူကြီးမင်း အဝတ်လဲမယ်။ အိပ်မယ်နော်။ ကျွန်မ သန့်စင်ပေးမယ်။ အိပ်ယာကနိုးမှ ထမင်းစားကြတာပေါ့"

"ဘာလဲ မင်းကငါ့ကို ဘာလုပ်ပေးမှာလဲ"

"ရေပတ်တိုက်ပေးမယ်။ မျက်နှာသန့်ရှင်းပေးမယ်လေ"

"ဘယ်လို အဲဒီလိုလုပ်ပေးတာ နာ့စ်တွေကလွဲရင် လင်မယားတွေမှ လုပ်ပေးမှာပါ။ မင်းမရှက်ဘူးလား"

မင်းဝဏ္ဏာ၏စကားကြောင့် သူမ၏ မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားခဲ့သည်။ ပန်းကလေးတစ်ပွင့်ကို လူတကာရဲ့ခြေနင်းပတ် မြက်ခင်းပြင်ပေါ်မရောက်အောင် ကယ်ဆယ်၊ ဆယ်တင်ပေးခဲ့တဲ့အတွက် ရဲဆေးတင်ပြီး ပြုစုလုပ်ပေးမှာပါ လူကြီးမင်းရယ်။ အထင်မလွဲပါနဲ့ မကျိစားပါနဲ့နော်။

"ပြောလေ မင်းမှာအရှက်မရှိဘူးလား။ ဘာလဲ မင်းကဒီလိုပဲ လုပ်ပေးတတ်တဲ့ အလေ့အကျင့်ရှိသလား။ အတွေ့အကြုံရှိခဲ့ဖူးသလား"

သည်တစ်ခါတော့ ခင်စင်ရော် မဟာန်နိုင်တော့။ ရပ်နေရာမှ ဒူးများညွှတ်ကျပြီး မျက်ဝန်းများပြာဝေ သွားခဲ့သည်။ ခန္ဓာကိုယ်တစ်ခုလုံး ဆည်တံ့နိုင်တော့ပြီမို့ ရင်ကိုဖိရင်း သူ့ခြေရင်းမှာ ပုံလဲကျသွားရသည်။ ပြောရက်လိုက်တာ။

ရှင်ကျေနပ်အောင် ပြောပစ်လိုက်ပါနော်။ ရှင်ကျေနပ်မယ် ရှင့်အတွက်တွေ အရောင်လက်ခွင့်ရမယ်ဆိုရင် ကျွန်မသေသည်အထိ ခင်စည်းခံယူလိုက်ပါ့မယ်။

"ညိုရီ···ညိုရီရေ လုပ်ပါဦးဟ···လာပါဦးဟ"

သူအထိတ်တလန့် အော်ဟစ်သံကို နောက်ဆုံးကြားခွင့်ရလိုက်ပြီးနောက် ခင်စင်ရော်မှာ နှလုံးသားတစ်ခုလုံးပြင်ပသို့ ထွက်ခုန်ချသွားသည်နှယ် ခံစားလိုက်ရသည်။





သူမ သတိပြန်ရလာတော့ အိပ်ယာပေါ်မှာ သက်တောင့်သက်သာ ရောက်နေခဲ့သည်။ သူမ၏အနီးမှာ ညိုရီ။ ရင်ထဲမှာနင့်ကျင်စူးရနေမှုက သူမ၏နှလုံးသားထဲ ဓားတစ်ချောင်းစူးဝင်နေသည့်နှယ်။ ခံရခက်လှသဖြင့် ခင်စင်ရော် ရှိုက်ကြီးတငင် ငိုချမိလိုက်သည်။ သူမကို ကြည့်ပြီး ညိုရီစိတ်မချမ်းသာ။ သူမတို့အတူနေခဲ့ကြတာလည်း သုံးနှစ်နီးပါးရှိတော့မည်မို့ သံယောဇဉ်က ထုထည်ကြီးမားခိုင်ခံ့နေခဲ့ပြီ။

"မငိုပါနဲ့ မမရယ် ဒီလောက်နိုင်စားနေတဲ့ လူကြီးကို ပစ်ထားလိုက်စမ်းပါ။ ညိုရီတောင် သူ့ကိုနည်းနည်းမုန်းသွားပြီ သိလား"

ညိုရီက စူစူပုတ်ပုတ်ဖြင့် သူမဖက်မှ ဝင်၍ပြောသော်လည်း ခင်စင်ရော် သူ့ကိုစိတ်မပျက်နိုင်ပါ။

သူဟာကျွန်မရဲ့ကမ္ဘာ ကျွန်မရဲ့အနန္တစကြဝဠာပါ . . .

"သူ...သူရော ဘယ်ရောက်သွားပြီလဲဟင်။ သူ့ခမျာ ထောင်ထဲမှာသိပ်ပြီး ပင်ပန်းဆင်းရဲခဲ့ရှာမှာ"

"အင်းလေ ဒါကြောင့် သည်းခံနေရတာပေါ့။ အကို့ကို ညီ့ရီလည်းစေတနာရှိပါတယ်။ ဒါပေမယ့် မပအပေါ် နိုင်စားလွန်းတာတော့ မခံနိုင်သလိုပဲ။ ယောကျ်ားတို့ရဲ့ သဘောကိုညီ့ရီတို့ လိုက်မမီဘူးနော်"

"သူ တကယ်ပဲ မမကိုစိတ်နာနေသလားမှ မသိတာကွယ်။ အေးလေ စိတ်နာမယ်ဆိုရင်လည်း နာထိုက်ပါတယ်။ ဒါပေမယ့် မမသူ့ကို ရိုးရိုးလေးပဲ မောင်ဘွားတစ်ယောက်ကို ပြုစုသလိုမျိုး ပြုစုပေးချင်လှပါတယ်။ သူ့ဘဝမှာ သူဟာမောပန်းညှိုးနွမ်းလှပါပြီကွယ်...ပြောပါဦး ညီမရယ် . . .သူဘယ်မှာလဲဟင်"

မင်းဝဏ္ဏအပေါ် သံယောဇဉ်ကြီးမားလှသည့် ခင်စင်ရော်ကို ကြည့်ပြီး ညီ့ရီသက်ပြင်းချမိသည်။

"ဟိုဖက်ခန်းမှာ အိပ်ပျော်သွားပြီ"

"အို ဟုတ်တယ် သူတကယ်ပဲ ပင်ပန်းနေရှာတာ။ မမအိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားလဲဟင်။ သူနေ့လည်စာရော စားရဲ့လား။ သန့်ရှင်းမွှေးပျံ့တဲ့ အဝတ်ရော လဲရဲ့လားဟင်"

ခင်စင်ရော်၏ ခလုတ်တိုက်မတတ် မေးခွန်းများကို ညီ့ရီ မျက်စောင်းလှဲ့လှဲ့ ထိုးမိသည်မှာ မမအပေါ် စေတနာရှိလွန်းလို့ဖြစ်သည်။

"လဲတယ် . . .အဝတ်လဲတယ်။ မမကို ဒီကုတင်ပေါ် သူပဲ





ပွေ့လာတယ်။ သူတတ်သမျှ မှတ်သမျှပြုစုပေးပြီးမှ ညီ့ရီနဲ့လွှဲပေးခဲ့တာ။ အလကားပါ။ ဒီလူကြီးမူနေတာ။ မမသတိလစ်နေတုန်း သူပြာယာခပ်နေပုံများ အမြင်တောင်ကတ်တယ်။ ထောင်ထဲရောက်သွားတာနဲ့ စိတ်တောင်မနှံ့တော့ဘူး ထင်ပါတယ်"

ညီ့ရီ့စကားကြောင့် ခင်စင်ရော် အနည်းငယ် စိတ်ချမ်းသာသွားခဲ့၏။ သူမ ကုတင်ပေါ်မှဆင်းပြီး ညီ့ရီနှင့်အတူ ဧည့်ခန်းသို့ ထွက်ခဲ့သည်။ တကယ်တော့ ခင်စင်ရော်တို့ အိမ်ကလေးသည် လေးပင်အိမ်လေးမို့ အခန်းတိုင်းသည် မဝေးလှပါ။ တစ်ခန်းနှင့်တစ်ခန်း မြင်သာထင်သာရှိနေသည်ပါပဲ။

"အို တစ်နာရီတောင် ထိုးတော့မယ်။ သူဆာနေရှာမှာပဲ"

"ဟာ မမကလည်း အိပ်ပျော်နေတဲ့သူဟာ ထမင်းမဆာတတ်ပါဘူး။ ပြီး မအိပ်ခင်ကလည်း လက်ဖက်ရည်နဲ့ မုန့်တွေအများကြီး စားပါတယ်။ ဒီလောက်လည်း စိတ်မပူပါနဲ့ မမရယ်။ လာ မမသာ ရေချိုး။ ပြီးရင်ညီ့ရီတို့ ထမင်းစားကြမယ်။ အင်း . . .ခါတိုင်းဆို စားသောက်ဆိုင်မှာ အလုပ်တွေရှုပ်ရှုပ်လှည်နေလို့ ထမင်းဆာမှန်း မသိပေမယ့် ခုလိုအငြိမ်းစားနေရတော့ ထမင်းဆာလာလိုက်တာနော်"

ညီ့ရီ့စကားများကို လစ်လျူရှုပြီး ခင်စင်ရော် သူ့အခန်းကို ချောင်းကြည့်မိသည်။ အိုတကယ့် ကလေးလေးနယ်။ သူကဖြူစင်စွာ အိပ်ပျော်နေခဲ့သည်။

"ညီ့ရီဆာရင် စားနှင့်ပါကွယ်။ မမသူ့ကိုစောင့်မယ်"

“ဘာလဲ အကိုနဲ့မှ အတူစားမလို့လား။ သူကလူ့ခွစာကြီးနော် တော်ကြာမမပဲ ငိုနေရဦးမယ်”

“အတူတော့ မစားပါဘူးကွယ်။ သူ့ကိုပြင်ဆင်ကျွေးမွေးပြီးမှ မမမျိုလို့ကျမယ်။ ညီရှိစားနှင့်ပါ”

“အမယ် မမနဲ့ကျွန်မကရော ဘယ်တုန်းကခွဲဘူးလို့လဲ။ ခုမှ ခွဲခြား။ ခွဲခြားမလုပ်ပါနဲ့နော်။ မမ မစားသေးရင် ညီရှိလည်းမစားဘူး”

“မဟုတ်တာ ညီရှိရယ်။ မမက ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ ထားပါတော့။ ညီရှိပါကြားထဲက အဆစ်ဝင်ဒုက္ခခံရမှာ မတရားပါဘူးကွယ်။ စားပါ ညီမစားနှင့်”

ညီရှိကိုချော့မော့လွှတ်လိုက်ပြီး ခင်စင်ရော် ညှော့ခန်းထဲမှာ ထိုင်နေမိသည်။ သူ့ကိုစောင့်မည်။ တစ်နေဝင်ရှိ တစ်မိုးချုပ်ရင် ချုပ်ပါစေ။

ကြိမ်ဆက်တီပေါ်မှာထိုင်ရင်း နံရံပေါ်မှ ပန်းချီကားချပ်လေးဆီ ခင်စင်ရော် မျက်စိရောက်မိပြန်သည်။

အပူရောင်တွေနှင့် ရှန်းကြွနေသည့် သဲကန္တာရထဲမှာ ကုလားအုပ်လေးတစ်ကောင်။ ဝန်ထုပ်ဝန်ပိုးများနှင့် မောဟိုက်နေသည့်ကုလားအုပ်လေးတစ်ကောင်။

အိုအေစစ်မရှိ၊ ရှားစောင်းခြုံပုတ်လေးများပင် မရှိသည့် သဲကန္တာရထဲမှာ နေမင်းကြီးကလည်း အလင်းတွေ စူးရဲတောက်ပလျှက်။

ဦးမင်းဝဏ္ဏ၏ အခန်းထဲမှ ပန်းချီကားလေးပါပဲ။ သူမကြိုက်လွန်းလို့ ယူခဲ့ခြင်းသာဖြစ်သည်။ ပန်းချီကားနာမည်ကလည်း “ခရီးသည်”





တဲ့။ အဲဒီပန်းချီကားထဲမှ ကုလားအုတ်လေးသည် သူပေါ့။

ညှော့ခန်းလေးထဲမှာ မင်းဝဏ္ဏကို ထိုင်စောင့်ရင်း ခင်စင်ရော် အတွေးများ ဖြန့်ကျက်နေမိသည်။ သူနှင့်ကိုယ် ပတ်သက်ဆက်နွယ်မှုများသည် အိပ်မက်ပမာ။ ဘဝဆိုတာကရော အိပ်မက်လား။ တလျှပ်လား။ ကန္တာရထဲမှ ခရီးသည်ကုလားအုတ်လေးနှင့်အတူ ဘဝခရီးကြမ်းကို ခင်စင်ရော် လျှောက်လှမ်းချင်မိပြန်သည်။ သို့သော် သူမ၏အတွေးများကို ကြေကွဲစွာ စွန့်ပယ်ရ၏။

သူက သူ့ပစ္စည်းတွေကို မက်လို့ ကပ်နေတယ်ထင်မှာပေါ့။ ခင်စင်ရော်မှာ ရင်ထဲနင့်ကျင်သွားသဖြင့် မျက်ဝန်းများမှိတ်၊ ငြိမ်သက်နေမိဆဲ သူမ၏ ပါးပြင်ကိုခပ်ကြမ်းကြမ်း တို့သုတ်ခံလိုက်ရသဖြင့် ထိတ်လန့်သွားသည်။

“အို”

သူက သူမ၏ရှေ့ကြမ်းပြင်ပေါ်မှာ တင်ပလ္လင်ခွေ ထိုင်ချပြီး သူမကိုမော့ကြည့်၊ မျက်ရည်သုတ်ပေးနေခဲ့သည်။

“အပေါ်မှာထိုင်ပါရှင်။ ကျွန်မငရဲကြီးနေပါ့မယ်”

ခင်စင်ရော်၏စကားကြောင့် မင်းဝဏ္ဏ မျက်မှောင်ကုပ်သွား၏။ သူနှင့်ဆက်ဆံရတာ ပေါက်ကွဲတတ်သည့် လက်ပစ်ဗုံးနှင့် ကစားရသလိုပင်။ ဘယ်အချိန်မှာ ဘာဖြစ်သွားမည်ဟု ခန့်မှန်းလို့မရ။ သည်းခံတတ်နည်းပါးတာဟာ မေတ္တာစိတ်မရှိလို့ပေါ့။

“ဘာလို့ ငရဲကြီးရမှာလဲ ဘာလဲ ငါကအောက်မှာထိုင်ပြီး မင်းက

အမြင့်ရောက်နေလို့လား။ ငါကြားဖူးတဲ့ ပုံပြင်တစ်ခုရှိတယ်။ တူမလား တော့မသိဘူး။ နားထောင် ···ရွာတစ်ရွာမှာ လင်မယားနှစ်ယောက် ရှိသတဲ့။ ယောကျ်ားက ဝင်ငွေမရှာနိုင်တဲ့အခါ မိန်းမကငြူစူစောင်း မြောင်းပြီး အရပ်တစ်ပါးမှာ ပိုက်ဆံသွားရှာဖို့ အကြံပေးတယ်။ သုံးနှစ် လောက်ကြာတော့ အခုငါ့လိုပေါ့ကွာ။ သုံးနှစ်လောက်ကြာတဲ့အခါ ယောကျ်ားက ပြန်လာသတဲ့။ "မိန်းမရေ ငါတော့ ငှက်ဖျားမိလာတယ်။ ပိုက်ဆံလည်းမရခဲ့ပါဘူးကွာ" ဆိုပြီး သူပါလာတဲ့ ဝါးဆစ်ပူးကို ခေါင်းအုံး အိပ်နေသတဲ့။ အိမ်ရှေ့ခန်း၊ မလွတ်မလပ်နေရာမှအိပ်တယ် ထင်ပါရဲ့ ကွာ။ မိန်းမက တဖြစ်တောက်တောက် ပြောဆိုပြည်တွန်နေပြီး ယောကျ်ား ကိုခေါင်းရင်းက ဖြတ်ကျော်လိုက်၊ ခြေရင်းကဖြတ်ကျော်လိုက်၊ ခါးက ဖြတ်ကျော်လိုက်နဲ့ အိမ်ထဲအိမ်ပြင် လူးလာတုံ့ခေါက်နေသတဲ့။ နောက် အတော်ကြာတော့မှ ယောကျ်ားက ဝါးဆစ်ပူးကို ထင်းခွဲဆိုက်ဖို့ ပေးလိုက် တဲ့အခါ မိန်းမလည်း စိတ်ဆိုးဆိုးနဲ့ ခွဲထည့်လိုက်တာပေါ့။ လား··· လား အဲဒီတော့မှမိန်းမက ပြုံးရွှင်သွားတယ်။ ဝါးဆစ်ပူးထဲမှာ ငွေဒင်္ဂါး တွေလေ။ အဲဒီတော့မှ မိန်းမကလည်း ယောကျ်ားရှိရာ အိမ်ရှေ့ကို ပြုံးချိုတဲ့ မျက်နှာထားနဲ့ ရေနွေးဇန်းသွားပို့ဖော်ရသတဲ့။ ယောကျ်ားက အခန်းဝမှာအိပ်နေတော့ "တော့်နေရာလေး ဖယ်ပေးပါဦး" တဲ့။ ယောကျ်ား က "မထူးပါဘူးကွာ ကျော်သာကျော်ပါ။ ခုနကလည်း ကျော်နေ တာပဲ" ဆိုတော့ "အိုတော်ကလည်း ကျုပ်ကိုငရဲတွေ ပေးနေပြန်ပြီ" တဲ့လေ။

ကဲ ဘယ်လောက်ကြိုက်ဖို့ ကောင်းလိုက်သလဲ။ မင်းတို့မိန်းမ





တွေဟာ ယောကျ်ားတွေအပေါ် ငွေရှိမှငရဲကြီးမှာ စိုးကြတာပါ"

ခင်စင်ရော်၏မျက်နှာကို စေ့စေ့နီးကပ်စွာကြည့်ပြီး ပြောချင် တိုင်းပြောနေသည့် မင်းဝဏ္ဏသည် သူမကို အသည်းနှလုံးမရှိသည့် စက်ရုပ် တစ်ရုပ်ဟု ယူဆပုံရသည်။ ခင်စင်ရော် သက်ပြင်းချရပါ၏။ သူ့ကိုတော့ တဖက်ပြောနေလို့ ရမည်မထင်။ သူပြောသည့်ပုံပြင်နှင့် သူမသည်ဘာဆိုင် သနည်း။

မင်းဝဏ္ဏက သူမကို တောင်းဆိုနေပြန်သည်။

"ကဲ မင်းငါ့ကို သန့်စင်ပေးမယ်ဆို၊ ရေချိုးပေးမယ်ဆို၊ ထမင်း ကျွေးမယ်ဆို၊ စေတနာမပျက်သေးဘူးဆိုရင် မင်းငါ့ကို မင်းနဂိုအစီအစဉ် အတိုင်းပြုစုပေးပါ။ နှစ်ပေါင်းများစွာ ထောင်ထဲမှာလူလိုသူလို မနေခဲ့ ရတော့ ငါအပြုစုခံချင်တယ်ကွာ။ လူလိုသူလို နေချင်တယ်။ ကဲပြုစု ပေတော့"

ဟုပြောပြီး ခင်စင်ရော်၏ ကြိုပ်ဆက်တိ လက်တမ်းပေါ်သို့ သူ့မျက်နှာကို မှေးပြီးတင်လေသည်။ ခင်စင်ရော် တော်တော် စိတ်ညစ်၊ လိပ်ပြာလွင့်ချင်သွားသည်။

သူသည် ခင်စင်ရော်၏ နှလုံးသားကို မီးထဲထည့်ဖုတ်လိုက်၊ သီတာရေစင်နှင့် ဖျန်းလိုက်ဖြင့် ညက်ညက်ကြေအောင် ပြုစားတော့မည် ထင်ပါသည်။

"ထလေကွာ လုပ်ပေးမယ်ဆို ဘာလဲ ဝါးဆစ်ပူးတစ်လုံးလောက် လက်ဆောင်ပေးမှရမှာလား"

သူ့ပုံပြင်ထဲက မိန်းမမျိုးမှတ်နေသလားမသိ။ စိတ်ဆိုးချင်ချင်ဖြင့် သူ့ကိုငုံ့ကြည့်မိတော့ ကန္တာရထီးထီးအောက်မှ ကာလားအုတ်လေးနှယ် တကယ်ပဲမောပန်းနွမ်းညှိုးနေသည့် သူ့အသွင်ရိုးရိုးကြီးက ခင်စင်ရော်၏ အသည်းနှလုံးတို့ ပြောင်းဆန်သွားအောင် ခံစားရပါစေသည်။

ကြည့်စမ်းပါဦး တော်ဝင်မင်းသားတစ်ပါးနှယ် ချောမောခန့်ညားသည့် သူ့အသရေတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပြီ၊ ထောင်ထွက်ဟူသည့်ဝေါဟာရနှင့်အညီ ညှဉ်းသိုးသိုး၊ စုတ်ပြတ်ပြတ်၊ ကြမ်းထော်ထော် လူကြမ်းတစ်ယောက်လေ။

သို့သော် သူဟာပန်းဖိုထဲက ထွက်လာတဲ့ ဓားတစ်ချောင်းနှယ်။ တစ်ခါမီးသားတင်ဖြိုးလျှင် တစ်ခါပိုပြီး ထက်မြက်ရင့်ကျက်သူ...

တစ်ကယ်က သူ့မျက်နှာကြမ်းကြမ်းကြီးပေါ်မှာ သူမ၏ပါးပြင်နုနု အပ်တင်ပြီး ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုကျွေးချင်လိုက်တာပါ။ သို့သော် သူမလုပ်ဖြစ်သည်က ကိုယ့်တတောင်ဆစ်ကွေးထဲ မျက်နှာဝှက်ပြီး ငိုချလိုက်မိခြင်းသာဖြစ်သည်။

"အလို ကိုယ်နိုင်းတာမလုပ်ပေးနိုင်လို့လား။ ခင်စင်ရော်ရယ် မင်းလုပ်ပေးမယ်ပြောဖူးလို့ ကိုယ်နိုင်းရတာပါ။ ငိုတော့မငိုပါနဲ့ကွယ်"

ခုတ်ရာတစ်ခြား၊ ရှရာတစ်လွဲပါပဲ။ သူမ၏ခံစားချက်တို့ကို သူနားမလည်တာပဲ ကောင်းပါတယ်။ သူမအငိုတိတ်ဖို့ မနည်းကြိုးစားဆည်တုံ့ရသည်။ ရှိုက်သံပလုံးပထွေးဖြင့် ခင်စင်ရော် ပြောရသည်။

"ကျွန်မလုပ်ပေးမယ်။ ကျွန်မပြုစုမယ်။ အဲဒါက ရှင့်ဆီက





ဘာကိုမျှော်လင့်လို့မှမဟုတ်ဘူးနော်။ ရှင်ပေးခဲ့တဲ့ငွေရော၊ ရှင့်အိမ်သော့ရော့...ဒီမှာ။ ကျွန်မပြန်အပ်ပြီ။ နောက်သုံးနှစ်အတွင်း အကျိုးအမြတ်နဲ့ ဒီ"ရိုးမြေကျစံအိမ်"လေးဝယ်ဖြစ်တယ်။ အဲဒါဟာလည်း ရှင့်အတွက် ကျွန်မပေးတဲ့ လက်ဆောင်ပါပဲ"

"ဘာတွေ ပြောနေတာလဲ။ မင်းကိုငါခိုင်းနေတာ။ ငါ့ကိုပြုစုပေးပါလို့ ခိုင်းနေတာ"

"ဟုတ်ပါတယ်။ ကျွန်မကလည်း အကျိုးအကြောင်း ရှင်းပြတာပါ။ ကျွန်မဟာ ရှင့်ပုံပြင်ထဲက မိန်းမမျိုးမဟုတ်ကြောင်း၊ ငွေကိုလည်း မမက်မောကြောင်း၊ ဂုဏ်ကိုလည်း မမက်မောတဲ့အကြောင်း ရှင့်ကို ပြောပြတာပါ။ လာ ရေချိုးမယ်...အဝတ်လဲခဲ့"

"ကိုယ့်အဝတ်တွေ ဒီအိမ်မှာရှိသလား"

"ရှိတယ် ကျွန်မနည်းနည်း ခွဲယူလာခဲ့တယ်။ ဒီအိမ်လေးဟာ ရှင်မောပန်းတဲ့အခါ လာရောက်အနားယူဖို့ပါ"

"ဒါဖြင့်မင်းကရော မင်းက ဘယ်အိမ်မှာနေမှာလဲ"

မင်းဝဏ္ဏ၏မေးခွန်းကို ခင်စင်ရော်က ခေါင်းကိုညင်သာစွာ ခါရမ်းပြခြင်းဖြင့်သာ အဖြေပေးသည်။ မင်းဝဏ္ဏနားမလည်ပေးမယ့် မမေးချင်တော့။ ဒီကောင်မလေးကို စကားပြောရတာလည်း အင်မတန်လက်ဝင်ပါသည်။

သူမစကားအတိုင်း ကိုယ့်အခန်းထဲသို့ဝင်ကာ အဝတ်လဲပြီးနောက် မင်းဝဏ္ဏထွက်လာ၏။ ညေ့ခန်းထဲမှာ ခင်စင်ရော် မရှိတော့ပါ။

ခြုံကျဉ်းကျဉ်း၊ အိမ်ကျဉ်းကျဉ်းမို့ အိမ်ထဲကြည့်၊ ခြံထဲကြည့်လိုက်သည့်အခါ ခင်စင်ရော်ကို အိမ်ကလေးနောက်ဖက်မှာ မြင်လိုက်ရသည်။

မြင်လိုက်ရသည့် ရှုခင်းကြောင့် မင်းဝဏ္ဏရင်ထဲမှာ တော်တော်ကြည်နူးသွားတာတော့အမှန်။

ဟင်းသီးဟင်းရွက်လေးတွေ စိမ်းစိမ်းစိုစိုကြားမှာ ရေချိုးကန်နှင့်ရေတိုင်ကီရှိပြီး တစ်ခြံလုံး ရေပန်းလေးတွေ မိုးရွာသလို စိုစွတ်အေးချမ်းနေပုံကအစ ရင်အေးစေသည်။

စိတ်လွတ်ကိုယ်လွတ် ပျော်ချင်လိုက်တာ။ သူ့ဘဝခရီးက တော်တော်ကြမ်းခဲ့ရသဖြင့် မင်းဝဏ္ဏ လူငယ်ဘဝဆိုတာကိုပင် မေ့လုမတတ်။ အသက်နှစ်ဆယ့်ကိုးဆိုတာ လူငယ်ဘယ်ဟုတ်တော့မလဲ။ သို့သော် တခဏ်စိတ်ကို ဖြေလျှော့ပစ်ရမည်။ ရေချိုးတော့မည့် ဒူးကျဘောင်းဘီကြီးဖြင့်ရေပန်းလေးတွေကြား သူလျှောက်သွားနေမိသည်မှာ အတန်ကြာသွားခဲ့၏။

"လူကြီးမင်း အအေးပတ်လိမ့်မယ်။ ရေလာချိုးပါ။ နံနက်စာလည်းမစားရသေးဘူးလေ"

သူ့အနားသို့ကပ်လာပြီး မေတ္တာရပ်ခံနေသည့် ခင်စင်ရော်ကြောင့် မင်းဝဏ္ဏ ရေချိုးကန်လေးဆီ လိုက်သွားရသည်။

"သိပ်ရှုပ်တာပဲ"

"ရှင်...ကျွန်မက...ဟို...စေတနာနဲ့"

"ဘာစေတနာလဲ။ ချုပ်ချယ်လိုက်တာလည်း လွန်ရော"





မင်းဝဏ္ဏက သက်သက်ဂျစ်ကျနေသော်လည်း ခင်စင်ရော်သည်းခံနေမြဲ။ သူမရဲ့ရေခဲအမှတ်က ဘယ်လောက်ထိရှိသလဲ။ သူမဘယ်ထိသည်းခံနိုင်မလဲ။ သို့သော် လောလောဆည်တော့ မင်းဝဏ္ဏရန်မဖြစ်ချင်ပါ။ ဘူမဘာလုပ်ပေးမလဲဟုသာ စေ့ငုနေလိုက်သည်။

သူမက ကလေးလေးတွေ ရေချိုးသည့် သစ်သားစည်ပိုင်းလေးထဲသို့ ရေအေး၊ ရေနွေးအနေတော်စပ်သည့်အပြင် ဆပ်ပြာရည်တွေပါဖြပ်ဖျော်နေတော့ မင်းဝဏ္ဏ နှာခေါင်းရှုံ့ပြန်သည်။

"ဘာလဲ မင်းကင့်ကို အဝတ်လျှော်သလို လျှော်ဖွပ်မလို့လား။ လူကိုလျှော်လို့ရချင်သာရမယ်။ စိတ်ဓာတ်ကိုတော့ လုံးဝလျှော်လို့မရဘူးမှတ်"

မင်းဝဏ္ဏ၏ ဂျစ်ကန်ကန်စကားကို သူမကသည်တစ်ခါတော့မျက်ခုံးပင့်ပြီး မိုက်ကြည့်ကြည့်လျှက် တုံ့ပြန်သည်။

"ဒါကတော့ ကျွန်မက ခဝါသည်ပဲရှင့်။ လူ့စိတ်ရော တစ်ကိုယ်လုံးလျှော်ဖွပ်ပစ်လိုက်မှာပေါ့။ ရအောင်လျှော်မယ်...ကဲ...ဝင်"

ခင်စင်ရော်က ဝင်ဆိုတော့လည်း မင်းဝဏ္ဏ စည်ပိုင်းထဲသို့ဝင်ပစ်လိုက်သည်။ ဘာဖြစ်သေးလဲ။ ယောကျ်ားပဲနော်။ မရှက်ပါဘူး။

"ကိုယ်ကြည့်ဖူးတဲ့ ဂျပန်ကားတစ်ခုထဲမတော့ ဒီလိုစည်ပိုင်းပြတ်လေးတွေထဲမှာ မင်းသားရော မင်းသမီးပါ ရေအတူဝင်ချိုးကြတယ်။ အခုကျ ကိုယ်တစ်ယောက်ထဲလား"

တကယ်က မင်းဝဏ္ဏသည် ခင်စင်ရော်ကို ဒေါသမထွက်ထွက်

အောင် ဆွဲနေမိခြင်းပေလား မပြောတတ်တော့။ သူ့ဗီဇအလိုဆန္ဒအရ ခင်စင်ရော် သည်လောက်အပိုးကျိုး၊ လိမ္မာနေတာ သူမကြိုက်။ သူက ကိုယ်မနိုင်ခါမှမနိုင်ရော ခွေးဆိုးလေးလို တင်နန်းနန်းစွာနေတာမျိုးလည်း နှစ်သက်သည်။

သို့သော် ခင်စင်ရော်က မင်းဝဏ္ဏာလိုချင်သည့် ပုံစံမျိုးဝင်မလာ။ မျက်နှံသာ မသိမသာ တစ်ချက်ရှုံ့သွား၏။

"ဒါကတော့ ကျွန်မက မင်းသမီးမှ မဟုတ်ဘဲ။ ပြီး・・・ ကျွန်မက ရှင့်လိုချေးလက်လေးသစ် တက်နေတာ မဟုတ်ဘူး"

ခင်စင်ရော်၏ ခပ်ဆတ်ဆတ်စကားကြောင့် မင်းဝဏ္ဏာနေသာ ထိုင်သာရှိသွားပြီး သူမပြုသမျှ လေကလေးတချွန်ချွန်ဖြင့် နနေလိုက်တော့၏။ သူမက တစ်ခါလည်ကလေးလေးကို ရေချိုးပေးသည့်နယ် သူ့ကျောဖက်မှနေပြီး ချေးတွန်းပြီး အသေအချာ ချိုးပေးနေပါ၏။ သူမ၏ လက်ကလေးများသည် ကင်းခြေများကောင်လို တရွရွလှုပ်ရှားနေပေမယ့် အနည်းငယ် တုန်ယင်နေသလိုလို။

အေးလေ ဒီလောက်တော့ ရှိမှာပေါ့။ လူပျိုကို အပျိုက ချေးတွန်းပေးနေရတာပဲ။ အလို ဘုရားရေ ငါတရားမျှတသေးရဲ့လား။ ကျေးဇူးရှိတယ်ဆိုပြီး သူမပြုစုပေးနေသမျှ ဆရာသခင် ဂုရုကြီးတစ်ပါးနယ် အပူဇော်ခံ၊ အခွင့်ထူးခံနေမိခဲ့တာလေ။

အသိတရားနှင့်အတူ သူဆတ်ခနဲ တုန်လှုပ်စွာဖြင့် ခင်စင်ရော်ကိုလှည့်ကြည့်မိ၏။





"စင်ရော်"

သူမငိုနေပါပကော။ ဒါမှမဟုတ် မျက်ရည်ကျနေလေသလား။ သူ・・・သူမ၏လက်ကလေးများကို တယုတယ ဖယ်ရှားတွန်းလွှတ်လိုက်၏။

"ဆောရီးကွာ ကိုယ်မေ့သွားတယ်။ ကိုယ့်ကိုခွင့်လွှတ်ပါ။ မင်းကို ကျေနပ်နေတာနဲ့ ကိုယ်အရွဲ့တိုက်နေမိတာပါ"

"ကျွန်မကို မကျေနပ်ဘူးဟုတ်လား"

"အလကားပါကွာ ဘာမှမဟုတ်ပါဘူး။ သိတယ်မဟုတ်လား။ တ်ဆိုတာ တေလေပါပဲ။ ကဲ・・・သွားတော့ အိမ်ပေါ်ကပဲ စောင့်နေဘော့နော်။ ကိုယ်ရေအမြန်ဆုံးချိုးခဲ့မယ်"

သည်လိုတော့လည်း သူမကနာခံ အပိုးကျိုးစွာဖြင့် အိမ်ကလေးပေါ်သို့ တက်သွားခဲ့သည်သာ။

သုံးနှစ်လုံးလုံး တင်နေခဲ့သည့် အညစ်အကြေးတို့ကို မင်းဝဏ္ဏာ သန့်စင်သွားအောင် အမြန်ဆုံး ရှင်းလင်းနေလိုက်သည်။

"အစီအစဉ်တွေ ဘယ်လိုဆွဲထားသလဲပြောပါဦး။ ဟိုအိမ်မှာ ဘယ်သူမှမနေဘူးလား"

စားကောင်းသောက်ဖွယ်များနှင့် မွေးပျံ့နေသည့်စားပွဲမှ မင်းဝဏ္ဏဘာကိုမျှမတို့၊ မထိသေး။ သူမတို့က အလိုက်သိစွာဖြင့် ယမကာတွေဘာတွေပါထည့်ပေးထားသော်လည်း သူအားနာသည်။ မိန်းကလေး နှစ်ယောက်၏ရှေ့မှာ မူးယစ်မနေချင်။ ကျပ်လိုက်ပါဘိ။

"ငါ့သဘောအရတော့ မင်းတို့နှစ်ယောက် ဟိုအိမ်မှာခဏသွားနေကြ။ ငါ ဒီ"ရိုးမြေကျစံအိမ်"လေးမှာ တစ်ပတ်လောက် စိတ်လွတ်ကိုယ်လွတ် နေပစ်လိုက်ချင်တယ်။ ဒီလိုလေ အရက်ချည်းပဲ မိုးအလင်းသောက်နေမယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်။ စားချင်သလိုစား၊ သောက်





ချင်သလိုသောက်၊ အိပ်ချင်မှအိပ်မယ်ကွာ၊ လရောင်ထဲမှာ မိုးအလင်းထိုင်နေချင်လည်းနေမယ်။ ငါ့ဘဝရဲ့ပြဋ္ဌာန်းချက်အရ လူသတ်မှုနှစ်မှုနဲ့ ထောင်ထဲမှာ ရှစ်နှစ်နီးပါး ပုံစံကြီးနဲ့ နေခဲ့ရတော့ စည်းကမ်းတွေကို မုန်းတယ်။ စည်းကမ်းတွေဆိုတာကို ခေတ္တရိုက်ချိုးထားချင်တယ်။

ကျေးဇူးပြုပြီး ငါ့ကိုတစ်ပတ်လောက် ကြိုက်သလို နေခွင့်ပေးခဲ့ကြပါကွာ။ တစ်ပတ်ထဲ...တစ်ပတ်ထဲ။ တစ်ပတ်ကျော်သွားရင်တော့ တံပိုးခွင်ဝင်တဲ့နွားလို ငါလူ့တာဝန်၊ ဝတ္တရားတွေကြားမှာ လူယဉ်ကျေးတစ်ယောက်အဖြစ် ပြန်နေပေးပါ့မယ်နော်"

မင်းဝဏ္ဏ၏အသံက သူ့ဘဝမှာ မှတ်သိပ်ခဲ့မှုကိုတောင်းဆိုရင်း အဆုံးမှာ နစ်ဝင်သွားခဲ့၏။ ခင်စင်ရော် ကြေကွဲရပါသည်။ သူဘယ်လောက်ပင် ကြမ်းရှရှနဲ့ရင်းနေပါစေ။ သူမ စာနာခွင့်လွှတ် နေမိသည်။

"ကျွန်မတို့ကို အားမနာပါနဲ့။ လောလောဆည် ဟိုဖက်အိမ်ကို ပိတ်ထားခဲ့တယ်။ ဒီအိမ်လေးမှာ လူကြီးမင်း နေချင်တယ်ဆိုရင် ကြိုက်သလိုနေပါ။ ကျွန်မတို့အတွက် စိတ်အနှောက်အယှက် မဖြစ်ပါနဲ့"

ခင်စင်ရော်စကားကို ညိုရီကလည်း ထောက်ခံသည်။

"အားမနာပါနဲ့အကို။ မမနဲ့ကျွန်မက စားသောက်ဆိုင်ဖွင့်လာခဲ့တာဆိုတော့ အမူးသမားတွေကို မြင်ဖူးခဲ့ပါတယ်။ အကိုစိတ်ချမ်းသာသလိုနေပါ။ ကျွန်မတို့က လိုအပ်တာ လုပ်ပေးမယ်"

ခင်စင်ရော်နှင့် ညိုရီ၏စကားများကို မင်းဝဏ္ဏ လက်မခံနိုင်။ ဘာပဲဖြစ်ဖြစ် သူလွတ်လပ်အေးချမ်းစွာ အနားယူလိုသည်။ သူ ဝိုင်ကပ်

နာရီကို မော့ကြည့်လိုက်သည်။

"အခုညနေလေးနာရီထိုးပြီ၊ နင်တို့နှစ်ယောက်ပြန်တော့။ တစ်နေ့ တစ်ခါ ငါလိုအပ်တာကို လာကြည့်ချင်ကြည့်။ ငါ့ဘာသာ နေပါရစေဟာ။ ညို့ရီ နင်ငါ့ကို ဆရာကြီးမလုပ်နဲ့နော်။ နင်ကငါ့ဖက်ကလား ခင်စင်ရော် ဖက်ကလားပြော။ ကဲ · · · အခုလိုအပ်တာတွေ အားလုံးပြည့်စုံနေပြီ။ အိုကေ · · · ဒီအိမ်လေးမှာ ငါနေမယ်။ နင်တို့က ဟိုမှာနေကြ။ လိုတာ ရှိရင် ငါလှမ်းမှာမယ်"

မင်းဝဏ္ဏက သူ့ဟာန်းဖုန်းကို ပြောက်ပြပြီး သူမတို့ကို အတွင်သာ နင်လွှတ်နေသည်။

လှူစည်းကမ်းများကို ခေတ္တမေ့ထားချင်သည့် သူကလည်း မိန်းကလေးများရှေ့မှာ အရက်မသောက်ရဲပါ။ သူတော်တော်တုံးပါ သေး သည်။ အပြင်ပန်းအသွင်တွေ ကြမ်းရှနေလည်း မင်းဝဏ္ဏ၏နှလုံးသားမှာ နူးညံ့နေမြဲ။

နောက်ဆုံး မင်းဝဏ္ဏ၏ ဆန္ဒအတိုင်း ခင်စင်ရော်နှင့်ညို့ရီ ပြန်ဖို့ပြင်ရသည်။

"ကျွန်မတို့ လူကြီးမင်းအတွက် ကားထားခဲ့မယ်။ လူကြီးမင်း ကြိုက်သလိုနေပါ။ လူကြီးမင်း မမှာသည်ဖြစ်စေ တစ်နေ့နှစ်ခါ လာကြည့် ပါရစေ။ လိုတာလုပ်ပေးပါရစေ"

"အောင်မယ် ငါ့များ ဆေးရုံတက်နေရတဲ့ လူမမာကျနေတာပဲ။ ကားမထားခဲ့နဲ့ယူသွား။ ငါ့အတွက် ကားမလိုဘူး။ အချိန်နာရီတွေကို





အားလုံးမေ့ထားပြီး ခနစ်ရက်လောက် နေပစ်လိုက်ဦးမယ်။ လုပ်စရာ ရှိတာတွေလုပ်မယ်။ နောက်မင်းနဲ့စာရင်းရှင်းမယ် · · ·

စာရင်းရှင်းမယ်ဆိုလို့ လန့်မသွားနဲ့နော်။ ပြောစရာရှိတာတွေ ပြောရမှာပဲမဟုတ်လား။ ကဲသွားကြပေတော့ ကိုယ်ပျော်တော့မယ်"

ခင်စင်ရော်မှာ မင်းဝဏ္ဏ၏စကားကြောင့် မျက်ရည်ဝဲရသည်။ သူ့ကိုလည်း အရမ်းစိုးရိမ်မိ၏။ သူ့အနီးမှာ ဖဝါးခြေထပ်မကွာ ပြုစုယုယ လိုသော်လည်း သူကလက်မခံသဖြင့် သမင်လည်ပြန်အကြည့်ဖြင့် ပြန်ရ တော့ပေမည်။

ရန်ကုန်မြို့တော်နှင့် အနည်းငယ်သာ လှမ်းသည်ဖြစ်စေ အမိုး ဘစ်ခုရဲ့အောက်မှာ အတူရှိနေ မပေးရသဖြင့် ခင်စင်ရော်မှာ သူ့ကို ဝိတ်မချ။

"ဟော့ သွားကြတော့လေ။ ငါစိတ်မရှည်တော့ဘူးနော်။ မိန်းမတွေ သိပ်ရှုပ်တာပဲ။ အလိုက်ကမ်းဆိုးကို မသိဘူး"

မင်းဝဏ္ဏ စိတ်တိုလာသဖြင့် ခင်စင်ရော်နှင့် ညို့ရီမှာ တုံ့ဆိုင်း ဆိုင်းပြန်ခဲ့ရသည်။

လှူစည်းကမ်းတွေကို တဒင်္ဂတော့ မေ့ပစ်နိုင်ပါစေ လူကြီးမင်းရေ။

## အခန်း ( ၁၆ )

အချိန်နာရီတွေကို မေ့ထားပြီး စည်းလွတ်၊ ဝါးလွတ်နေကြည့်တော့လည်း မင်းဝဏ္ဏမပျော်ရွှင်ပါ။ သူ့စိတ်တွေ ဘာဖြစ်နေသလဲ။ သူ့နှလုံးသားက မည်သည့်အရာကိုမှ ချင်ခြင်းတတ်လိုသလဲ။ သူတစ်ပါးအကြောင်း မသိတာထက် ကိုယ့်အကြောင်း ကိုယ်မသိတာက ပို၍ခက်လိမ့်မည်။

ရိုးမြေကျစံအိမ်မှာ သူတစ်ကိုယ်တော် လေလွင့်နေခဲ့တာ လေးရက်ပင်ကြာခဲ့ပါပကော။ မင်းဝဏ္ဏမည်သို့ တားဆီးသည်ဖြစ်စေ ခင်စင်ရော်နေ့တိုင်း ရောက်လာခဲ့သည်။ စားသောက်ဖွယ်ခြင်းလေးကိုဆွဲပြီး သူ့အိမ်သို့ မိုးလင်းသည်နှင့် ရောက်လာခဲ့သည့် ခင်စင်ရော်သည် မဒ္ဒီဒေဝီလို တော်လေးဝဝင်မည့် မိန်းမတစ်ယောက်ပေပဲလား။ သို့သော် ကိုယ့်





အတွေးကိုယ် လျှင်မြန်စွာပယ်ဖျက်ရသည်။ သူ့ရင်မှာ သံသယတွေကကြီးစိုးမြဲ။

သည်နေ့လည်း မင်းဝဏ္ဏအိပ်ယာထဲမှာ နှပ်နေရင်း နားစွင့်နေမိသည်။ သူမရောက်လာလေပြီလား။ သုံးရက်လုံးလုံး ခင်စင်ရော်ရောက်လာတာ မင်းဝဏ္ဏတစ်ခါမှ မသိခဲ့သဖြင့် မကျေမနပ် ဖြစ်နေရသည်။ ညှိရိုကကားဖြင့် လိုက်ပို့ပြီး ညနေကျတော့ လာခေါ်သည်ကိုလည်း မကျေနပ်။ သူတစ်ယောက်ထဲ အထီးကျန်နေရသည်ဟု ခံစားနေရပြန်သည်။ တကယ်တော့လည်း သူနှင်ထုတ်လို့သာ သူမတို့ထွက်ခွာသွားရခြင်းဖြစ်၏။ သူ့စိတ်တွေ ဗလောင်းဗလဲနိုင်နေရတာလည်း ဆိုးပါသည်။

အိပ်ယာဘေးမှ စားပွဲတင်နာရီလေးကို မင်းဝဏ္ဏ လှမ်းကြည့်လိုက်သည်။ နံနက်ခုနစ်နာရီ။ အစောကြီးရှိသေးတယ်။ ပြန်အိပ်မယ်။ ညကလရောင်အောက်မှာ မူးမူးနှင့် ထိုင်နေမိခဲ့သဖြင့် သူ့ခေါင်းတွေအုံနေသလို ခံစားနေရပြန်၏။ ငါတော့ဖျားတော့မယ်။ သည်ကနေ့ သူမလာပါဦးမလား။ မနေ့က ရန်လုပ်လွှတ်မိတာများ စိတ်ဆိုးသွားပြီလားမသိ။

ရင်ထဲမှာ အမြဲသတိရနေမိပေမယ့် သူမကို မြင်လိုက်သည်နှင့် ရန်လုပ်ချင်နေမိတာလည်း ဝဋ်ကြွေးတစ်ခုပါပဲ။

အိပ်ယာထဲမှာ ပြန်အိပ်ပျော်သွားစဉ် သူ့နှာခေါင်းထဲမှာ စပယ်နံ့တွေရလိုက်သဖြင့် သူ့မျက်လုံးကို အတင်းဖွင့်ကြည့်သည်။

"စင်ရော်"

နေတွေဟော်တော်မြင့်နေသလား။ မင်းဝဏ္ဏ၏ မျက်လုံးတွေ ပူနေသည်။ မနေ့ကစိတ်ဆိုးလို့ သည်ကနေ့ . . . နေ့လည်မှ ရောက်လာတာဖြစ်မည်။

"ကိုယ့်ကို အကြာကြီးပစ်မထားပါနဲ့နော်။ ဒီရိုးမြေကျစံအိပ်လေးမှာ တို့တွေနွေးနွေးထွေးထွေး နေကြမယ်လေ။ အား ရင်တွေပူလိုက်တာကွာ။ ကိုယ့်ကိုစပယ်ပွင့်ဖြော်ရည် တစ်ခွက်လောက်တိုက်ပါ"

မင်းဝဏ္ဏ၏ နှလုံးသားတွေ ငန်းဖမ်းကုန်ပြီထင်ပါသည်။ နာရီပေါင်းများစွာ ခွဲခွာခဲ့ရသည့်အတွက် အချစ်ဖျားတက်ပြီလား။ ထောင်မလွတ်စကတည်းက အမုန်းမျက်နှာဖုံး၊ သံသယမျက်နှာဖုံးကြီး စွပ်ထားခဲ့ပေမယ့် နေမကောင်းဖြစ်ရသည့် မင်းဝဏ္ဏတင်းမထားနိုင်တော့။

ဆင်စွယ်ရောင် ပန်းပုသူဇာနယ် ခင်စင်ရော်၏ ဝင်းလက်ကြည်စင်နေသည့်အလှကို သူ့အထိတ်တလန့် ရှူးသွပ်သွား၏။

တဒုန်းဒုန်းကိုက်ခဲနေသည့် ဦးခေါင်းနံရံကို ဖိညှစ်ရင်း မင်းဝဏ္ဏ အိပ်ယာပေါ်သို့ ပြန်လှဲကျသွားခဲ့၏။

ငါအရှုံးပေးလိုက်ပြီ ခင်စင်ရော် . . .

လောကကြီးမှာ သူ့အလိုလို စီးဆင်းနေတာပဲ ကောင်းပါတယ်။

တံလျှပ်ဆိုတာလည်း စိန်ပွင့်တွေလို ပြိုးပြက်လုပကြသည် မဟုတ်ပါလား။





ဘဝတစ်လျှောက်လုံး တင်းထားခဲ့သည့်စိတ်သည် တဒင်္ဂဖြေလျှော့ချလိုက်သည့်အခါ မင်းဝဏ္ဏအကြီးအကျယ် ဖျားနာသွားခဲ့သည်။

သူ့စိတ်တွေ မသိစိတ်အလျဉ်မှာ ပန်းတစ်ပွင့်နှယ် တငြိမ့်ငြိမ့်မျှောပါနေခဲ့သည်။ ရိုးမြေကျစံအိမ်လေးမှာ ခင်စင်ရော်တို့ မပြန်တော့။ သူမက အိမ်သူသက်ထား၊ ဇနီးမယားနှယ် သူ့အနားမှာ အနီးကပ်စောင့်ရှောက်ပြီး ညီရှိကတော့ လိုအပ်သည်များကို အဝေးမှ လုပ်ကိုင်ပေးခဲ့သည်။

သူဖျားနာခဲ့တာ ဘယ်နှစ်ရက်ရှိပြီလဲ။ သူ့ခေါင်းထဲမှာ ဆရာဝန်ဘာရောက်ကုသသွားခဲ့တာလည်း မသိတစ်ချက်၊ သိတစ်ချက်။ ခင်စင်ရော်နှင့်ညီရှိ(အထူးသဖြင့်) ခင်စင်ရော် သူ့အနားမှာ တရံမပြတ် စောင့်

ကြည့်ပေးနေတာလည်း မသိတစ်ချက်၊ သိတစ်ချက်။

သည်ကနေ့တော့ မင်းဝဏ္ဏ နေသာထိုင်သာရှိနေသည်။ သူ့မျက်လုံးတွေ ဖွင့်ကြည့်လိုက်တိုင်း ခင်စင်ရော်ကို မြင်တွေ့ရသဖြင့် စိတ်တိုင်းကျ၊ စိတ်ချမ်းသာနေမိတာလည်းဖြစ်မည်။

"စင်ရော်"

"ဟုတ်ကဲ့ ဦးမင်းဝဏ္ဏ ဘာအလိုရှိပါသလဲရှင်"

ပြောပုံက သူစိမ်းဆန်သဖြင့် မင်းဝဏ္ဏမျက်မှောင် တွန့်သွားသော်လည်း သိလိုသည်ကို မေးရသည်။

"ငါဖျားနေတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ ငါထောင်ကလွတ်လာတာ တစ်ပတ်ပြည့်ပြီလား"

"ဟုတ်ကဲ့ လူကြီးမင်း တစ်ပတ်ပြည့်သွားပါပြီ"

"အဲဒီတော့ ငါဘာဆက်လုပ်ရမှာလဲ"

ယခုမှ သူငယ်တန်းစတက်သည့် ကလေးလေးနှယ် မင်းဝဏ္ဏ အကြောင်းကြောင်းမေးတော့ သူမကညှိုးငယ်စွာ ဖြေကြားခဲ့သည်။

"လူကြီးမင်းရဲ့ဘဝကို လူကြီးမင်းပိုင်ပါတယ်။ လူကြီးမင်း ကြိုက်သလိုနေပါ။ ကြိုက်သလိုနေခွင့် ရှိပါပြီ"

"မင်းကရော မင်းဘဝကိုရော ဘယ်သူပိုင်သလဲ"

သူ တမင်ခွတိုက်မေးနေသလား၊ စိုးရွံ့စွာဖြင့် သူ့မျက်နှာကြည့်မိသည်။ ဘယ်လိုဖြေရမလဲ၊ ရေလာမြောင်းပေးစကားတွေလို့ သူမ အထင်မခံနိုင်။ သို့အတွက် ခင်စင်ရော် ဘာမှမဖြေကြားမနေတော့ပါ။ မျက်လွှာ





ချ ခေါင်းငုံ့ပြီး သူ့ကုတင်အနီး ကုလားထိုင်မှာပဲ ကျောက်ဆစ်ရုပ်နှယ် ငြိမ်သက်နေမိခဲ့သည်။

ရင်ထဲမှာတော့ စကားခွန်းများစွာ သူ့အတွက်ဖြေဆိုနေမိသည်။

ကျွန်မဟာ လူကြီးမင်းအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဘယ်တော့မှမဖြစ်စေရပါဘူး။

သုံးနှစ်အတွင်း ရင့်ကျက်သန်မာလာတဲ့ ကျွန်မရဲ့အတောင်ပံတွေနဲ့ စကြဝဠာထဲ ပျံသန်းထွက်ခွာသွားတဲ့အခါ အဲဒါ လူကြီးမင်းကို ကျေးဇူးဆပ်ခြင်းပါပဲ။

နှုတ်ခမ်းလေးများ တရွရွလှုပ်နေသော်လည်း သူမထံမှ ဘာစကားတစ်ခွန်းမှ အသံအဖြစ် ထွက်မလာခဲ့ချေ။ မင်းဝဏ္ဏ စိတ်မရှည်နိုင်တော့။

"ဟေ့ ပြောလေကွာ အခု မင်းဘဝကို ဘယ်သူပိုင်သလဲ"

ခေါင်းကိုငုံ့ထားလျက်မှ သူမထရပ်လိုက်သည်။ သည်မေးခွန်းကိုသူမ မဖြေလိုပါ။

"လူကြီးမင်းအတွက် စားစရာတစ်ခုခုသွားယူဦးမယ်"

"ဟာ . . ငါမေးတာ ဖြေစမ်းပါ။ စားစရာက ညှိုရီကို လှမ်းခိုင်းလိုက်။ ထိုင် . . ပြန်ထိုင်"

လူမမာ နလန်ထက စိတ်သွားတိုင်း ကိုယ်ပါပြီး ခင်စင်ရော် လက်မောင်းကို လှမ်းဆွဲထားခဲ့သည်။ သူ့အနိုင်ကျင့်နေသမျှ ခင်စင်ရော် ဘာခံမိုးကိုက်ကာ ငုံ့ခံနေလိုက်သည်။ သူ့မေးခွန်းကို ပြန်မဖြေခဲ့။

"ကျွန်မကိုလွှတ်ပါ ကျွန်မ လူကြီးမင်းအတွက် စားစရာတစ်ခုခု"

"ထားလိုက် ငါ့မေးခွန်းကို မင်းမဖြေသမျှ မင်းဘာကျွေးကျွေး ငါမစားဘူးကွာ...ကဲ...ဖြေ"

ကလေးဆိုးကြီးနှယ် သူဆိုးသမျှ သူမက မျက်ရည်လည်ရွဲ သာငေးကြည့်နေခဲ့သည်။ သူက ဘယ်လိုဖြေစေချင်သလဲ။ မင်းဝဏ္ဏ၏ အပြစ်ရှာမေးခွန်းကို သူမ မဖြေဆိုနိုင်ပါ။ သူဆွဲညှစ်ထားသည့် လက်မောင်းကလည်း အရိုးကြေလုမတတ်။ ဆောင်းနံနက်ခင်း၏ အေးခဲမှုနှင့်အပြိုင် မင်းဝဏ္ဏ၏ နှလုံးသားကလည်း အေးစက်ထန်တင်း နေလိမ့်မည်။

သည်စဉ် သူ့ဟန်းဖုန်းမှ အချက်ပေးသံ ထွက်ပေါ်လာခဲ့သည်။ ခင်စင်ရော် မျက်နှာဝင်းလက်သွား၏။ သူအလုပ်ရှုပ်နေစဉ် အခန်းပြင်သို့ ထွက်ရမည်။ သို့သော် မင်းဝဏ္ဏကလည်း လူပါးဖြစ်သည်။

"နေဦး မင်းမသွားရသေးဘူး"

"ဟုတ်ကဲ့ပြောပါဖေဖေ...အာ...ဖေဖေ...ကျွန်တော်အနားယူနေတာပါ။ ထောင်ကလွတ်တာလား...ငါးရက်ပဲရှိပါသေးတယ်။ ဖေဖေပင်ပန်းမှာစိုးလို့ အကြောင်းမကြားတာပါ"

တစ်ဖက်မှအသံကို သဲသဲကွဲကွဲ မကြားရသော်လည်း ဒါ မင်းဝဏ္ဏ၏ မွေးစားဖခင်ထံမှဖြစ်ကြောင်း ခင်စင်ရော် သိလိုက်သည်။

"ဗျာ ဖေဖေ ကျွန်တော့်ကို မိန်းမပေးစားမလို့...ဟာမလုပ်နဲ့ မလုပ်နဲ့ဖေဖေ...ဖေဖေ့သား ထောင်နှစ်ခါထွက် လူဆိုးလူမိုက်ကြီးကို ဘယ်အမျိုးကောင်းသမီးကမှ ယူရဲမှာမဟုတ်ဘူး။ ကျွန်တော်ကလည်း





ကောက်သင်းကောက်ပေမယ့် အနံ့ကြိုးမှ ကြိုက်တယ်ဖေဖေ။ ကိုယ်ရှုပ်ထွေးခဲ့ပေမယ့် ကိုယ်ယူတာကျတော့ ဖြူဖွေးသန့်စင်နေတဲ့ တော်ဝင်သဇင်ခက်လေးမျိုးမှလိုချင်တာ။ အေးအေးနေပါဖေဖေရယ်...ဟုတ်ပြီလေ။ လာ့တာတော့လာမှာပေါ့ ဒါပေမယ့် ဖေဖေပေးစားမယ့် မိန်းမလာကြည့်မှာမဟုတ်ဘူးနော်။ ဟုတ်ကဲ့...ဟုတ်ကဲ့"

မင်းဝဏ္ဏ ဖုန်းထဲမှာ စိတ်ပါလွင့်မျောသွားခိုက် ခင်စင်ရော် အခန်းထဲမှ ထွက်ခွာလာခဲ့သည်။ သူဘာတွေ ဆက်ပြောနေမလဲ သူမ မသိချင်တော့ပါ။ "ဖြူဖွေးသန့်စင်နေတဲ့ တော်ဝင်သဇင်ခက်လေးမျိုးမှ လိုချင်တာ"ဟူသည့်စကားသံက ခင်စင်ရော် နှလုံးသားကို တစစီကွဲကြေစေခဲ့ပြီ။

ဟုတ်တာပေါ့ ဒါ သူ့တရားတာပေါ့။ သူမလိုမြေကြီးပေါ်မှ ဆယ်တင်ခဲ့ရသည့် ပန်းကိုအဘယ်သူက မြတ်နိုးနိုင်မှာတဲ့လဲ။ တရားတဘောင်တွေဖြစ်ပြီး နာမည်ပျက်ခဲ့ရသည့် သူမလို တေလေငှက်ကလေးမျိုးကို အဘယ်သူက လက်တွဲချင်မှာတဲ့လဲ။

တကယ်ဆို ခင်စင်ရော် သိတတ်ရပေမည်။ အလိုက်သိရပေမည်။

သူမဟာ မင်းဝဏ္ဏအတွက် ဝန်ထုပ်ဝန်ပိုး ဘယ်တော့မှမဖြစ်စေရ။

သူမ၏စေတနာတို့သည် သူ့အတွက် ဝေဒနာမဖြစ်စေရ။ အတွေးဖြင့် ခင်စင်ရော် ပူလောင်ညှိုးချုံးနေမိပြီး "ခရီးသည်"

ကုလားအုပ်လေးထံ အကြည့်ရောက်ပြန်၏။

ကုလားအုပ်လေးရေ ငါ့ဘဝဟာလည်း မင်းလိုပါပဲကွယ်။ သဲကန္တာရလွင်ပြင် ထီးထီးထဲမှာ ငါလည်းတစ်ကိုယ်တည်း လျှောက်လှမ်းရမှာပါ။

သူ့ဘဝမှာ ငါဟာအနည်းငယ်မျှ အရေးပါအရာရောက်သူ မဟုတ်ရပါချေးကွယ်။

သူ့ဘဝမှာ သူ့လမင်းနဲ့သူ ထာဝရထွန်းလင်းတောက်ပနိုင်ဖို့ တိမ်တိုက်တွေနှင့်တူတဲ့ ငါကအဝေးဆုံးကို ရှောင်ပြေးလွင့်စင်ပေးသင့်တာပေါ့။

ညှော်ခန်းထဲမှာ သူမ မတ်တတ်ရပ်မေ့လျော့ ငေးကြောင်နေမိဆဲ အခန်းထဲမှ မင်းဝဏ္ဏ ထွက်လာခဲ့သည်။

"ဟော့ ဖေဖေခေါ်လို့ ငါပဲခူးကို ခေတ္တလိုက်သွားရမယ်။ မင်းတို့ နှစ်ယောက် အိမ်စောင့်ကျန်ခဲ့ကြဦး။ ပြန်လာမှတို့တွေ စာရင်းရှင်းကြတာပေါ့...စင်ရော်...ကိုယ့်ဖို့ ခရီးဆောင်အိတ်ပြင်ပေးဦး။ ညိုရီရော ညိုရီ ဒီမှာနင့်အမကို ယာကူဦးပေါ့ ငါ့အတွက် စားစရာတစ်ခုခုလည်း လုပ်ပေးဦး ခု...မနက်ရှစ်နာရီ...နောက်တစ်နာရီလောက်ကြာရင် ထွက်မယ်"

သူ့အစီအစဉ်အတိုင်း ခင်မင်ရော်နှင့် ညိုရီပြာပ်ဆောင်ပေးလိုက်ကြပါသည်။





# အခန်း ( ၁၇ )

အဖေရှိရာ မြို့သို့ဝင်တော့ ညနေလေးနာရီရှိပေပြီ။ ခေတ်မီ [တ]ိုက်တစ်လုံး၏ရှေ့မှ လည်တဆန့်ဆန့်နှင့် ဦးအောင်ထက် ရပ်သွင် [မ]ြင်ရပြန်တော့ မင်းဝဏ္ဏ ရင်ထဲနင့်ရသည်။

ဖြော် မွေးစားဖခင်ကြီးပေမို့ ဘဲကလေးတွေနှင့် ကြက်မကြီး [န]ယ် ဖြစ်လို့ပါလားဟု သူကြင်နာစွာ တွေးဖြစ်မိသည်။ ထောင်ကျ [ခဲ့]သည့် သုံးနှစ်လုံးလုံး ကွဲကွာနေခဲ့ရသည်မို့ အဖေသူ့ကို သတိရလွမ်း [ဆွ]ေးနေလိမ့်မည်။

"အဖေ"

ကားပေါ်မှဆင်းပြီး အဖေ့ရှေ့မှောက်သို့ မင်းဝဏ္ဏ ခြေလှမ်း [ကျဲကျ]ီးများဖြင့် ရောက်ရှိသွားခဲ့သည်။

"လူကလေး"

သားလူဆိုးအား ဝမ်းသာအားရ ပွေ့ဖက်ကြည်နူးနေရာ
ဦးအောင်ထက်၏ အသွင်ကသနားကြင်နာစဖွယ် ကောင်းလှသည်

အဖေဒေါ်စာလုပ်ပါပကော။ အသက်ခုနစ်ဆယ်ဆိုတာ မ
တော့ပါ။ ဘဝမှာသားတွေ၊ မြေးတွေနှင့် စည်ဝေစွာပွားစည်းနေချင်
မည့် အရွယ်မှာ သားအငယ်က ယောင်ထဲသို့ ဝင်ချည်ထွက်ချည်
ရသည်။

"လာ လူကလေး မင်းအကိုလည်း မင်းရဲ့ဖုန်း အဆက်အသွ
ရတာကည်းက ဘယ်မှမသွားဘဲ အိမ်ထဲမှာစောင့်နေတယ်"

"အကို ဘယ်မှမသွားဘူးလားအဖေ။ ခါတိုင်းဆို အကိုက
အလုပ်အပေါ် သိပ်ဂရုစိုက်တာ"

သူတို့သားအဖ ညှော်ခန်းထဲရောက်တော့မှ အကိုကထ၍
ရှာသည်။

"ညီရေ မင်းကိုစောင့်ရင်း ဒီမှာအရေးကြီးပုဂ္ဂိုလ်ရောက်လာ
နဲ့ ချက်ချင်းထွက်မကြိုဖြစ်တော့ဘူးကွာ။ ညီ့ကိုကြည့်ရတာ ပိုပြီးရင့်
ခန့်ညားလာတယ်။ တကယ်. . .တကယ်. . .ဆေးသားတွေနဲ့ စို
တောက်ပနေတဲ့ ကမ္ဘာကျော်ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို

မင်းဝဏ္ဏ၏ ပုခုံးကို အားပါးတရ ပွေ့ဖက်ရင်း အော
ဝမ်းသာနေပုံက ဝင်းလက်ချမ်းမြေ့နေပါ၏။ သူတို့ညီအကို၏ စည်
ချစ်ခင်မှုကို ဦးအောင်ထက် ကျေနပ်ပီတိဖြစ်ရသည်။





အကိုအောင်မျိုး၏ တင်းကျပ်စွာပွေ့ဖက်မှုကို ခေတ္တခံယူပြီး
က် မင်းဝဏ္ဏ ညင်သာစွာရုန်းထွက်လိုက်သည်။ သူက အကြင်နာ
းများနှင့် နေသားကျခဲ့သူမဟုတ်။

"ဘယ်က အရေးကြီးပုဂ္ဂိုလ်လဲ အကိုရဲ့"

ညှော်ခန်းထဲမှာ အကို့နောက်မှာ ချောမောလှပသည့် မိန်းမပျို
ယောက်ကိုပဲ မင်းဝဏ္ဏ မြင်နေရပါ၏။ ဖြူဖြူသွယ်သွယ် ကိုယ်လုံး
ကန္တြွေရှင်မိန်းမသားတစ်ဦးပါပင်။

အောင်မျိုးက ရှက်ရယ်ရယ်ပြီးမှ မိတ်ဆက်ပေးခဲ့သည်။

"ညီ့ကို အဖေပြောမပြသေးဘူးလား။ ဒါညီ့ရဲ့ မရီးလောင်းလေ"

"ဟာ. . .အကို ဝမ်းသာတယ်ဗျာ။ တကယ် အဖေလည်း
းလိုချင်တာနဲ့ အတော်ပါပဲ။ ဘယ်တော့လည်း အကိုရဲ့ အချိန်မဆွဲ
ာနဲ့ဗျာ အကိုလည်းဟိုင်းနေပြီ။ သုံးဆယ်ကျော်ဆိုတာ ဘယ်ငယ်
ာမလဲ"

မင်းဝဏ္ဏက ဝမ်းသာအားရပြောလျှင် အောင်မျိုးကလည်း
းလည်ချေပပါ၏။

"အန်မာ ငါ့ကိုပဲပြောနေ မင်းလည်းဟိုင်းပြီညီရေ. . .ဘယ့်
်လဲ။ ညီမရှာနိုင်ရင် အဖေ့ကို အပ်လိုက်ရမလား. . .ဒါမှမဟုတ်"

"ကျွန်တော့်အတွက်က ထားစမ်းပါ။ အကိုဘယ်တော့မင်္ဂလာ
ာင်မှာလဲ။ ဆောင်ရင်လည်း မြန်မြန်ဆောင်ဗျာ။ ကျွန်တော် အပြင်
နေတုန်း နွဲ့သွားချင်လို့"

မင်းဝဋ္ဌာ၏စကားကြောင့် ဦးအောင်ထက်တို့သားအဖ စိတ်
ဆောင်းဖြစ်သွားကြရသည်။

"သားရယ် စကားကို ဆင်ဆင်ခြင်ခြင်ပြောပါကွာ။ အဖေ
ဒီတစ်ခါတော့ထပ်ပြီး ရင်မကွဲပါရစေနဲ့တော့။ ခုဆိုသားကြီးက မင်္ဂလာ
ဆောင်တော့မယ်။ သူ့အိုးသူ့အိမ်နဲ့ ဖြစ်တော့မယ်။ သားငယ်ကိုလည်း
အဖေ အခြေတကျ ဖြစ်စေချင်ပြီ။ လူကလေးနဲ့ အဖေနေမယ်။
လူကလေး တစ်ခုခုလုပ်ချင်တောင်မှ အဖေ့ကိုတော့ သနားပါကွာ"

အဖေ၏ ဝမ်းနည်းကြေကွဲသံကြောင့် မင်းဝဋ္ဌာ ရယ်ရယ်မော
မောဖြင့် ပြန်လည်နှစ်သိမ့်ရပါ၏။

"အလကားပြောတာပါ အဖေရယ်။ ကျွန်တော် လူဆိုးမဟုတ်
ပါဘူး။ ကံကြမ္မာကြောင့်၊ သူတစ်ပါးကို ကူညီချင်စိတ်တွေကြောင့်သာ
ခဏခဏ ဝင်လိုက်၊ ထွက်လိုက်ဖြစ်နေရတာပါ"

"ကဲ . . . ကဲ စိတ်မကောင်းစရာစကားတွေ ထားလိုက်ကြ
တော့ဗျာ။ ညီပြန်ရောက်လာတာနဲ့ အကို့မင်္ဂလာဆောင်နဲ့တော့ အတော်
ပါပဲ"

"အကို့မင်္ဂလာဆောင်က ဘယ်လောက်လိုသေးလဲ"

"ငါးရက်ပဲ လိုတော့တယ်ကွ၊ ဖိတ်စာတွေတောင်ရပြီ။ ဖိတ်ဖို့
ပဲကျန်တော့တယ်"

"ပဲခွံနဲ့ရန်ကုန် နီးနီးလေးပါ အကိုရာ။ ကျွန်တော် အိမ်ခဏ
ပြန်ပါရစေဦးနော်။ အဖေလည်း ဘုရားဖူးရင်းလိုက်ခဲ့"





"ဟာ . . . မဖြစ်ဘူး . . . မဖြစ်ဘူး ညီ မင်းကအစိုးရတဲ့ကောင်
မဟုတ်ဘူး။ လုပ်ငန်းတွေ ဘာတွေမစဉ်းစားပါနဲ့ဦးညီရယ်။ ဒီမှာပဲ အနား
ယူရင်း အကို့မင်္ဂလာဆောင်ကို ကိုယ်ဖိ၊ ရင်ဖိ လုပ်ကိုင်ပေးသွားရမယ်"

"ဟုတ်ပါတယ် လူကလေးရယ်။ အဖေလည်း ဒီရက်အတော
အတွင်း လူကလေးအတွက် မိန်းမရှာရမယ်။ ငါ့သားတွေကို အဖေမသေ
ခင်အခြေတကျ မြင်ချင်တယ်"

အဖေကပြောတော့ အကိုအောင်မျိုးက အားတက်သရော
ထောက်ခံ၏။

"ဟုတ်တယ်အဖေ အဲဒါဆို ခင့်ညီမလေးနဲ့ဆို မကောင်းဘူး
လားအဖေ။ ရုပ်လည်းချောတယ်။ ထက်လည်းထက်မြက်တယ်။ အဖေ့
သားက သာမန်မိန်းကလေးမျိုးနဲ့ဆို မဖြစ်ဘူး။ သူ့ကိုလွှမ်းမိုးနိုင်မယ့်
မိန်းကလေး၊ သူ့ကိုချုပ်ကိုင်နိုင်မယ့် မိန်းကလေးမျိုးနဲ့မှဖြစ်မယ် ဘယ့်နယ့်
လဲခင်"

အောင်မျိုး၏စကားကြောင့် တစ်ချိန်လုံး ငြိမ်သက်နေသည့်
ခင်မမ၏မျက်နှာမှာ ကွက်ခနဲပျက်ကျသွား၏။ မင်းဝဋ္ဌာ စိတ်မကောင်း
ဖြစ်ရသည်။ ဟုတ်တာပေါ့။ ထောင်နှစ်ခါကျခဲ့ဖူးတဲ့ လူသတ်သမားကြီး
ကို အဘယ်မိန်းမသားက ကြည်ဖြူ ခင်မင်ရဲမှာတဲ့လဲ။ ကိုယ့်ညီမနဲ့
ဘယ်ပေးစားချင်မလဲ။

"အကိုကလည်းဗျာ။ မစပါနဲ့ အကိုကသာ ကိုယ့်ညီမို့ ချစ်သော
မျက်စိနဲ့ အပြစ်မမြင်နိုင်ပေမယ့် အများအမြင်မှာတော့ ကျွန်တော်ဟာ

ကြောက်စရာ သတ္တဝါတစ်ကောင်ပါ မမခင် စိတ်မကောင်းမဖြစ်ပါနဲ့နော်။ ကျွန်တော်ကလည်း ကိုယ့်အကြောင်း ကိုယ်သိပါတယ်ဗျာ"

မင်းဝဏ္ဏ၏ အသံက မချိတရိပုံစံပေါက်သွားသဖြင့် အားလုံး စိတ်မကောင်းဖြစ်ရသည်။ ခင်မမကလည်း ပျာပျာသလဲ ဖြေရှင်းရှာပါ၏။

"ဒီလိုမဟုတ်ပါဘူးရှင်။ ကျွန်မက အဲလိုသဘောထား မရှိပါဘူး။ ကျွန်မညီမလေးမှာ ချစ်သူရှိပြီးသားဆိုတော့ ဘယ်လိုမှမဖြစ်နိုင်တော့ အားနာလို့ပါ"

ခင်မမအသံက အားတုံ့အားနာ ဖြစ်နေရှာ၏။ အဖေက ဝင်ပြောပြန်သည်။

"လူကလေး ထောင်ကျရတာတွေဟာ မှားယွင်းမှုတွေချည်း ကြောင့်ပါပဲ။ လူသားဟာ လူပီသစွာနဲ့ လူ့တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ရတဲ့အခါ အမှန်တရားက ဘောင်ကျဉ်းလွန်းလို့တဲ့အတွက် ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ နောက်မဖြစ်စေချင်တော့ဘူး။ အဖေစိတ်အေးချင်ပြီ လူကလေးရယ်။ အဖေရှာပေးတဲ့မိန်းမ မလိုချင်ရင်လည်း ကိုယ့်ဘာသာရှာပေတော့ဒါပဲ"

ဦးအောင်ထက်စကားကြောင့် မင်းဝဏ္ဏ အခက်တွေ့နေရပါ၏။ အကိုက ဝင်ပြောပြန်သည်မှာ . . .

"အဖေ့သားက လူပျိုဖြစ်ကတည်းက အထဲချည်းဝင်နေရတာ ဘယ်လိုလုပ်တွေ့မလဲ အဖေရဲ့။ အဖေ့ဘာသာ ရှာပေးပေတော့"

"ဟာ အဖေနဲ့အကို အေးအေးပဲနေကြပါနော်။ ကျွန်တော့်





အတွက်မပူကြပါနဲ့ ဒီအတွက်တော့စိတ်ချ"

တကယ်က မင်းဝဏ္ဏ၏ မျက်ဝန်းထဲမှာ ခင်စင်ရော်ကို မြင်ပြီး ဖြစ်သည်။ သူ့မျက်နှာက စိတ်ကူးစိတ်သန်းတို့ဖြင့် နူးညံ့သိမ်မွေ့နေလေ၏။

"မောင့်ညီကို အထင်မသေးနဲ့နော်။ အဲဒီရုက်ဝဲဝဲအမူအယာ အရ သူလည်းမကြာတော့ပါဘူး"

မရီးလောင်း၏ အကဲဖြတ်ချက်ကို သူစကားလွှဲခြင်းဖြင့် ရှောင်တိမ်းရလေသည်။

"ကဲပါအဖေ ကျွန်တော်ထမင်းဆာတယ်ဗျာ။ ရေအရင်ချိုးလိုက်ဦးမယ်။ ပြီးရင်သားအဖတွေ အတူတူထမင်းစားကြတာပေါ့။ သားအခန်းကို သွားတော့မယ်"

မင်းဝဏ္ဏမှာ ခရီးဆောင်အိတ်ကို ကျောပိုးပြီး သူ့အခန်းရှိရာသို့ တက်ခဲ့သည်။ အဖေ့အိမ်မှာ သူ့အတွက်နေရာအမြဲရှိသည်။

နွေးထွေးသည့် အဖေ့မေတ္တာရိပ်မှာ ခိုလှုံရန်မင်းဝဏ္ဏ ကိုယ့်အဖေအရင်းကို သတိရမိပြန်တော့ ရင်ထဲနင့်ရသည်။

အဖေ့ကိုတစ်ခါလောက်ဖြစ်ဖြစ် သူမသေဆုံးခင် တွေ့ရှိသွားချင်မိသည်မှာ မင်းဝဏ္ဏ၏ အဖြစ်ချင်ဆုံးဆန္ဒတစ်ခု။

နောက်ဆန္ဒတစ်ခုကတော့ မမခင်မြတ်ကို သတ်သွားသည့် တရားခံအား ရှာဖွေတွေ့ရှိချင်သည့်ဆန္ဒ။

အဲဒီလူကိုတွေ့လျှင် သူဘာလုပ်မလဲ။ မင်းဝဏ္ဏဘာလုပ်ရမည်လဲ။

အနည်းဆုံး လည်ပင်းညှစ်ပြီး စကြဝဠာအပြင်ဖက်ထိ လွှင့်ပစ်ကိုင်ပေါက်မိပေလိမ့်မည်။

လောလောဆည်တော့ ကုတင်ပေါ်မှာ ပစ်လှဲချပြီး ကိုယ်ရောစိတ်ပါ ဖြေလျှော့အနားယူမိတော့သည်။





## အခန်း ( ၁၈ )

ဂုဏ်သရေရှိ မင်္ဂလာညှော်ခံပွဲတစ်ခုပေမို့ မင်္ဂလာအပေါင်းနှင့် ခညောင်းနေခဲ့သည်။

အရွယ်ညီ၊ အလှညီနေသော သတို့သားနှင့် သတို့သမီးကလည်း ပန်းခင်းအလယ်မှ လိပ်ပြာလေးတွေနှယ်။ အောက်ချင်းငှက်တို့နှယ် တောင်ပံယှက်ကာ ဝေ့ဝဲပျံသန်းနေခဲ့ကြသည်မှာ ညှော်ခံပွဲနေရာအနှံ့ဖြစ်သည်။

ဦးအောင်ထက်မှာ သတို့သားအဖေလည်းဖြစ်၊ မိတ်ဆွေအပေါင်းအသင်းများသူလည်း ဖြစ်သည်မို့ ညှော်ခံပွဲတစ်ခုလုံးသို့ တပြုံးပြုံးနှင့် နှုတ်ဆက်ညှော်ခံနေရ၏။

ကျယ်ဝန်းလှပသည့် ကိုယ့်အိမ်ခြံဝင်းထဲမှာ ညှော်ခံသည့်ပွဲမို့

တစ်မျိုးစိတ်ချမ်းသာစရာလည်း ကောင်းသည်။ အေးအေးဆေးဆေးရှိသည် မဟုတ်ပါလား။

အကိုအောင်မျိုး၏ မင်္ဂလာညှော်ခံပွဲက ပျော်ရွှင်စရာ သုခဘုံလေးတစ်ခုနှယ်။

ထောင့်ကျကျစားပွဲတစ်ခုမှာ မင်းဝဏ္ဏာနေရာယူထား၏။ စားသောက်ဖွယ်ရာများကို ငြိမ်သက်စွာစားသောက်ရင်း မင်္ဂလာပွဲတစ်ခုလုံးသို့ ပီတိဖြစ်နေမိပါ၏။ ရှေးရေစက်ကြောင့်ပဲဆိုဆို ဖေဖေဦးအောင်ထက်နှင့် အကိုအောင်မျိုးတို့သည် သူ့အပေါ်မှာ တကယ့်သွေးရင်းသားရင်းနှယ် သဘောထားကြသည်။

သူငြိမ်သက်နေမိတာ ကူညီညှော်ခံမပေးချင်လို့တော့ မဟုတ်ပါ။ သို့သော် မင်းဝဏ္ဏာသည် ဒီမြို့မှာ ညှော်သည်တစ်ဦးသာဖြစ်ပါသည်။ ပျားပန်းခပ်မျှ လူစုလူဝေးထဲမှာ မင်းဝဏ္ဏာ ငြိမ်သက်နေမိတာ ပြဿနာမဟုတ်။

နာမည်ကျော်တီးဝိုင်းမှ ငြိမ့်ညောင်းသာယာသည့် မင်္ဂလာတေးသံများကိုနားဆင်ရင်း၊ ရောင်စုံအဆိုတော်မလေးများနှင့် ရောင်စုံကောင်မလေးများကို သိမှတ်မဲ့စွာ မင်းဝဏ္ဏာ ငေးကြည့်နေမိပြန်သည်။

အင်း…ဒါ…တံလျှပ်တွေပေါ့…

ဘဝရဲ့ တံလျှပ်တွေပဲ…

ကြည့်စမ်း လူအချို့ဟာ ပျော်ရွှင်မှုသုခဘုံမှာ ရောက်ရှိနေကြပြီး လူအချို့ကတော့ ဝမ်းစာအတွက် ချွေးဒီးဒီးကျ ရှာဖွေရုန်းကန်နေကြရလိမ့်မယ်။





ငါ့ဘဝကရော် တကယ်ပဲ ပျော်ရွှင်ချမ်းမြေ့ နေရပါရဲ့လား။ တကယ်တော့ ဒါဟာအတုတွေပဲ။ တံလျှပ်တွေပဲ လောကရဲ့တံလျှပ်တွေ မာယာတွေ…

"ညီ…ညီလေး အဖေမူးလဲသွားလို့"

အနားသို့ ခပ်သုတ်သုတ် တစ်ယောက်ထဲ လျှောက်လာသည့် အကို့အသံကြောင့် လွင့်မျောလွတ်မြောက်နေရာမှ မင်းဝဏ္ဏာ ဆတ်ခနဲ ခုန်ထမိသည်။

"ဘယ်မှာလဲအကို ဆရာဝန်ခေါ်လိုက်ပြီလား"

"ဟုမ်းဆရာဝန်ခရီးသွားနေတယ် ညီ…ဆေးခန်းပဲ ခေါ်သွားလိုက်ပါ။ အဖေသိပ်ပင်ပန်းသွားတယ်။ မင်္ဂလာပွဲကလည်း ခုမှအစရှိသေးတယ်…ကျွတ်"

"ရတယ်အကို မင်္ဂလာဆိုတာ တစ်သက်မှတစ်ခါဆောင်ရတာပါ။ အဖေ့အတွက် မပူပါနဲ့။ ကျွန်တော့် တာဝန်ထားပါ"

မင်းဝဏ္ဏာ အဖေ့ထံရောက်သွားသည်။ စာကြည့်ခန်းထဲက ပက်လက်ကုလားထိုင်ပေါ်မှာ ဦးအောင်ထက်ကို ပျော့ခွေလျက် တွေ့လိုက်ရသဖြင့် မင်းဝဏ္ဏာ၏ နှလုံးသွေးတွေ ခုန်ဆောင့်တိုးသွားသည်။

သူ့အပေါ်မှာ သံယောဇဉ်ကြီးမားသည့် မွေးစားဖခင်…

သူ့အပေါ်မှာ သားအရင်းနှယ် နောက်ဆံတင်းလှသည့် မွေးစားဖခင်…

မသေလိုက်ပါနဲ့ဦး အဖေရယ်…

ငါ့နယ်နော် တစ်ခြားမှာသွားနေမိတယ် • • •အဖေ့အနားမှာ ရှိမနေခဲ့ရဘူး။

သူ • • •အဖေ့ကို ဆတ်ခနဲပွေ့ချီလိုက်စဉ်မှာပင် အကိုက ဒရိုင်ဘာ ဦးပွနှင့်အတူ ပြန်ရောက်လာခဲ့၏။ မင်္ဂလာညည့်ခံပွဲကြီးကတော့ အိမ်မှာဘာတွေဖြစ်နေသလဲ သိမည်မဟုတ်။ သူတို့ခပ်ကျိတ်ကျိတ်ပဲ ဆောင်ရွက်နေကြရသည်။

"အကိုကျန်ခဲ့ အဖေ့အတွက်စိတ်ချ"

စကားကို အတိုဆုံးပြောပြီး မင်းဝဏ္ဏ အဖေ့ကို ကားထဲသို့ ပွေ့သွင်းဖေးမပြီး လိုက်ခဲ့သည်။ ဆေးခန်းသို့ရောက်တော့ ချက်ချင်းပဲ ပြုစုကုသခွင့်ရခဲ့၏။

"သွေးလိုတယ် • • •အိုသွေးရမလား"

မင်းဝဏ္ဏ ငေါက်ခနဲ နိုးကြားသွားခဲ့၏။

"ကျွန်တော် အိုသွေးပါ။ လိုသလောက် ထုတ်ပါဗျာ။ လုပ်ကြပါ • • •မြန်မြန်လေး"

ဖြူဖျော့နေသည့် အဖေ့ရုပ်သွင်ကို သူ၏ချစ်ခြင်းမေတ္တာများဖြင့် သန့်စင်နီရဲနေသည့် နှလုံးသွေးတို့နှင့် ဖျန်းပက်နီရဲစေလိုသည်။

နှင်းဆီပန်းအနီရဲရဲတစ်ပွင့်လို သဘာဝ၏ဒဏ်ကို အဖေခံနိုင်စေချင်ပါဘိ။

အဖေ့အနားက ကုတင်မှာ မင်းဝဏ္ဏ လဲလျောင်းပြီး အဖေ့အတွက် သွေးလှူခွင့်ရခဲ့သည်။ သူကျေနပ်ပီတိ ဖြစ်ရလွန်းပါ၏။ အဖေ့ရဲ့





ကြီးမားသော မေတ္တာတရားများအတွက် မြူတစ်မှုန်၊ နှင်းတစ်စက်မျှ အနေအထားဖြင့်ဖြစ်စေ သူပြန်လည်တုံ့ပြန်ခွင့်ရခဲ့ပြီ မဟုတ်ပါလား။ အဖေနှင့် ဆက်သွယ်ခွင့်ရခဲ့သည့် သူ၏နှလုံးသွေးထဲမှာ မေတ္တာတရားများ အနှိုင်းအဆမရှိ ပါသွားပေလိမ့်မည်။

အနာရောဂါတို့မှ အဖေလျှင်မြန်စွာ ပျောက်ကင်းသက်သာခွင့် ရပါစေတော့။

ကံကြမ္မာကြောင့် မိရင်း၊ ဖရင်းတို့ကို ပြုစုခွင့်မရခဲ့သည့် သူ့ဘဝမှာ မွေးစားဖခင်ကြီးကိုတော့ ပြုစုခွင့်ရခဲ့သည်။ သူကျေနပ်ပီတိ ဖြစ်နေမိပါ၏။

ခေတ်မီဆေးဝါးများ၏ အချိန်မီကုသမှုမှာ အဖေ ကောင်းသွားလိမ့်မည်ဟု သူယုံကြည်စိတ်ချမိ၏။

စိတ်ကိုအတန်ငယ် ဖြေလျှော့အနားရလိုက်သည့်အခါ လှုပ်ရှားမာနေခဲ့ရသည့် သူ၏နှလုံးသားများ ငြိမ်သက်သွားကြပြီး ပင်ပန်းနွမ်းနယ်နေရာမှ မင်းဝဏ္ဏ အိပ်ပျော်သွားခဲ့သည်။

ဦးအောင်ထက် သတိရလာတော့ ကြည်ကြည်လင်လင် ရှိလှသည်။ နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ နိုးထလာရသည့်နှယ်။

အဖြစ်အပျက်များကို ဦးအောင်ထက် ပြန်စဉ်းစားကြည့်လိုက်သည်။ အလို သည်ကနေ့သားကြီးရဲ့ မင်္ဂလာပွဲနေ့ပါလား။ နေစမ်းပါဦးဒါ···နေ့လား၊ ညလား။ သားတစ်ယောက်ရဲ့ မင်္ဂလာပွဲမှာ အဖေရှိနေသင့်တယ်မဟုတ်လား။

အနားမှာရှိသည့် တာဝန်ကျဆရာမကြီးကို ဦးအောင်ထက် မေးလိုက်မိသည်။

"ဆရာမ ကျွန်တော်ဘယ်အချိန်က ရောက်လာတာလဲ။ အခုဘယ်အချိန်ရှိပြီလဲ။ ကျွန်တော် အိမ်ပြန်လို့ရပါပြီလား။ ကျွန်တော့်သားတွေရော"





ကလေးလေးတစ်ယောက်နှယ် မေးခွန်းတွေစုပြုံနေတော့ တာဝန်ကျဆရာမက ကြင်နာစွာပြုံးပြ ဖြေဆိုခဲ့သည်။

"အန်ကယ် အိမ်ပြန်လို့မရသေးပါဘူး အန်ကယ့်သားရှိပါတယ်။ ဟိုမှာ အန်ကယ့်အတွက် သွေးလှူပြီးအိပ်ပျော်နေပါတယ်"

"ဘယ်သူလဲသားကြီးလား"

သားကနဂိုနေ မိုန်ဖျော့ပိန်ပါးသူမို့ ဦးအောင်ထက် စိတ်ပူသွားမိပါ၏။ မိဘမေတ္တာဆိုတာ ဒီလိုပါပဲ။ သားငယ်ရော သူမှုးလဲတာသိမှသိပါရဲ့လား။ ဆေးပုလင်း၊ သွေးပုလင်းများစွာနှင့်မို့ ဦးအောင်ထက်မှာ သိပ်လှုပ်လို့မရသေး။

"သားအကြီးလား···အငယ်လားတော့ မသိဘူး။ ထွားထွားကျိုင်းကျိုင်း ဆံပင်ရှည်ရှည် ခပ်ချောချောပဲ"

"ဩ"

သားငယ်···မင်းဝဏ္ဏ

ရင်ထဲမှာ လှိုက်ခနဲ နင့်ကျင်စွာ ဦးအောင်ထက် ခံစားလိုက်ရပါ၏။ သူမျက်နှာလိုက်မိပါသလား သူ့သားကြီးကပဲ သူ့ကိုဂရုစိုက်လိမ့်မည်ဟု ထင်နေမိခဲ့ပါသလား။

မျက်ဝန်းထဲ စိမ့်တက်လာသည့် မျက်ရည်များကို ပြန်မျိုချရင်း ဦးအောင်ထက် မိန်းမောနေမိစဉ် သူနားထဲမှာ ခြေသံရှပ်ရှပ်ကလေး ကြားလိုက်ရ၏။

"အဖေ"

လူကလေးရဲ့အသံ။ ဘယ်ရှေးရေစက်တွေလဲ သားရယ်· · ·

လူတစ်ဦးနဲ့တစ်ဦး သွေးသားမတော်စပ်ပေမယ့် နှလုံးသားထဲက ချစ်လို့ရသတဲ့လား။

"အဖေ"

မင်းဝဏ္ဏ၏ ဒုတိယခေါ်သံက ရင်လှိုင်းသံဖြင့် တုန်ယင်ကြည်မြလျက်။

အဖေ့ကို ချစ်ခြင်းမေတ္တာအကြောင်း ကောင်းကောင်းသင်ပေးခဲ့တဲ့ လူကလေးပါပဲ။

ဦးအောင်ထက် မျက်လုံးဖွင့်ကြည့်မိပါ၏။ လမင်းကြီးလို ကြည်လင်ဝင်းလက်သည့် လူကလေး၏မျက်နှာက သူ့အပေါ်စိုးရိမ်ကြင်နာမှုတွေဖြင့် ပြည့်သိပ်ရှုန်းရိပ်လျက်။

"နေသာရဲ့လားအဖေ ကျွန်တော်ခဏလေး အိပ်ပျော်သွားခဲ့တယ်။ အဖေဆာလားဟင်။ ကျွန်တော်တောင် အကို့မင်္ဂလာဆောင်မှာ ဒီလောက်စားခဲ့၊ ဝါးခဲ့ရတဲ့ကြားထဲက ဆာလာလို့ ဦးပွကိုစားစရာ၊ သောက်စရာတွေ လွှတ်ဝယ်ခိုင်းလိုက်တယ်။ အဖေ့ကိုလည်း သစ်သီးတွေ၊ မုန့်တွေမှာလိုက်တယ်"

သူ့လက်ကိုကိုင်ပြီး ကုတင်ဘေးမှာ ကပ်ထိုင်ခေါင်းမှီရင်း တိုးတိုးလေးပြောနေသည့် လူကလေး၏အသံက ဦးအောင်ထက်နားထဲမှာ ချိုမြိန်လှပါဘိ။

"မဆာပါဘူးသားရယ်။ အဖေရင်ပြည့်နေတယ်· · ·ပြီး· · ·





လူမမာပဲဟာ စားလို့ရပါ့မလားကွ"

"ဟာ အဖေကလည်း လူမမာကလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပဲ။ ဆာရမှာပေါ့။ စားရမှာပေါ့။ ဆရာမ အဖေတစ်ခုခုစားလို့ရမလား အဖေ့မှာ အဖျားမရှိပါဘူး"

မင်းဝဏ္ဏ လှမ်းမေးတော့ ခပ်လှမ်းလှမ်းမှ ဆရာမဖြေသည်။

"ဆေးတွေသွင်းတာ မပြီးသေးဘူးလေ။ အိပ်လျက်စားလို့ ရတာမျိုးတော့ ကျွေးပေါ့။ ထထိုင်လို့တော့ မရသေးဘူးလေ"

"အိုကေ ဒါဆို အဖေစားလို့ရတာ ကျွေးမယ်။ ကျွန်တော်လည်း စားလို့ရတာ စားမယ်။ ဟော· · ·ပြောရင်းဆိုရင်း ဦးပွတောင်ပြန်လာပြီ"

သည်စဉ် မင်းဝဏ္ဏ၏ ဟန်းဖုန်းမှ ခေါ်သံထွက်လာ၏။

"အဖေရေ အကို့ဆီက ဖြစ်မယ်· · ·သတို့သားကြီးလည်း မင်္ဂလာဆောင်ရတာ ဖြောင့်မှာမဟုတ်ဘူး။ သူဆက်တာ ဒါနဲ့ဆို သုံးခါရှိပြီ"

"ပြန်ပြောလိုက်ပါ လူကလေးရယ် အဖေနေကောင်းပါတယ်လို့"

မင်းဝဏ္ဏတို့ ညီအကိုအပြန်အလှန် ပြောနေကြသည်များကို ဦးအောင်ထက် ကျေနပ်ပီတိဖြစ်စွာ ကြည့်နေမိသည်။

"အဖေ· · ·အဖေစကားပြောနိုင်ရင် တစ်ခွန်းလောက်ဖြစ်ဖြစ် သူကြားချင်တယ်တဲ့ ရော့ အဖေ"

ဦးအောင်ထက်ဘေးနားသို့ ဆရာဝန်၊ ဆရာမများ လာခဲ့စဉ်မို့ အားလုံးရယ်မောနေကြသည်။

"တော်တော်သဲတဲ့ သားအဖတွေပါလား။ လူနာကို အနားယူပါစေလေ"

"အဖေ"

မင်းဝဏ္ဏက ဖုန်းထိုးပေးတော့ ဦးအောင်ထက် သားကြီးထံ လှမ်းဆဲရေးလိုက်ပါ၏။

"ခွေးကောင် ဆောင်စရာရှိတာ အေးအေးဆောင်"

ဖုန်းထဲမှရော အပြင်မှာပါ ရယ်သံလေးများ စီစီညံနေလေတော့သည်။





## အခန်း ( ၁၉ )

ရှုးရှုသော နေရောင်ခြည်အောက်မှာ အရောင်စုံ၊ အသွေးစုံ နှင်းဆီခင်းထဲသို့ မင်းဝဏ္ဏကားမောင်းဝင်ခဲ့သည်။ ကိုယ့်အိမ်ပေမယ့် သုံးနှစ်တာအတွင်း မယုံကြည်နိုင်အောင် လှပလို့ပါလား။

စီးပွားဖြစ်စိုက်ပျိုးထားဟန်တူသော်လည်း ပန်းခင်းလေးက လှလှပပ။ တိုက်မျက်နှာစာမှာ ကျက်သရေရှိစွာ မွှေးပျံ့နေတော့သည်။

ရှီးမြေကျစံအိမ် ရှေ့သို့လည်း မင်းဝဏ္ဏရောက်ခဲ့ပြီဖြစ်၏။ ထိုအိမ်မှာလည်း ခင်စင်ရော်ကို မတွေ့ခဲ့ရ။ အသံမဲ့တိတ်ဆိတ်ခြင်းများနှင့် ပိတ်ထားသော ခြံတံခါးကြီးကပဲ သူ့ကိုကြိုဆိုခဲ့သည်။ ဟိုအိမ်မှာ ခင်စင်ရော်မရှိလျှင် သည်အိမ်မှာရှိမှာပဲဟု တွေးထင်ပြီး မင်းဝဏ္ဏ ရောက်လာခဲ့ခြင်းဖြစ်ပါ၏။

သည့်အိမ်ထဲမှာ သူမရှိမှာပါပဲ။ သူမဘာတွေလုပ်နေသလဲ။ ဆယ်ရက်လုံးလုံး ဖုန်းအဆက်အသွယ်တောင် မလုပ်ခဲ့ဘဲ ဖြတ်တောက်ထားခဲ့လို့များ သူမစိတ်ကောက်နေလေမလား ကောင်မလေးရယ်။ တို့တွေ သုံးနှစ်ဆိုတဲ့က အချိန်ကြီးကိုတောင် ခါးသည်းစွာ ကျော်ဖြတ်ခဲ့ရသေးတာမဟုတ်လား။

မင်းဝဏ္ဏ၏ နှလုံးသားများသည်လည်း ကျောက်စိုင် ကျောက်တောင်ကြီးလို မာကျောနေလေပြီလားမသိ။ သို့သော် သူလွမ်းနေတာတော့အမှန်။ ထိန်းချုပ်ထားသော ထုံးတို့ကိုဖြတ်တောက်ပြီး လေမုန်တိုင်းလိုကြမ်းရိုင်းပစ်နေချင်မိတာလည်း အမှန်။

ကောင်မလေးရယ် မင်းကိုတော့ ငါချစ်တတ်ဦးမှာပါ . . .

ပန်းခင်းထဲသို့ ဆင်းလျှောက်ရင်း ချစ်သူကောင်မလေးများ ကလေးတစ်ယောက်နှယ် ပြေးထွက်ကြိုဆိုလာလေမလားဟု သူတိတ်တခိုး မျှော်လင့်နေမိသည်။

ချစ်သူ . . .

ဟုတ်ရဲ့လား ကောင်မလေးနှင့်သူဟာ တကယ့်ရင်ဘတ်ချစ်သူတွေဖြစ်သွားကြပြီတဲ့လား။ အဖြစ်အပျက်တွေကို မင်းဝဏ္ဏ စဉ်းစားကြည့်မိပြန်သည်။

မဟုတ်သေးပါဘူး။ သူတို့နှစ်ဦးရဲ့ အဖြစ်အပျက်တွေဟာ မပွင့်မလင်း။ အုံ့မှောင်နေသည့် ကောင်းကင်ကြီးလိုပါပဲ။ ချစ်ခြင်းနှင့်တူသော နေရောင်ခြည်ကို သူတို့ကွယ်ဝှက် ထားမိခဲ့ကြသည်။





အတန်ကြာသည်အထိ မည်သူမျှထွက်မလာကြတော့ မင်းဝဏ္ဏ တိုက်ထဲသို့လှမ်းမျှော်ကြည့်ပြီး တိုက်ရှေ့မှ လူခေါ်ဘဲလ်ကို နှိပ်လိုက်ရသည်။

ကောင်မလေးရယ် ကိုယ် မင်းထံပါးမှာ ဝန်ခံတောင်းပန်တော့မလို့ပါ။ ကိုယ့်ရင်ဘတ်ကြီးကို အရင်အတိုင်း မင်းမြင်အောင် ဖွင့်ပြတော့မလို့ပါ။ ကိုယ်မင်းကို သိပ်ချစ်မိသွားတာ သေချာကြောင်း ပြောပြတော့မလို့ပါကွယ် . . .

လည်တံညောင်းအောင် မျှော်နေမိသော်လည်း တိုက်အတွင်းဖက်မှ ထွက်လာသူသည် ညိုရီသာဖြစ်သည်။ မင်းဝဏ္ဏ မောသွားခဲ့၏။

ညိုရီက သူ့ကိုတံခါးဖွင့်ပေးသည်။ သို့သော်လည်း ညိုရီ့အသွင်က စက်ရုပ်တစ်ရုပ်နှယ်သာ။

ညိုရီလည်း လစ်ခနဲ ပျောက်ကွယ်သွားပြန်သည်။ မင်းဝဏ္ဏ ဧည့်ခန်းထဲမှာပဲ ဧည့်သည်တစ်ယောက်နှယ် သူမကိုထိုင်စောင့်နေမိ၏။ ဧည့်ခန်းအပြင်အဆင်နှင့် ပန်းကလေးများ ထိုးထားပုံတို့ကိုသာ မင်းဝဏ္ဏ အလုပ်မရှိ အလုပ်ရှာကြည့်နေရသည်။

တိုင်ကပ်နာရီကို လှမ်းကြည့်တော့ မွန်းတည့်တော့မည်။ နေ့တစ်နေ့ရဲ့အပူဆုံးအချိန်ပါပဲ။

ကောင်မလေးရယ် ငါ့ကိုမရက်စက်လိုက်ပါနဲ့။ အချစ်ဆိုတာလည်း ကိုယ်ပြေးတော့ သူလိုက်ပြီး၊ ကိုယ်လိုက်တော့ သူပြေးလေပြီထင်ပါ၏။

အတွင်းဖက်မှ ခြေသံတရုပ်ရုပ် ကြားရပြန်၏။ မျှော်လင့်တကြီး စောင်းငဲ့ကြည့်လိုက်တော့ စားသောက်စရာလင်ဗန်းတစ်ချပ်နှင့် ညိုရီကိုပဲ တွေ့ရပြန်သည်။ မင်းဝဏ္ဏ ဘယ်လိုမှစိတ်မရှည်နိုင်တော့။

"ခင်စင်ရော် ဘယ်သွားလဲ…သူကငါ့ကိုမတွေ့ချင်ဘူးတဲ့လား။ သူဘယ်မှာလဲ"

ညိုရီက သူ့ကိုပြန်မဖြေချေ။ စားသောက်ဖွယ်ရာများကိုသာ စားပွဲပေါ်တင်ခဲ့ပြီး အိမ်ထဲသို့ ထပ်မံဝင်ရောက်သွားပြန်လေ၏။ ကျွတ် ဘယ်လိုတွေလဲ။ မင်းဝဏ္ဏ မျက်မှောင်ကြီး တွန့်ကုပ်နေမိတော့သည်။

မကြာမီ ညိုရီ ပြန်ထွက်လာလေ၏။ လက်ထဲမှာလည်း စာရွက်စာတမ်းတွေနှင့်။

ညိုရီ…မင်းဝဏ္ဏ၏ရှေ့မှာ ရိုသေစွာထိုင်လိုက်၏။

"မမက စာရင်းရှင်းတန်းတွေ ပေးခဲ့ပါတယ်။ ဒါကရိုးမြေကျွံစံအိမ်ဝယ်တဲ့ စာချုပ်နဲ့အိမ်ဂရန်ပါ။ အကိုပေးထားခဲ့တဲ့က ငွေတွေလည်း အကို့အခန်းထဲမှာ ပစ်ခဲ့ပါတယ်တဲ့။ ဒါကသော့တွဲတွေပါ။ ကျွန်မတာဝန် ကျေပါပြီ"

ပြောပြီးလျှင် ညိုရီမျက်ရည်ကျလေ၏။ မင်းဝဏ္ဏနားမလည်နိုင်။

"ဟ အဲဒါ ဘာသဘောလဲ။ ငါက ဒါတွေဘာလုပ်ရမှာလဲ။ ညိုရီ နင်ကငါ့လူလား၊ သူ့လူလား။ အခုသူဘယ်ရောက်သွားပြီလဲ။ ဒီမိန်းမ ဘာတွေအရူးထပြန်တာလဲကွာ…ငါနယ် သေလိုက်ချင်တော့တယ်။ နင်တို့မိန်းကလေးတွေဟာ အလကားပဲ ဘာမှဦးနှောက်မရှိဘူး။ နလပိန်း





တုံးတွေ…တောက်…ဘာလဲ ငါကစာရင်းရှင်းမယ်ပြောတာနဲ့ ကြောက်ပြီးပြေးတာလား"

မင်းဝဏ္ဏ ဒေါသထွက်နေပုံက လှောင်အိမ်ထဲမှ ကျားတစ်ကောင်နှယ်။ သူ့သောကတွေသည် ဒေါသနှင့်ပေါင်းပြီး စူးရဲလက်ဖြာနေတော့၏။

သို့သော် ညိုရီကလည်း မခေပါချေ။

"အကိုစာရင်းရှင်းမယ်ဆိုတာကို ကြောက်ရအောင် မမက မဟုတ်တာ ဘာမှမလုပ်ဘဲ။ အကို့မှာ ဘာနစ်နာဆုံးရှုံးတာရှိသလဲ။ အကိုအထဲမှာ သုံးနှစ်နေရတဲ့အတွင်း မမနဲ့ကျွန်မ စားသောက်ဆိုင်ဖွင့်ပြီး ရိုးရိုးသားသား စီးပွားရှာခဲ့တယ်။ အကို့အရင်းကို ပြန်ပေးနိုင်တဲ့အပြင် ရိုးမြေကျွံစံအိမ်ကိုတောင် ဝယ်နိုင်ခဲ့သေးတယ်"

"ဒါဖြင့် အဲဒီစားသောက်ဆိုင်ကို ဘာလို့ချက်ချင်းပိတ်ပစ်ရသလဲ။ နင်တို့ရိုးသားတယ်ဆိုရင် ဆက်ဖွင့်ပါလား"

"ဒါကတော့ မမရဲ့စေတနာပါ။ အကိုက သူဌေးဆိုတော့ အကို့ တိုက်ရှေ့မှာ ရှုပ်ရှုပ်ရက်ရက်၊ ဆူဆူညံညံ မဖြစ်စေချင်ဘူး။ အကို့ အေးအေးဆေးဆေး အနားယူစေချင်တာ သူ့ဆန္ဒပါ"

"အေးလေ အဲဒီ့အတွက် ရိုးမြေကျွံစံအိမ်ရှိနေပြီပဲ။ ကဲ ငါ့အပေါ် စေတနာထားတယ်ဆိုရင်လည်း သူကဘာလို့စောင့်ပြီး ငါ့မေးခွန်းတွေကို မဖြေချင်ရတာတဲ့လဲ။ အခု သူဘယ်မှာလဲ"

"သူဘယ်မှာဆိုတာ ကျွန်မ မပြောနိုင်ပါဘူး။ ကျွန်မတာဝန်က

အကိုကို ဒီစာရွက်စာတမ်းတွေပေးဖို့နဲ့ သူ့စကားနားထောင်ဖို့ပါပဲ။ ကျွန်မ တာဝန်ကျေပါပြီ။ ကျွန်မလည်း အိမ်ပြန်တော့မယ်"

ညိုရီ့စကားကြောင့် မင်းဝဏ္ဏ၏နှလုံးသားများ ပူလောင်သွားလေသည်။ သူမကသူ့ကို အရမ်းနာကျည်းသွားခဲ့ပြီပေါ့။ သို့သော် မင်းဝဏ္ဏ အရှုံးမပေးနိုင်ပါ။

"အဲလိုမလုပ်နဲ့ ညိုရီ။ နင်တို့ဒီလို ပရမ်းပတာလုပ်ချင်တိုင်းလုပ်လို့ ဘယ်ရမလဲ။ ငါသူ့ကိုချစ်တယ်။ စင်ရော်ကိုငါချစ်တယ်။ ကြည့်စမ်းညိုရီ လူတစ်ယောက်ဟာ လူတစ်ယောက်အတွက် ဝဋ်ဆင်းရဲတွေခံခဲ့တာ ဒုက္ခတွေဝေခဲ့တာ ယောကျ်ားမို့ ငါ့ဒုက္ခတွေကို စာဖွဲ့မပြချင်ပါဘူး။ ကျေးဇူးတင်လည်း ခံချင်လို့မဟုတ်ဘူး။ ဒါပေမယ့် ငါသူ့ကို သိပ်ချစ်မိကြောင်းတော့ သူသိသွားစေချင်ပါတယ်. . .

ငါ သူ့ကိုစိတ်မချဘူး ညိုရီ။ နေစမ်းပါဦး ငါ့ကိုစောင့်ပြီးနှုတ်ဆက်ဖို့တောင်မှ သူ့နှလုံးသားက ခွင့်မပြုဘူးတဲ့လား။ သိပ်ရက်စက်တဲ့မိန်းပဲ. . .သိပ်စိမ်းကားတဲ့မိန်းမ"

"အကို ရက်စက်တာတွေလည်း ပြန်တွေးကြည့်ပါဦး"

ညိုရီက သူမ၏ဘက်တော်သား လုံးလုံးဖြစ်သည်။ သူ့ကို အရဲစွန့်ပြီး ပြန်လည်တိုက်ခိုက်နေပုံက သူ့မမအတွက်ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် စင်ရော်ဘယ်မှာရှိသလဲဆိုတာ နင်ငါ့ကို ပြောပြရမယ်။ မပြောရင် နင့်ကိုငါသတ်မယ်"

သူ့ခြိမ်းခြောက်ကြည့်တော့ ညိုရီက မထီတရီပြုံးလေ၏။





"သတ်ချင်လည်းသတ်ပေါ့ အကို. . .အကို့အတွက် ထောင်ဆိုတာ အိမ်ပဲဟာ။ ကျွန်မကတော့ မမအတွက် သစ္စာစောင့်ပြီးသား။ အကိုသတ်လည်း ကျွန်မခံမယ်။ အကို မမအပေါ် အရမ်းနိုင်စားတာလည်း ကျွန်မ မကြည့်နိုင်ဘူး။ အကိုကမှ သိပ်ရက်စက်တဲ့လူ အသည်းနှလုံးမရှိတဲ့လူ"

ညိုရီ့စွပ်စွဲချက်ကြောင့် မင်းဝဏ္ဏ တုန်လှုပ်သွားလေ၏။ ဟုတ်သလား။ သူဒီလောက်တောင် ဆိုးခဲ့သလား။

"ကိုယ့်အတွက်ဆို အသက်တောင် ပုံပေးချင်တော့မတတ်ချစ်ခင်တဲ့မိန်းမတစ်ယောက်အပေါ်မှာ မထီမဲ့မြင်လုပ်ခဲ့တယ်။ အကိုကထင်နေတယ်မဟုတ်လား။ မမရဲ့အချစ်တွေဟာ အတုအယောင်တွေ။ ပစ္စည်းဥစ္စာအပေါ်မှာ တပ်မက်မှုကြောင့် ဖျားယောင်းမှုတွေ၊ မာယာတွေလို့လေ။ ဒါကြောင့် မမက အကို့ကို စွန့်ခွာထွက်ပြေးသွားတာ"

"တော်. . .တော်ပါတော့ ညိုရီရယ်. . .ငါမကြားပါရစေနဲ့တော့"

"သူ့အခု ဘယ်ကိုထွက်ပြေးသွားသလဲ ညိုရီ သူ့မှာ ဘယ်သူ့အားကိုးရှိလို့တဲ့လဲ။ သူ့အမဆီ ပြေးတာလား။ ငါ့ကိုပြောပြပါ ညိုရီ သူ့ငါ့ကို အရမ်းစိတ်နာနေတာတော့ မဟုတ်လောက်ပါဘူးနော်"

မင်းဝဏ္ဏ၏ စကားများကို ညိုရီက ခပ်ပြုံးပြုံးပင် တုံ့ပြန်သည်။

"ကျွန်မ ဘယ်လိုမှပြောလို့ မဖြစ်ဘူးအကို မမဘယ်ထွက်ပြေးသွားတယ်လို့ ပြောနိုင်မှတော့ ကျွန်မတို့ဟာ ကြိုတင်ဇာတ်တိုက်ထားတာနဲ့ပဲ တူတော့မှာပေါ့။ မမက သူ့ကိုယ်သူတန်ဖိုးရှိသွားအောင် မာယာလုပ်ပြီး

ထွက်ပြေးသွားတာမဟုတ်ဘူး။ ကျွန်မသစ္စာစောင့်သိရမယ်။ မမကို ဘယ်လိုမှသစ္စာမဖောက်နိုင်ဘူး"

"ဟာ...နင်တို့မိန်းကလေးတွေနဲ့ သစ္စာဆိုတာ ဘာဆိုင်သလဲ ပြီး ဒီလိုကိစ္စမျိုးမှာ သစ္စာကအရေးမကြီးပါဘူး။ နင်ဟာ ငါကျေးဇူးပြုထားဖူးတဲ့ မိန်းကလေးပါညိုရီရယ်။ နင်ကငါ့ဖက်တော့မပါဘဲနဲ့ ခင်စင်ရော်ဖက်ပါသွားတာ ငါတော့အရမ်းအံ့သြတာပဲ"

"ဒါ...ကစားပွဲတစ်ခု မဟုတ်ဘူးအကို...သူ့ဘက်၊ ကိုယ့်ဘက်လို့ပြောရမယ့် ကိစ္စလည်းမဟုတ်ပါဘူး။ ကျွန်မကတော့ မမဘက်ပါရမှာပဲ။ သုံးနှစ်လုံးလုံး အတူနေလာခဲ့ပြီမို့ မမရဲ့သဘောထားတွေကို ကျွန်မလေးစားတယ်။ အတုယူတယ်။ ကဲ...ကျွန်မသွားတော့မယ်။ အကို့ကို ကျွန်မကန်တော့ခဲ့ပါတယ်"

အသင့်ပြင်ထားသည့် အိတ်ကလေးနှင့်အတူ ညိုရီသူ့ကို ထိုင်ကန်တော့နေတော့ မင်းဝဏ္ဏ ဘယ်လိုလုပ်ရမှန်း မသိတော့ချေ။

အပျက်၊ အပျက်နှင့် နှာခေါင်းသွေးထွက်တယ်ဆိုတာ ဒါမျိုးလား။

ပျောက်သောသူ ရှာရင်တွေ့ဆိုသော်လည်း ပုန်းသောသူ၊ ပြေးသောသူကိုကား သူဘယ်လိုရှာဖွေရမှာတဲ့လဲ။

ခေါင်းမာလွန်းသည့် ညိုရီကိုပဲ တောင်းပန်ခယရမှာလား။ ကိုယ့်ဘာသာကိုယ် ခင်စင်ရော်ကို ရှာရမည်လား။ မင်းဝဏ္ဏ စိတ်အိုက်နေရတော့လေသည်။

"ဒုက္ခပါပဲ နင်တို့ငါ့ကို ဒီလိုပဲထားခဲ့ကြရက်တယ်ဟုတ်လား။





တော်တော် အဓိပ္ပာယ်မရှိတဲ့ မိန်းကလေးတွေပဲ ကျေးဇူးတရားဆိုတာလည်း ဘာမှမသိ"

သူ့စကားက ညိုရီ့ကို ထိသွားစေခဲ့သည်။ အကိုထားရာနေစေသလိုလုပ်ခဲ့တာပဲ မဟုတ်လား။ အကိုခိုင်းတဲ့အတိုင်း ကျွန်မ မမကို အကိုပြန်မလာမချင်း စောင့်ရှောက်ပေးခဲ့တယ်မဟုတ်လား"

"နင်ကတော့ ဟုတ်ပါပြီ ဟိုကောင်မလေးကရော"

"သူကလည်း သူ့နည်းသူ့ဟန်နဲ့ အကို့အပေါ် ကျေးဇူးတုံ့ပြန်ခဲ့တာပါပဲ။ အကို သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးလို့ သိတတ်စွာနဲ့ ထွက်ပြေးသွားခဲ့တာပါ။ ပြီးတော့ အကို့အတွက် ရိုးမြေကျစံအိမ်လေး လက်ဆောင်အဖြစ်ပေးနိုင်အောင် သူကြိုးစားခဲ့တယ်လေ"

ညိုရီ့စကားများကို မင်းဝဏ္ဏ လက်မခံနိုင်ပါ။ သူခေါင်းကိုသာ တွင်တွင်ခါရမ်းနေမိပါ၏။ ဒီကောင်မလေးကို ဘယ်လိုရှာရမလဲ။ ညိုရီ့ကိုပဲ သူစည်းရုံးရပါတော့မည်။

"ဘာပဲဖြစ်ဖြစ် စင်ရော်ဘယ်မှာရှိတယ်ဆိုတာ နင်သိတယ်မဟုတ်လား ညိုရီ"

ဘယ်လိုမှ မငြင်းသာသည်မို့ ညိုရီခေါင်းညိတ်ရပါလေ၏။

"ငါ့ကိုနားလည်ပါညိုရီ။ ငါ့ရင်ထဲမှာ သံသယတွေရှိခဲ့လို့ သူ့အပေါ် ဆက်ဆံမှုတွေ ရိုင်းပျခဲ့ရပေမယ့် သူမရှိရင် ငါဘယ်လိုမှ မနေတတ်တော့ပါဘူး။ ငါစင်ရော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောမပြတတ်သလောက်ပါပဲ"

"မမကလည်း အကိုကို အရမ်းချစ်ပါတယ်နော်"

ညိုရီက ဝင်၍ထောက်သည်။ အတူနေလာသည်မို့ ညိုရီ သိပါသည်။

"အေးလေ ဒီလောက်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကို နင်မဆုံစည်းစေချင်ဘူးလား ညိုရီ။ နင်ဖူးစာရေးနတ် မလုပ်ချင်ဘူးလား။ နင့်ကြောင့်တော့ ငါတို့နှစ်ယောက် မကွဲမကွာပါရစေနဲ့တော့။ ငါ့ကိုကူညီမယ် မဟုတ်လား ညိုရီ နင်နားမလည်ပါးမလည်နဲ့ လူတတ်ကြီး ဝင်မလုပ်ချင်စမ်းပါနဲ့ စင်ရော်ထွက်သွားတာ ငါ့ကိုမုန်းလို့မဟုတ်ပါဘူး။ စင်ရော်ဘယ်ကို ထွက်ပြေးသွားတယ်ဆိုတာ ငါ့ကိုလိုက်ပြပါနော်"

မင်းဝဌာက ရှည်လျားညွတ်နူးစွာ ရင်းပြတောင်းပန်သောအခါ ညိုရီမဝေခွဲတတ်တော့ချေ။ သူမဇဝေဇဝါဖြစ်တုန်း မင်းဝဌာကလည်း ထပ်မံဖိအားပေးရပါလေ၏။

"တို့နှစ်ယောက်ကို နင်ကမဆုံစည်းစေချင်ဘူးလားဟင်"

ညိုရီမတတ်နိုင်တော့ပါ။ သူမက ခင်စင်ရော်ကိုရော မင်းဝဌာကိုပါ မြတ်နိုးချစ်ခင်သူလည်း ဖြစ်ပါသည်။

"ကဲ အကို မမ ကျွန်မကို စိတ်ဆိုးချင်ဆိုးပါစေ။ သစ္စာတွေလည်း စူးချင်စူးပါစေ။ မမထွက်ပြေးသွားတဲ့နေရာကို ကျွန်မလိုက်ပြပါတော့မယ်"

"ဟုတ်ပြီ ဒါမှငါ့ညီမလေး။ သစ္စာလည်းမစူးပါဘူးကွယ်။ နင်က ဘယ်သူ့အပေါ်မှာမှ မရိုးမသား မလုပ်ခဲ့တာပဲဟာ။ ဒါ စေတနာနဲ့ မြ





လုပ်လိုက်တဲ့ အလုပ်တစ်ခုပါ"

"ဟုတ်ကဲ့ပါ အကို ညိုရီသဘောပေါက်ပါပြီ။ မမထွက်ပြေးသွားတာ အဝေးတော့ အဝေးကြီးအကိုရဲ့"

"နိုင်ငံခြားအထိ ဖြစ်ချင်ဖြစ်ပစေ။ အကိုကတော့ လိုက်ခေါ်မှာပဲ"

"ဒါဆိုလည်း ကောင်းပါတယ်။ မမထွက်ပြေးသွားတာ ပွင့်ဖြူမြို့နယ်ထဲက ရွာလေးတစ်ရွာကိုပါ။ အဲဒီရွာကလေးဟာ မုန်းချောင်းနံဘေးမှာရှိတယ်။ သာတော့ သာယာတယ်အကို"

"နင်လိုက်ပို့ရတာလား။ အဲဒီမှာဘယ်သူရှိသလဲ။ တော်တော်ခေါင်တဲ့နေရာပဲ"

"အဲဒီမှာ မမရဲ့ဘကြီးလင်မယားရှိတယ်အကို။ သူတို့မှာ သားထောက်သမီးခံလည်းမရှိပါဘူး။ မမရောက်သွားတော့ သူတို့လည်း ဝမ်းသာကြပါတယ်။ တောသူတောင်သား လက်လုပ်လက်စားတွေပါပဲအကို။ လယ်ယာကိုင်းကျွန်းလုပ်တယ်၊ ဥယျာဉ်စိုက်တယ်"

"သူပျော်နေသလား"

အဓိကအချက်ကိုပဲ မင်းဝဌာမေးဖြစ်လိုက်သည်။

"ဘယ်ပျော်မလဲ အကိုရယ်။ အကိုသိတယ်မဟုတ်လား။ မမရဲ့နှလုံးသားက ဘယ်သူ့ဆီရောက်နေတယ်ဆိုတာ"

ညိုရီ့စကားကြောင့် မင်းဝဌာစိတ်ချမ်းသာသွားခဲ့တယ်ပေမယ့် ချစ်သူလေးနှင့် တစ်မြေစီခြား နေရတာကိုတော့ သူစိတ်မရှည်။

"ဒါနဲ့မျှားတောင်ဟာ နင်တို့မိန်းကလေးတွေဟာလေ တကယ်ကို အရူးထကြတယ်"

သူပြုံးရွှသမျှ ညိုရီက ခေါင်းငုံ့ခံနေရှာခဲ့သည်။





## အခန်း ( ၂၀ )

မုန်းချောင်းနဘေးက ရွာကလေးသို့ မင်းဝဏ္ဏ လာခဲ့ရသည်မှာ ကြာမြင့်လှပါဘိ။ ပုံပြင်ထဲကလို သမုဒ္ဒရာခုနစ်စင်းခြားအောင် မဝေးကွာသည်ကိုပဲ ကျေးဇူးတင်ရသည်။ သူ့မှာတစ်ဆံခြည်တောင် မဝေးကွာလိုတော့ခါမှ ချစ်သူကချောင်နက်ရှိုင်းထဲမှာ ခိုးပွင့်နေသည့် နင်းဆီကလေးနယ်။

မုန်းချောင်းနံဘေးမှာနေပြီး ကိုယ့်အပေါ်အမုန်းတွေ မဝေမျှလိုက်ပါနဲ့အချစ်ရယ် . . .

မင်းဝဏ္ဏ ရွာကလေးသို့ ရောက်ရှိသွားချိန်မှာ ညနေဆည်းဆာရောက်နေပြီဖြစ်၏။ ခရီးကြမ်းနှင်ခဲ့ရမှုကြောင့် ကားရော၊ လူရော ဖုန်မှုန့်တွေဖြင့် ပင်ပန်းနွမ်းနယ်နေသော်လည်း မင်းဝဏ္ဏ မနားလိုသေး။ ချစ်သူ

ကိုမမြင်ရမချင်း သူ၏နုလုံးသားမီးလျှံများ ငြိမ်းအံ့မထင်။

ရွာထိပ်မှ ဖြောင့်တန်းစွာ စီးဆင်းနေသည့် မုန်းချောင်း၏ ညနေခင်းသည် ရေခပ်ဆင်းသည့် လုံမပျိုတို့နှင့် အသက်ဝင်လှုပ်ရှားနေခဲ့သည်။

သည်အဖွဲ့ထဲမှာ ချစ်သူလေးပါမှာပဲ။ ကံဇာတ်ဆရာရဲ့ ကြိုးစွားသော ပဋ္ဌလက်တွေမှာ လိုက်လျောညီထွေအောင် သူကလေးနေထိုင်ရှာမှာပဲ။ အပျိုစင်အုပ်စုထဲမှာ မင်းဝဏ္ဏ ရှာဖွေနေမိလေသည်။

ရင်ထဲက သောက အမောတွေကြောင့် ခင်စင်ရော်ကို မင်းဝဏ္ဏ ရှာလို့မတွေ့။ ကားကိုရပ်ပြီး သေချာစွာရှာကြည့်နေမိပြန်စဉ်···

"ဟာ···အကို·· ဟိုမှာ မမချောင်းထဲ သောင်ပြင်ထဲ ဆင်းပြေးပြီ"

ကားနောက်ခန်းမှ ညိုရီအသံကြောင့် သူညွှန်ပြရာသို့ မင်းဝဏ္ဏ ကြည့်လိုက်သည်။ သူတို့နှင့် အဝေးဆုံးသို့ လွင့်နေအောင်ပုန်းနေသည့် ခင်စင်ရော်သည် စင်ရော်ငှက်ကလေးတစ်ကောင်နယ်။

ကောင်းကင်မှ နေလုံးနီနီနှင့်အတူ သူမသည်လည်း တောင်တန်းများနောက်သို့ ပြေးပုန်းနေလိုတော့ပြီလား။

"ညိုရီ စင်ရော့်အိမ်ကိုသာ မောင်းသွားတော့။ မောင်တော့မယ်။ လမ်းမပေါ်မှာ ကားထားခဲ့လို့ မကောင်းဘူး···ငါသူ့ကိုရအောင် ရှာလာခဲ့မယ်"

"ဖြစ်ပါ့မလားအကို ကျွန်မပါကူရှာ"





"ရတယ်···နင်သွားတော့"

ကားပေါ်မှသူဆင်းပြီး မုန်းချောင်းထဲသို့ ဝင်ခဲ့သည်။ ရာသီအရ မုန်းချောင်းထဲမှာ သဲသောင်တို့သောင်ထွန်းလျှက်။ ချောင်းကလေး၏ တစ်ဖက်တစ်ချက်မှာ ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ ခြုံပုတ်များနှင့် အတူတောအုပ်ကလေးတွေလည်းရှိသည်။

သူ့ရဲ့စင်ရော်ကလေး ဘယ်မှာလဲ···

အစအနတောင် မမြင်ရတော့သည့် ကောင်မလေးကို စောစောကသူမဝင်သွားသည့်နေရာတဝိုက်မှာ မင်းဝဏ္ဏအော်ခေါ်နေမိသည်။ သူ့အသံများက သောကဖြင့် တုန်ယင်ယိမ်းခါလျှက်···

"စင်ရော်···စင်ရော်"

ရေခပ်ဆင်းသည့် အပျိုလေးများမှာ ငှက်ကလေးများ ထပျံသကဲ့သို့ ရေအိုးများဖြင့် ရွာဆီပြန်သွားကြပေပြီ။ နေဝင်ရီးရီချောင်းကလေးထဲမှာ သူတို့ပဲရှိနေချေတော့၏။ သူနောက်ထပ် အသံပြုကြည့်ပြန်သည်။

"စင်ရော်···စင်ရော်···အား"

ချောင်းရိုးကမ်းပါး မတ်စောက်စောက်သို့ သူကုတ်ဖက်တက်မိစဉ် ဖိနပ်ကြောင့် လျှောကျလိုက်သည်က ဒလိမ့်ခေါက်ကွေးဖြစ်သည်။ သဲသောင်ပြင်ရေစပ်စပ်မှာ မင်းဝဏ္ဏ မှောက်ကျသွားပေမယ့် ပြန်ကို ထချင်စိတ်မရှိတော့။

နာရီပေါင်းများစွာ ကန္တာရကို ကျော်ဖြတ်ခဲ့ရပြီးပြီပဲ။ ရက်ပေါင်း

များစွာ လပေါင်းများစွာတို့ ဝေးကွာခဲ့ရပြီးပြီပဲ အချစ်ရယ် ကိုယ့်ကို ငြိမ်းချမ်းခွင့်တွေပေးပါတော့ . . .

မင်းဝဠာမှာ တိရစ္ဆာန်ရုံထဲမှ မိကျောင်းတစ်ကောင်နယ် ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်းတင်လျှက်သား အနေအထားဖြင့် ငြိမ်သက်စွာ လဲလျောင်းနေလိုက်သည်။ လှုပ်လည်းမလှုပ်ချင်တော့။ ချစ်သူကိုလည်း အော်ခေါ်မနေချင်တော့ပါပေ။

ကောင်းတယ် ဒါအကောင်းဆုံးအနေအထားပဲ။ ရင်ဘတ်ကြီး စို့ရွှဲနေတော့ ချစ်ခြင်းကြောင့်ဖြစ်တဲ့ သောကတွေ တဒင်္ဂငြိမ်းချမ်းချင် ငြိမ်းချမ်းမှာပေါ့ . . .

အတန်ကြာ သူငြိမ်သက်တိတ်ဆိတ်နေမိစဉ် သူ့နားထဲမှာ ပြေးလာသည့်ခြေသံဖွဖွလေးတစ်စုံကို ကြားလိုက်ရပေသည်။ မင်းဝဠာ မျက်လုံးဖွင့်မကြည့်။ ရင်ထဲကတော့ သောကတွေ သက်သာရာရလာသည်။ သူတို့အခြေအနေတွေ ထင်သလောက်မဆိုးသေး။

သူကသစ်တုံးကြီးနယ် လုံးဝမလှုပ်ဘဲ ငြိမ်သက်နေသဖြင့် ခင်စင်ရော်စိုးရိမ်လာခဲ့သည်။ ဘဝအမောတွေနှင့် ခရီးကြမ်းတွေ တစ်ခုပြီးတစ်ခု ဖြတ်ကျော်နေရရှာသည့် သူမရဲ့စကြဝဠာကြီးဟာ သူမရဲ့ ကုလားအုပ်ကြီးဟာ သစ်ရွက်ကလေး ကြွေကျလာရင်တောင် ပြိုတော့မှာလား ကွယ် . . .

ကျွန်မအတွက် ရှင့်ရဲ့ချစ်ခြင်းမေတ္တာတရားတွေ ချန်ထားပေးပါဦးနော် . . .





သူ့အနားရေစပ်မှာ ခင်စင်ရော် ဒူးထောက်ထိုင်ချမိလိုက်သည်။ တဆတ်ဆတ် တုန်ယင်နေသည့် ကိုယ်၊ စိတ်၊ နှလုံးတို့ကို အားတင်းပြီး သူ့ပုခုံးဦးကို တို့ထိလှုပ်ခါနှိုးမိသည်။

ချစ်သူကုလားအုပ်ကြီးရယ် နိုးထပါတော့နော်။

“လူကြီး . . . လူကြီးမင်း”

သူ အိပ်ချင်ယောင်ဆောင်နေတာလား ဘာပဲဖြစ်ဖြစ် သဲသောင်စပ်မှာ မျက်နှာအပ်ပြီး အိပ်နေတော့ နှာခေါင်းထဲ ရေတွေဝင်ကုန်လိမ့်မှာပေါ့။ အဖြစ်သည်းတယ်ပဲဆိုချင်ဆိုပါတော့ သူ့နှာခေါင်းနှင့် သူ့အသက်ရှူလို့မရမှာကို ကိုယ့်နှာခေါင်းရေနစ် နေသည့်နှယ်ခံစားလာရသဖြင့် ခင်စင်ရော်မှာ သူ့ဦးခေါင်းကိုသူမ၏လက်ဖြင့် ဆွဲပွေ့ယူလိုက်မိခဲ့သည်။

အလို သူမနိုးသေးပါလား။ ဘုရားရေ သတိလစ်လို့များ နေသလားကွယ်။

“လူကြီး . . . လူကြီးမင်း”

သူ့ကိုတော်တော်နှင့် ခေါ်လို့မရတော့ ခင်စင်ရော် အားငယ်ဝမ်းနည်းလာတော့သည်။ မုန်းချောင်းတစ်ခုလုံး အမုန်းတွေနှင့် ပြည့်နက်လာသလို ခံစားလာရသည်။ တောင်စွယ်သောင်စပ်မှာလည်း နေလုံးက ပျောက်လုလု။ တလောကလုံး အမှောင်ရည်များ ဖုံးလွှမ်းတော့မည်။ ချစ်သူကလည်း သတိမေ့လျော့ဆဲ။

ခင်စင်ရော်၏ ကွဲကြေနေသော နှလုံးသားက တင်းမထား

နိုင်တော့။ သူ့ဦးခေါင်းကိုပွေ့ချီထားသည့် သူမ၏လက်များ တဆတ်ဆတ် တုန်ယင်လာကြပြီး မျက်ရည်များလည်း သူ့အပေါ်စီးရွဲကျနေတော့၏။ ခင်စင်ရော် တရှိုက်ရှိုက်ငိုကြွေးမိတော့သည်။

ခင်စင်ရော်၏ ငိုကြွေးသံကို ကြားရသောအခါ မင်းဝဏ္ဏ တင်း မထားနိုင်တော့။ သူ့မျက်လုံးများ ပွင့်သွားခဲ့ချေပြီ။

အလို နေဝင်ရီးရီမှာ မျက်ရည်များဖြင့် စိုရွှန်းဝင်းလဲ့နေသည့် ချစ်သူ့အသွင်က ကန္တာရကုလားအုပ်ကြီး၏ရင်ကို ထူးပြတ်စေတော့မည်။

"စင်ရော်"

နှလုံးသားထဲမှ ငိုညည်းသံက မုန်းချောင်းတစ်ခွင်လုံးသို့ ပဲ့တင် ထပ်လုလု။ သူ . . . ခင်စင်ရော်ကို ညင်သာစွာပွေ့ဖက်မိလေသည်။

"ကိုယ့်ကို ဘာဖြစ်လို့ ပစ်ထားခဲ့ရတာလဲ အချစ်ရယ်။ အခု ကိုယ်နားလည်သွားပါပြီ။ မင်းမရှိရင် ကိုယ့်ဘဝဟာ ဘယ်လိုမှ အဓိပ္ပာယ် မရှိတော့ပါဘူးကွယ်  ဒါ  အသေချာဆုံး စကားပါပဲ . . .

ကိုယ့်ကိုခွင့်လွှတ်ပါနော်။ ကိုယ်ဆိုးခဲ့မိသမျှ ဝန်ချတောင်းပန် ပါတယ်။ ကိုယ့်ကိုဘယ်လို အကြောင်းပြချက်နဲ့မှ ခွဲမသွားပါနဲ့တော့ အချစ်ရယ်"

တိုးတိတ်ညင်သာသောအသံဖြင့် မင်းဝဏ္ဏ တောင်းပန်ညွတ်နူး နေတော့ ခင်စင်ရော် မျက်ရည်မဆည်နိုင်။ ဒီကောင်မလေးဘာတွေ ဖြစ်နေမလဲ။ ခင်စင်ရော်ရင်ထဲမှာ ဘာတွေရှိသလဲ။ မင်းဝဏ္ဏ မခန့်မှန်း တတ်ပါ။ မိန်းမတို့၏ သဘောဆိုတာလည်း အဖြူပြနေရာမှ အမည်း





ဖြစ်ချင်ဖြစ်တတ်သည် မဟုတ်ပါလား။ သူမက ခေါင်းကိုတအားခါရမ်း နေသဖြင့် မင်းဝဏ္ဏ၏ရင်မှာ ပူလောင်ခံစားနေရပြန်သည်။ သူမကို မင်းဝဏ္ဏ နားမလည်နိုင်တော့။

"ကျွန်မကို မုန်းမေ့လိုက်ပါတော့ရှင် ကျွန်မဟာ လူကြီးမင်း အလိုရှိတဲ့ တော်ဝင်သဇင်ခက် မဟုတ်ရပါဘူး။ ဖြစ်ချင်းဖြစ်ရင် လမ်းဘေး မှာအလေ့ကျပေါက်နေတဲ့ ပန်းရိုင်းတစ်ပွင့်ပဲ ဖြစ်ပါလိမ့်မယ်"

သူမက မျက်ရည်များနှင့် တအားရှိုက်ငိုမှုမေ့တော့မှတတ်။ မင်းဝဏ္ဏ မခံစားနိုင်ပါ။ ချစ်သူလေးကို ငြိမ်းချမ်းအေးမြစေလိုသည်။

"ဘာဖြစ်လို့လည်း အချစ်ရယ် မင်းဟာကိုယ့်အတွက် တော်ဝင် သဇင်ခက်ကလေးပေါ့ အဖိုးတန်ရတနာတစ်ပါးပါ"

"အဲဒါ မှားတယ် ကျွန်မဘဝက လူကြီးမင်းသိတဲ့အတိုင်း ကြေမွ ခုတ်ပြတ်သတ်နေတဲ့ဘဝ လူကြီးမင်းနဲ့ မထိုက်တန်ပါဘူး။ ကျွန်မက လူကြီးမင်းကို ဖွေးလွှနုဖတ်နေတဲ့ ပန်းသဇင်လို မိန်းမမြတ်ကလေးတွေ နဲ့ပဲ ဆုံစည်းစေချင်ပါတယ် ကျွန်မကိုခွင့်လွှတ်ပါ"

မင်းဝဏ္ဏမှာ သူ့စကားနှင့်သူ ပိတ်မိနေရတော့သည်။ သို့သော် ခင်စင်ရော် သူ့ကိုချစ်တာလည်း မင်းဝဏ္ဏသိပါသည်။ သူမ မချိတရိ ကြေကွဲမှုမေ့နေရတာ သူ့ကိုချစ်လို့ဖြစ်သည်။ ဒီကောင်မလေးကို ဘယ်လို ကိုင်တွယ်ရမည်လဲ။ အနုနည်းသုံးလို့မရလျှင် အကြမ်းနည်းသုံးရလိမ့်မည်။

မုန်းချောင်းရေထဲမှ မင်းဝဏ္ဏထရပ်လိုက်တော့သည်။

"ကဲ ဒါခင်စင်ရော်ရေ မိုးတွေလည်း ချုပ်တော့မယ်။ ကိုယ်

လည်းအအေးပတ်တော့မယ်။ ကောင်းပြီး ကိုယ်အခု ဘာဆက်လုပ်မှာလဲ။ မင်းဆုံးဖြတ်ချက်တွေ မပြင်တော့ဘူးလား ကြည့်စမ်း ကိုယ့်မှာဖြင့် ထောင်ထဲမှာ ဆင်းရဲဒုက္ခတွေကို ခါးစည်းခံရင်း တစ်နေ့မှာ လှပလင်းလက်လာမယ့် အနာဂတ်ကိုမျှော်ရင်း ဖြေသိမ့်ခဲ့လိုက်ရတာ . . .

ကောင်းပြီစင်ရော် မင်းစိတ်ချမ်းသာစေရပါမယ်။ မင်းမမြင်ချင်တဲ့ငါ့ကို ဘယ်တော့မှ မမြင်စေရပါဘူး။ မင်းစကားတတ်တိုင်း လှည့်ပတ်လိမ်ညာပြီး ပလီမနေပါနဲ့ မင်းငါ့ကို မကြည့်ချင်ဘူးမဟုတ်လား။ ထောင်နှစ်ခါထွက် လူမိုက်ကြီးကို မင်းမုန်းတယ်မဟုတ်လား။ ငါသွားပြီ စင်ရော် မင်းပျော်နိုင်ပါစေ"

မုန်းချောင်းရေထဲမှာ မင်းဝဋ္ဋာ ပြေးထွက်ခဲ့လေသည်။ ဆောင်းနှောင်းရာသီမို့ ရေစိုကိုယ်လုံးက ခိုက်ခိုက်တုန်မျှ။ သို့သော် သူ့ရင်ထဲမှာ မီးလိုပူနေသဖြင့် ခံနိုင်ရည်ရှိပါ၏။

တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း . . .

သူခပ်ဝေးဝေးမရောက်ခင် ရှိုက်သံလေးများ ရောထွေးသည့် ချစ်သူ့ခေါ်သံကို ကြားလိုက်ရချေပြီ။ မင်းဝဋ္ဋာ ထိတ်ခနဲ ဝမ်းသာသွားပေမယ့် ဆက်လက်ပြေးလွှားနေခဲ့သည်။

"လူကြီး"

ကျွတ် . . . တော်တော်ကြောင်တဲ့နာမ်စားပဲ။ မင်းဝဋ္ဋာဆက်လက်ပြေးနေဆဲ . . .

"လူကြီး"





မုန်းချောင်းနံ့ရံများ ပဲ့တင်ထပ်အောင် လိုက်လံတုန်ခါနေသည့် ချစ်သူ့အသံက ကမ္ဘာပေါ်မှာ အချိုဆုံးအသံဖြစ်သည်။

မင်းဝဋ္ဋာ တုံခနဲရပ်တန့်နေမိသော်လည်း သူမကိုလှည့်မကြည့်။ သူ့နေရာမှာပင် ရပ်စောင့်နေမိသည်။ ခြေသံလေးများ တစတစ နီးကပ်လာတော့ သူ့ရင်ခုန်သံများက တဒိုင်းဒိုင်းနှင့်။ ဘင်ခရာတပ်ကြီး ချီတက်နေသည့်နှယ်။

"လူကြီး"

သူကလေး၏အသံက အနီးဆုံးသို့ ရောက်လာသည့်အခါ မင်းဝဋ္ဋာ ဆတ်ခနဲလှည့်ပြီး သူမကိုထွေးပိုက်လိုက်မိတော့သည်။

"ချစ်တယ် . . . အချစ်ရယ် ကိုယ့်ကိုဘယ်တော့မှ ထားမပစ်ခဲ့ပါနဲ့တော့နော်။ ကိုယ်မောပန်းလှပါပြီကွယ်။ မင်းမှမဖေးမရင် ကိုယ့်ဘဝမလှပတော့ပါဘူး"

ယခုတော့ သူ့ရင်ခွင်မှာ ခေါင်းကလေးမှီပြီး ခင်စင်ရော် ခေါင်းညိတ်မိခဲ့ပြီ။

လရောင်အောက်မှ လမ်းကလေးတလျှောက် ချစ်သူကို လက်တွဲဖေးမလျှက် ကိုယ့်အိမ်သို့ ခင်စင်ရော် ခေါ်ဆောင်လာခဲ့မိတော့သည်။

တစ်သံသရာလုံးပဲ သူ့ကိုဖေးမယုယခွင့် ရရှိပါရစေတော့နော်။

## အခန်း ( ၂၁ )

ဘဝ၏ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခါးစည်း၊ လည်စင်းပြီး အံကြိတ်တင်းခံနိုင်ခဲ့ပေမယ့် သူမ၏ငိုရှိုက်သံကိုတော့ မင်းဝဏ္ဏာ မကြားရက်နိုင်ခဲ့ပါ။ သူ့နှလုံးသားတွေ တစစ်စစ် ပြိုကွဲနာကျင်နေခဲ့သည်။

"ဘာပဲဖြစ်ဖြစ် ငါသဘောမတူနိုင်ဘူး စင်ရော်။ ညည်းဟာ ငါ့တူမဆိုပေမယ့် ငါ့သမီးဆိုလည်းမမှားဘူး။ ဒီလူသတ်မှုနဲ့ ထောင်နှစ်ခါကျထားတဲ့ ကောင်လေးနဲ့တော့ အရီးဘယ်တော့မှ သဘောမတူနိုင်ဘူး။ သူ့ကျေးဇူးတွေ ဘယ်လောက်ပဲရှိရှိ ကိုယ့်ဘဝကိုစတေးပြီးတော့ ကျေးဇူးမဆပ်ပါနဲ့။ သူ့ရဲ့ကျေးဇူးတရားတွေကိုတော့ အရီးအသိအမှတ်ပြုပါတယ်"

"ဒါပေမယ့်အရီးရယ် စင်ရော် သူ့ကိုချစ်တယ်"

ရှိုက်ညည်းသံ ပလုံးပထွေးနှင့် ခင်စင်ရော့်အသံကို သူ့အရီးက





အသိအမှတ်မပြုခဲ့။

"ဟာ ချစ်တယ်ဆိုတာဘာလဲ။ အချစ်ဆိုတာ အလကားပါ မိစင်ရော်။ ဒါဝတ္ထုတွေထဲမှာပဲ ပြောလို့သုံးလို့ကောင်းတဲ့ စကားပါ။ အပြင်လောကမှာ ဘာမှအသုံးမဝင်ဘူး။ အရီးတို့လင်မယားကိုပဲကြည့် မိဘတွေပေးစားလို့ ယူခဲ့ကြရပေမယ့် သံယောဇဉ်တွေ ဘယ်လောက်ခိုင်မြဲခဲ့သလဲ။ အရီးငယ်ငယ်ကသာ ကိုယ့်ချစ်သူကိုယ် ယူမိခဲ့မယ်ဆိုရင် အရီးဘယ်လိုမှ စိတ်ချမ်းသာရမှာမဟုတ်ဘူး"

အရီးက သူ့ဒသနနှင့်သူ ပြောပြနေသော်လည်း ခင်စင်ရော်ခေါင်းကိုသာ တွင်တွင်ခါနေမိခဲ့သည်။

"သမီး သူ့ကိုချစ်တယ်။ သူထောင်နှစ်ခါကျခဲ့ရတာတွေကလည်း မှားယွင်းမှုတွေကြောင့်ပါ။ သူ့လက်နဲ့ တစ်ခါမှမသတ်ခဲ့ရပါဘူး။ ဟင့်အင်း အရီးရယ်။ စင်ရော်သူ့ကိုမယူရရင် ဘယ်လိုမှ စိတ်ချမ်းသာမှာမဟုတ်ပါဘူး။ သမီးကိုခွင့်လွှတ်ပါနော်"

ခင်စင်ရော်တို့ တူဝရီး၏ တင်းမာမှုကို မင်းဝဏ္ဏာနှင့် ညိုရီငေးမောကြည့်နေရပါ၏။ စိတ်မချမ်းသာမှုတွေကြောင့် ညစာစားထားမိသည့် ထမင်းလေးတောင် ပြန်ထွက်ချင်လုလု။

"ငါကတော့ ဘယ်လိုမှ ညည်းအလိုမလိုက်နိုင်ဘူး မိစင်ရော်။ ညည်းဘာသာ တစ်နေရာရာမှာနေပြီး လုပ်ချင်တာလုပ်သွားတယ် ဆိုရင်တော့ တစ်မျိုးပေါ့။ ခုတော့ ငါ့ဆီလည်းရောက်လာခဲ့ပြီ။ ငါကလည်း သမီးရင်းလိုမွေးမှာမို့ မသင့်တော်တာတွေ့ရင် တားမြစ်ကန့်ကွက်ရမှာပဲ။

ဒီသူငယ်ဘယ်လောက်ပဲ ချမ်းသာချမ်းသာ လူနှစ်ခါသတ်ခဲ့ဖူးတာနဲ့ပဲ ငါပယ်ဖျက်တယ်။ ညည်းမျက်ရည်နဲ့ ဒူးသုတ်ရမှာစိုးလို့ ငါဒီလောက်တားနေရှာသလား။ ဒီလောက်စရိုက်ကြမ်းတဲ့ ကောင်လေးနဲ့ ဘယ်လိုမှကို မပေးစားနိုင်ပါဘူးတော်"

တောအိမ်ခမ်းခမ်းနားနားကြီးထဲမှာ ကျယ်ကျယ်လွင့်လွင့် နေရပေမယ့် မင်းဝဏ္ဏ အသက်ရှူတွေ ကျပ်လာခဲ့ရသည်။ အခြေအနေတွေကမကောင်း။ သို့သော် ကိုယ့်ချစ်သူ ကိုယ်စည်းရုံးပြီး ခိုးထုတ်သွားသင့်သွားရမှာပဲ။

မင်းဝဏ္ဏ ကိုယ့်တရား ကိုယ်စီရင်ခဲ့ပြီမို့ အရီးပြောသမျှ သည်းခံနားထောင်နေရသည်။ ချစ်သူလေးနားမယောင်ဖို့သာ အရေးကြီးသည်။

"လင်ဆိုးမယား တဖားဖားတဲ့။ လင်ယောကျ်ားက ထောင်နဲ့အိမ်ကူးချည်၊ သန်းချည်လုပ်နေတဲ့အခါ ညည်းဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်တော့မှာလဲ။ ပြီး . . . ငါတို့အမျိုးထဲမှာ လူသတ်သမားမရှိဘူး။ ငါတို့မျိုးရိုးဂုဏ်နဲ့ လူလုပ်တဲ့အမျိုး။ ညည်းဦးလေးဆိုလည်း ဘယ်လောက်လူရာဝင်လိုက်သလဲ။ အဲဒါ ရိုးဂုဏ်ကြောင့်အေ့။ အိုအေ ငါသဘောတူတဲ့လူနဲ့ပဲ ညည်းယူရမယ်။ ညည်းနောင်ရေးလည်း ဘာမှမပူနဲ့ အရီးတို့က အမွေစားအမွေခံ မွေးမှာပဲ"

"ဒါကဒီလိုရှိပါတယ်အရီး ကာယကံရှင်ရဲ့ဆန္ဒကိုလည်း မေးကြည့်ပါဦး။ အရီးတို့က ပစ်ထားတုန်းကထားပြီး ခုမှချုပ်ချယ်နေတာတော့ မကောင်းပါဘူး။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတရားကိုလည်း





ထည့်စဉ်းစားသင့်ပါတယ်"

ပွဲကတစ်ဖက်သတ်ကြီး ဖြစ်နေသည်မို့ မင်းဝဏ္ဏ မနေနိုင်တော့။ ဘာကြီးပဲဖြစ်နေနေ အရီးဆိုသည့် ထောင်ထောင်မောင်းမောင်း မိန်းမကြီးကို ပြန်တော်လှန်ဆွေးနွေးမိသည်။ အရီးအော်လိုက်သံကြီးကလည်း လန့်စရာ။ သို့သော် မင်းဝဏ္ဏမလန့်ပါ။

ချစ်သူကို တိုက်ပွဲတစ်ရာ တိုက်ပြီးမှခေါ်ခွင့်ရမည်ဖြစ်စေ။ ခေါ်မှာပင်။

"ဘာကွယ့် သူငယ် ပြန်ပြောစမ်းပါဦး။ မင်းရဲ့ချစ်ခြင်း မေတ္တာတရားဆိုတာကို။ ဒီလောက်စိတ်ဆတ်၊ လူခဏခဏသတ်နေတဲ့မင်းလိုလူမျိုးမှာ ချစ်ခြင်းမေတ္တာဆိုတာရော ရှိပါ့မလား။ အေးအေးနေပါ သူငယ်ရယ်။ အရီးပြောပါပကော။ စင်ရော်မှာ အမိအဖတွေ မရှိတော့ပြီမို့ အရီးကပဲ မွေးစားအမေလုပ်မယ်။ သင့်တော်သလို ပွဲပြင်ဆုံးမ၊ ပုံချရမယ်။ မင်းဒီညတော့ ဒီမှာအိပ်လိုက်။ မနက်ကျရင် တစ်ယောက်ထဲပြန်။ စင်ရော်နဲ့တော့ ဘယ်လိုမှမပေးစားနိုင်ဘူး"

အချေအတင် စကားတွေနှင့် တစ်အိမ်လုံး တင်းကျပ်မွန်းပိတ်နေဆဲ သူတို့ခြံဝိုင်းထဲသို့ လှည်းတစ်စီးဝင်လာသံ ကြားလိုက်ကြရသည်။

"ဟော ကိုဘအောင်တောင် ပြန်လာပြီ။ မင်္ဂလာဆောင်သွားတဲ့လူကလည်း ကြာလိုက်တာတော် အံ့ရော"

သူတို့ကို ပြစ်တင်ကြိမ်းမောင်းနေရာမှ အရီးထသွားပြီး သူ့ယောကျ်ားကို အောက်ဆင်းမီးပြ ကြိုဆိုလေသည်။ ညရှစ်နာရီခန့် ရှိပေပြီ။

"မကျော့ရေ အိပ်ပြီလား‌ဟော့ ဒီမှာမင်္ဂလာဆောင်က ပေါင်မုန့် သကြားရည်ဆမ်း။ ဒုန်းနို့ဆမ်းတွေ ယူလာခဲ့တယ်။ သမီးရေ မစင်ရော်"

အိမ်ရှေ့မှ လှည်းဖြုတ်ရင်း ဦးဘအောင်တကြော်ကြော် အော်ခေါ်နေပေမယ့် ဒေါ်ကျော့တစ်ယောက်သာ သွားရောက်ကြိုဆိုပါလေ၏။

အိမ်ပေါ်မှာ လူကြီးများ မရှိခိုက်မို့ ခင်စင်ရော်အနားသို့ မင်းဝဏ္ဏ ဖျတ်ခနဲကပ်သွားခဲ့သည်။ ညိုရီလည်း အောက်သို့ဆင်းသွားပါလေ၏။

"ဘယ်လိုဆုံးဖြတ်မလဲစင်ရော် . . . ကိုယ် မင်းကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူးနော် ဘာတွေပဲရင်ဆိုင်ရ ရင်ဆိုင်ရ ကိုယ်တို့ ဘယ်တော့မှ ရှင်ကွဲထပ်ပြီး အကွဲမခံတော့ဘူး . . ."

သူမ၏ လက်ကလေးများကို တင်းတင်းဆုပ်ရင်း မင်းဝဏ္ဏ နာကျင်နေမိသည်။

"ဆုံးဖြတ်ချက်တွေ ပေးပါဦး ကိုယ့်ရင်တွေပူလှပြီ အချစ်ရဲ့"

သူမက ခေါင်းကိုသာ အတွင်ခါရမ်းပြီး မင်းဝဏ္ဏကိုတွန်းလွှတ်ခဲ့၏။ မင်းဝဏ္ဏရင်ထဲ နင့်ပြိုခံစားသွားရသည်။

"ကျွန်မကို ထားခဲ့ပါတော့နော် လူကြီးမင်းရယ်။ ကျွန်မတို့အတွက် အကောင်းဆုံးအဖြေဟာ ခွဲခွာခြင်းပါပဲ။ ဘယ်လိုမှ မညီမျှနိုင်မယ့်ဘဝတွေမှာ ခွဲခွာခြင်းကပဲ လူကြီးအတွက် အကောင်းဆုံးဆုလာဘ်ပါ။ ကျွန်မဒီတောမှာပဲ အေးအေးနေခဲ့ပါရစေတော့ . . ကျွန်မ မောပန်းလှပါပြီ"

ခံစားမှုများကြောင့် မင်းဝဏ္ဏ တုန်လှုပ်ယိမ်းယိုင် စကားမပြန်





နိုင်နေရဆဲ လူကြီးများအိမ်ပေါ်သို့ တက်လာကြသဖြင့် သူတို့နှစ်ဦးမှာ ကြွေမြေမပျက် ပြန်လည်ဝေးကွာနေကြရသည်။

"ဩော် ဧည့်သည်ရောက်နေသလား"

"ဟုတ်တယ် ကိုဘအောင်ရေ စင်ရော်မိတ်ဆွေတွေ မနက်ကျရင် ပြန်လိမ့်မယ်"

"အေးအေး ဧည့်သည်တွေစားဖို့ ပေါင်မုန့် သကြားရည်ဆမ်းတွေ ထည့်ယူခဲ့ပါဦး လာ သူငယ် ဘယ်သူ . . ဘယ်ကလာတာလဲ"

"ကျွန်တော်ရန်ကုန်က လာခဲ့တာပါ ဦးလေး"

ဦးဘအောင်နှင့်အတူ မင်းဝဏ္ဏတို့ ဧည့်ခန်းမှာဝိုင်းထိုင်လိုက်ကြရသည်။ ခေါင်းပေါင်းကြီးပေါင်းထားသည့် ဦးဘအောင်က သူ့ခေါင်းပေါင်းပုဆိုးကို အမှတ်မထင် ဖြည်ချလိုက်သည်။

"ဟင်"

ဦးဘအောင်မှာ နားရွက်တစ်ဖက် မရှိပါလား။ ဦးဘအောင်ကို လက်ညှိုးထိုးရင်း မင်းဝဏ္ဏ ထိတ်လန့်စွာထရပ်တော့ သူလည်းလန့်ဖျပ်ပြီး မတ်တတ်ထရပ်သည်။

ရှည်မားသော အရပ်ကြီးက မားခနဲ။ ကိုလန်ဘား။

လွန်ခဲ့သော ရှစ်နှစ်၊ ကိုးနှစ်ကရုပ်တို့ ပြောင်းလဲသွားပေမယ့် မင်းဝဏ္ဏ လုံးဝမှတ်မိသွားခဲ့ပေပြီ။

"ခင်ဗျား . . . ခင်ဗျား ကျုပ်မမကို သတ်တဲ့လူ။ ခင်ဗျားကြီး အခုတော့ သူတော်ကောင်းကြီးပေါ့လေ။ မာားဟားဟား ရိုးဂုဏ်နဲ့လူလုပ်

နေသတဲ့။ နှမကိုသတ်ပြီး မောင်ကိုလူသတ်မှုနဲ့ ထောင်ထဲရောက်စေခဲ့တဲ့ လူ့ငစဉ်းလဲကြီး။ ဘာလဲဗျ အရီးရဲ့ ငါတို့အမျိုးထဲမှာ လူသတ်သမား မရှိဘူး"ဆို ခင်ဗျားယောက်ျားက လူသတ်ရုံတင်မဟုတ်ဘူး ကိုယ့်အပြစ် ကိုယ် ဝန်မခံရဲတဲ့ လူ့အတ္တဘောကြီး၊ သူ့ရဲဘောကြောင်တဲ့လူကြီးဗျ သိရဲ့လား"

ဦးဘအောင် ထိတ်လန့်တုန်လှုပ်နေသလို ဒေါ်ကျော့နှင့် ကျန် လူများမှာလည်း အံ့သြထိတ်လန့် တုန်လှုပ်လျှက်။ မည်သူမျှစကားမပြော နိုင်ကြတော့ပေ။

"ခင်ဗျား မငြင်းနိုင်တော့ဘူး မဟုတ်လား။ ပြောလေဗျာ . . . ငြင်းလေဗျာ။ အပြစ်မဲ့တဲ့ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်ကို သတ္တိ ကောင်းကောင်းနဲ့ ဓားရေးကစားခဲ့တဲ့ အလကားလူ"

ယခုတော့ တစ်အိမ်လုံးလူတစ်ယောက်မှ မရှိသည့်နှယ် အသံ တိတ်ဆိတ်လျှက်။ လူအားလုံး အံ့အားသင့် ထိတ်လန့်တုန်လှုပ်၊ သံဝေဂ ရနေကြသည်။ ဝဋ်ဆိုတာ ချက်ချင်းလည်တာပါပဲလား။

"ကျုပ် မုန်းတယ်ဗျာ ကြောင်သူတော်တွေ အသံကောင်းဟစ် တတ်တဲ့သူတွေ၊ လူလူချင်းမစာနာတတ်တဲ့သူတွေ၊ အချစ်ကို နားမလည် မခံစားတတ်တဲ့သူတွေ၊ အချစ်ကို နားမလည်မခံစားတတ်တဲ့သူတွေ။ အို နှလုံးသားမဲ့တဲ့ သူတွေနဲ့ကျုပ် တစ်ခဏလေးတောင် အတူမနေလိုတော့ ဘူး . . .

အစကတော့ ခင်ဗျားကို ကျုပ်တွေ့ရာသင်္ချိုင်း ဓားမဆိုင်းလို့





ပစ်မှတ်ထားခဲ့တယ်။ အဟင်း ခုတော့ ခင်ဗျားထိတ်လန့်တုန်လှုပ်ဇော ချွေးပြန်နေပုံကြည့်ပြီး ကျုပ်စိတ်ပြောင်းသွားပြီ။

လူဆိုတာ ကိုယ့်အလှည့်ကျ ခံရမှာကြောက်သားပဲဗျနော်။ တော် တော်ရယ်စရာကောင်းတဲ့ လောကပဲ . . .

ဒီမှာ . . . ဒီမှာ ကိုလန်ဘားရဲ့ ကျုပ်ဆိုတဲ့ မင်းဝဋ္ဋာက လူသတ် သမားဘွဲ့ကို နှစ်ထပ်ကွမ်းခံယူထားခဲ့ပေမယ့် ဘယ်သူ့ကိုမှ လက်ညှိုးနဲ့ တောင်စိမ်ပြေနပြေ မထိုးခဲ့ပါဘူးဗျ။ ကံကြမ္မာရဲ့ ရက်စက်မှုကြောင့် ပြစ်ဒဏ်ခံခဲ့ရပေမယ့် ကျုပ်ခင်ဗျားကို ခွင့်လွှတ်လိုက်ပါတယ် . . .

နေရစ်ခဲ့ကြတော့ အားလုံးကို ကျုပ်ခွင့်လွှတ်ခဲ့တယ်"

မင်းဝဋ္ဋာ ချာခနဲ အိမ်ပေါ်မှပြေးဆင်းခဲ့တော့ လူအားလုံး ကျောက်ဆစ်ရုပ်များနှယ် ကျန်ရစ်ခဲ့ကြသည်။

## အခန်း ( ၂၂ )

ညအမှောင်မှာ လရောင်က မလင်းတလင်း။ ရွာကလေးက အိပ်မက်ဆန်နေခဲ့သည်။

သူတို့ခြံထဲမှကားကို မောင်းထွက်ခဲ့သော်လည်း မင်းဝဏ္ဏဘယ်ကိုသွားရမှန်းမသိ။ ညကြီးမင်းကြီး ခရီးသွားလိုတော့ ကောင်းမည်မထင်။

အင်း • • •ဘယ်ရွာမှာဖြစ်ဖြစ် ဘုန်းကြီးကျောင်းတော့ရှိမှာပဲ။ အဲဒီ ဘုန်းကြီးကျောင်းကိုပဲမေးပြီး မောင်းသွားလိုက်မည်။ နံနက်လင်းမှ ရန်ကုန်ပြန်တော့မည်။

ဆုံးဖြတ်ချက်နှင့်အတူ ကားကိုရပ်ပြီး အနီးဆုံးအိမ်တစ်အိမ်သို့ ဘုန်းကြီးကျောင်း ဘယ်မှာလဲဟု မင်းဝဏ္ဏဆင်းမေးခဲ့သည်။ ထိုအိမ်၏ ညွှန်ကြားချက်အတိုင်း သူ ဘုန်းကြီးကျောင်းသို့ ကားကိုမောင်းထွက်ဖို့





ကားပေါ်ပြန်တက်ရန် ကားတံခါးဖွင့်လိုက်သည်။

"အလို"

သူ့ကားထဲမှာ ဖြူစင်ဝင်းပနေသူလေးသည် ခင်စင်ရော်ဖြစ်နေသည်။ ဒါကရော အိပ်မက်ပဲလား။ သူမက ကားမောင်းသူနေရာမှာ နေရာယူထားပြီး သူ့ကိုညိုးငယ်စွာ ငေးကြည့်နေခဲ့သည်။ မင်းဝဏ္ဏ ကားနောက်ဖက်သို့ လှည့်ကြည့်ပြန်၏။ ကားနောက်ထဲမှာတော့ မရွှေညိုရှိ။

သူပျော်သွားတာပေါ့။ သို့သော် အခြေအနေတွေကို မယုံရဲသေး။

"ဘာလဲ ဘာလုပ်ကြတာလဲ။ ငါ့ကိုအနုကြမ်း စီးမလို့လား"

ကားတံခါးဖွင့်ပြီး အထဲသို့မဝင်သေးဘဲ တစ်လစ်လစ်ဖြစ်နေသည့် မင်းဝဏ္ဏကို သူမက လက်ကလေးတစ်ဖက်ဖြင့် လှမ်းဆွဲဝင်စေခဲ့သည်။ စကားတော့ တစ်ခွန်းမှမပြောသေး။

"ပြောလေ • • •မင်းမှာ ဘာအကြံအစည်ရှိသေးလဲ။ ထောင်နှစ်ခါထွက်လူဆိုးကြီးကို ဘယ်လိုပြစ်ဒဏ်တွေများ ထပ်ခတ်ချင်သေးလို့လဲ"

သူက နင်းကန်ပြီး နှိပ်လိုနှိပ်စက်ပြောတော့ ခင်စင်ရော် မျက်ရည်ကျနေသည်။ ကားနောက်မှ ညိုရီပင် မခံနိုင်တော့။

"မမ ပြန်ဆင်းကြမယ်။ သူ့ဘာသာ ဘာဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ဘူး။ အလကား အဲဒါပေါ့ ခိုးချင်တာလဲပျာလို့ လက်နှေးတာလဲ ချာလို့ဆိုတာ အကို့လိုလူစား"

"နင်နဲ့မဆိုင်ပါဘူး။ နင့်ဘာသာနင်အိပ်နေ"

သူမကကျောက်ဆစ်ရုပ် . . .

"ကောင်းပြီ ဒါဆို ရန်ကုန်ထိဆင်းမယ်။ ရောက်ချင်တဲ့အချိန်မှ ရောက်ပေတော့"

ကားရှေ့ခန်းမှာ သူတို့နှစ်ယောက် မကျေမလည်ဖြစ်နေကြစဉ် ကားနောက်ခန်းထဲမှာ အိပ်နေသည့်ညိုရီက ထထိုင်ပြီးလှမ်းအော်ပြန်၏။

"ပွဲကလည်း တစ်ဖက်သတ်ကြီးပါလား။ မမ· · ·မမတတ်ထားတဲ့ ပညာတွေနဲ့ အဲဒီလူကြီးကို ဆော်ပစ်လိုက်ပါလား။ အရမ်းဗိုလ်ကျတာပဲ။ ကဲ ကားကို ညိုရီမောင်းမယ်။ ရှင်တို့နောက်လာ· · ·အေးအေးဆေးဆေး ဒီမှာလာပြီး သတ်ချင်လည်းသတ်ကြ"

သည်တစ်ခါတော့ မင်းဝဏ္ဏ· · ·ညိုရီကို ဆရာတင်လိုက်သည်။ သူခိုင်းသည့်အတိုင်း ကားကိုခေတ္တရပ်ပေးပြီး နေရာချင်းချိန်းလိုက်ကြ၏။ သူ ကားနောက်ထဲမှာဆက်ပြီး ရန်လုပ်ပြန်သည်။

"ပြောလေ ခင်စင်ရော် ငါဟာမင်းဘဝအတွက် ဘာမှမဟုတ်ဘူးလား။ ငါကတော့ ချစ်လိုက်ရတာ မင်းအတွက်ဆို အရာအားလုံးကို စွန့်လွှတ်ရဲတဲ့အထိ မိုက်မဲရူးသွပ်မိခဲ့တယ်။ အသည်းနှလုံးမပါတဲ့ ကျောက်ဆစ်ရုပ်ကိုမှ ချစ်မြတ်နိုးမိခဲ့တဲ့ လူတစ်ယောက်ရဲ့ ဝင့်ဆင်းရဲကို မင်းအဆုံးအထိ မြင်ချင်လို့ လိုက်လာခဲ့တာ မဟုတ်လား"

ရင်ထဲမှာ လောကကြီးအပေါ် မကျေနပ်မိသမျှ သူကလေးအပေါ် အားရပါးရ အပြစ်ပုံချနေမိတာသည် မင်းဝဏ္ဏ အနိုင်ကျင့်ချင်လွန်းလို့တော့မဟုတ်။ ယခုအချိန်ထိ စကားတစ်ခွန်းမျှ ပြောဖေါ်မရဘဲ





မင်းဝဏ္ဏစကားကြောင့် ကားနောက်ထဲမှာ ညိုရီကအိပ်ပြလိုက်သည်။ မအိပ်ခင် တစ်ခွန်းတော့အော်လိုက်သေး၏။

"အိပ်ပြီ . . .အိပ်ပြီ . . .အဲဒီမှာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရုံမကလို့ ထသတ်သတ် ညိုရီမပါတော့ဘူး။ နှစ်ယောက်စလုံးကို အသည်းယားတယ် . . .တကယ် . . .တကယ် . . .ညိုရီနားထဲဂွမ်းဆို့ပြီး အိပ်ပြီ"

ညိုရီကို မာန်မဲပြီးတော့ မင်းဝဏ္ဏ ခင်စင်ရော်ဖက်သို့ လှည့်ကြည့်သည်။

"ဖယ် . . .မိန်းမမောင်းတဲ့ကားကို ငါဘယ်တော့မှ မစီးဘူး"

ဆိုတော့လည်း သူမက ကျိုးနွံစွာဖယ်ပေးခဲ့သည်သာ။

မင်းဝဏ္ဏကားကို ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်၏။ တိတ်ဆိတ်ငြိမ်သက်သော ရွာကလေးမှာ ချောင်းရေစီးသံ၊ ခွေးဟောင်သံ၊ ညငှက်ကလေးများ၏ အသံဖြင့်တန်ဆာဆင်လျှက်။ အိမ်မီးလေးတွေ မှိတ်တုတ်၊ မှိတ်တုတ် ဖြစ်နေပုံကလည်း အိပ်မက်ထဲက ရွာကလေးနှယ်။

"ပြော မင်းအရီးက ငါနဲ့သဘောတူလိုက်ပြီလား။ လူဆိုးကြီးနဲ့ ကြည်ဖြူလိုက်ပြီတဲ့လား"

သူဘာတွေပဲပြောပြော ခင်စင်ရော်မှာ ကျောက်ဆစ်ရုပ်နှယ် ငြိမ်သက်လျှက်သာ။ ကားလေးက ရွာဦးဘုန်းကြီးကျောင်းကိုပင် ကျော်လွန်လာခဲ့၏။

"မင်းတို့ပွင့်ဖြူမှာ တည်းခိုခန်းရှိလား"

ညှိုးငယ်မျက်ရည်ကျနေသည့် သူ့သက်လုယ်၏ ရင်တွင်းဖြစ်တွေကို ကြားချင်လို့လည်းဖြစ်သည်။

သည်စဉ် မထင်မှတ်ဘဲ သူ့ကျောကုန်းကြီးကို ခင်စင်ရော်က တဗုန်းဗုန်း ထုဖေါ်ရလေ၏။ ပြီး.. ; .တရှိုက်ရှိုက်ငိုကြွေးရင်းမှ စကားတွေ တလှိုက်လှိုက်ပြောလိုက်သေးသည်။

"ဘာကြီးမှန်းလည်းမသိဘူး။ တစ်လောကလုံးကို စိန်ခေါ်ပြီး သူ့နောက်အပြီးလိုက်ခဲ့တာသိလား။ စင်ရော့်ကို စကားလုံးတွေနဲ့ မနှိပ်စက်နဲ့ မုန်းပစ်လိုက်မယ်"

မင်းဝဏ္ဏတစ်ယောက် သောကဟူသမျှ ကင်းပျောက် ကြည်စင်သွားအောင် သူကလေးက စွမ်းဆောင်နိုင်လုပါဘိ။ ပြုံးသွားသည့် ပါးရပ်ကြီးကိုမနည်းပြန်စေ့ရင်း ထုချေလွှာတင်ရသည်။

"အမလေးဗျာ မုန်းတော့မမုန်းလိုက်ပါနဲ့။ နောက်ဘယ်တော့မှ ဘာနဲ့မှ မနှိပ်စက်တော့ပါဘူးနော်။ ဒီစကားလေး မကြားကြားရအောင် တတ်သမျှ မှတ်သမျှ မန်းမှုတ်နေရတာပါကွယ်။ ကိုယ်လေ သုံးနှစ်လုံးလုံး မင်းကိုလွမ်းနေခဲ့တာသိလား"

"တော်ပါ ဒါနဲ့များတောင် ထောင်ကလွတ်လာတော့ ဘာလို့ ရန်လိုနေရတာလဲ။ သူ့ရင်ထဲမှာ အချစ်တွေမရှိပါဘူးနော်။ အမုန်းတွေ၊ အညှိုးအတေးတွေ၊ သံသယတွေ"

"အာ မဟုတ်ရပါဘူး စင်ရော်လေးရယ်။ အဲဒီအတွက် ကိုယ် တောင်းပန်ပါတယ်။ အခုတော့ ကိုယ့်ရင်ထဲမှာ ဘာသံသယ၊ ဘာအမုန်း





အစက်မှ မရှိတော့ပါဘူးအချစ်ရယ်"

သူက သူမ၏လက်နှစ်ဖက်ကို ဆွဲယူပွေ့ဖက်ထားလျှင် ခင်စင်ရော် ရင်တွေခုန်လာခဲ့သည်မှာ နှလုံးသားလေး ပေါက်ကွဲလုမတတ်အထိ ဖြစ်သည်။

သို့သော် သူဟာသူမရဲ့ စကြဝဠာကြီးပေမို့ ရင်တွေအခုန်လွန်ပြီး နှလုံးသားလေး ပွင့်ကွဲထွက်စေဦးတော့ သူမဆက်လက်ချစ်နေဦးမှာပါပင်။

ဆက်လက်ကြိုးစားပါဦးမည်။

ကြယ်စင်မှူးဝေ

# ကြယ်စင်မှူးဝေ

## စင်ယော်လေးရဲ့ အနန္တစကြဝဠာ

စာမူခွင့်ပြုချက်အမှတ် - [ ၅၀၀၈၅၉၀၆၀၇ ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၀၉၅၄၀၆၀၈ ]

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၈) စိန်သရဖူစာပေ

အမှတ် (၆၆)၊ (၆)လမ်း၊ လမ်းမတော်၊

ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေမြို့နယ်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၆ ခုနှစ်။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး

ရွှေစကားစာပေ

(B) ၄၈၊ ပိတောက်ဝါ (၄)လမ်း၊ FMI City




## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ရွှေစကားစာပေ